နံနက်ခင်းနိုးကြားရေးအတွက် သန့်ရှင်းသောနှုတ်ကပတ်တော်

**ကမ္ဘာဦးကျမ်းကို**
**ကြည်လင်ပြတ်သားစွာ**
**လေ့လာခြင်း**
**အတွဲ (၂)**

**CRYSTALLIZATION-STUDY OF GENESIS**

**Volume Two**

# The Holy Word For Morning Revival

# 2013 Summer Training

## CRYSTALLIZATION-STUDY OF GENESIS

## ကမ္ဘာဦးကျမ်းကို ကြည်လင်ပြတ်သားစွာလေ့လာခြင်း


| အပတ်စဉ် | ခေါင်းစဉ် | စာမျက်နှာ |
|---|---|---|
| ၇ | ***အသက်ရေစီးရာမြစ်*** | |
| | Outline | ၅ |
| | Day 1 | ၁၂ |
| ၈ | ***အာဒံ၏အဖော်အဖက်ဖြစ်သော ဧဝ၏ပုံဆောင်ချက်*** | |
| | Outline | ၃၁ |
| | Day 1 | ၃၉ |
| ၉ | ***မြေ၊ မိန်းမ နှင့် မိန်းမ၏အမျိုးအနွယ်*** | |
| | Outline | ၅၉ |
| | Day 1 | ၆၄ |
| ၁၀ | ***အာဗေလ၊ ဧနုတ်နှင့် နောဧ*** | |
| | Outline | ၈၃ |
| | Day 1 | ၉၂ |
| ၁၁ | ***နောဧ – ခေတ်ကို ပြောင်းလဲစေနိုင်သော အသက်တာနှင့် အလုပ်*** | |
| | Outline | ၁၁၂ |
| | Day 1 | ၁၂၁ |
| ၁၂ | ***အသင်းတော်အသက်တာ၏မျိုးစေ့နှင့် နိုင်ငံတော်၏ပုံရိပ်*** | |
| | Outline | ၁၄၀ |
| | Day 1 | ၁၄၆ |

## Summer Training
## (July 1-6, 2013)

# CRYSTALLIZATION-STUDY OF GENESIS

# ကမ္ဘာဦးကျမ်းကို ကြည်လင်ပြတ်သားစွာလေ့လာခြင်း

## ဆောင်ပုဒ်

ဘုရားသခင်သည် လူကို သူ၏သဏ္ဌာန်၌ သူနှင့်တညီတည်း
ဖန်ဆင်းရခြင်း၏ရည်ရွယ်ချက်မှာ ကိုယ်တော့်ကို အသက်အဖြစ်ရရှိ၍၊
ဘုရားဂုဏ်အင်္ဂါတော်များ၌ ဘုရားသခင်ကိုယ်တော်တိုင်ကို
ထင်ရှားရန်ဖြစ်ပြီး၊
ဘုရားသခင်မှ လူကို အုပ်စိုးခြင်းအခွင့်အာဏာပေးအပ်ရခြင်း၏
ရည်ရွယ်ချက်မှာ ဘုရားသခင်၏ရန်သူကို နှိမ်နင်း၍၊
မြေကြီးကို ပြန်လည်ရယူကာ၊ မြေကြီးပေါ်တွင်
ဘုရားသခင်၏ အခွင့်အာဏာအုပ်စိုးခြင်းရှိစေရန်ဖြစ်သည်။

ဘုရားသခင်၏ထာဝရစီမံကိန်းအလယ်ဗဟိုဖြစ်သည့် အသက်ပင်သည်
သုံးပါးတစ်ပါးဘုရား၏ကိုယ်ထင်ရှားခြင်းဖြစ်သော
ခရစ်တော်ကို ပုံဆောင်ပြီး၊
ယင်းသည် ဘုရားသခင်ကို စုပေါင်းထင်ရှားရန်အတွက်
ထည့်စရာခွက်ဖြစ်သည့် သုံးပိုင်းရှိလူသားအဖို့
အသက်နှင့် အသက်မစရာဖြစ်သည်–
ဤသည်မှာ ဘုရားသခင်၏စဉ်းစားခြင်းအလယ်ဗဟိုဖြစ်သည်။

ဘုရားသခင်၏လူများအနေနှင့် ဘုရားသခင်ကိုချစ်၍၊
သူ၏နှုတ်ကပတ်တော်၌ သူနှင့်မိတ်သဟာယဖွဲ့ရန် အချိန်ယူလျှင်၊
ဘုရားသခင်သည် သူ၏ဘုရားသဘောသဘာဝတို့ကို
ထိုသူတို့အထဲသို့ သွတ်သွင်းပေးကာ၊
သူ၏အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်းအတိုင်းဖြစ်စေပြီး၊
သူ၏ဇနီးအဖြစ် သူနှင့်အတူတစ်လုံးတစ်ဝတည်းဖြစ်စေမည်ဖြစ်သည်။

မိန်းမ၏ အမျိုးအနွယ်ဟူသည်–
ကားတိုင်ပေါ်တွင် သူ၏ အသေခံခြင်းအားဖြင့် မြွေ၏ခေါင်းကို
ကြိတ်ခဲ့သော တစ်ဦးချင်းဆိုင်ရာခရစ်တော်ဖြစ်၍၊–
ဘုရားသခင်၏ရန်သူကို ချေမှုန်းအောင်မြင်ကာ၊
ဘုရားသခင်၏နိုင်ငံတော်ကို ယူဆောင်လာပြီး၊
ကိုယ်တော်၏ထာဝရအကြံအစည်တော်ကို ပြီးမြောက်စေမည့်
ဦးခေါင်းတော်တည်းဟူသောခရစ်တော်နှင့်
ကိုယ်ခန္ဓာတော်တည်းဟူသော အောင်မြင်သောယုံကြည်သူများ
ပါဝင်သော သားယောက်ျားဖြစ်သည့်
စုပေါင်းထားသောခရစ်တော်လည်းဖြစ်သည်။

October, 2013

## အသက်ရေစီးရာမြစ်

ဖတ်ရန်ကျမ်း။ ။ က၊ ၂း၁၀–၁၄။ ထွက်၊၁၇း၆။ ဆာ၊၇၂း၈။ ယော၊ ၂း၁၃။ ယော၊ ၄း၁၄။ ဗျာ၊ ၂၂း၁။

*Day 1*

**I. သမ္မာကျမ်းစာ၌ အသက်ရေစီးရာမြစ်၊ ဘုရားဆိုင်ရာစမ်းချောင်း၊ တုန္ဒိုင်းရာမဲ့စီးဆင်းခြင်း၏ အမြင်သဘောသည် အရေးကြီးသည် (ဆာ၊၄၆း၄က။ ယော၊၇း၃၇– ၃၉။ ဗျာ၊၂၂း၁)။**

က။ သမ္မာကျမ်းစာသည် အသက်စမ်းရေတွင်းတည်းဟူသော ခမည်းတော်၊ အသက်စမ်းရေပေါက်တည်းဟူသော သားတော်နှင့် အသက်ရေစီးရာမြစ်တည်းဟူသော ဝိညာဉ်တော်ဖြစ်သော –စီးဆင်းလျက်ရှိသောသုံးပါးတစ်ပါးဘုရားကို ဖွင့်ပြထားသည် (ယေ၊ ၂း၁၃။ ဆာ၊၃၆း၉က။ ယော၊၄း၁၄။၇း၃၇–၃၉)။

ခ။ သမ္မာကျမ်းစာ၌ တစ်ခုတည်းသောစီးဆင်းခြင်း၊ တစ်ခုတည်းသော ဘုရားဆိုင်ရာစမ်းချောင်း၊ ခေတ်များတစ်လျှောက်လုံး၌ စီးဆင်းလျက်ရှိသော ထိုဘုရားဆိုင်ရာစမ်းချောင်းသည် တုန္ဒိုင်းမဲ့တစ်ခုတည်းဖြစ်သည် (က၊ ၂း၁၀–၁၄။ ဗျာ၊၂၂း၁)။

**II. "ထိုဥယျာဉ်ကို စိုစေလိုသောငှါ မြစ်တစ်မြစ်သည် ဒေင်အရပ်ထဲ စီးထွက်သဖြင့်၊ ဥယျာဉ်ပြင်မှာ လေးဖြာကွဲ၍ မြစ်လေးသွယ်ဖြစ်လေ၏"(က၊၂း၁၀)။**

က။ ဤနေရာ၌ရှိသောမြစ်သည် အသက်ပင်ဆက်လက်ကြီးထွားရန် အသက်ရေစီးရာမြစ်ကို ပုံဆောင်ခြင်းဖြစ်သည်( ဗျာ၊၂၂း၁–၂)။

ခ။ ဒေင်ဥယျာဉ်မှစီးထွက်သောမြစ်သည် ဘုရားသခင်ထံမှ စီးထွက်လာသောအသက်ရေစီးရာမြစ်ကို ပုံဆောင်ခြင်းက၊ ဘုရားသည် လူတို့ သောက်သုံးရန် အသက်ရေ၏ အရင်းမြစ်ဖြစ်ကြောင်းကို ညွှန်ပြခြင်းဖြစ်သည် (အငယ်၊၁။ cf.ယော၊၄း၁၀။၇း၃၇)။

ဂ။ ဂဏန်းနံပါတ်လေးသည် ဖန်ဆင်းခံလူကို(ယေဇ၊၁း၅) ပုံဆောင်ခြင်းဖြစ်သည်။ လေးဖြာဖြစ်လာသော မြစ်တစ်မြစ်သည် အရပ်လေးမျက်နှာ၌ရှိသော လူထံသို့ရောက်ရှိရန် အလယ်ဗဟိုနှင့် အရင်းအမြစ်ဖြစ်သော အတုမဲ့ဘုရားသခင်(ဂဏန်းနံပါတ်တစ်ကို ပုံဆောင်ခြင်း) ထံတော်မှ စီးထွက်လာသော မြစ်တစ်မြစ်ကို ပုံဆောင်ခြင်းဖြစ်သည်။

*Day 2* **III. ဘုရားဆိုင်ရာစမ်းချောင်း၊ အသက်မြစ်ရေ၏မျိုးစေ့ကို က၊၂း၁၀–၁၄၌ မျိုးကြဲခဲ့၍၊ ကြီးထွားခြင်းသည် ကျမ်းစာ၏နောက်စာစောင်များ၌ ပေါ်ထွက်လာကာ၊ ရိတ်သိမ်းခြင်းကိုမူ ဗျာဒိတ်ကျမ်း၌ ဖြစ်လာသည်(ဆာ၊၄၆း၄က၊ ယော၊၇း၃၇–၃၉။ ဗျာ၊၇း၁၇။ ၂၂း၁၇ခ)။**

က။ ဘုရားသခင်၏ပညတ်တရားနှင့်ဆိုင်သည့် အခွင့်အာဏာတော်အားဖြင့် အသက်ရှင်၍ ဝိညာဉ်ဆိုင်ရာကျောက်ဖြစ်သော ခရစ်တော်သည် ရိုက်ခြင်းခံရသည်။ သို့မှသာ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရေသည် ကိုယ်တော့်ထံမှစီးထွက်၍၊ ကိုယ်တော်၏ ရွေးချယ်ခံလူများ သောက်သုံးရန်အတွက် စီးဝင်နိုင်မည်ဖြစ်သည် (ထွက်၊၁၇း၆။ ယော၊၁၉း၃၄။ ၁ကော၊၁၀း၄)။

၁။ အသက်ရေသည် သုံးပါးတစ်ပါးဘုရားထံမှ အဆုံးစွန်စီးထွက်လာသော၊ အရာအားလုံးပါဝင်၍ အသက်ပေးသော ဝိညာဉ်တော်၊ ရှင်ပြန်ထမြောက်ခြင်း၌ရှိသောအသက်ရေ ဖြစ်သည် (၁၅း၄၅ခ)။

က။ ရှင်ပြန်ထမြောက်ခြင်းသည် အသေသတ်ခြင်းကိုခံ၍ အသက်ပြန်ရှင်လာသော တစ်စုံတစ်ရာကို ရည်ညွှန်းခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းသည် သေခြင်းကိုဖြတ်ကျော်ခဲ့သော တစ်စုံတစ်ရာမှ ပေါ်ထွက်လာသော အသက်ကိုလည်း ရည်ညွှန်းခြင်းဖြစ်သည် (ယော၊၁၁း၂၅။ တ၊၂း၂၄။ ဗျာ၊၁း၁၈)။

ခ။ အသက်ရေသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသောကြောင့်၊ ၎င်းသည် အနုတ်လက္ခဏာဆောင်သော အရာအားလုံးကို ကျော်လွှန်၍ အောင်နိုင်သည် (ဧ၊၁း၁၉–၂၂။ ၂း၅–၆)။

ဂ။ ရှင်ပြန်ထမြောက်ခြင်း၌ရှိသော အသက်ရေကို ကျွန်ုပ်တို့ သောက်သုံးသောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော၊ ရှင်ပြန်ထမြောက်ခြင်း၏ လူဖြစ်လာမည်ဖြစ်သည် (၁ကော၊၁၀း၄။ ၂ကော၊၁း၉။ ၄း၁၄)။

*Day 3* ၂။ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရေကို သောက်သုံးရန်နှင့် စီးဆင်းရန်လိုအပ်သည် (ယော၊၇း၃၇–၃၉)။

က။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ရိုက်ခြင်းခံသော ခရစ်တော်နှင့်

သက်သေထူမည်ဆိုပါက၊ အသက်ရေတည်းဟူသောဘုရားဆိုင်ရာအသက်သည် ကျွန်ုပ်တို့ထံမှ စီးထွက်လာမည်ဖြစ်သည် (ထွက်၊၁၇း၆။ ယော၊၇း၃၈)။

ခ။ အကယ်၍ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရေကိုသောက်သုံး၍၊ စီးဆင်းမည်ဆိုပါက၊ ခရစ်တော်သည် သူ၏စစ်ပွဲနေ့ရက်၌ တိုက်ခိုက်ရန် ဦးဆောင်မှုပြုရသောအခါ၊ ကျွန်ုပ်တို့သည် ခရစ်တော်သောက်ရမည့် "စမ်းချောင်းငယ်"(အောင်မြင်သူများကိုပုံဆောင်ခြင်း) ဖြစ်လာလိမ့်မည်ဖြစ်သည် (ဆာ၊၁၁၀း၇)။

၃။ တော၊၂၀း၈၌ ဘုရားသခင်သည် "လှံတံကို ကိုင်ယူလော့"၊ "ကျောက်ကိုမှာထားလော့ ... ကျောက်သည် မိမိရေကို ပေးလိမ့်မည်"ဟု မောရှေအားမိန့်တော်မူ၏။

က။ "လှံတံကို ကိုင်ယူခြင်း"သည် ကိုယ်တော်၏ အသေခံတော်မူခြင်း၌ ခရစ်တော်နှင့်အတူ သက်သေထူခြင်းဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့အခြေအနေအတွက် ခရစ်တော်၏ အသေခံခြင်းကို ယူဆောင်လျှောက်လှမ်းရန် ဖြစ်သည်။

ခ။ "ကျောက်ကိုမှာထားခြင်း"သည် ရိုက်ခြင်းခံကျောက်တည်းဟူသော ခရစ်တော်ကို တိုက်ရိုက်စကားပြောခြင်းဖြင့်၊ ပေးအပ်ခဲ့ပြီးသော ဝိညာဉ်တော်၏ အကြောင်းရင်းပေါ်တွင် အခြေပြု၍ ကျွန်ုပ်တို့အားအသက်၏ဝိညာဉ်တော်ကိုပေးရန် ကိုယ်တော့်ထံ တောင်းဆိုခြင်းဖြစ်သည် (ယော၊၄း၁၀)။

ခ။ အရာအားလုံးပါဝင်သော ခရစ်တော်၏ပုံဆောင်ချက်ဖြစ်သော ကောင်းသောမြေသည် "မြစ်ချောင်း၊ စမ်းရေတွင်း၊ ရေကန်များနှင့် ပြည့်စုံသောမြေ" ဖြစ်သည် (တရား၊၈း၇)။

၁။ စမ်းရေတွင်းသည် အရင်းအမြစ်ဖြစ်၍၊ စမ်းရေပေါက်သည် အရင်းအမြစ်မှ ထွက်ပေါ်လာခြင်းဖြစ်က၊ စမ်းချောင်းငယ်သို့မဟုတ် မြစ်သည် စီးဆင်းခြင်းဖြစ်သည်။

၂။ ကောင်းသောမြေ၌ရှိသော ရေသည် "ချိုင့်ထဲ၊ တောင်ထဲက" စီးထွက်လာခြင်းဖြစ်သည် (အငယ်၊၇ခ)။

က။ "ချိုင့်ထဲ၊ တောင်ထဲသို့စီးဆင်းခြင်း"သည် အသက်ရေတည်း

ဟူသော ခရစ်တော်သည် အမျိုးမျိုးအပြားပြား သောပတ်ဝန်း ကျင်သို့ စီးဆင်းကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

ခ။ ချိုင့်ဝှမ်းများသည် ကားတိုင်၏ အတွေ့အကြုံ၊ ခရစ်တော်၏ အသေခံခြင်းကို တွေ့ကြုံခံစားခြင်းဖြစ်ပြီး၊ တောင်များသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို တွေ့ကြုံခံစားခြင်းဖြစ်သည် (၂ကော၊၁း၉။ ၄း၁၁၊၁၄)။

*Day 4*

ဂ။ ဆာ၊၇၂း၈တွင် ကိုယ်တော်၏ အုပ်စိုးခြင်း၌ ခရစ်တော်သည် "မြစ်မှသည် မြေစွန်းတိုင်အောင်လည်းကောင်း အစိုးရတော်မူလိမ့်မည်"ကို ဖော်ပြထားသည်။

၁။ သခင်ဘုရား၏ နိုင်ငံတော်သည် မြစ်ရေတည်းဟူသော ကိုယ်တော်၏ စီးဆင်းခြင်း အားဖြင့် မြေကြီးစွန်းတိုင်အောင် ပျံ့နှံ့လိမ့်မည်ဖြစ်၍၊ ကိုယ်တော်သည် အုပ်စိုးခြင်းအခွင့်ကို အစိုးရတော်မူလိမ့်မည်ဖြစ်ကာ၊ မြစ်ရေအဖြစ် မြေကြီးစွန်းတိုင်အောင် စီးဆင်းလိမ့်မည်ဖြစ်သည်။ စီးဆင်းခြင်းရှိသောနေရာတွင် ကိုယ်တော်၏ အုပ်စိုးခြင်းရှိလိမ့်မည်ဖြစ်သည် (ဗျာ၊၁၁း၁၅။ ယောလ၊၃း၁၈)။

၂။ သခင်ယေရှုသည် ယေရုရှလင်မှ စီးဆင်းလိမ့်မည်ဖြစ်သောမြစ်ရေအားဖြင့်(ယေဇ၊၄၇း၁–၁၂။ ယောလ၊၃း၁၈)၊ မြေကြီးကိုပြန်လည်ရယူလိမ့်မည်ဖြစ်သည်။ ဤမြစ်သည် က၊၂း၁၀–၁၄၌ အရပ်လေးမျက်နှာရှိ မြေကြီးတစ်ပြင်လုံးသို့ ရောက်ရှိလိမ့်မည် ဖြစ်သည်။

ဃ။ ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ကိုယ်တော်၏ ရွေးချယ်ခံလူများ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် သူတို့ ကျေနပ်နှစ်သိမ့်စေရန် အသက်ရေ၏ အရင်းအမြစ်၊ အသက်စမ်းရေတွင်းဖြစ်လာစေဖို့ ဖြစ်သည် (ယေ၊၂း၁၃)။

၁။ ဘုရားသခင်သည် ကျွန်ုပ်တို့အား ကျွန်ုပ်တို့အသက်ရှင်ခြင်း၏ အတုမဲ့သောအရင်းအမြစ်၊ အသက်စမ်းရေတွင်းအဖြစ် ကိုယ်တော့်ကိုယူဆောင်ရန် အလိုတော်ရှိသည်(ရော၊၁၁း၃၆)။

၂။ အသက်စမ်းရေတွင်းဖြစ်ခြင်း၌ ဘုရားသခင်၏ ပန်းတိုင်မှာ ကိုယ်တော်၏ ထင်ရှားခြင်းအတွက် ကိုယ်တော်၏ ပြည့်ဝပြည့်စုံခြင်းဖြစ်လာရန် ကိုယ်တော်၏ တိုးပွားခြင်းတည်းဟူသော အသင်းတော်

**Day 5**

ကိုထုတ်လုပ်ရန် ဖြစ်သည်။ ဤသည်မှာကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ကောင်းသောကျေနပ်အားရခြင်း၏ စိတ်နှလုံးတော်အလိုဆန္ဒဖြစ်သည် (ဧဖ၊ ၁း၉၊ ၂၂–၂၃)။

က။ ကိုယ်တော်၌ စီမံကိန်းရှိ၍ ကိုယ်တော်၏စီမံကိန်းသည် ကိုယ်တော့်အတွက် အဖော်အဖက်၊ သတို့သမီးကို ထုတ်လုပ်ရန်ဖြစ်သောကြောင့်၊ ဘုရားသခင်သည် ကိုယ်တော်၏ ရွေးချယ်ခံလူတို့အဖို့ အသက်စမ်းရေတွင်းဖြစ်ရန် လိုအပ်သည်။(ယော၊၃း ၂၉က။ ၄း၁၄။ ဗျာ၊၁၉း ၇–၈)။

ခ။ အသက်စမ်းရေတွင်းတည်းဟူသော ဘုရားသခင်ကို ကျွန်ုပ်တို့သောက်သုံးခြင်းသည် ကိုယ်တော်၏တိုးပွားခြင်းတည်းဟူသော အသင်းတော်အတွက်ဖြစ်သည်။ ကျွန်ုပ်တို့၏သောက်သုံးခြင်းသည် ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော်၏ကြီးမားထင်ရှားခြင်းကို ထုတ်လုပ်ရန်ဖြစ်သည်(ယော၊ ၄း၁၄။ ၃း ၂၉က၊ ၃၀က။ ၁ကော၊၁၂း၁၂–၁၃)။

ဂ။ အသက်စမ်းရေတွင်းဖြစ်သော ကိုယ်တော်မှလွဲ၍၊ ကျွန်ုပ်တို့၏ဆာငတ်ခြင်းကို ပြေပျောက်စေပြီး၊ ကျွန်ုပ်တို့ကိုကျေနပ်စေနိုင်သောအရာ ဘာမျှမရှိပါ။ ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ဝေငှဖြန့်ဖြူးပေးသော ဘုရားသခင်မှအပ၊ မည်သည့်အရာမျှ ကျွန်ုပ်တို့အား ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်၏တိုးပွားခြင်း မဖြစ်စေနိုင်ပါ(ဗျာ၊ ၂၂း၁၊၁၇)။

င။ ယေဇ၊၄၇း၁–၁၂၌ အိမ်တော်တံခါးမှ ရေစီးထွက်သော ရူပါရုံကို ကျွန်ုပ်တို့တွေ့ရသည်။

၁။ ဤနေရာရှိရေသည် ကိုယ်တော်၏လူမျိုးတို့၏ ဆာငတ်ခြင်းကို ပြေပျောက်စေနိုင်ရန် ထာဝရကာလမှ စီးထွက်သောအသက်ရေတည်းဟူသော သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည် (ယော၊ ၄း၁၄။ ဗျာ၊ ၂၂း၁၊၁၇)။

၂။ ရေနက်လေလေ၊ ကျွန်ုပ်တို့သည် မိမိတို့ကိုယ်တိုင်ကြိုးစားအားထုတ်ခြင်း၊ မိမိတို့၏ရည်မှန်းချက်ကို ပို၍စွန့်လွှတ်ခြင်းဖြင့်၊

**Day 6**

ကျွန်ုပ်တို့ဆက်လက်လုပ်ဆောင်ရန် စီးဆင်းခြင်းကို ပို၍အခွင့်ပေးမည်ဖြစ်သည် (ယေဇ၊၄၇း၃–၅)။

စ။ ယောဟန်ခရစ်ဝင်ကျမ်းသည် စီးဆင်းနေသော သုံးပါးတစ်ပါးဘုရားကို ပုံဖော်ပြထားသည် (၄း၁၄)။

၁။ သုံးပါးတစ်ပါးဘုရားသည် ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၏အဆင့်သုံးဆင့်၌ စီးဆင်းသည်။ ခမည်းတော်သည် စမ်းရေတွင်းဖြစ်၍၊ သားတော်သည် စမ်းရေပေါက်ဖြစ်ကာ၊ ဝိညာဉ်တော်သည် မြစ်ရေဖြစ်သည်။

၂။ ဤစီးဆင်းနေသော သုံးပါးတစ်ပါးဘုရားသည် "ထာဝရအသက်အထဲသို့"ဖြစ်သည်။ *အထဲသို့* သည် ထာဝရအသက်၏စုပေါင်းခြင်းတည်းဟူသော ယေရုရှလင်မြို့သစ်ဖြစ်သည့် ခရီးပန်းတိုင်ကို ပြောဆိုခြင်းဖြစ်သည် (ဗျာ၊၂၂း၁)။

၃။ စမ်းရေတွင်းတည်းဟူသော ခမည်းတော်၊ စမ်းရေပေါက်တည်းဟူသော သားတော်နှင့် မြစ်ရေတည်းဟူသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲသို့၊ ကျွန်ုပ်တို့နှင့်အတူ ယေရုရှလင်မြို့သစ်ဖြစ်လာရန် ယေရုရှလင်မြို့သစ်ထဲသို့ စီးဆင်းနေသည် (၂း၁၀–၁၁။ ၂၂း၁)။

၄။ စမ်းရေတွင်းတည်းဟူသော ခမည်းတော်၊ စမ်းရေပေါက်တည်းဟူသောသားတော်နှင့် မြစ်ရေတည်းဟူသော ဝိညာဉ်တော်အားလုံးတို့သည် ယေရုရှလင်မြို့သစ်ကို သူတို့၏ထာဝရပန်းတိုင်အဖြစ်ယူဆောင်ကြသည်။

ဆ။ ဗျာ၊၂၂း၁သည် "အသက်ရေစီးရာမြစ်"အကြောင်းကို ပြောဆိုသည်။

၁။ ကမ္ဘာဦး၊၂း၁၀–၁၄၊ ဆာ၊၄၆း၄ကနှင့် ယေဇ၊ ၄၇း၅–၉၌ရှိသောမြစ်များသည် ဤမြစ်ကို ကိုယ်စားပြုခြင်းဖြစ်၍၊ ၎င်း၏စီးဆင်းခြင်း၌ အသက်ပေါ်များကြွယ်ဝခြင်းကို ပုံဆောင်သည်။

က။ ၎င်းသည် သန့်ရှင်းသောမြို့တော်၏ လေးဘက်လေးတန်သို့ စီးဆင်းနေသော တစ်စင်းတည်းသောမြစ်ဖြစ်သည်၊ က၊၂း၁၀–၁၄၌ကဲ့သို့ လေးဖြာကွဲနေသော မြစ်ဖြစ်သည်။

ခ။ ယော၊၇း၃၈၌ ဖော်ပြထားသော ကြွယ်ဝခြင်းများပြည့်လျက်ရှိသော ဤမြစ်တစ်မြစ်သည် ဘုရားအသက်၏ဝိညာဉ်တော်

ကို ပုံပန်းသဏ္ဍာန်အမျိုးမျိုး၌ ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်း အတွက် များစွာသောမြစ်များ ဖြစ်လာသည် (ရော၊၈း ၂။ ၁၅း ၃၀။ ၁သက်၊၁း၆။ ၂သက်၊၂း၁၃။ ဂလ၊၅း ၂၂–၂၃)။

ဂ။ အသက်ရေမှာ ကိုယ်တော်၏ရွေးနုတ်ခံရသူများ၏ အသက်နှင့် အသက်မစရာဖြစ်လာရန် သူတို့အထဲသို့ ကိုယ်တော်တိုင်စီးဆင်းသော ဝိညာဉ်တော်တည်းဟူသော ခရစ်တော်၌ရှိသော ဘုရားသခင်၏ အမှတ်လက္ခဏာသည်။

ဃ။ ဤရေသည် ရိုက်ခြင်းခံကျောက်မှ စီးထွက်လာသောရေ အားဖြင့် ကိုယ်စားပြုခြင်းခံရပြီး၊ လှံတံဖြင့်ထိုးခံရသော သခင်ဘုရား၏ နံဘေးတော်မှ စီးထွက်လာသောရေ အားဖြင့်အမှတ်သင်္ကေတပြုခြင်းခံရသည် (ထွက်၊၁၇း၆။ ယော၊ ၁၉း ၃၅)။

င။ ဗျာ၊၂၂း၁၌ အသက်ရေသည် ယေရုရှလင်မြို့သစ်တစ်ခု လုံးကိုမစထောက်ပံ့ရန်နှင့် ပျံ့နှံ့ပြည့်ဝစေရန် ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်တော်မှစီးထွက်လာသော မြစ်ဖြစ်လာသည်။ ထို့ကြောင့် ဤမြို့တော်သည် ဘုရားဆိုင်ရာ အသက်အပြည့်ရှိသောကြောင့် အသက်၏ဘုန်းထင်ရှားခြင်း၌ ဘုရားသခင်ကို ထင်ရှားနိုင်သည် (၂၁း ၂၃)။

၂။ အသက်မြစ်ရေသည် "ဘုရားသခင်နှင့် သိုးသငယ်၏ပလ္လင်တော်"မှ စီးထွက်လာသည် (၂၂း၁)။

က။ ထာဝရကာလ၌ ပလ္လင်တော်ပေါ်တွင် ထိုင်နေတော်မူသော ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမစခြင်းနှင့် ကျေနပ်နှစ်သိမ့်ခြင်းအတွက် အသက်မြစ်ရေစီးထွက်သော ပလ္လင်တော်ကိုပိုင်သသော ကျွန်ုပ်တို့ကိုရွေးနုတ်တော်မူသော ဘုရားသခင်၊ ဘုရား–သိုးသူငယ် ဖြစ်သည်။

ခ။ ဤသည်မှာ သုံးပါးတစ်ပါးဘုရား– ဘုရားသခင်၊ သိုးသငယ်နှင့် အသက်ရေအဖြစ် အမှတ်သင်္ကေတပြုခြင်းခံရသော ဝိညာဉ်တော်သည် ထာဝရအတွက် ဦးခေါင်းတော် (ပလ္လင်တော်၏ အခွင့်အာဏာကို ရည်ညွှန်းသည်) အောက်၌ရှိသော ရွေးနုတ်ခံများအထဲသို့ ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးနေကြောင်းကို ဖော်ပြသည်။

## *နံနက်ခင်းကျွေးမွေးခြင်း*

**က၊ ထိုဥယျာဉ်ကို စိုစေလိုသောငှါ မြစ်တစ်မြစ်သည် ဒေဝ်အရပ်ထဲက စီး**
**၂း၁၀ ထွက်သဖြင့်၊ ဥယျာဉ်ပြင်မှ လေးဖြာကွဲ၍ မြစ်မလေးသွယ်ဖြစ်လေ၏။**
**ဆာ၊ မြစ်တစ်မြစ်ရှိသေး၏။ ထိုမြစ်ရေသည်စီး၍ ဘုရားသခင်၏မြို့တည်း**
**၄၆း၄ ဟူသော အမြင့်ဆုံးသောဘုရား ကျိန်းဝပ်တော်မူရာ သန့်ရှင်းသော**
**မြို့တော်ကို ရွှင်လန်းစေတတ်၏။**

အပင်နှင့်အတူ မြစ်တစ်မြစ်ရှိသည် (က၊ ၂း၁၀)။ ထိုအပင်သည် အသက်ပင်ဖြစ်သည့်အတွက်ကြောင့် မြစ်သည်လည်းအသက်နှင့် ဆက်နွယ်ခြင်းရှိရမည်။ ကျမ်းစာ၏ အဆုံး၌ ကျွန်ုပ်တို့သည် စီးဆင်းလျက်ရှိသော အသက်မြစ်ရေနှင့် ကြီးထွားလျက်ရှိသော အသက်ပင်ကိုတွေ့မြင်ရသည် (ဗျာ၊ ၂၂း၁–၂)။ သမ္မာကျမ်းစာ၏ အစနှင့်အဆုံး၌ အသက်ပင်နှင့် အသက်ရေစီးသောမြစ်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ကျမ်းစာ၌ မြစ်၏ အယူအဆသည် အရေးကြီးသည်။ ကျမ်းစာ၏ အစနှင့်အဆုံး၌ လူကို ဖော်ပြသောအခါတိုင်း၊ မြစ်ကိုလည်း ဖော်ပြထားသည်။ လူသည် အသက်အဖြစ် ဘုရားကိုရရှိရန်၊ ဘုရားသခင်၏ အဆီဥများကို မွေ့လျော်ဝမ်းမြောက်ရန်၊ ဆာငတ်ခြင်းကိုပြေပျောက်စေရန်၊ ရေလောင်းခြင်းခံရန်၊ ကြီးထွားရန်နှင့် ရွှင်လန်းဝမ်းမြောက်ရန် အရာအားလုံးတို့သည် မြစ်အပေါ် တွင် မူတည်သည် (cf. ဆာ၊ ၃၆း၈–၉။ ၄၆း၄။ ၆၅း၉။ ထွက်၁၇း၁–၇။ ယောလ၊၃း၁၈။ ဇာ၊၁၄း၈။ ယော၊၄း၁၄။ ၇း၃၇–၃၈။ ဗျာ၊ ၂၂း၁–၂)။ (*Life-study of Genesis*, pp. 141-142)

## *ယနေ့ဖတ်စရာ*

သုံးပါးတစ်ပါးဘုရားသည် ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်အားဖြင့် ကျွန်ုပ်တို့အထဲသို့ စီးဆင်းနေသည်ကို ကျွန်ုပ်တို့မြင်ရန် လိုအပ်သည်။ ဤရေကို ကျွန်ုပ်တို့သောက်သုံးသောအခါ၊ ၎င်းသည် ကျွန်ုပ်တို့ထဲ၌ စမ်းရေတွင်းဖြစ်လာသည်။ ကျွန်ုပ်တို့အားလုံးသည် "ကျွန်ုပ်၌ စမ်းရေတွင်းရှိသည်"ဟု ပြောသင့်သည်။ ဤစမ်းရေတွင်းသည် စမ်းရေပေါက်အဖြစ် ထွက်ပေါ် လာ၍၊ ထိုစမ်းရေပေါက်သည် မြစ်ရေအဖြစ် စီးဆင်းသည်။ ဤသည်မှာ ဘုရားဆိုင်ရာသုံး ပါးဖြစ်ခြင်း၏ ဘုရားဆိုင်ရာစကားပြောခြင်း၊ ဘုရားဆိုင်ရာနှံ့ပျံ့ခြင်း၊ ဘုရားဆိုင်ရာဝေငှဖြန့် ဖြူးပေးခြင်းဖြစ်သည်။ စမ်းရေတွင်းတည်းဟူသော ခမည်းတော်၊ စမ်းရေပေါက်တည်းဟူသောသားတော်နှင့် မြစ်ရေတည်းဟူသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့အထဲသို့ စီးဆင်းနေသည်။(*Crystallization-study of the Gospel ofJohn*,pp. 141-142)

ပင်တေကုတ္တေနေ့မှစ၍၊ ယနေ့ထိတိုင်အောင် မျိုးရိုးစဉ်ဆက်တစ်လျှောက် စီးဆင်းလျက်ရှိသော ဘုရားဆိုင်ရာအသက်၏စီးဆင်းခြင်းသည် စမ်းချောင်းတစ်ခုတည်းသာဖြစ်သည်။ ၎င်းရောက်ရှိသောနေရာတွင် စီးဆင်းခြင်းရှိပြီး၊ ယင်းသည် များစွာသောစမ်းချောင်းမဟုတ်ဘဲ၊ စမ်းချောင်းတစ်ခုတည်းသာဖြစ်သည်။ တမန်တော်ဝတ္ထုကိုဖတ်ပါ၊ ထိုအခါ စမ်းချောင်းတစ်ခုတည်းနှင့် စီးကြောင်းတစ်ခုတည်းရှိသည်ကို သင်တွေ့ရလိမ့်မည်။ ဤစမ်းချောင်းသည် ယေရုရှလင်မြို့မှအစပြုပြီး၊ အန္တိအုတ်မြို့သို့ စီးဆင်းကာ၊ အန္တိအုတ်မြို့မှ အာရှပြည်သို့လှည့်သွား၍ ထိုနေရာတွင် စီးဆင်းလျက်ရှိသည်။(*The Divine Stream,* p. 12)

အသက်ပင်နှင့် စီးဆင်းသောမြစ်ရေသည် ကျွန်ုပ်တို့၏အစာအဖြစ် ယေရှုကို ကျွန်ုပ်တို့ ယူဆောင်သောအခါတိုင်း၌၊ ထိုအစာသည် စီးဆင်းခြင်းနှင့် ရေလောင်းပေးသောအသက်၊ ဘုရားဆိုင်ရာအသက်ကို ထည့်သွင်းပေးခြင်းအား ညွှန်ပြခြင်းဖြစ်သည်။ ဗျာဒိတ်ကျမ်း၊ ၂၂း၁–၂၌ ဘုရား၏ပလ္လင်တော်မှစီးထွက်လာသော အသက်မြစ်ရေနှင့်အတူ အသက်ပင်ကြီးထွားလျက်ရှိသည်ကို ကျွန်ုပ်တို့တွေ့ရသည်။ အသက်ပင်နှင့် အသက်မြစ်ရေသည် အသက်၏စစ်မှန်သော တွေ့ကြုံခံစားခြင်းကို ကိုယ်စားပြုကြောင်း ဤရုပ်ပုံကားချပ်သည် ထပ်၍သက်သေပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ခရစ်တော်၌ ကျွန်ုပ်တို့၏ အသက်အဖြစ်ယူဆောင်သောအခါ၊ ကျွန်ုပ်တို့အထဲ၌ အရာများစွာကို လုပ်ဆောင်ပေးရန်နှင့် ကျွန်ုပ်တို့ကို ရေလောင်းပေးရန် ကျွန်ုပ်တို့၏ အတွင်းပိုင်း၌ စီးဆင်းနေသော ဤမြစ်ရေကို ကျွန်ုပ်တို့ရရှိလိမ့်မည်။

ဉယျာဉ်သည် အသက်ဆိုင်ရာအရာများကို ကြီးထွားစေမည့်အကြောင်း၊ ဉယျာဉ်ကိုစိုစေခြင်းငှါ ဤမြစ်ရေကို ဖန်ဆင်းထားခြင်းဖြစ်သည်။ ၎င်းသည် လူအားအသက်ဆက်လက်ရှင်သန်နိုင်ရန်အတွက် သူ၏ဆာငတ်ခြင်းကို ပြေပျောက်စေနိုင်သည်မှာ ဧကန်အမှန်ဖြစ်သည်။ ဤမြစ်သည် အသက်ကို စီးဆင်းစေကြောင်း ဤအရာအားလုံးက အဓိပ္ပါယ်ဖော်ပြသည်။ ကျွန်ုပ်တို့၏ ရုပ်ပိုင်းဆိုင်ရာအသက်၌ ကျွန်ုပ်တို့၏ သွေးလှည့်ပတ်ခြင်းကို ထိန်းသိမ်းနိုင်ရန်အတွက် ကျွန်ုပ်တို့သည် ရေကိုလုံလုံလောက်လောက် သောက်သုံးရမည်။ ကျွန်ုပ်တို့ရုပ်ပိုင်းဆိုင်ရာအသက်၏ စီးဆင်းခြင်းသည် ရေပေါ်တွင်မူတည်နေသည်။ ထိုနည်းတူစွာပင်၊ ကျွန်ုပ်တို့၏ အတွင်းပိုင်းရှိ ဘုရားဆိုင်ရာ အသက်၏စီးဆင်းခြင်းကို ထိန်းသိမ်းရန်အလို့ငှါ၊ တစ်နေ့ပြီးတစ်နေ့အသက်ရေကို သောက်သုံးရမည်။ ဤအရာသည် ကျွန်ုပ်တို့အား ဘုရားဆိုင်ရာအသက်၏ ဝိညာဉ်ရေးရာလှည့်ပတ်ခြင်းကို ပေးသည်။

မြစ်ရေသည် ဒေင်ဥယျာဉ်မှ စီးထွက်လာခြင်းမှာ ၎င်းသည် ဘုရားသခင်ထံမှ စီးဆင်းထွက်လာကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ဗျာဒိတ်၊ ၂၂ ၌ အသက်ရေစီးရာမြစ်သည် ဘုရားသခင်၏ပလ္လင်တော်မှ စီးထွက်လာခြင်းဖြစ်သည်။ ၎င်းသည် ဘုရားသခင်ကိုယ်တော်တိုင်မှ စီးထွက်လာသော စီးဆင်းခြင်းဖြစ်သည်။ အသက်တည်းဟူသော ဘုရားသခင်သည် ကျွန်ုပ်တို့၏ မွေ့လျော်ဝမ်းမြောက်ရန်အတွက် ကျွန်ုပ်တို့အထဲသို့ စီးဆင်းနေသော အသက်ရေ၏ အရင်းအမြစ်ဖြစ်သည်။

ဤမြစ်သည် မြစ်တစ်မြစ်တည်းသာဖြစ်သည်။ သင်၌ မြစ်နှစ်မြစ်ရှိသလော။ ဤနေရာရှိယုံကြည်သူများသည် အရေအတွက်အားဖြင့် အယောက်တစ်ထောင်ရှိသော်လည်း ကျွန်ုပ်တို့အားလုံးသည် တူညီသောအရင်းအမြစ်–ဖန်းဆင်းရှင်ဘုရားမှ ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် မြစ်တစ်မြစ်တည်းသာ ရှိသည်။ အရင်းအမြစ်သည် တစ်ခုတည်းဖြစ်သည့်အတွက်ကြောင့် လမ်းကြောင်းသည်လည်း တစ်ခုတည်းဖြစ်ရမည်။

ဤမြစ်တစ်မြစ်သည် ကွဲသွား၍၊ မြစ်လေးဖြာဖြစ်လာခဲ့သည် (က၊ ၂း၁၀–၁၄)။ ဤအရာသည် မည်သည့်အရာကို ဆိုလိုပါသနည်း။ ယင်းမှာ ထိုမြစ်သည် အရပ်မျက်နှာလေးဘက်၌ရှိသော လူထံသို့ရောက်ရှိနိုင်ရန် အလယ်ဗဟိုနှင့် အရင်းအမြစ်တည်းဟူသော ဘုရားသခင်ထံမှ စီးထွက်လာသည်ကို ဆိုလိုခြင်းဖြစ်သည်။ ကိုယ်တော်သည် အတုမဲ့သောသူဖြစ်သောကြောင့် သမ္မာကျမ်းစာ၌ နံပါတ်တစ်သည် ဖန်းဆင်းရှင်ဘုရားသခင်၏ ဂဏန်းနံပါတ်ဖြစ်သည်။ နံပါတ်လေးသည် ဖန်ဆင်းခံလူကို ပုံဆောင်သည်။ လူသားတို့သည် အရပ်မျက်နှာတိုင်းတွင် နေထိုင်ကြသောကြောင့် သူတို့ကိုရရှိနိုင်ရန် မြစ်တစ်မြစ်သည် အရပ်လေးမျက်နှာသို့ ဘုရားသခင်ထံတော်မှ စီးထွက်လာခြင်းဖြစ်သည်။(*Life-study of Genesis*, pp. 142-143)

*ပို၍ဖတ်ရန်-* *Life-study of Genesis*,msg.11;*TheDivineStream*

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

–––––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ထွက်၊ ၁၇း၆** **ဟောရပ်အရပ်၌ရှိသော ကျောက်ပေါ်တွင် သင့်ရှေ့မှာငါရပ်နေမည်။ သင်သည် ထိုကျောက်ကိုရိုက်ရမည်။ လူများသောက်ဖို့ ထိုကျောက်ထဲကရေထွက်လိမ့်မည်ဟု မောရှေအားမိန့်တော်မူ၏။ မောရှေသည်လည်း အစ္စရေအမျိုးအသက်ကြီးသူတို့ရှေ့မှာ ထိုသို့ပြုလေ၏။**

**၁ကော၊ ၁၀း၄** ***ထိုသူတို့နောက်၌လိုက်သော ဝိညာဉ်ရေးဆိုင်ရာကျောက်မှထွက်သော* ဝိညာဉ်ရေးဆိုင်ရာရေကိုသောက်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း။**

ကမ္ဘာဦးကျမ်း၌ တွေ့ရှိခဲ့ရသော အရာခပ်သိမ်းတို့သည် မျိုးစေ့ဖြစ်သည်၊ ထိုမျိုးစေ့၏ ကြီးထွားခြင်းမှာ ဓမ္မသစ်ကျမ်း၌ဖြစ်ကာ၊ ရိပ်သိမ်းခြင်းမှာမူ ဗျာဒိတ်ကျမ်း၌ ဖြစ်သည်။ စီးဆင်းသောမြစ်ရေကို ကမ္ဘာဦး ၂၌ မျိုးစေ့အဖြစ်ကြဲခဲ့၍၊ ကြီးထွားခြင်းမူကား ကျမ်းစာ၏ နောက်ဆက်တွဲ စာစောင်များတွင် ဖြစ်ပေါ်ကာ၊ ရိပ်သိမ်းခြင်းကိုမူ ဗျာဒိတ်ကျမ်း၌ ဖြစ်သည်။ ကမ္ဘာဦး၊ ၂၌ရှိသော ပုံကားချပ်၏ မှန်ကန်သောအဓိပ္ပါယ်ကို ကျွန်ုပ်တို့ ရရှိနိုင်ရန် ကျွန်ုပ်တို့သည် ကျမ်းစာတစ်အုပ်လုံးကို လိုအပ်သည်။ ကိုယ်တော်၏ သားတော် ယေရှုခရစ်၌ ဘုရားသခင်သည် အစားအစာပုံစံ၌ ကျွန်ုပ်တို့၏ အသက်ဖြစ်သည်။ အကယ်၍ ကျွန်ုပ်တို့သည် ကိုယ်တော်အား အတွင်းသို့ ယူဆောင်သည်ဆိုပါက၊ ကျွန်ုပ်တို့သည် ကျေနပ်နှစ်သိမ့်ခြင်းရှိရုံသာမက၊ ဤအသက်သည် ကျွန်ုပ်တို့အတွင်းတွင် ရေလောင်းပေးသော မြစ်ရေဖြစ်လာမည် ဖြစ်သည်။ ဤရေသည် ကျွန်ုပ်တို့ကို အသစ်တစ်ဖန်မွေးပေးရန်၊ ပုံသဏ္ဌာန်ပြောင်းလဲပေးရန်နှင့် ကျွန်ုပ်တို့အားချိုမြိန်၍၊ အသီးပေါ်များသောစေရန် ကျွန်ုပ်တို့အတွင်း၌စီးဆင်းနေသော စမ်းချောင်းဖြစ်လာမည်။ ဤစီးဆင်းခြင်း အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကိန်းဝပ်ရာနေရာ၊ ယေရုရှလင်မြို့သစ်ကို တည်ဆောက်ရန် ရွှေ၊ ပုလဲနှင့် အဖိုးတန်ကျောက်များဖြစ်လာမည်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ ထာဝရအကြံအစည်တော်ကို ပြည့်စုံစေရန်အတွက် ဘုရားသခင်၏ နည်းလမ်းဖြစ်သည်။(*Life-study of Genesis*, p. 146)

## *ယနေ့ဖတ်စရာ*

၁ကော၊၁၀း၄၌ ပေါလုကဆက်လက်ပြီး၊ “တူညီသော ဝိညာဉ်ရေးရာရေကို အတူသောက်ကြ၏။ ထိုသူတို့နောက်၌လိုက်သော ဝိညာဉ်ရေးဆိုင်ရာကျောက်မှထွက်သော ဝိညာဉ်ရေးဆိုင်ရာရေကို သောက်ကြ၏။ ထိုကျောက်ကား ခရစ်တော်ဖြစ်သတည်း”ဟူ၍

ပြောဆိုထားသည်။ ဝိညာဉ်ရေးရာကျောက်အဖြစ်၊ ခရစ်တော်သည် သူတို့အား ဝိညာဉ်ရေးရာ သောက်ဖွယ်ရာကို ပေးရန် ယုံကြည်သူများနောက်သို့လိုက်သည်။ အငယ်၊၄၌ရှိသော ဝိညာဉ်ရေးရာသောက် ဖွယ်ရာသည် ရိုက်ခြင်းခံကျောက်အတွင်းမှ စီးထွက်လာသော အသက်ရေကို ရည်ညွှန်း၍ (ထွက်၊၁၇း၆)၊ ကျွန်ုပ်တို့၏ အရာအားလုံး ပါဝင်သောသောက်ဖွယ်ရာတည်းဟူသော အသေခံ၍၊ ရှင်ပြန်ထမြောက်ခဲ့သော ခရစ်တော်မှ စီးထွက်လာသော၊ ဝိညာဉ်တော်ကို ပုံ ဆောင်သည် (ယော၊၇း၃၇–၃၉။ ၁ကော၊ ၁၂း၁၃)။ ကိုယ်တော်၏ အသေခံတော်မူခြင်း၌ အသက်ရှင်သော ဝိညာဉ်ရေးရာကျောက်တည်းဟူသော ခရစ်တော်သည် ဘုရား၏ ပညတ်တရား၏ အခွင့်အာဏာအားဖြင့် ရိုက်ခြင်းခံရခြင်းမှာ ရှင်ပြန်ထမြောက်ခြင်း၌ရှိသော အသက်ရေသည် ကိုယ်တော်၏ ရွေးနုတ်ခံလူများ သောက်သုံးရန်အတွက် သူတို့အထဲသို့ ကိုယ်တော့်ထံမှ စီးထွက်နိုင်မည်ဖြစ်သည်။ ရိုက်ခြင်းခံကျောက်အတွင်းမှ စီးထွက်လာသော အသက်ရေသည် ဝိညာဉ်တော်ကို ပုံဆောင်သည် (ယော၊၇း၃၇–၃၉)။ ကျွန်ုပ်တို့အားလုံးသည် အရာအားလုံးပါဝင်သော ဝိညာဉ်တော်မှအပ အခြားသောအရာကို သောက်သုံးခြင်းမပြုဘဲ၊ တူညီသောဝိညာဉ်ရေးရာရေကိုသာ သောက်သုံးသင့်ပါသည်။

ဘုရားသခင်၏ ရွေးချယ်ခံလူများအတွက် အသက်ရေစီးထွက်ရန် ရိုက်ခြင်းခံသောကျောက်သည် ရုပ်ပိုင်းဆိုင်ရာကျောက်ဖြစ်သည်။ တမန်တော်သည် ၎င်းကို ဝိညာဉ်ရေးရာကျောက်ဟူ၍ခေါ် ရခြင်းမှာ ကိုယ်တော်၏ ယုံကြည်သူများ၏ ဆာငတ်ခြင်းကို ကျေနပ်စေရန်အတွက်၊ အသက်ရေကိုစီးထွက်နိုင်ရန်အလို့ငှါ၊ ဘုရားသခင်အားဖြင့် ရိုက်ခြင်းခံသော ခရစ်တော်ကိုပုံဆောင်သောကြောင့် ဖြစ်သည်။(ယော၊၁၉း၃၄)။ ထို့ကြောင့် တမန်တော်က၊ ထိုကျောက်သည် ခရစ်တော်ဖြစ်သည်ဟု ပြောခြင်းဖြစ်သည်။ ၎င်းသည် ခရစ်တော်ကိုပုံဆောင်သော ဝိညာဉ်ရေးရာကျောက်ဖြစ်သောကြောင့်၊ ယင်းသည် အစ္စရေးအမျိုးသားများနောက်သို့ လိုက်နိုင်ခြင်းဖြစ်သည်။ ဤသည်မှာ စစ်မှန်သောကျောက်တည်း ဟူသော ခရစ်တော်သည် ကိုယ်တော်၏ ယုံကြည်သူများနောက်သို့လိုက်ခြင်းကို ဖော်ပြခြင်းဖြစ်သည်။ (*TheConclusion of the New Testament*, pp. 3154-3155)

ဤကျောက်သည် ကျွန်ုပ်တို့အတွက် အမှန်တကယ်ပင် အရာခပ်သိမ်းဖြစ်သည်။ လူ့ဇာတိခံခြင်းအားဖြင့် ခရစ်တော်သည် မြေကြီးပေါ် သို့ ကျောက်အဖြစ် ကြွလာခဲ့သည်။ ကိုယ်တော်သည် သတ်မှတ်ထားသောတောင်၊ ဂေါလဂေါသတောင်တွင် ၎င်း၏ တန်ခိုးတော်၊ အခွင့်အာဏာတော်နှင့်အတူ ဘုရားသခင်၏ ပညတ်တရားအားဖြင့် ရိုက်ခြင်းခံ၍၊ အသေသတ်ခြင်းကိုခံရသည်။ ကိုယ်တော်၏ နံဘေးတော်သည် လှံတံထိုးခံရ၍ အသက်ရေ

စီးထွက်လာသည်။ ဤအသက်ရေသည် သုံးပါးတစ်ပါးဘုရား၏ အဆုံးစွန်သော ထုတ်လုပ်ခြင်းဖြစ်သော ဝိညာဉ်တော်ဖြစ်သည်။ ဤရေသည် ကျွန်ုပ်တို့၏ ဆာငတ်ခြင်းကို ပြေပျောက်စေ၍၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းကို ပြည့်ဝစွာကျေနပ်နှစ်သိမ့်စေသည်။

ကန္တာရတောကိုဖြတ်ကျော်သော လမ်းခရီးတစ်လျှောက်လုံး၌ လူတို့နောက်သို့လိုက်သော ကျောက်မှစီးထွက်လာသောရေသည် အလွန်နက်နဲလှသည်။ အမှန်တကယ်ပင် ထိုကဲ့သို့ သောကျောက်သည် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် အရာဝတ္ထုပစ္စည်းမဖြစ်နိုင်ပါ။ ရုပ်ပိုင်းဆိုင်ရာကျောက်သည် လူတို့နှင့်အတူသွားလာသည်မှာ အမှန်ပင်ဖြစ်ပေသည်။ ကျောက်သည် လူတို့နောက်သို့လိုက်သည်ဟု ပေါလုပြောရခြင်း၏ အကြောင်းရင်းမှာ ထိုကျောက်သည် အသက်ရှင်သောကျောက်ဖြစ်သည်ကို ဖော်ပြခြင်းဖြစ်သည်။ ထို့ကြောင့် ဤကျောက်သည် ဝိညာဉ်ရေးရာဖြစ်၍ အလွန်နက်နဲလှသည်။ ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရေအကြောင်းကို ကျွန်ုပ်တို့ဆင်ခြင်းစဉ်းစားသည်နှင့် ကျွန်ုပ်တို့သည် ရိုက်ခြင်းခံကျောက်အတွင်းမှထွက်သောရေ၏ ဝိညာဉ်ရေးရာနှင့် နက်နဲခြင်း၏ သွင်ပြင်လက္ခဏာကို စွဲမှတ်ရမည်ဖြစ်သည်။

ကျောက်မှစီးထွက်လာသောရေသည် ရှင်ပြန်ထမြောက်ခြင်း၌ရှိသော အသက်ရေဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်းသည် အသေခံ၍၊ ပြန်လည်ရှင်သန်လာသော တစ်စုံတစ်ရာဖြစ်သည်။ ၎င်းသည် သေခြင်းကိုဖြတ်ကျော်သော တစ်စုံတစ်ရာမှ ထွက်ပေါ်လာသောအသက်ကိုလည်း ဆိုလိုသည်။

အသက်ရေသည် ရှင်ပြန်ထမြောက်ခြင်း၌ ဖြစ်သောကြောင့်၊ ၎င်းသည် အောင်နိုင်ခြင်းနှင့် အောင်ပွဲခံခြင်းဖြစ်သည်။ ၎င်းသည် အနုတ်လက္ခဏာဆောင်သော အရာအားလုံးကို ကျော်လွှန်နိုင်သည်။ ကျွန်ုပ်တို့သည် ဤရေကိုသောက်သုံးသောအခါ၊ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌၊ ရှင်ပြန်ထမြောက်ခြင်း၏ လူ ဖြစ်လာမည်ဖြစ်သည်။ (*Life-study of Exodus*, pp. 474, 488, 491)

*ပို၍ဖတ်ရန်-* *Life-study of Exodus*, msgs. 40-42

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**တော၊ ၂၀း၈** **လှံတံကိုကိုင်ယူ၍ သင်၏ အစ်ကို အာရုန်ပါလျက်၊ ပရိသတ်များကို စုဝေးစေလော့။ သူတို့ရှေ့မှာ ကျောက်ကိုမှာထားလော့။ ကျောက်သည် မိမိရေကို ပေးလိမ့်မည်။ ထိုသို့ သင်သည် ကျောက်ထဲက ရေကိုထွက်စေ၍ ပရိသတ်များနှင့် သူတို့တိရစ္ဆာန်များတို့အား သောက်ဖို့ ရေကို ပေးရမည်။**

**ဆာ၊ ၁၁၀း၇** **လမ်းနားမှာစီးသောရေကိုသောက်၍ ခေါင်းတော်ကို ချီးမြှင့်တော်မူမည်။**

သြဝါဒအရပြောရမည်ဆိုလျှင်၊ အသက်ရေစီးဆင်းရန် အလို့ငှါ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ရေငတ်ခြင်းကို ပြေစေရမည်(ယော၊၄း၁၄)။ ယင်းမှာ အကယ်၍ကျွန်ုပ်တို့သည် အသက်ရေနှင့်ဖြည့်ခြင်းမခံပါက၊ လျှံထွက်စီးဆင်းခြင်းရှိနိုင်မည် မဟုတ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ စီးဆင်းခြင်းသည် လျှံထွက်စီးဆင်းခြင်းမှလာခြင်းဖြစ်၍၊ လျှံထွက်စီးဆင်းခြင်းသည် ကျွန်ုပ်တို့၏ ရေငတ်ပြေခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ၊ တွေ့ကြုံခံစားခြင်း၏ အမြင်နှင့်ဆိုပါက၊ ကျွန်ုပ်တို့သည် စီးဆင်းရန်အလို့ငှါ၊ ကျွန်ုပ်တို့၏ ရေငတ်ခြင်းကို ပြေပျောက်စေသည့်တိုင်အောင် စောင့်နေရန်မလိုအပ်ပါ။(*Life-study of Exodus*, p. 521)

## ယနေ့ဖတ်စရာ

ကျွန်ုပ်တို့သည် အသက်ရေကို စီးဆင်းလိုသည်ဆိုပါက၊ ရိုက်ခြင်းခံသောကျောက်နှင့်အတူ သက်သေထူရန်လိုအပ်သည်(ထွက်၊၁၇း၆။ ယော၊၇း၃၈)။ ရိုက်ခြင်းခံကျောက်သည် ကိုယ်တော်၏ အသေခံခြင်း၌ လူ့ဇာတိခံသောခရစ်တော်ကိုပုံ ဆောင်သည်။ ခရစ်တော်သည် ကားတိုင်ပေါ်တွင် ဘုရားသခင်အားဖြင့် ရိုက်ခြင်းခံရသည်။ ကျွန်ုပ်တို့သည် ဤရိုက်ခြင်းခံရသူနှင့်အတူ သက်သေထူရန်လိုအပ်သည်။ ဤဆိုလိုရင်းမှာ ကျွန်ုပ်တို့၏ လူသားအသက်၊ ကျွန်ုပ်တို့၏ ဇာတိအသက်သည် ရိုက်ခြင်းခံမှသာ အသက်ရေစီးထွက်လာနိုင်မည်ကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်ရိုက်ရန် အတွက် ကြိုးစားဖို့မလိုအပ်ပါ။ ကျွန်ုပ်တို့သည် ရိုက်ခြင်းခံသောခရစ်တော်နှင့်အတူ တစ်လုံးတစ်ဝတည်းရှိပြီး၊ ကိုယ်တော်နှင့်အတူ သက်သေထူမည်ဆိုပါက၊ ကျွန်ုပ်တို့၏ ဇာတိအသက်သည် အသေသတ်ခြင်းကို တွေ့ကြုံခံစားရလိမ့်မည်ဖြစ်သည်။ ထိုအခါ၊ ခရစ်တော်၏ ဘုရားဆိုင်ရာအသက်သည် ကိုယ်တော်၏ ရိုက်ခြင်းခံသော လူသားအသက်အဖြစ် အသက်ရေစီးထွက်လာပြီး၊ ကျွန်ုပ်တို့၏ ဇာတိအသက်ကိုရိုက်ခြင်းခံခြင်း အားဖြင့် အသက်ရေစီးဆင်းသည်ကို

ကျွန်ုပ်တို့တွေ့ကြုံခံစားရလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ဇာတိအသက် ရိုက်ခတ်ခြင်းခံသောအခါမှသာလျှင်၊ ဘုရားဘုရာအသက်သည် ကျွန်ုပ်တို့ထံမှ စီးထွက်လာနိုင်မည် ဖြစ်သည်။ (*Life-study of Exodus*, p. 527)

ဆာ၊ ၁၁၀း၇၌ရှိ၊ စမ်းချောင်းငယ်သည် အောင်မြင်သူများကို ပုံဆောင်သည်။ ခရစ်တော်သည် အဆုံးထိတိုင်အောင်တိုက်ခိုက်ခြင်းကို ဦးဆောင်မှုသေအခါ၊ ကိုယ်တော်သည် ရေသောက်ရန်လည်းလို အပ်လိမ့်မည်ဖြစ်ပြီး၊ ဤရေသည် အောင်မြင်သောသူများ ဖြစ်ပေမည်။ Cf.footnote 33.See footnote 341, paragraph 2, in Daniel 2. (Psa. 110:7, footnote 1)

ခရစ်တော်သည် အသေခံ၍၊ ဝိညာဉ်တော်ကိုလည်း ပေးအပ်ခဲ့သောကြောင့်၊ ခရစ်တော်အတွက် နောက်တစ်ဖန်အသေခံရန် မလိုအပ်ပါ။ ယင်းမှာ နောက်တစ်ဖန် အသက်ရေစီးထွက်လာရန်အတွက် ကျောက်ကိုရိုက်ရန် မလိုအပ်တော့ပါ။ ဘုရားသခင်၏ စီမံကိန်း၌ ခရစ်တော်သည် တစ်ကြိမ်တည်းသာလျှင် အသေခံရမည်ဖြစ်သည် (ဟေဗြဲ၊ ၇း၂၇။ ၉း၂၆–၂၈က)။ အသေခံသောခရစ်တော်ထံမှ အသက်ရေကို လက်ခံရရှိနိုင်ရန်မှာ ကျွန်ုပ်တို့သည် "လှံတံကိုကိုင်ယူ၍"၊ "ကျောက်ကို မှာထားရန်"သာလိုအပ်သည် (တော၊ ၂၀း၈)။ လှံတံကိုကိုင်ယူခြင်းမှာ ကိုယ်တော်၏ အသေခံခြင်း၌ ခရစ်တော်နှင့်အတူသက်သေထူခြင်းနှင့် ခရစ်တော်၏ သေခြင်းကို ကျွန်ုပ်တို့ကိုယ်တိုင်နှင့် ကျွန်ုပ်တို့၏ အခြေအနေပေါ် တွင် ယူဆောင်အသုံးချခြင်းဖြစ်သည်။ ကျောက်ကိုမှာထားခြင်းမှာ ရိုက်ခြင်းခံသောကျောက်တည်းဟူသော ခရစ်တော်ကို တိုက်ရိုက်စကားပြောခြင်းဖြင့် ပေးအပ်ခဲ့ပြီးသော ဝိညာဉ်တော်၏ အကြောင်းရင်းပေါ် တွင် အခြေခံ၍၊ ကျွန်ုပ်တို့အားအသက်၏ ဝိညာဉ်တော်ကိုပေးရန် ကိုယ်တော့်ကိုတောင်းဆိုခြင်းဖြစ်သည် (cf.ယော၊ ၄း၁၀)။ ကျွန်ုပ်တို့သည် ခရစ်တော်၏ သေခြင်းကို ကျွန်ုပ်တို့အပေါ် တွင် ယူဆောင်ခြင်းနှင့် ဝိညာဉ်တော်ကို ကျွန်ုပ်တို့အားပေးရန် ယုံကြည်ခြင်း၌ ခရစ်တော်ကိုတောင်းဆိုမည်ဆိုပါက၊ ကျွန်ုပ်တို့သည် အသက်၏ကြွယ်ဝပေါများသော မစပေးခြင်းတည်းဟူသော အသက်ရှင်သောဝိညာဉ်တော်ကို ရရှိလိမ့်မည်ဖြစ်သည် (ဖိ၊ ၁း၁၉)။ (Num. 20:8, footnote)

ဘုရားသခင်သည် ကောင်းသောပြည် ချိုင့်ထဲ၊ တောင်ထဲမှ စီးဆင်းသော မြစ်များ၊ ချောင်းများ၊ စမ်းရေတွင်း၊ စမ်းရေပေါက်နှင့် ပြည့်သောပြည်၊ ကောင်းသောပြည်သို့ အစ္စရေးတို့အား ပို့ဆောင်ပေးသည်။ (တရား၊ ၈း၇–၉) ၌ဖော်ပြထားသော ကောင်းသောမြေ၏ ပထမသွင်ပြင်လက္ခဏာမှာ ရေဖြစ်သည်။ ဤရေနှင့်စပ်လျဉ်း၍၊ ပထမဦးဆုံးမှာ အရင်းအမြစ်တည်းဟူသော စမ်းရေတွင်းဖြစ်ပြီး၊ ထိုနောက် စမ်းရေပေါက်နှင့် စီးထွက်

သောစမ်းချောင်းငယ်များ ဖြစ်သည်။ ကောင်းသောမြေ၌ရှိသောရေသည် "ချိုင့်ထဲ၊ တောင်ထဲက" စီးထွက်လာသည်။ ဤသည်မှာ ခရစ်တော်သည် အမျိုးမျိုးအပြားပြားသောပတ်ဝန်းကျင်၌ စီးဆင်းကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မြင့်ခြင်း၊ ကျဆင်းခြင်းများရှိ၍၊ ခရစ်တော်သည် အမြင့်သို့လည်းကောင်း၊ အောက်သို့လည်းကောင်း စီးဆင်းလျက်ရှိသည်။ (*Life-study of Deuteronomy*, p. 57)ppp

ချိုင့်ဝှမ်းများအားလုံးတို့သည် ကားတိုင်၏ အတွေ့အကြုံများဖြစ်ပြီး၊ ခရစ်တော်၏ အသေခံခြင်း၏ တွေ့ကြုံခံစားခြင်းဖြစ်၍၊ တောင်များသည် သခင်ဘုရား၏ ရှင်ပြန်ထမြောက်ခြင်း၏ အတွေ့အကြုံများဖြစ်သည်။ ချိုင့်ဝှမ်းသည် ကားတိုင်ဖြစ်၍၊ တောင်များသည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ချိုင့်ဝှမ်းအချို့၊ ပြဿနာများအမြဲရှိသောသူများဖြစ်ကြပြီး၊ ရှင်ပြန်ထမြောက်ခြင်းကို တွေ့ကြုံခံစားခြင်းအမြဲရှိသောသူ၊ တောင်ပေါ်တွင်အမြဲရှိသောသူလည်း ဖြစ်ရမည်ဖြစ်သည်။ ချိုင့်ဝှမ်းရှိသော နေရာတွင် တောင်များလည်းရှိသည်။ သင်သည် ကားတိုင်၏ အသေခံခြင်းကို တွေ့ကြုံရသောအခါတိုင်း၊ ရှင်ပြန်ထမြောက်ခြင်းကိုလည်း သင်တွေ့ကြုံခံစားရမည်ဖြစ်သည်။ အသက်ရေသည် ဤအတွေ့အကြုံများအားလုံးမှ စီးထွက်လာခြင်းဖြစ်သည်။ (*The All inclusive Christ*, pp. 44-45)

*ပို၍ဖတ်ရန်-* *Life-study of Exodus*, msgs. 43-45; *The All inclusive Christ*, ch. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဆာ၊ ၇၂း၈** **ပင်လယ်တစ်ပါးမှ တစ်ပါးတိုင်အောင်လည်းကောင်း၊ မြစ်မှသည် မြေစွန်းတိုင်အောင်လည်းကောင်း၊ အစိုးရတော်မူလိမ့်မည်။**

**ရော၊ ၁၁း၃၆** **အကြောင်းမူကား၊ ခပ်သိမ်းသောအရာတို့သည် ကိုယ်တော့်အထံက လည်းကောင်း၊ ကိုယ်တော့်အားဖြင့်လည်းကောင်း၊ ကိုယ်တော်အဖို့ အလို့ငှါလည်းကောင်း ဖြစ်ကြ၏။ ကိုယ်တော်သည် ကာလအစဉ်အဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်။**

ဆာ၊၇၂း၈၌ရှိသော ဤမြစ်၏ ပုံဆောင်ချက်မှာ ဆာ၊၄၆း၄၌ "ထိုမြစ်ရေသည် စီး၍ ဘုရားသခင်၏ မြို့တော်တည်းဟူသော အမြင့်ဆုံးသောဘုရား ကျိန်းဝပ်တော်မူရာ သန့်ရှင်းသော မြို့တော်ကို ရွှင်လန်းစေတတ်၏ "ဟုဖော်ပြထားသော မြစ်နှင့် အတူတူပင် ဖြစ်သည်။ ၎င်းသည် အမှန်တကယ်ပင် အဓိပ္ပါယ်ရှိသည်။ အငယ်၊၄၃၌ရှိသောမြစ်သည် သုံးပါးတစ်ပါးဘုရား၏ စီးထွက်ခြင်းကို ပုံဆောင်၍၊ သခင်ဘုရား၏ နိုင်ငံတော်နှင့် အုပ်စိုးခြင်းသည် သုံးပါးတစ်ပါးဘုရား၏ စီးဆင်းခြင်းဖြင့် မြေကြီးအဆုံးတိုင်အောင် ပျံ့နှံ့သွားခြင်းကို ဖော်ပြခြင်းဖြစ်သည်။ ကိုယ်တော်၏ အုပ်စိုးခြင်းသည် မြစ်ရေတည်းဟူသော သူကိုယ်တော်တိုင်၍၊ ကိုယ်တော်သည် အုပ်စိုးခြင်းအမှုကို ရေလောင်းခြင်းဖြင့် ရယူနေသည်။ မိုးရေသည် မြစ်ရေဖြစ်၍၊ ရေလောင်းခြင်းသည် စီးဆင်းခြင်းဖြစ်သည်။ သခင်ဘုရားသည် မြေကြီးတစ်ပြင်လုံးကို စစ်ဆေးခြင်း၊ စီရင်ခြင်း၊ ရိုက်ခြင်းအားဖြင့် မဟုတ်ဘဲ၊ ရေလောင်းပေးခြင်း အားဖြင့် ပြန်လည်ရယူလိမ့်မည်ဖြစ်သည်။ သခင်ယေရှုသည် ဤမြေကြီးပေါ် သို့ ကိုယ်တော်၏ ဖြောင့်မတ်သော တရားစီရင်ခြင်းကို လေ့ကျင့်လုပ်ဆောင်ရန် ကေန်အမှန်ကြွလာတော်မူလိမ့်မည်ဖြစ်သည်။ သို့သော် ၎င်းသည် ကိုယ်တော်ကြွလာတော်မူခြင်း၏ သွင်ပြင်လက္ခဏာတစ်ခုသာဖြစ်သည်။ အခြားသွင်ပြင်လက္ခဏာမှာ ကိုယ်တော်သည် မြေကြီးကို ရေလောင်းပေးရန် မိုးရေအဖြစ် ပြန်ကြွလာလိမ့်မည်ဖြစ်သည်။ (*CWWL, 1969*, vol. 3, pp. 107-108)

## ယနေ့ဖတ်စရာ

ယနေ့ မြေကြီးတစ်ပြင်လုံးသည် ခြောက်သွေ့၍ အကျိုးမဖြစ်သော ကန္တာရတောနည်းတူဖြစ်နေသည်။ များစွာသော ဆိုးညစ်ခြင်းနှင့် ဒုစရိုက်အပြစ်များသည် ဤမိုးခေါင်ခြင်း၊ ခြောက်သွေ့ခြင်းမှ ပေါက်ပွားလာခြင်းဖြစ်သည်။ လူသည် အပြစ်ပြည့်ဝရခြင်းမှာ သူတို့သည် စိတ်ပျက်ခြင်း၊ ကျေနပ်နှစ်သိမ့်မှုမရှိခြင်းကြောင့် ဖြစ်သည်။ (သခင်ဘုရားပြန်

လည်ကြွလာခြင်း)၏ အဓိကပုံသဏ္ဍာန်မှာ ကိုယ်တော်သည် ခြောက်သွေ့၍၊ ဆာငတ်သော မြေကို ရွှဲစိုစေရန် ကြွယ်ဝသောမိုးရေကဲ့သို့ ကြွလာလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ဤမြေကြီးပေါ် ကို သနားခြင်းဂရုဏာသက်ရောက်တော်မူမည်ဖြစ်၍၊ ကိုယ်တော်၏ အုပ်စိုးခြင်းအမှုသည် စီရင်ခြင်း၊ ရိုက်ခြင်းအားဖြင့်မဟုတ်ဘဲ၊ ရေလောင်းပေးခြင်း အားဖြင့် ဖြစ်လိမ့်မည်ဖြစ်သည်။ ထိုကဲ့သို့သော ခရစ်တော်သည် ပင်လယ်တစ်ပါးမှ တစ်ပါးတိုင် အောင်မြစ်ကဲ့သို့ စီးဆင်းခြင်းဖြင့်လည်းကောင်း၊ မြေအစွန်းတိုင်အောင်လည်းကောင်း၊ အစိုးရတော်မူလိမ့်မည်။ စီးဆင်းခြင်းရှိသောနေရာ၌ သခင်ယေရှု၏ အုပ်စိုးခြင်းရှိလိမ့်မည်ဖြစ်သည်။ ထို့နေ့ရက်၌ အဖြူ၊ အမဲ၊ အဝါ၊ အနီ လူအားလုံးတို့အပေါ် တွင် ရွှာသွန်းတော်မူလိမ့်မည်။ သူတို့သည် ခရစ်တော်၏ အုပ်စိုးခြင်းအောက်တွင် အလွန်ဝမ်းမြောက်ဝမ်းသာကြလိမ့်မည်။ ခရစ်တော်ပြန်ကြွလာသောအခါ၊ အို ရေလောင်းပေးခြင်း၊ အို ကျေနပ်နှစ်သိမ့်စေခြင်း၊ အို ငြိမ်သက်ခြင်း၊ အို လုံခြုံခြင်းတို့ ရှိလိမ့်မည်ဖြစ်သည်။

ကျွန်ုပ်သည် နုငယ်သောခရစ်ယာန်ဖြစ်စဉ်အချိန်က၊ ကျွန်ုပ်သည် ခရစ်တော် ဒုတိယအကြိမ်ကြွလာခြင်းနှင့်စပ်လျဉ်းသော သွန်းသင်ခြင်းကို များစွာခံယူရသည်။ ဤသွန်သင်ချက်များအားလုံးတို့သည် ခရစ်တော်ကို စီရင်သောသူအဖြစ် သတ်မှတ်ကြသည်။ ကိုယ်တော်သည် သူ၏ အမျက်ထွက်ခြင်း၌ လူတို့ကိုရိုက်ခတ်လိမ့်မည်ဟု ကျွန်ုပ်သွန်သင်ခြင်းခံခဲ့ရပါသည်။ သခင်ယေရှုသည် တန်ဖိုးမဲ့အဓိပ္ပါယ်မရှိသော၊ ဝမ်းနည်းညိုးငယ်သောသူကို ကျေနပ်နှစ်သိမ့်ရန်နှင့် အကျိုးမပြုသောမြေကို ရေလောင်းပေးနိုင်ရန် မိုးရေပေါက်အဖြစ် သနားခြင်းဂရုဏာအပြည့်ဖြင့် ပြန်ကြွလာလိမ့်မည်ဟူသော ဝေငှချက်ကို ကျွန်ုပ်ဘယ်အခါမျှ မကြားဘူးခဲ့ပါ။ သို့သော် ကိုယ်တော်သည် စီရင်ရန် ကြွလာမည်ဖြစ်ခြင်းအကြောင်း၌ပင်လျှင်၊ ကိုယ်တော်၏ စီရင်ခြင်း၌ မြေကြီးသည် ရေလောင်းခြင်းကို ခံရမည့်အကြောင်း ဆာလံကျမ်းမှပြောဆိုချက်ကို ကျွန်ုပ်ယုံကြည်သည်။ မြစ်ရေသည် ထိုနေရာ၌ ရှိလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် တန်ခိုးတော်ကို လေ့ကျင့်လုပ်ဆောင်ခြင်းအားဖြင့်သာမဟုတ်ဘဲ၊ သုံးပါးတစ်ပါးဘုရား၏ စီးဆင်းခြင်းအားဖြင့်လည်း မြေကြီးကို ပိုင်ဆိုင်ရရှိလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် ယေရုရှလင်မြို့သစ်မှ စီးဆင်းသော ထိုမြစ်ရေအားဖြင့် မြေကြီးကို ရယူလိမ့်မည်ဖြစ်သည်။ ထိုနေ့ရက်၌ ယေရုရှလင်မြို့သစ်သည် မြေကြီး၏ အလယ်ဗဟိုဖြစ်လိမ့်မည်ဖြစ်ပြီး၊ ယေရုရှလင်မြို့သစ်၏ အလယ်ဗဟို၌ အိမ်တော်ရှိလိမ့်မည်ဖြစ်၍၊ ထိုအိမ်တော်မှ မြစ်ရေစီးဆင်းလိမ့်မည်ဖြစ်သည်။ ကမ္ဘာဦး၊ ၂၃ ပါရှိသည့်အတိုင်း၊ ဤမြစ်ရေသည် အရပ်လေးမျက်နှာ၌ရှိသော မြေကြီးတစ်ပြင်လုံးသို့ ရောက်ရှိလိမ့်မည်ဖြစ်သည်။ ကိုယ်တော်၏ အုပ်စိုးခြင်းသည် မြစ်မှသည်မြေစွန်းတိုင်

အောင် တန်ခိုးတော်အားဖြင့်သာမဟုတ်ဘဲ၊ ရေလောင်းပေးခြင်းအားဖြင့် အစိုးရတော်မူလိမ့်မည်။ သခင်ဘုရားကို ချီးမွမ်းပါသည် (*CWWL, 1969,* vol. 3, pp. 108-109)

ယေရမိ၊ ၂း၁၃၌ "ငါ၏လူတို့သည် အသက်စမ်းရေတွင်းတည်းဟူသော၊ ငါ့ကိုစွန့်ပယ်၍၊ ရေမလုံ၊ ပွဲပျက်သောရေကျင်းတို့ကို တူးသောအားဖြင့် ဒုစရိုက်နှစ်ပါးကို ပြုကြပြီး"ဟု ပြောဆိုထားသည်။ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်၏ရည်ရွယ်ချက်သည် ကိုယ်တော်၏ ရွေးနုတ်ခံ လူများအား သူတို့၏ မွေ့လျော်ဝမ်းမြောက်ခြင်းအတွက် သူတို့ကို ကျေနပ်နှစ်သိမ့်စေရန် အသက်စမ်းရေတွင်းနှင့် အရင်းအမြစ်လာစေရန် ဖြစ်သည်။ ဤမွေ့လျော်ဝမ်းမြောက်ခြင်း၏ပန်းတိုင်သည် ကိုယ်တော်၏ ထင်ရှားခြင်းအတွက် ဘုရား၏ပြည့်ဝပြည့်စုံခြင်းဖြစ်လာရန် ဘုရား၏ကြီးမားကျယ်ပြန့်ခြင်း၊ ဘုရားသခင်၏ တိုးပွားခြင်းတည်းဟူသော အသင်းတော်ကို ထုတ်လုပ်ရန်ဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ စီမံကိန်း၌ ဘုရားသခင်၏ကောင်းသော ကျေနပ်အားရသော(ဧ၊၁း၅၊ ၉)၊ စိတ်နှလုံးအလိုတော်ဖြစ်သည်။ ဤစဉ်းစားခြင်း၏ပြည့်စုံသော တိုးပွားခြင်းမှာ ဓမ္မသစ်ကျမ်း၌ဖြစ်လာပြီး၊ ယေရမိ၊ ၂း၁၃၌ မျိုးစေ့အဖြစ်ကြဲခဲ့သည်။

ကျွန်ုပ်တို့အသက်ရှင်ခြင်းအတွက် အသက်စမ်းရေတွင်းတည်းဟူသော ကိုယ်တော့်ကို ယူဆောင်ရန် ကျွန်ုပ်တို့ကို ဘုရားသခင်အလိုရှိသည်။ ဤဆိုလိုရင်းမှာ ကျွန်ုပ်တို့ဖြစ်ခြင်းတစ်ခုလုံး၏စမ်းရေတွင်း၊ အရင်းအမြစ်အဖြစ် ကိုယ်တော့်ကိုယူဆောင်ရန် ကျွန်ုပ်တို့အား အလိုရှိကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အရင်းအမြစ်အဖြစ် ကိုယ်တော့်ကို မည်ကဲ့သို့ ယူဆောင်နိုင်မည်နည်း။ အသက်စမ်းရေတွင်းတည်းဟူသော ဘုရားသခင်ကို ယူဆောင်ရန် တစ်ခုတည်းသောနည်းလမ်းမှာ တစ်နေ့ပြီးတစ်နေ့ ကိုယ်တော့်ကိုသောက်သုံးရန်သာဖြစ်သည်။ သောက်သုံးခြင်းအားဖြင့် စမ်းရေတွင်းတည်းဟူသော ဘုရားသခင်ထံမှ စီးထွက်လာသောအသက်ရေကို ကျွန်ုပ်တို့အတွင်းသို့ ယူဆောင်ခြင်းဖြစ်သည်။ (*Life-study of Jeremiah,* pp.17,259)

*ပို၍ဖတ်ရန်-* *CWWL, 1969,* vol. 3, "Christ and the Church Revealed and Typified in the Psalms," ch. 11*; CWWL, 1969,*vol. 2, "The Crucial Revelation ofLife in the Scriptures,"ch. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**၁ကော၊ အကြောင်းမူကား၊ ဂျူးလူမျိုးဖြစ်စေ၊ ဂရိလူဖြစ်စေ၊ ကျွန်ဖြစ်စေ၊**
**၁၂း၁၃ လူလွတ်ဖြစ်စေ၊ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်း၌ ခန္ဓာ တော်တစ်ကိုယ်တည်းအထဲသို့ ဗတ္တိဇံကိုခံခဲ့ကြ၏။ ငါတို့ရှိသမျှသည် ဝိညာဉ်တော်တစ်ပါးတည်းကို သောက်ကြ၏။**

**ယေဇ၊ တစ်ဖန် အတောင်တစ်တောင်စေ့အောင် တိုင်းသောအခါ မကူးနိုင်**
**၄၇း၅ သောမြစ်ဖြစ်လေ၏။ ရေထသောကြောင့် နင်း၍မကူးနိုင်၊ ခြေ ထောက်၍မမှီဘဲ ကူးရသောမြစ် ဖြစ်၏။**

ဘုရားသခင်၌ စီမံကိန်းရှိပြီး၊ ကိုယ်တော်၏စီမံကိန်းသည် ကိုယ်တော်အတွက် သတို့သမီး၊ အဖော်အဖက်ကို ထုတ်လုပ်ရန်ဖြစ်သောကြောင့်၊ ကိုယ်တော်၏ရွေးနုတ်ခံ လူတို့အား အသက်စမ်းရေတွင်းဖြစ်လာရန် ဘုရားသခင်သည် အလိုတော်ရှိသည်။ ဘုရား သခင်စီမံကိန်း၏အကြံအစည်တော်မှာ ကိုယ်တော်သည်တစ်ဦးတည်း မဟုတ်တော့ဘဲ၊ ခင်ပွန်းတည်းဟူသော ကိုယ်တော့်နှင့်လိုက်ဖက်ညီသော၊ ကိုယ်တော်၏ကြီးမားကျယ်ပြန့် ခြင်း၊ ကိုယ်တော်၏တိုးပွားခြင်းတည်းဟူသောဇနီးကို ရရှိရန်ဖြစ်သည်။ ဤသည်မှာ ယော၊၃း၃၀၌ ပါရှိသော *တိုးပွားခြင်း*စကားလုံး၏ အဓိပ္ပါယ်ဖြစ်သည်။ ဤကျမ်းပိုဒ်၌ ဗတ္တိဇံယောဟန်က"ထိုသခင်သည် တိုးပွားခြင်းရှိရမည်"ဟူ၍ ပြောခြင်းဖြင့် ခရစ်တော် အကြောင်းကို ပြောဆိုထားသည်။ ယခင်ကျမ်းပိုဒ်၌ ယောဟန်သည် "မင်္ဂလာဆောင်သတို့ သမီးကိုရသောသူသည် မင်္ဂလာဆောင်သတို့သားဖြစ်၏"ဟု ပြောထားသည်။ အငယ်၊၃၀ ၌ တိုးပွားခြင်းသည် အငယ်၊၂၉၌ရှိသော သတို့သမီးဖြစ်သည်။ သတို့သားသည် ခရစ်တော် ဖြစ်၍၊ သတို့သမီးသည် ကိုယ်တော်၏တိုးပွားခြင်း၊ ကိုယ်တော်၏ကြီးမားကျယ်ပြန့်ခြင်း ဖြစ်သည်။ ဝေသည် အာဒံ၏တိုးပွားခြင်း၊ အာဒံ၏နံရိုးမှတည်ဆောက် သည့်နည်းတူ၊ သတို့သမီးတည်းဟူသော ဘုရားသခင်၏ရွေးကောက်ခံလူများသည် သတို့သားတည်းဟူ သော ခရစ်တော်၏တိုးပွားခြင်း ဖြစ်သည်။(*Life-study of Jeremiah*, p. 27)

## *ယနေ့ဖတ်စရာ*

အသက်ရေတည်းဟူသော ဘုရားသခင်ကို ကျွန်ုပ်တို့၏သောက်သုံးခြင်းသည် ကိုယ် တော်၏တိုးပွားခြင်းတည်းဟူသော အသင်းတော်အတွက်ဖြစ်၍၊ ကျွန်ုပ်တို့၏သောက်သုံး ခြင်းသည် ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်း၊ ကိုယ်တော် ၏ကြီးမားကျယ်ပြန့်ခြင်းကို ထုတ်လုပ်ရန်ဖြစ်သည်။

ယေရမိ၊ ၂း၁၃၌ အစ္စရေးလူမျိုးတို့သည် ကိုယ်တော့်ကို သောက်သုံးခြင်းအားဖြင့် ကိုယ်တော်၏ပြည့်ဝပြည့်စုံခြင်းတည်းဟူသော ကိုယ်တော်၏ တိုးပွားခြင်းဖြစ်လာကာ ကိုယ်တော့်ကို ထင်ရှားနိုင်ပါမည့်အကြောင်း ဘုရားသခင်၌ ဝန်တာရှိခဲ့သည်။ အစ္စရေးလူမျိုးတို့သည် အသက်စမ်းရေတည်းဟူသော ဘုရားသခင်ကို သောက်သုံးရမည့်အစား၊ သူတို့သည် ဒုစရိုက်အပြစ်နှစ်မျိုးကို ပြုကြသည်။ ပထမ ဒုစရိုက်အပြစ်မှာ ဘုရားသခင်ကို စွန့်ပယ်ခြင်းဖြစ်၍၊ ဒုတိယ ဒုစရိုက်အပြစ်မှာ အခြားသောအရင်းအမြစ်ဖြစ်သော ရေကျင်းကို တူးခြင်းဖြစ်သည်။ ထိုရေကျင်းတို့သည် ရေမလုံ၊ ပေါက်ပြဲသောရေကျင်းဖြစ်သည်။ ဤသည်မှာ အသက်ရေစမ်းရေတွင်းတည်းဟူသော ဘုရားသခင်ထံမှလွဲ၍၊ မည်သည့် အရာမျှ ကျွန်ုပ်တို့၏ဆာငတ်ခြင်းကို မပြေပျောက်စေနိုင်ကြောင်းနှင့် မည်သည့်အရာမျှ ကျွန်ုပ်တို့ကို ကျေနပ်နှစ်သိမ့်ခြင်းမပေးနိုင်ကြောင်းကို ဖော်ပြနေခြင်းဖြစ်သည်။ အသက်စမ်းရေတည်းဟူသော ဘုရားသခင်ကိုယ်တော်တိုင်မှလွဲ၍ ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးသောအရာသည် ကျွန်ုပ်တို့အား ကိုယ်တော်၏ထင်ရှားခြင်းအတွက် ကိုယ်တော်တိုးပွားခြင်း မဖြစ်စေနိုင်ပါ။(*Life-study of Jeremiah*, pp. 18-19)

ယေဇကျေလ၊၄၇း၁၌ရှိသော ရေသည် ကိုယ်တော်၏လူမျိုးများဆာငတ်ခြင်းကို ပြေပျောက်စေရန် ထာဝရကာလမှ စီးထွက်လာသော အသက်ရေတည်းဟူသော သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည် (က၊ ၂း၁၀။ ထွက်၊၁၇း၆။ ၁ကော၊၁၀း၄။ ဆာ၊၃၆း၈ခ၊ ၄၆း၄။ဇာ၊၁၄း၈။ယော၊၄း၁၄။၇း၃၇–၃၉။ဗျာ၊ ၂၂း၁၊၁၇)။ အိမ်တော်မှမြစ်ရေ စီးထွက်လာစေသောအကြောင်းရင်းမှာ (၁) အိမ်တော်သည် အကုန်အစင်တည်ဆောက် ပြီးစီးခြင်း၊(၂) လူတို့သည် အိမ်တော်၏ အဆင့်အတန်း၊ စည်းမျဉ်းစည်းကမ်းနှင့် ပုံစံနမူနာ အတိုင်းအသက်ရှင်ခြင်း(ယေဇ၊၄၃း၁၀–၁၁)၊ (၃) ယဇ်ပုရောဟိတ်တို့၏ အမှုဆောင်ခြင်း(အခန်း၊၄၄)နှင့် (၄) ပူဇော်သက္ကာအားလုံးတို့ကိုပူဇော်ခြင်း(အခန်း၊၄၅–၄၆)ကြောင့်ဖြစ်သည်။ အသင်းတော်အသက်တာ၌ ဤအကြောင်းရင်းများ ပို၍ရှိလေလေ၊ ဘုရားသခင်၏စီးဆင်းခြင်းသည်လည်း ပို၍စီးထွက်လာနိုင်လေလေ ဖြစ်သည်(ယေဇ၊ ၄၇း၁၊ မှတ်စု၁)။

ရေနက်လေလေ၊ လမ်းလျှောက်ရန် ခက်ခဲလေလေဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့ထဲ၌စီးဆင်းသောကျေးဇူးတော်နက်လေလေ၊ ကျွန်ုပ်တို့သည် မိမိတို့၏ကိုယ်ပိုင်ကြိုးစားအားထုတ်ခြင်းကို စွန့်လွှတ်လေလေ၊ ကျွန်ုပ်တို့၏ကိုယ်ပိုင်ရည်မှန်းချက်ကို ကျော်ခိုင်းခြင်းဖြင့်၊ ကျွန်ုပ်တို့အား သယ်ဆောင်ရန် စီးကြောင်းကို အခွင့်ပေးမည်ဖြစ်သည် (ယေဇ၊ ၄၇း၅၊ မှတ်စု)

ယောဟန်ခရစ်ဝင်ကျမ်းသည် သုံးပါးတစ်ပါးဘုရား၏ စီးဆင်းခြင်းကို ဖော်ပြထားသည်။ သုံးပါးတစ်ပါးဘုရားသည် ဘုရားဆိုင်ရာသုံးပါးဖြစ်ခြင်း၌ အဆင့်သုံးဆင့်ဖြင့် စီးဆင်းသည်။ ယော၊ ၄း၁၄ခ၌ "ငါပေးသောရေသည် ထိုသူ၌ ထာဝရအသက်အထဲသို့ ထွက်သော စမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏"။ စမ်းရေတွင်း ထွက်ပေါ် လာသောအခါ၊ ၎င်းသည် စမ်းရေတွင်း၏ ကြီးမားကျယ်ပြန့်လာခြင်း ဖြစ်သည်။ ထိုအခါ၊ မြစ်ရေစီးဆင်းလာသည်။ ခမည်းတော်သည် စမ်းရေတွင်းဖြစ်၍၊ သားတော်သည် စမ်းရေပေါက်ဖြစ်ကာ၊ ဝိညာဉ်တော်သည် မြစ်ရေဖြစ်သည်။

သုံးပါးတစ်ပါးဘုရား၏ စီးဆင်းခြင်းသည် "ထာဝရအသက်အထဲသို့"ဖြစ်သည်။ "အထဲသို့"ဟု ဘာသာပြန်ဆိုထားသောဝိဘတ် ဂရိစကားသည် အဓိပ္ပါယ်ကြွယ်ဝလှသည်။ ဤနေရာတွင် ခရီးပန်းတိုင်အကြောင်းကို ပြောဆိုထားခြင်းဖြစ်သည်။ ထာဝရအသက်သည် စီးဆင်းသောသုံးပါးတစ်ပါးဘုရား၏ ခရီးပန်းတိုင်ဖြစ်သည်။ စမ်းရေတွင်းသည် ကျွန်ုပ်တို့ထဲ၌ရှိ၍၊ မြစ်ရေအဖြစ် ခရီးပန်းတိုင်အထဲသို့ စီးဆင်းလျက်ရှိသည်။ ဤခရီးပန်းတိုင်သည် ထာဝရအသက်အထဲသို့ဖြစ်သည်။ ယေရုရှလင်မြို့သစ်သည် ဘုရားဆိုင်ရာ၊ ထာဝရအသက်၏ စုပေါင်းထားခြင်းဖြစ်သည်။ နောက်ဆုံး၌ ထာဝရအသက်သည် ယေရုရှလင်မြို့သစ် ဖြစ်လိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ထာဝရအသက်အထဲသို့ဆိုသည်မှာ ယေရုရှလင်မြို့သစ်အထဲသို့ဖြစ်သည်။ ကျွန်ုပ်တို့သည် ထိုနေရာသို့ ရောက်ရှိနိုင်ရန် အလို့ငှါ၊ ဘုရားဆိုင်ရာ ယေရုရှလင်မြို့သစ်အထဲသို့ စီးဆင်းပေးသော တစ်စုံတစ်ရာရှိရမည်ဖြစ်သည်။ (*Crystallizationstudy of the Gospel of John*, p. 139)

*ပို၍ဖတ်ရန်-* *Life-study of Jeremiah*, msg. 4; *Crystallizationstudy of the Gospel of John*, msgs. 14-15

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ငါပေးသောရေကို သောက်သောသူမူကား၊ ရေငတ်ခြင်းနှင့် အစဉ်**
**၄း၁၄ မပြတ်ကင်းလွတ်လိမ့်မည်။ ငါပေးသောရေသည် ထိုသူ၌ထာဝရအ**
**သက်အထဲသို့ထွက်သော စမ်းရေတွင်းဖြစ်လိမ့်မည်ဟု မိန့်တော်မူ၏။**
**ဗျာ၊ တစ်ဖန် ကျောက်သလင်းကဲ့သို့ကြည်လင်၍၊ ဘုရားသခင်နှင့်သိုးသူငယ်**
**၂၂း၁ ၏ပလ္လင်တော်ထဲကထွက်သော အသက်ရေစီးရာမြစ်သည် မြို့လမ်းမ**
**အလယ်တစ်လျှောက် စီးဆင်းသည်ကို ထိုသူသည် ငါ့အားပြလေ၏။**

သုံးပါးတစ်ပါးဘုရားသည် ကျွန်ုပ်တို့အထဲသို့စီးဆင်းသောအခါ၊ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ စီးဆင်းသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့အား ယေရုရှလင်မြို့သစ်ဖြစ်လာရန်ယေရုရှလင်မြို့သစ်အထဲသို့ စီးဆင်းသည်။ အထဲသို့ဟူသော ဝိဘတ်သည် "ဖြစ်လာရန်"ဟုလည်း အဓိပ္ပါယ်ရသည်။ *ယေရုရှလင်မြို့သစ်အထဲသို့ဆိုသည်မှာ* "ယေရုရှလင်မြို့သစ် ဖြစ်လာရန်ဖြစ်သည်"။ ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ် ဖြစ်လာရမည်။ သို့မှသာ ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၌ နေနိုင်မည်ဖြစ်သည်။(*Crystallization-study of the Gospel of John,* p. 142)

## ယနေ့ဖတ်စရာ

ထာဝရအသက်ကို ရရန်ဆိုသည်မှာ ယေရုရှလင်မြို့သစ်တွင် ပါဝင်ဆက်ဆံရန်၊ ယေရုရှလင်မြို့သစ်သို့ ပေါင်းစည်းဆက်နွယ်ရန်ဖြစ်သည်။ ဖြစ်စဉ်အားလုံးကို ဖြတ်ကျော်ခဲ့သော သုံးပါးတစ်ပါးဘုရား၊ အသေခံ၍ ရှင်ပြန်ထမြောက်ရန် လူ့ဇာတိခံယူတော်မသည့် အရာအားလုံးပါဝင်သော ခရစ်တော်နှင့် ကျွန်ုပ်တို့နေထိုင်ရန် ပြီးမြောက်ပြည့်စုံစေတော်မူသော အသက်ပေးဝိညာဉ်တော်တို့ အားလုံးသည် ကိုယ်တော်တို့၏ ထာဝရပန်းတိုင်ဖြစ်သော ယေရုရှလင်မြို့သစ်ကို ရယူရန်ဖြစ်သည်။ ကျွန်ုပ်သည် ဤဖွင့်ဟချက်ကို ရေးသောအခါ၊ ယောဟန်ခရစ်ဝင်ကျမ်းကို ကြည်လင်ပြတ်သားစွာလေ့လာခြင်းအတွက် ၎င်းကို ကျွန်ုပ်အသုံးပြုခဲ့သောကြောင့်၊ လူအနည်းငယ်သာ နားလည်လိမ့်မည်ကို ကျွန်ုပ်သိပါသည်၊ သို့သော် ၎င်းသည် ယောဟန်ခရစ်ဝင်ကျမ်းကို ကျွန်ုပ်လေ့လာခြင်း၏ နိဂုံးချုပ် ဖြစ်ပါသည်။ ဤခရစ်ဝင်ကျမ်း၌ အထူးသဖြင့်အခန်း(၁)မှ အခန်း(၄)အထိသည် ကိုယ်တော်၏ အဆင့်သုံးဆင့်၌ သုံးပါးတစ်ပါးဘုရား၏ စီးဆင်းခြင်းမှတ်တမ်းဖြစ်သည်၊ စမ်းရေတွင်းတည်းဟူသော ခမည်းတော်၊ စမ်းရေပေါက်တည်းဟူသော သားတော်နှင့် စီးဆင်းသောမြစ်ရေဖြစ်သော ဝိညာဉ်တော်။ ထိုမျှမက၊ ကိုယ်တော်တို့အားလုံးသည် ယေရုရှလင်

မြို့သစ်ကို သူတို့၏ ပန်းတိုင်အဖြစ် ယူဆောင်ကြသည်။ ယေရုရှလင်မြို့သစ်ကို ယောဟန် ခရစ်ဝင်ကျမ်း၌ ဖော်ပြမထားဟု ထင်မြင်ရသည်။ သို့သော် ၄း၁၄၌ ထာဝရအသက်ကို မြင်တွေ့ရသည်။ ဤနေရာရှိ *ထာဝရအသက်*သည် ဘုရားဆိုင်ရာအသက် အားလုံးပါဝင်သည်။ လူသည် လူသားအသက်၏ စုပေါင်းထားခြင်းဖြစ်သည်။– ကျွန်ုပ်တို့ တစ်ယောက်စီသည် လူသားအသက်၏ စုစုပေါင်း ဖြစ်သည်၊ သို့သော် ဘုရားဆိုင်ရာ အသက်သည် စကြဝဠာတစ်ခုလုံး၌ တစ်ခုတည်းသောစုပေါင်းခြင်း– ယေရုရှလင်မြို့သစ် ဖြစ်သည်။

*ထာဝရအသက်အထဲသို့* သည် ထာဝရအသက်တည်းဟူသော ယေရုရှလင်မြို့သစ် အထဲသို့ ဝင်ရောက်ရန်သာမဟုတ်ဘဲ၊ ထာဝရအသက်တည်းဟူသော ယေရုရှလင်မြို့သစ် ဖြစ်လာရန်ဖြစ်သည်။ ရောက်လာမည့် ယေရုရှလင်မြို့သစ်သည် သင်နှင့် ကျွန်ုပ်ဖြစ်လိမ့်မည်။ ယေရုရှလင်မြို့သစ်သည် ပြီးမြောက်ပြည့်စုံစေသော လုပ်ဆောင်ချက်အောက်တွင်ရှိနေသေး၍၊ ဤပြီးမြောက်ပြည့်စုံသော လုပ်ဆောင်ချက်သည် ဘုရားဆိုင်ရာအသက်၏ စီးဆင်းခြင်းဖြစ်သည်။ ဤသည်မှာ အလွန်နက်နဲလှသည်။ (*A Word of Love to the Coworkers, Elders,Lovers,and Seekers of the Lord,* pp. 23-24)

ဘုရားသခင်သည် ပလ္လင်တော်မှစီးထွက်လာသော မြစ်ရေအားဖြင့် ကျွန်ုပ်တို့အထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးလျက်ရှိသည်။ ဗျာဒိတ်၊ ၂၂း၁အရ၊ ဤမြစ်ရေကို ‘‘အသက်ရေစီးရာမြစ်’’ဟုခေါ်သည်။ ကမ္ဘာဦးကျမ်း၊ ၂း၁၀–၁၄။ ဆာ၊၄၆း၄နှင့် ဇာ၊၄၇း၅–၉၌ မြစ်များအားဖြင့် ပုံဆောင်သော မြစ်သည် ၎င်း၏ စီးဆင်းခြင်း၌ အသက်၏ ပေါများကြွယ်ဝခြင်းများကို ပုံဆောင်သည်။ ၎င်းသည် ကမ္ဘာဦးကျမ်း၊ ၂း၁၀–၁၄၌ရှိသောမြစ်တစ်ခုသည် မြစ်လေးဖြာခွဲသွားသကဲ့သို့ သန့်ရှင်းသောမြို့တော်၏ အရပ်လေးမျက်နှာအတိုင်း စီးဆင်းသောမြစ်ဖြစ်သည်။ ဤမြစ်သည် ၎င်း၏ကြွယ်ဝခြင်းများနှင့်တကွ၊ ယော၊၇း၃၈၌ဖော်ပြထားသကဲ့သို့ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌၊ များစွာသော မြစ်များ ဖြစ်လာသည်။

အသက်ရေမှာ ကိုယ်တော်၏ ရွေးနုတ်ခံလူတို့၏ အသက်နှင့် အသက်မစခြင်း ဖြစ်လာရန် သူတို့အထဲသို့ ကိုယ်တိုင်စီးဆင်းနေသော ဝိညာဉ်တော်ဖြစ်တော်မူသည့် ခရစ်တော်ရှိ ဘုရားသခင်၏ ပုံဆောင်ချက်ဖြစ်သည်။ ၎င်းကို ကျောက်မှ စီးထွက်လာသောရေအားဖြင့် ပုံဆောင်ထားပြီး(ထွ၊၁၇း၆။တော၊၂၀း၁၁)၊ လှံတံဖြင့် ထိုးခံရသောသခင်ယေရှု၏ နံဘေးတော်မှ စီးထွက်လာသောရေအားဖြင့် အမှတ်သင်္ကေတပြုထားသည် (ယော၊ ၁၉း ၃၄)။ ယခု ဤနေရာတွင် အသက်ရေသည် မြစ်ဖြစ်လာ၍၊ ယေရုရှလင်မြို့သစ် တစ်ခုလုံးကိုမစရန်၊ ပျံ့နှံ့ပြည့်ဝစေရန် ဘုရားသခင်နှင့် သိုးသူငယ်၏ ပလ္လင်တော်မှ စီးထွက်လာသော

မြစ်ဖြစ်သည်။ ထို့ကြောင့် ၎င်းသည် ဘုရားဆိုင်ရာအသက်အပြည့်ရှိသောကြောင့် အသက်၏ဘုန်းထင်ရှားခြင်း၌ ဘုရားသခင်ကို ထင်ရှားသည်။

ဗျာ၊ ၂၂း၁၌ ဘုရားသခင်နှင့် သိုးသူငယ်အတွက် တစ်ခုတည်းသောပလ္လင်တော်ဖြစ်သည့် ဘုရားသခင်နှင့် သိုးသူငယ်၏ပလ္လင်တော်မှာ ဘုရားသခင်နှင့် သိုးသူငယ်သည် တစ်ပါးတည်း၊– သိုးသူငယ်–ဘုရား၊ ရွေးနုတ်တော်မူသောဘုရား၊ ရွေးနုတ်ရှင်ဘုရားသခင်– ဖြစ်ကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။ ထာဝရကာလ၌ ပလ္လင်တော် ပေါ်တွင် ထိုင်တော်မူသောဘုရားသခင်သည် ကျွန်ုပ်တို့ကို ရွေးနုတ်သောဘုရားသခင်ဖြစ်၍၊ ကိုယ်တော်၏ပလ္လင်တော်မှ စီးဆင်းလာသောအသက်ရေသည် ကျွန်ုပ်တို့အတွက် မစရာနှင့် ကျေနပ်နှစ်သိမ့်ရာဖြစ်သည်။ ဤသည်မှာ အသက်ရေအားဖြင့် ပုံဆောင်သောသုံးပါးတစ်ပါးဘုရား–ဘုရားသခင်၊ သိုးသူငယ်နှင့် ဝိညာဉ်တော်သည် ထာဝရအတွက် ဦးခေါင်းတော်(ပလ္လင်တော်၏ အခွင့်အာဏာကို ရည်ညွှန်းသည်)အောက်၌ရှိသော ရွေးနုတ်ခံများအထဲသို့ မိမိကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးပေးနေကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ (*Life-study of Revelation*, pp. 742-743, 740)

*ပို၍ဖတ်ရန်-* *Life-study of Revelation*,msg. 65;*The Application of the Inter pretation of the New Jerusalem to the Seeking Believers*, msg. 5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

***Hymns,* # E- 1198**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–

## အာဒံ၏အဖော်အဖက်ဖြစ်သော
## ဧဝ၏ပုံဆောင်ချက်

ဖတ်ရန်ကျမ်း။ ။က၊ ၂း၁၈–၂၅။ ယော၊၁၉း၃၄။ ဧ၊၅း၂၅–၂၇၊ ၃၂

*Day 1*

**I. သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားဆိုင်ရာချစ်ဇာတ်လမ်းဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏ရွေးချယ်ခံလူတို့ကို မည်သို့ပိုးပန်းခဲ့ကြောင်းနှင့် နောက်ဆုံးတွင် သူတို့ကို လက်ထပ်ခဲ့ခြင်း၏မှတ်တမ်းဖြစ်သည် (က၊ ၂း ၂၁– ၂၄။ သီ၊၁း ၂–၄။ ဟေရှာ၊၅၄း၅။ ၆၂း၅။ ယေ၊ ၂း ၂။ ၃း၁၊ ၁၄။ ၃၁း၃၂။ ယေဇ၊၁၆း၈။ ၂၃း၅။ ဟော၊ ၂း၇၊ ၁၉။ မ၊၉း၁၅။ ယော၊၃း၂၉။ ၂ကော၊၁၁း၂။ ဧ၊၅း၂၅–၃၂။ ဗျာ၊၁၉း၇။ ၂၁း၂၊ ၉–၁၀။ ၂၂း၁၇)။**

က။ ဘုရားသခင်၏လူများဖြစ်သော ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ချစ်ကျွမ်းဝင်ခြင်းသို့ ဝင်ရောက်သောအခါ၊ ဧဝသည် အာဒံ၏ အသက်ကို ရရှိသကဲ့သို့ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်ကို ရရှိကြသည် (က၊ ၂း ၂၁– ၂၂)။

ခ။ ကျွန်ုပ်တို့အား ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်စေပြီး၊ ကိုယ်တော်အား ကျွန်ုပ်တို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်သောအရာမှာ ဤအသက်ဖြစ်သည်။

ဂ။ ဘုရားသခင်နှင့် သူ၏လူများသည် တစ်လုံးတစ်ဝဖြစ်ရန်အတွက် သူတို့အကြားတွင် အပြန်အလှန်ချစ်ခြင်းမေတ္တာရှိရမည်ဖြစ်သည် (ယော၊၁၄း ၂၁၊ ၂၃။ ထွ၊၂၀း၆)။

ဃ။ သမ္မာကျမ်းစာ၌ ဖွင့်ပြထားသော ဘုရားသခင်နှင့် သူ၏လူများအကြားရှိ ချစ်ခြင်းမေတ္တာသည် အခြေခံအားဖြင့် လူယောကျ်ားနှင့် လူမိန်းမအကြားရှိ ချစ်ကျွမ်းဝင်မှုမေတ္တာကဲ့သို့ပင်ဖြစ်သည် (ယေဇ၊ ၂း ၂။ ၃၁း၃)။

င။ ဘုရား၏လူများက ဘုရားကိုချစ်ကာ ကိုယ်တော်၏ နှုတ်ကပတ်တော်၌ ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ရန် အချိန်ပေးသည်နှင့်အမျှ ဘုရားသခင်သည် သူတို့အထဲသို့ ဘုရားဆိုင်ရာဒြပ်သဘာဝကို ထည့်သွင်းပေးကာ၊ ကိုယ်တော်၏ဇနီးအဖြစ် သူတို့နှင့်တစ်လုံးတစ်ဝဖြစ်

စေကာ၊ အသက်၊ သဘောသဘာဝနှင့် ထင်ရှားခြင်း၌ ကိုယ်တော်နှင့် တူညီစေသည် (ဆာ၊၁၁၉း၁၄၀၊ ၁၅–၁၆။ ဧ၊၅း၂၅–၂၇)။

*Day 2*

## II. ကမ္ဘာဦး၊၂ ၌ အာဒံနှင့်ဧဝ၏ပုံဆောင်ချက်တွင် ခရစ်တော်နှင့် အသင်းတော်၏ရုပ်ပုံကားချပ်ကို မြင်ရသည်။

က။ အာဒံသည် မိမိအတွက် ဇနီးကို ရှာဖွေနေသော စစ်မှန်သော စကြဝဠာဆိုင်ရာခင်ပွန်းဖြစ်သည့် ခရစ်တော်၌ရှိသောဘုရားသခင်ကို ပုံဆောင်သည် (ရော၊၅း၁၄။ cf.ဟေရှာ၊၅၄း၅။ ယော၊၃း၂၉။ ၂ကော၊၁၁း၂။ ဧ၊၅း၃၁–၃၂။ ဗျာ၊၂၁း၉)။

ခ။ "ယေဟောဝါဘုရားသခင်ကလည်း၊ ယောကျ်ားသည် တယောက်တည်း မနေကောင်း၊ သူနှင့်တော်သော အထောက်အမကို သူဘို့ ငါလုပ်ဦးမည်ဟု အကြံရှိတော်မူ၏" (က၊၂း၁၈)။

၁။ အာဒံအဖို့ ဇနီးကို လိုအပ်ခြင်းမှာ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်သည် သူ၏အဖော်အဖက်၊ သူ၏ပြည့်စုံခြင်း (lit. တူညီမှု) အဖြစ် ဇနီးကို လိုအပ်ခြင်းကို ပုံဆောင်သည်။

၂။ ဘုရားသခင်တည်းဟူသော ခရစ်တော်သည် လုံးလုံးလျားလျားနှင့် ထာဝရဆိုင်ရာ စုံလင်ခြင်းရှိသော်လည်း ကိုယ်တော်သည် သူ၏ဇနီးဖြစ်သော အသင်းတော်မပါဘဲ ပြည့်စုံခြင်းမရှိပါ။

၃။ ဘုရားသခင်သည် ခရစ်တော်ပုံဆောင်သော အာဒံနှင့် အသင်းတော်ကို ပုံဆောင်သော ဧဝ နှစ်ဦးလုံးကို ရယူလိုသည်။ ကိုယ်တော်၏ရည်ရွယ်ချက်မှာ "သူတို့ကို အုပ်စိုးစေရန်"ဖြစ်သည် (၁း၂၆)။ ယင်းမှာ အောင်မြင်သောခရစ်တော်နှင့်အတူ အောင်မြင်သောအသင်းတော်၊ နတ်ဆိုး၏ အလုပ်ကို အောင်မြင်သော ခရစ်တော်နှင့်အတူ နတ်ဆိုး၏ အလုပ်ကို ဖြုတ်ချချေမှုန်းသော အသင်းတော်ကို ရရှိရန်ဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်နှင့်အသင်းတော်အား အုပ်စိုးခြင်းအခွင့်အာဏာကို ရရှိစေလိုသည် (ရော၊၅း၁၇။ ၁၆း၂၀။ ဧ၊၁း၂၂–၂၃)။

*Day 3*

## III. ဘုရားသခင်သည် မိမိကိုယ်တော်တိုင်အတွက် အဖော်အဖက်ကို ထုတ်လုပ်ရန် မည်သည့်အရာပြုခဲ့ကြောင်းကို ကျွန်ုပ်တို့မြင်ရန်လိုအပ်သည်။

က။ ဘုရားသခင်သည် မြေတိရစ္ဆာန်တို့နှင့်၊ မိုးကောင်းကင်ငှက်အပေါင်းတို့ကို မြေဖြင့်ဖန်ဆင်းတော်မူပြီးလျှင်၊ လူရှိရာသို့ ဆောင်

ခဲ့သည်။ "ထိုသို့ လူသည် သားယဉ်အပေါင်းတို့ကိုလည်းကောင်း၊ မိုးဿးကောင်းကင်ငှက်အပေါင်းတို့ကိုလည်းကောင်း၊ မြေတိရစ္ဆာန်အပေါင်းတို့ကိုလည်းကောင်း၊ သားရဲအပေါင်းတို့ကို လည်းကောင်း၊ အမည်ပေး၍မှည့်လေ၏။ သို့သော်လည်း လူနှင့် တော်သော အထောက်အမ မပေါ်မရှိသေး။" (က၊ ၂း၁၉–၂၀)။

၁။ ဇနီးသည် အသက်၊ သဘောသဘာဝ၊ ထင်ရှားခြင်း၌ ခင်ပွန်းနှင့်တူညီရမည်ဖြစ်သည်။

၂။ သားယဉ်များ၊ ငှက်များ၊ တိရစ္ဆာန်များအကြားတွင် အာဒံသည် မိမိနှင့်လိုက်ဖက်မည့်၊ မိမိအတွက် အဖော်အဖက်ကို မတွေ့ခဲ့ပါ။

ခ။ မိမိကိုယ်တော်တိုင်အတွက် အဖော်အဖက်ကို ထုတ်လုပ်ရန်အတွက် ဘုရားသခင်သည် ရှေ့ဦးစွာ လူဖြစ်လာခဲ့သည်၊ ယင်းကို အာဒံအား ဘုရားသခင်ဖန်ဆင်းခြင်းအားဖြင့် ပုံဆောင်ထားသည် (ယော၊ ၁း၁၄။ ရော၊ ၅း၁၄)။

ဂ။ "ထိုအခါ ယေဟောဝါဘုရားသခင်သည် လူကို ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင်၊ ထိုအရိုးအစား အသားကို စေ့စပ်စေတော်မူ၏" (က၊ ၂း ၂၁)။

၁။ ဇနီးဖြစ်သော ဧဝကို ထုတ်လုပ်ရန် အာဒံ၏ကြီးသောအိပ်ခြင်းသည် ကိုယ်တော်၏ အဖော်အဖက်ဖြစ်သော အသင်းတော်ကို ထုတ်လုပ်ရန် ကားတိုင်ပေါ်တွင် ခရစ်တော်၏ အသေခံခြင်းကို ပုံဆောင်သည် (ဧ၊ ၅း ၂၅–၂၇)။

**Day 4**

၂။ သမ္မာကျမ်းစာ၌ အိပ်ခြင်းသည် သေခြင်းကို မကြာခဏပုံဆောင်သည် (၁ကော၊ ၁၅း၁၈။ ၁သက်၊ ၄း၁၃–၁၆။ ယော၊ ၁၁း၁၁–၁၄)။

၃။ ခရစ်တော်၏ အသေခံခြင်းသည် အသက်လွတ်မြောက်စေခြင်း၊ အသက်ပေးဝေခြင်း၊ အသက်တိုးပွားခြင်း၊ အသက်များပြားစေခြင်း၊ အသက်ပြန်လည်ထုတ်လုပ်ခြင်းဖြစ်သော အသေခံခြင်းဖြစ်သည်၊ ယင်းမှာ ကိုယ်ခန္ဓာတော်၊ အသင်းတော်တည်းဟူသော မုန့်ကို လုပ်ရန် (၁ကော၊ ၁၀း၁၇)၊ များစွာသောဂျုံစပါးများကို ထုတ်လုပ်ခြင်းအတွက် (ယော၊ ၁၂း ၂၄)၊ မြေသို့ကျ၍ အသေခံပြီး ရှင်သန်ကြီးထွားလာမည့် ဂျုံမျိုးစေ့အားဖြင့် ပုံဆောင်သည်။

၄။ ခရစ်တော်၏ အသေခံခြင်းမှတစ်ဆင့် ကိုယ်တော့်အတွင်းမှ ဘုရားအသက်သည် လွတ်မြောက်ကာ၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အသင်းတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ယုံကြည်သူများအထဲသို့ ဘုရားအသက်ကို ထည့်သွင်းပေးသည်။

၅။ ထိုသို့သောဖြစ်စဉ်အားဖြင့် ခရစ်တော်၌ရှိသော ဘုရားသခင်သည် ကိုယ်တော်၏ အသက်နှင့်သဘောသဘာဝနှင့်အတူ လူအထဲသို့ ယူဆောင်ခံရသည်။ သို့မှသာ လူသည် ကိုယ်တော်၏ အဖော်အဖက်အဖြစ် ကိုယ်တော်နှင့်တူညီရန် အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာမည်ဖြစ်သည်။

ဃ။ "ယေဟောဝါဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏" (က၊ ၂း ၂၂)။

၁။ အာဒံ၏ နံဘေးမှ ထုတ်ယူသော နံရိုးသည် ခရစ်တော်၏ မကျိုးပဲ့နိုင်သော၊ မပျက်စီးနိုင်သော ထာဝရအသက်ကို ပုံဆောင်သည် (ဟေပြဲ၊ ၇း၁၆။ ယော၊ ၁၉း၃၂–၃၃၊ ၃၆။ ထွ၊ ၁၂း၄၆။ ဆာ၊ ၃၄း၂၀)၊ ယင်းမှာ ကိုယ်တော်၏ ထိုးဖောက်ထားသောနံဘေးတော်မှ ကိုယ်တော်၏ အဖော်အဖက်ဖြစ်သော အသင်းတော်ကို ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ခြင်းအတွက် ကိုယ်တော်၏ ယုံကြည်သူများထံ အသက်ကို ထည့်သွင်းခြင်းဖြစ်သည် (ယော၊ ၁၉း၃၄)။

***Day 5***

က။ ခရစ်တော်၏ နံဘေးတော်မှ အသွေးနှင့်ရေ ထွက်လာသည်၊ သို့သော် အာဒံ၏ နံဘေးမှ ထွက်ပေါ်လာသောအရာသည် အသွေးမပါဘဲ နံရိုးသာဖြစ်သည်။

ခ။ အာဒံ၏ အချိန်က အသွေးအားဖြင့် ရွေးနုတ်ခြင်းကို မလိုအပ်ပေ၊ အကြောင်းမှာ ထိုအချိန်က အပြစ်မရှိသေးသောကြောင့်ဖြစ်သည်။

ဂ။ မည်သို့ဆိုစေ ခရစ်တော်သည် ကားတိုင်ပေါ်တွင် "အိပ်" နေသည့်အချိန်တွင် အပြစ်ပြဿနာရှိနေသည်။ ထို့ကြောင့် ခရစ်တော်၏ နံဘေးတော်မှ ထွက်လာသောအသွေးသည် ကျွန်ုပ်တို့၏ စီရင်ခြင်းဆိုင်ရာ ရွေးနုတ်ခြင်းအတွက်ဖြစ်သည်။

ဃ။ အသွေးနှင့်အတူ ရေစီးဆင်းလာခြင်းမှာ ကျွန်ုပ်တို့၏ အသက်

ဆိုင်ရာကယ်တင်ခြင်းအတွက် ဘုရားသခင်၏ အသက်စီး ဆင်းခြင်းကိုဖြစ်သည် (ထွ၊၁၇း၆။ ၁ကော၊၁၀း၄။ တော၊ ၂၀း၈)။ ဤဘုရားဆိုင်ရာ၊ စီးဆင်းသော၊ ဖန်ဆင်းမခံရ သောအသက်သည် အာဒံ၏နံဘေးမှ ထုတ်ယူသော နံရိုး အားဖြင့် ပုံဆောင်ထားသည် (ရော၊၅း၁၀)။

၂။ က၊၂း၂၂ ၌ ဧဝကို ဖန်ဆင်းသည်ဟု မပြောဘဲ၊ တည်ဆောက်ခံရ သည်ဟု ပြောခြင်းဖြစ်သည်။ အာဒံ၏နံဘေးမှ ထုတ်ယူသော နံရိုးဖြင့် ဧဝကို တည်ဆောက်ခြင်းမှာ ကားတိုင်ပေါ် အသေခံခြင်း အားဖြင့် ခရစ်တော်မှ ထွက်လာသော ရှင်ပြန်ထမြောက်ခြင်း အသက်သည် ရှင်ပြန်ထမြောက်ခြင်း၌ ယုံကြည်သူများအထဲသို့ ထည့်သွင်းပေးခြင်းနှင့်အတူ အသင်းတော်ကို တည်ဆောက်ခြင်း အား ပုံဆောင်သည် (ယော၊၁၂း၂၄။ ၁ပေ၊၁း၃)။

၃။ စစ်မှန်သောဧဝဖြစ်သည့် အသင်းတော်သည် ယုံကြည်သူများ၌ ရှိသော ခရစ်တော် စုပေါင်းခြင်းဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏ ပြန်လည်ထုတ်လုပ်ခြင်းဖြစ်သည်။ ခရစ်တော်၏ ဒြပ်သဘာဝမှလွဲ၍ အသင်းတော်၌ အခြားမည်သည့်ဒြပ်သဘာ ဝမျှ မရှိရပေ (က၊၅း၂)။

၄။ ရှင်ပြန်ထမြောက်ခြင်းအသက်နှင့်အတူ ခရစ်တော်မှ ထွက်ပေါ် လာသောအသက်သာလျှင် ကိုယ်တော်၏ပြည့်စုံခြင်း၊ ကိုယ်တော် ၏ အဖော်အဖက်၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်ဖြစ်နိုင်မည်ဖြစ် သည် (၁ကော၊၁၂း၁၂။ ဧ၊၅း၂၈–၃၀)။

က။ ကျွန်ုပ်တို့၏ ဝိညာဉ်အတွင်းမှ အသက်ရှင်သောခရစ်တော် ထင်ရှားလာသည့်တိုင် ဇာတိအသက်ကို ချွတ်ခွာရန် လိုအပ် သည်။ သို့မှသာ ကျွန်ုပ်တို့သည် စစ်မှန်ခြင်း၌ အသင်းတော် ဖြစ်နိုင်မည်ဖြစ်သည် (ကော၊၃း၁၀–၁၁)။

ခ။ ခရစ်တော်မှလွဲ၍ အခြားအရာကို အသက်ရှင်ခြင်းသည် အသင်းတော်မဟုတ်ပါ။ "ငါသည် ကိုယ်တိုင်မရှင်။ ခရစ် တော်သည် ငါ၌ ရှင်တော်မူ၏" (ဂလ၊၂း၂၀)။ "ငါအသက် ရှင်သည့်အရာမှာ ခရစ်တော်ဖြစ်သည်" (ဖိလိ၊၁း၂၁)။ ဤ

Day 6

သည်မှာ အသင်းတော်ဖြစ်သည်။

ဂ။ ခရစ်တော်မှ ထွက်လာသောအရာသာလျှင် ခရစ်တော်အား ဖြင့် အသိအမှတ်ပြုနိုင်မည်ဖြစ်သည်။ ခရစ်တော်မှထွက်လာ သောအရာသာလျှင် ခရစ်တော်ထံပြန်လာကာ ကိုယ်တော် နှင့် ကိုက်ညီနိုင်မည်ဖြစ်သည်။

၅။ သမ္မာကျမ်းစာအဆုံး၌ မြို့တော်၊ ယေရုရှလင်မြို့သစ်၊ အဆုံးစွန် နှင့် ထာဝရမိန်းမ၊ စုပေါင်းထားသောသတို့သမီး၊ သိုးသငယ်၏ ဇနီးရှိပြီး (ဗျာ၊ ၂၁း၉။ ၂၂း၁၇)၊ အဖိုးတန်သောတန်ဆာပလာ သုံးမျိုးဖြင့်တည်ဆောက်ကာ (၂၁း၁၈–၂၁)၊ ကမ္ဘာဦး၊ ၂ ရှိ ပုံ ဆောင်ချက်ကို ထာဝရပြည့်စုံစေသည်။ ထို့ကြောင့် ၂း၁၁–၁၂ ၌ ဖော်ပြထားသော အဖိုးတန်သည့် တန်ဆာပလာအားလုံးမှာ မိန်းမကို တည်ဆောက်ခြင်းအတွက်ဖြစ်သည်။

၆။ ဧဝသည် အာဒံထဲမှ ထုတ်ယူကာ အာဒံထံသို့ပြန်ပို့ဆောင်ခံရပြီး သူနှင့် တစ်သားတစ်ကိုယ်တည်းဖြစ်သည့်နည်းတူ (အငယ်၊ ၂၄)၊ ခရစ်တော်မှ ထွက်ပေါ်လာသည့် အသင်းတော်သည် ခရစ်တော် ထံ ပြန်သွားလိမ့်မည်ဖြစ်ကာ (ဧ၅း၂၇။ ဗျာ၊၁၉း၇)၊ ကိုယ်တော် နှင့် တစ်ဝိညာဉ်တည်းဖြစ်လာမည်ဖြစ်သည် (၁ကော၊၆း၁၇)။ ခရစ်တော်နှင့်အသင်းတော်သည် တစ်ဝိညာဉ်တည်းဖြစ်ပြီး၊ ၎င်း ကို ခင်ပွန်းနှင့်ဇနီးသည် တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်းဖြင့် ပုံဆောင်ကာ ယင်းသည် အကြီးမားဆုံးသော နက်နဲခြင်းဖြစ် သည် (ဧ၅း၂၈–၃၂)။

င။ "လူကလည်း၊ ယခု ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ လူထဲက ထုတ်သောကြောင့် သူ့ကိုလူမိန်းမဟု ခေါ် ဝေါ် အပ်သည်ဟု ဆိုလေ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍၊ ကိုယ့်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တစ်သား တစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်" (က၊ ၂း ၂၃–၂၄)။

၁။ ဟေဗြဲဘာသာ၌ *လူယောကျ်ားသည် အစ်ရှ်(Ish)* ဖြစ်ပြီး၊ လူ မိန်းမသည် *အစ်ရှား(Ishshah)*ဖြစ်သည်။

၂။ အသင်းတော်သည် ခရစ်တော်၏ သန့်စင်သောထုတ်လုပ်မှုဖြစ်

သည်။ အသင်းတော်သည် "ခရစ်တော်ဆိုင်ရာ"၊ "ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ"၊ ကောင်းကင်ဆိုင်ရာဖြစ်သည်။

၃။ ခရစ်တော်၏ အသစ်မွေးဖွားခံရသူများနှင့် ခရစ်တော်အားဖြင့် အသင်းတော်အဖြစ် အသက်ရှင်သောသူများသာလျှင် ခရစ်တော်နှင့်ကိုယ်ညီပြီး၊ ကိုယ်တော်၏ ပြည့်စုံခြင်းဖြစ်နိုင်မည်။

၄။ ခရစ်တော်သည် ဤအရာကိုမြင်သောအခါ "ယခုအခါ ဤအရာသည် ငါ့အရိုးထဲက အရိုး၊ ငါ့အသားထဲက အသားဖြစ်သည်" ဟု အမှန်ပင်ပြောမည်ဖြစ်သည် (cf. အငယ်၊ ၂၃။ ၿ၊၅း၃၀)။

၅။ ဧဝသည် အာဒံ၏ တိုးပွားခြင်းဖြစ်သကဲ့သို့ သတို့သမီးဖြစ်သော အသင်းတော်သည် သတို့သားဖြစ်သော ခရစ်တော်၏ တိုးပွားခြင်းဖြစ်သည် (ယော၊၃း ၂၉–၃၀)။

၆။ အာဒံနှင့်ဧဝသည် ပြည့်စုံသောယူနစ် တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်းမှာ ဘုရားသခင်နှင့်လူသည် တစ်လုံးတစ်ဝတည်း ပေါင်းစည်းဆက်နွယ်ခြင်းကို ပုံဆောင်သည်။ လာမည့်ယေရုရှလင်မြို့သစ်သည် ဘုရားနှင့်လူ၏ ထာဝရပေါင်းစည်းခြင်း၊ ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာဖြင့်ပေါင်းစည်းထားသော ပြည့်စုံသောယူနစ်အဖြစ် စကြဝဋ္ဌာဆိုင်ရာစုံတွဲဖြစ်လိမ့်မည်ဖြစ်သည်။

စ။ အာဒံနှင့်ဧဝသည် တစ်လုံးတစ်ဝတည်းဖြစ်ပြီး၊ ဇနီးနှင့်ခင်ပွန်းအဖြစ် အိမ်ထောင်အသက်တာကို အတူတကွအသက်ရှင်ကြသည် (က၊၂း ၂၄–၂၅)။ ဤအရာက ယေရုရှလင်မြို့သစ်တွင် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် ရွေးနုတ်ရှင် သုံးပါးတစ်ပါးဘုရားသည် စကြဝဋ္ဌာဆိုင်ရာခင်ပွန်းအဖြစ် ရွေးနုတ်ခြင်း၊ အသစ်မွေးဖွားခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲခြင်း၊ ဘုန်းဝင်စားခြင်းခံရသည့် လူသားဇာတိကို သတို့သမီးအဖြစ် ထာဝရအတူတကွ ထိမ်းမြားခြင်းအသက်တာကို အသက်ရှင်ကြမည်ဖြစ်သည် (ဗျာ၊၂၂း၁၇က)။

၁။ သမ္မာကျမ်းစာ၏ ဖွင့်ပြခြင်းတစ်ခုလုံးက စကြဝဋ္ဌာဆိုင်ရာစုံတွဲ၏ မေတ္တာဇာတ်လမ်းကို ပြသထားသည်။

၂။ စကြဝဋ္ဌာနှင့်အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အနန္တတန်ခိုးရှင် သခင်ဘုရား၊ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊

အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်း၊ အဆုံးတွင် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာသည့် သုံးပါးတစ်ပါး ဘုရား – ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်– သည် ဖန်ဆင်းခံ၊ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ ပုံသဏ္ဍာန်ပြောင်းလဲခံ၊ ဘုန်းဝင်စားခံရသည့် ဘုရားသခင်၏ ထင်ရှားခြင်း အသင်းတော်ကို အဆုံးစွန်စေ့စပ်ထုံးဖွဲ့သည့် ဝိညာဉ်၊ စိတ်နှင့် ခန္ဓာ သုံးပိုင်းရှိလူသားနှင့် ထိမ်းမြားကာ ပေါင်းစည်းဆက်နွယ်ခဲ့သည်။

၃။ အဆုံးမရှိသော ထာဝရကာလ၌ ဘုရားဆိုင်ရာ၊ ထာဝရနှင့် သာလွန်ထူးမြတ်စွာ ဘုန်းထင်ရှားသည့်အသက်အားဖြင့် သူတို့သည် ဘုရားနှင့်လူ၏ တစ်ဝိညာဉ်တည်းအဖြစ် ရောနှောပေါင်းစည်းခြင်းအသက်တာ၊ ထူးကဲကောင်းမြတ်သော၊ ကောင်းကြီးများနှင့် ဝမ်းမြောက်ခြင်းဖြင့် လျှံထွက်နေသည့်အသက်တာကို အသက်ရှင်ကြလိမ့်မည်ဖြစ်သည်။

## နံနက်ခင်းကျွေးမွေးခြင်း

**ထွ၊ ငါ့ကိုချစ်၍ ငါ့ပညတ်တို့ကို ကျင့်သောသူတို့၏ အမျိုးအစဉ်အဆက်**
**၂၀း၆ အထောင်အသောင်းတိုင်အောင်၊ ကရုဏာကို ပြသော ဘုရားဖြစ်၏။**
**ဧ ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူ၍၊ သူမအဖို့ မိမိကိုယ်ကို**
**၅း၂၅ စွန့်တော်မူသကဲ့သို့၊**
**၂၇ သူမသည် သန့်ရှင်းလျက်၊ အပြစ်တင်ခွင့်ကင်းလျက်ရှိသည်ဖြစ်၍၊ အညစ်အကြေးတင်ခြင်း သို့မဟုတ် အရေတွန့်ခြင်း သို့မဟုတ် ထိုသို့သောအရာများနှင့် ကင်းလွတ်သဖြင့်၊ ဘုန်းတော်နှင့်ပြည့်စုံသော အသင်းတော်ကို ခရစ်တော်သည် မိမိကိုယ်တော်တိုင်ထံသို့ ဆက်သနိုင်မည်ဖြစ်သည်။**

ထွ၊ ၂၀း၆ ၌ ဖော်ပြထားသော ချစ်ခြင်းမေတ္တာသည် ဘုရားသခင်က သူ၏ ရွေးချယ်ခံလူများထံ ပညတ်တော်ပေးခြင်း၏ ရည်ရွယ်ချက်မှာ သူတို့သည် ကိုယ်တော်၏ ချစ်သူများဖြစ်လာကြောင်းကို ပုံဆောင်သည် (တရား၊၆း၅။ မ၊ ၂၂း၃၅–၃၈။ မာ၊၁၂း ၂၈–၃၀)။ သူ၏ လူမျိုးတော်ကို အီဂျစ်ပြည်မှ ခေါ်ထုတ်ကာ သူတို့အား ပညတ်တော်ပေးခြင်း၌ ဘုရားသခင်သည် သူတို့ကို ပိုးပန်းကာ သူတို့၏ ချစ်ခြင်းမေတ္တာကို ရယူရန် ကြိုးစားနေသည်။ ယေ၊ ၂း ၂။ ၃၁း၃၂ နှင့် ယေဇ၊၁၆း၈ တို့က ပညတ်တော်ပေးခြင်း အားဖြင့် တောင်ပေါ်တွင် ဘုရားသခင်တည်စေသောပဋိညာဉ်သည် (ထွ၊ ၂၄း၇–၈။ ၃၄း ၂၇–၂၈) စေ့စပ်ခြင်းပဋိညာဉ်ဖြစ်ကြောင်းကို ရည်ညွှန်းသည်၊ ယင်း၌ ဘုရားသခင်သည် မိမိကိုယ်တော်တိုင်ကို အစ္စရေးလူမျိုးထံ စေ့စပ်ကြောင်းလမ်းခဲ့သည် (cf. ၂ကော၊၁၁း ၂)။ ပညတ်တော်ဆယ်ပါးမှ အထူးသဖြင့် ပထမငါးချက်သည် ဘုရားသခင်နှင့်သူ၏ လူမျိုးတော်အကြား စေ့စပ်ကြောင်းလမ်းခြင်း၏ ဝေါဟာရများဖြစ်သည်။ ပညတ်တော်၏ အမြင့်ဆုံးသော လုပ်ဆောင်ချက်မှာ ဇနီးသည် မိမိခင်ပွန်းနှင့်တစ်လုံးတစ်ဝဖြစ်ခြင်းအထဲသို့ ခေါ်ဆောင်ခံရသကဲ့သို့၊ ဘုရားသခင်၏ ရွေးချယ်ခံလူများကို ကိုယ်တော်နှင့်တစ်လုံးတစ်ဝဖြစ်ခြင်းသို့ ပို့ဆောင်ပေးကာ (cf. က၊ ၂း ၂၄။ ဗျာ၊ ၂၂း၁၇)။ ဘုရားသခင်နှင့်သူ၏ လူမျိုးတော်တစ်လုံးတစ်ဝဖြစ်ရန်အတွက် သူတို့အကြားတွင် အပြန်အလှန်ချစ်ခြင်းမေတ္တာရှိရမည်ဖြစ်သည် (ယော၊၁၄း ၂၁၊ ၂၃)။ သမ္မာကျမ်းစာ၌ ဖွင့်ပြထားသော ဘုရားနှင့်သူ၏ လူမျိုးတော်အကြား ချစ်ခြင်းမေတ္တာသည် အခြေခံအားဖြင့် လူယောက်ျားနှင့် လူမိန်းမတို့အကြားရှိ ချစ်ခြင်းမေတ္တာနှင့်တူညီသည် (ယေ၊ ၂း ၂။ ၃၁း၃)။ ဘုရား၏ လူများက ဘုရားကိုချစ်ကာ ကိုယ်

တော်၏ နှုတ်ကပတ်တော်၌ ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ရန် အချိန်ပေးသည်နှင့် အမျှ ဘုရားသခင်သည် သူတို့အထဲသို့ ဘုရားဆိုင်ရာဒြပ်သဘာဝကို ထည့်သွင်းပေးကာ၊ ကိုယ်တော်၏ဇနီး အဖြစ် သူတို့နှင့်တစ်လုံးတစ်ဝဖြစ်စေကာ၊ အသက်၊ သဘောသဘာဝ နှင့် ထင်ရှားခြင်း၌ ကိုယ်တော်နှင့် တူညီစေသည် (က၊ ၂း၁၈–၂၅ နှင့် မှတ်စုများ)။ (Exo.20;6, footnote 2)

## *ယနေ့ဖတ်စရာ*

သမ္မာကျမ်းစာတစ်အုပ်လုံးသည် ဘုရားဆိုင်ရာချစ်ဇာတ်လမ်းဖြစ်ပြီး၊ ဘုရားသခင်သည် သူ၏ ရွေးချယ်ခံလူတို့ကို မည်သို့ပိုးပန်းခဲ့ကြောင်းနှင့် နောက်ဆုံးတွင် သူတို့ကို လက်ထပ်ခဲ့ခြင်း၏ မှတ်တမ်းဖြစ်သည် (က၊ ၂း ၂၁–၂၄။ သီ၊ ၁း ၂–၄။ ဟေရှာ၊ ၅၄း ၅။ ၆၂း၅။ ယေ၊ ၂း ၂။ ၃း၁၊ ၁၄။ ၃၁း၃၂။ ယေဇ၊ ၁၆း၈။ ၂၃း၅။ ဟော၊ ၂း၇၊ ၁၉။ မ၊ ၉း၁၅။ ယော၊ ၃း ၂၉။ ၂ကော၊ ၁၁း ၂။ ဧ၊ ၅း ၂၅–၃၂။ ဗျာ၊ ၁၉း၇။ ၂၁း ၂၊ ၉–၁၀။ ၂၂း၁၇)။ ဘုရားသခင်၏ လူများဖြစ်သော ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် ချစ်ကျွမ်းဝင်ခြင်းရှိသောအခါ၊ ဧဝသည် အာဒံ၏ အသက်ကို ရရှိသကဲ့သို့ ကျွန်ုပ်တို့သည် ကိုယ်တော်၏ အသက်ကို ရရှိကြသည် (က၊ ၂း ၂၁–၂၂)။ ကျွန်ုပ်တို့အား ဘုရားသခင်နှင့် တစ်လုံးတစ်ဝ ဖြစ်စေပြီး၊ ကိုယ်တော်အား ကျွန်ုပ်တို့နှင့်တစ်လုံးတစ်ဝတည်းဖြစ်သောအရာမှာ ဤအသက် ဖြစ်သည်။ ကျွန်ုပ်တို့သည် ပညတ်တော်ကို စောင့်ထိန်းခြင်းမှာ ကျွန်ုပ်တို့၏ အသိဉာဏ်နှင့် အလိုဆန္ဒကို လေ့ကျင့်ခြင်းဖြင့်မဟုတ်ဘဲ (ရော၊ ၇း၁၈–၂၅)၊ ကျွန်ုပ်တို့၏ ခင်ပွန်းဖြစ်သော သခင်ဘုရားကိုချစ်ခြင်းနှင့် ကိုယ်တော်၏ ကြီးမားကျယ်ပြန့်ခြင်းနှင့် ထင်ရှားခြင်းအဖြစ် သူနှင့်တစ်လုံးတစ်ဝဖြစ်လာရန် ကိုယ်တော်၏ အသက်နှင့်သဘောသဘာဝကို ယူဆောင်ခြင်း အားဖြင့်ဖြစ်သည် (ထွ၊ ၂၀း၆ မှတ်စု၊ ၂)။

အတိတ်ကာလက ရွေးနုတ်ရှင်ခရစ်တော်သည် ရွေးနုတ်ခြင်းနှင့် အသက်ကိုထည့်သွင်းပေးခြင်းအတွက်(ယော၊ ၁၉း ၂၄) အသင်းတော်အဖို့ မိမိကိုယ်ကို ပေးအပ်ခဲ့သည် (ဧ၊ ၅း ၂၅)၊ ယခုကာလတွင် အသက်ပေးဝိညာဉ်တော်ဖြစ်သည့်ကိုယ်တော်သည် ခွဲခြားခြင်း၊ စိမ့်ဝင်ပျံ့နှံ့ခြင်း၊ ပုံသဏ္ဍာန်ပြောင်းလဲခြင်း၊ ကြီးထွားခြင်းနှင့် တည်ဆောက်ခြင်းအားဖြင့် အသင်းတော်ကို သန့်ရှင်းစင်ကြယ်ပေးနေသည်။ အနာဂတ်ကာလတွင် သတို့သားဖြစ်သောကိုယ်တော်သည် သူ၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် သူ၏ အဖော်အဖက်ဖြစ်သော အသင်းတော်ကို မိမိကိုယ်တော်တိုင်ထံသို့ ဆက်သမည်ဖြစ်သည်။ ထို့ကြောင့် အသင်းတော်ကို ခရစ်တော်၏ ချစ်ခြင်းမှာ သူမကို ခွဲခြားကာ သန့်ရှင်းစေရန်နှင့် အသင်းတော်ကို ခွဲခြားခြင်းနှင့် သန့်ရှင်းစေခြင်းမှာ သူမကို မိမိကိုယ်တော်တိုင်ထံသို့ ဆက်သရန်

ဖြစ်သည် (ဧ၊ ၅း ၂၇ မှတ်စု ၁)။

အသင်းတော်၏ အခြားသောသင်ပြင်မှာ သတို့သမီးဖြစ်သည်။ ဤသင်ပြင်က ဧဝသည် အာဒံမှထွက်ပေါ် လာသကဲ့သို့ အသင်းတော်သည် ခရစ်တော်မှ ထွက်ပေါ် လာခြင်းကို ဖွင့်ပြပြီး (က၊ ၂း ၂၁–၂၂)၊ ယင်းမှာ အသက်နှင့်သဘောသဘာဝ၌ ခရစ်တော်နှင့်တူညီကာ၊ ဧဝသည် အာဒံနှင့်တစ်သားတစ်ကိုယ်တည်းဖြစ်သကဲ့သို့ ကိုယ်တော်၏ အဖော်အဖက်အဖြစ် ကိုယ်တော်နှင့်တစ်လုံးတစ်ဝတည်းဖြစ်လာခြင်းဖြစ်သည် (က၊ ၂း ၂၄)။ (ဧ၊ ၅း ၂၇ မှတ်စု ၂)

လူ့အနေဖြင့်ဆိုရလျှင် ကမ္ဘာဦး၊ ၂ ၏ အဆုံးပိုင်းသည် ထိမ်းမြားခြင်းအကြောင်းနှင့်ဆက်နွယ်သောကြောင့် နားလည်ရန်လွယ်ကူသည်။ အာဒံသည် ဖန်ဆင်းခံရသည်၊ သို့သော် သူ၌ ဇနီးမရှိပေ။ ထို့ကြောင့် ဘုရားသခင်သည် သူ့အတွက် ဇနီးကို စီစဉ်ပေးသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာတစ်အုပ်လုံးကို ဖတ်မည်ဆိုလျှင် ကမ္ဘာဦး၊ ၂ ရှိ ထိမ်းမြားခြင်းသည် တင်စားချက်ဖြစ်ကြောင်း သိမြင်လာမည်ဖြစ်သည်။ နောက်ပိုင်းတွင် ဓမ္မဟောင်းကျမ်း၌ ဘုရားသခင်က သူ့လူမျိုးတော်အား "သင့်ကို ဖန်ဆင်းသောသူသည် သင်၏ လင်ဖြစ်တော်မူ၏" ဟု ပြောခဲ့သည် (ဟေရှာ၊ ၅၄း၅)။ လူ၏ ဖန်ဆင်းရှင်သည် သူ၏ ခင်ပွန်းဖြစ်သည်။ ဆိုလိုသည်မှာ စကြဝဠာ၌ တုနှိုင်းရာမဲ့သောယောကျ်ားမှာ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည်။ ဘုရားသခင်ဖန်ဆင်းထားသော လူယောကျ်ားမှာ စင်စစ်အားဖြင့် လူယောကျ်ားမဟုတ်ဘဲ၊ လူမိန်းမဖြစ်သည်။ ရှေ့ဦးစွာ ဘုရားသခင်သည် ကျွန်ုပ်၏ ဖန်ဆင်းရှင်ဖြစ်သည်။ ထို့နောက် ကိုယ်တော်သည် ကျွန်ုပ်၏ ရွေးနုတ်ရှင်ဖြစ်လာသည်။ ယခုတွင် ကိုယ်တော်သည် ကျွန်ုပ်၏ ခင်ပွန်းဖြစ်သည်။ (*Life-study of Genesis*, pp.213-214)

*ပို၍ဖတ်ရန်* – *Life-study of Genesis,* msg. 17

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————
————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ယေဟောဝါဘုရားသခင်ကလည်း၊ ယောကျ်ားသည် တယောက်တည်း**
**၂း၁၈ မနေကောင်း၊ သူနှင့်တော်သော အထောက်အမကို သူဘို့ ငါလုပ်ဦး**
**မည်ဟု အကြံရှိတော်မူ၏။**
**၂၂ ယေဟောဝါဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမ**
**ကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။**

က၊ ၂း၁၈ ရှိ အာဒံသည် မိမိအတွက် ဇနီးကို ရှာဖွေနေသော စစ်မှန်သော စကြဝဠာဆိုင်ရာခင်ပွန်းဖြစ်သည့် ခရစ်တော်၌ရှိသောဘုရားသခင်ကို ပုံဆောင်သည် (ရော၊၅း၁၄။ cf.ဟေရှာ၊၅၄း၅။ ယော၊၃း၂၉။ ၂ကော၊ ၁၁း၂။ ဧ၊၅း၃၁–၃၂။ ဗျာ၊၁၉း၇။ ၂၁း၉)။ အာဒံအဖို့ ဇနီးကို လိုအပ်ခြင်းမှာ ကိုယ်တော်၏စီမံကိန်း၌ ဘုရားသခင်သည် သူ၏ပြီးပြည့်စုံခြင်းအဖြစ် ဇနီးကို လိုအပ်ခြင်းကို ပုံဆောင်သည်။ (*Gen.2:18,* footnote 1)

## ယနေ့ဖတ်စရာ

ဖန်ဆင်းခြင်း၌ အာဒံအပြင် ဧဝတည်းဟူသော လူမိန်းမလည်းရှိနေသည်။ ဘုရားသခင်သည် က၊၂ ၌ ဤမိန်းမကို ဖန်ဆင်းခြင်းအား ဂရုတစိုက်မှတ်တမ်းတင်ထားပြီး၊ ဧဖက်၊၅ သို့ ရောက်လာသောအခါ ဧဝသည် အသင်းတော်ကို ပုံဆောင်ကြောင်းကို ရှင်းလင်းစွာ ပြောဆိုထားသည်။ ထို့ကြောင့် ဘုရားသခင်၏ ထာဝရအလိုတော်သည် ခရစ်တော်အားဖြင့် တစ်ပိုင်းပြီးမြောက်ကာ၊ အသင်းတော်အားဖြင့် တစ်ပိုင်းပြီးမြောက်ကြောင်းကို မြင်ရသည်။ အသင်းတော်သည် ဘုရားသခင်၏ အလိုတော်ကို မြေကြီးပေါ်၌ မည်သို့ပြည့်စုံစေသည်ကို နားလည်နိုင်ရန် ကျွန်ုပ်တို့သည် ဧဝထံမှ သင်ယူရမည်ဖြစ်သည်။ ဤနေရာ၌ ကျွန်ုပ်တို့သည် အာဒံ၏ ပုံဆောင်ချက်ကို ဆင်ခြင်မည်မဟုတ်ပါ၊ ထိုအစား ဧဝအပေါ်တွင် အဓိကအလေးပေးကြမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စဉ်းစားခြင်းများကို ခရစ်တော်၏ အလုပ်အပေါ် ဗဟိုမပြုဘဲ၊ ထိုအလုပ်နှင့်ဆက်နွှယ်၍ အသင်းတော်ပါဝင်ပတ်သက်နေသည့် အနေအထားကို အလေးထားကြမည်ဖြစ်သည်။

က၊ ၂း၁၈–၂၄ နှင့် ဧ၊၅း ၂၂–၃၂ ကို ဖတ်သောအခါ ထိုနေရာနှစ်ခုလုံး၌ မိန်းမကို ဖော်ပြထားကြောင်း ကျွန်ုပ်တို့မြင်ရသည်။ ပထမမိန်းမသည် အသင်းတော်ကို ပုံဆောင်သောအမှတ်လက္ခဏာဖြစ်ပြီး၊ ဒုတိယမိန်းမသည် ပထမမိန်းမဖြစ်သည်။ ပထမမိန်းမသည် မြေကြီးတိုက်မြစ်မချမီက ဘုရားသခင်အားဖြင့် ရည်ရွယ်ကြံစည်ထားပြီး ကျဆင်းခြင်း

မတိုင်မီ ထွက်ပေါ် လာသည်။ ဒုတိယမိန်းမသည်လည်း မြေကြီးတိုက်မြစ်မချမီက ကြံစည် ရည်ရွယ်ထားပြီးဖြစ်သော်လည်း၊ ကျဆင်းပြီးနောက်မှ ထွက်ပေါ် လာခြင်းဖြစ်သည်။ တစ်ဦးသည် ကျဆင်းခြင်းမရှိမီ ထွက်ပေါ် ကာ၊ အခြားတစ်ဦးသည် ကျဆင်းပြီးနောက် ထွက်ပေါ် လာသော်လည်း ဘုရားသခင်၏ အမြင်၌ ခြားနားမှုမရှိပေ။ အသင်းတော်သည် က၊ ၂ ရှိ ဧဝဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်ကို ပုံဆောင်ရန် အာဒံကို ဖန်ဆင်းခဲ့သည်။ ဘုရားသခင်သည် အသင်းတော်ကို ပုံဆောင်ရန် ဧဝကိုလည်းဖန်ဆင်းခဲ့သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်သည် ခရစ်တော်အားဖြင့် ပြီးမြောက်ပြည့်စုံသည်သာမက အသင်းတော်အားဖြင့်လည်း ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။ အသင်းတော်ကို ဖန်ဆင်းခြင်း၌ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ သူမသည် ခရစ်တော်၏ အထောက်အမဖြစ်စေရန်ဖြစ်သည် (က၊ ၂း၁၈)။ ခရစ်တော်တစ်ပါးတည်းသည် တစ်ဝက်တစ်ပိုင်းသာရှိပြီး အခြားသော တစ်ပိုင်းဖြစ်သည့် အသင်းတော်ကို လိုအပ်သည်။ ဘုရားသခင်က "လူသည် တစ်ဦးတည်း မနေကောင်း"ဟု ပြောခဲ့သည်။ ဘုရားသခင်၏ အမြင်၌ ခရစ်တော်တစ်ပါးတည်းသည် လုံလောက်မှုမရှိပေ။ က၊ ၂း၁၈–၂၄ သည် ဖန်ဆင်းခြင်း၏ ဆဋ္ဌမမြောက်နေ့ အဖြစ်အပျက်ကို ထပ်လောင်းဖွင့်ဆိုထားသည်။ ဆဋ္ဌမနေ့တွင် ဘုရားသခင်သည် အာဒံကို ဖန်ဆင်းခဲ့ပြီး၊ ထို့နောက်မှ ကိုယ်တော်သည် အနည်းငယ်စဉ်းစားဟန်ဖြင့် "မဟုတ်သေးဘူး၊ လူသည် တစ်ဦးတည်းဖြစ်ခြင်းမှာ မကောင်းဘူး"ဟု ပြောခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် အာဒံ အတွက် ဧဝကို ဖန်ဆင်းခဲ့သည်။ ထိုသို့အားဖြင့် အရာခပ်သိမ်းသည် ပြီးပြည့်စုံကာ က၊၁ ကို ဤသို့အဆုံးသတ်ထားသည်၊ "ဘုရားသခင်သည် မိမိဖန်ဆင်းသမျှသောအရာတို့ကို ကြည့်ရှုလျှင်၊ အလွန်ကောင်းသည်ကို မြင်တော်မူ၏" (အငယ်၊၃၁)။ ဤအရာအားဖြင့် အာဒံတစ်ဦးတည်းရှိခြင်း သို့မဟုတ် ခရစ်တော်တစ်ဦးတည်းရှိခြင်းသည် ဘုရားသခင်၏ စိတ်နှလုံးတော်ကို ကျေနပ်စေရန် လုံလောက်မှုမရှိကြောင်းကို မြင်ရသည်။ ဘုရားသခင်နှင့်အတူ ဧဝလည်းရှိရမည်၊ ဆိုလိုသည်မှာ အသင်းတော်လည်းရှိရမည်ဖြစ်သည်။ ထို့နောက် ကိုယ်တော်၏ စိတ်နှလုံးတော်သည် ကျေနပ်နှစ်သိမ့်ခြင်းရှိလိမ့်မည်ဖြစ်သည်။

ဘုရားသခင်က "လူသည် တစ်ဦးတည်းမနေကောင်း"ဟု ပြောခဲ့သည်။ တစ်နည်းအားဖြင့် ဘုရားသခင်၏ အလိုဆန္ဒမှာ အာဒံနှင့် ဧဝနှစ်ဦးလုံးကို ရရှိလိုသည်။ ကိုယ်တော်၏ ရည်ရွယ်ချက်မှာ အောင်မြင်သောခရစ်တော်နှင့်အတူ အောင်မြင်သောအသင်းတော်၊ နတ်ဆိုး၏ အလုပ်ကို အောင်မြင်သော ခရစ်တော်နှင့်အတူ နတ်ဆိုး၏ အလုပ်ကို ဖြုတ်ချချေမှုန်းသော အသင်းတော်ကို ရရှိရန်ဖြစ်သည်။ ကိုယ်တော်၏ အကြံအစည်တော်မှာ အုပ်စိုးသောခရစ်တော်နှင့် အုပ်စိုးသောအသင်းတော်ကို ရရှိရန်ဖြစ်သည်။ ဤအရာသည်

ဘုရားသခင်က မိမိကိုယ်တော်တိုင် ကျေနပ်အားရခြင်းအတွက် ကြံစည်ထားခြင်းဖြစ်ပြီး မိမိ၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် ပြုတော်မူခြင်းဖြစ်သည်။ ထိုသို့လုပ်ဆောင်ပြီးစီးခြင်းမှာ ၎င်းကို ဘုရားသခင်အလိုတော်ရှိသောကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ခရစ်တော်ကို ရရှိလိုပြီး၊ ဘုရားသခင်သည် ခရစ်တော်နှင့်အတိအကျတူညီသော အသင်းတော်ကိုလည်း ရရှိလိုသည်။ ဘုရားသခင်သည် ခရစ်တော်သာ အုပ်စိုးခြင်းရှိစေလိုသည်သာမက အသင်းတော်ကိုလည်း အုပ်စိုးခြင်းရှိစေလိုသည်။ ဘုရားသခင်က နတ်ဆိုးကို မြေကြီးပေါ်ခွင့်ပြုထားသည်၊ အကြောင်းမှာ ကိုယ်တော်က "သူတို့သည်"၊ ခရစ်တော်နှင့်အသင်းတော်သည် "အုပ်စိုးခြင်းရှိစေ"ဟု ပြောထားသောကြောင့်ဖြစ်သည်။ ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ခရစ်တော်၏ အဖော်အဖက်ဖြစ်သော အသင်းတော်သည် စာတန်ကို ဆက်ဆံဖြေရှင်းရာ၌ တစ်စိတ်တစ်ပိုင်းပါဝင်ရန်ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်နှင့် တူညီခြင်းမရှိပါက ဘုရားသခင်၏ ရည်ရွယ်ချက်သည် ပြီးပြည့်စုံနိုင်မည်မဟုတ်ပါ။ စစ်ပွဲ၌ ခရစ်တော်သည် အထောက်အမကို လိုအပ်ပြီး၊ ဘုန်းတော်၌လည်း ကိုယ်တော်သည် အထောက်အမကို လိုအပ်သည်။ ဘုရားသခင်သည် အသင်းတော်ကို သွင်ပြင်တိုင်း၌ ခရစ်တော်နှင့် တူညီစေရန် အလိုရှိသည်။ ခရစ်တော်၌ ကူညီပေးမည့်အထောက်အမကို ရရှိခြင်းမှာ ဘုရားသခင်၏ အလိုတော်ဖြစ်သည်။ (*CWWN*, vol. 34, pp. 25-26)

*ပို၍ဖတ်ရန်* – *CWWN*, vol. 34; *"The Glorious Church"*, ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

# နံနက်ခင်းကျွေးမွေးခြင်း

**က၊ ဘုရားသခင်သည် မြေတိရစ္ဆာန်တို့နှင့်၊ မိုဃ်းကောင်းကင်ငှက်အပေါင်း**
**၂း၁၉–၂၁ တို့ကို မြေဖြင့်ဖန်ဆင်းတော်မူပြီးလျှင်၊ လူသည် အဘယ်သို့ခေါ်ဝေါ် သမုတ်မည်ကို သိခြင်းငှာ၊ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ သို့သော်လည်း လူနှင့်တော်သော အထောက်အမ မပေါ်မရှိသေး။ ထိုအခါ ယေဟောဝါဘုရားသခင်သည် လူကို ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတစ်ချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင်၊ ထိုအရိုးအစားအသားကို စေ့စပ်စေတော်မူ၏။**

မိမိကိုယ်တော်တိုင်အတွက် အထောက်အမကို ထုတ်လုပ်ခြင်းငှာ ဘုရားသခင်သည် လူဖြစ်လာခဲ့သည် (ယော၊၁း၁၄)၊ ယင်းကို အာဒံကို ဖန်ဆင်းခြင်းအားဖြင့် ပုံဆောင်ထားသည် (ရော၊၅း၁၄)။ က၊ ၂း ၂၁ ၌ သူ၏ဇနီးကိုဖြစ်သည့် ဧဝကို ထုတ်လုပ်ရန် အာဒံ၏ကြီးစွာသောအိပ်ခြင်းသည် ကိုယ်တော်၏ အဖော်အဖက်ဖြစ်သည့် အသင်းတော်ကို ထုတ်လုပ်ရန် ကားတိုင်ပေါ်တွင် ခရစ်တော်အသေခံခြင်းကို ပုံဆောင်သည် (ဧ၊၅း ၂၅–၂၇)။ ခရစ်တော်၏ အသေခံခြင်းအားဖြင့် ကိုယ်တော့်အတွင်းမှ ဘုရားအသက်သည် လွတ်မြောက်ကာ၊ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကိုယ်တော်၏ ဘုရားအသက်သည် အသင်းတော်ကို စေ့စပ်ထုံးဖွဲ့ခြင်းအတွက် ယုံကြည်သူများအထဲသို့ ထည့်သွင်းပေးခဲ့သည် (ယော၊၁၉း၃၄ မှတ်စု ၁ ကိုကြည့်ပါ)။ ထိုသို့သောဖြစ်စဉ်အားဖြင့် ခရစ်တော်၌ရှိသောဘုရားသခင်သည် ကိုယ်တော်၏ အသက်နှင့်သဘောသဘာဝနှင့်အတူ လူအထဲသို့ ယူဆောင်ခံရသည်။ သို့မှသာ လူသည် ကိုယ်တော်၏ အဖော်အဖက်အဖြစ် ကိုယ်တော်နှင့်တူညီရန် အသက်နှင့်သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာမည်ဖြစ်သည်။ (Gen.2:21, footnote 1)

## ယနေ့ဖတ်စရာ

အာဒံသည် အထောက်အမကို လိုအပ်သည်။ ဤအထောက်အမကို ရရှိရန် ဘုရားသခင်သည် မည်သည့်အရာပြုသနည်း။ က၊ ၂း၁၉–၂၀ အရ ဘုရားသခင်သည် အသက်ရှင်သောသတ္တဝါအားလုံးကို အာဒံရှေ့တွင် ခေါ်ဆောင်လာခဲ့သည်၊ သို့သော် အာဒံသည် မိမိအဖို့ အထောက်အမကို ၎င်းတို့အကြားတွင် ရှာမတွေ့ခဲ့ပေ။ မြေကြီးမှ ပြုလုပ်ခံရသည့် မည်သည့်အသက်ရှင်သောသတ္တဝါမဆို အာဒံအတွက် အဖော်အဖက်မဖြစ်နိုင်ပေ။

ထို့ကြောင့် "ထိုအခါ ယေဟောဝါဘုရားသခင်သည် လူကို ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍၊ လူသည် အိပ်ပျော်စဉ်၊ နံရိုးတစ်ချောင်းကို ဘုရားသခင်ထုတ်ပြီးလျှင်၊ ထိုအရိုး အစား အသားကို စေ့စပ်စေတော်မူ၏။ ယေဟောဝါဘုရားသခင်သည် လူထဲက ထုတ်သော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ လူကလည်း၊ ယခု ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ လူထဲက ထုတ်သော ကြောင့် သူ့ကို လူမိန်းမဟု ခေါ် ဝေါ် အပ်သည်ဟု ဆိုလေ၏" (အငယ်၊ ၂၁–၂၃)။ ဤသူ သည်သာ အာဒံ၏ အထောက်အမဖြစ်ပြီး ဇေက်၊ ၅ ရှိ အသင်းတော်၏ ပုံဆောင်ချက်ပင် ဖြစ်သည်။ သမ္မာကျမ်းစာက အာဒံ၏ ကိုယ်မှ ထုတ်ယူခြင်းမဟုတ်ဘဲ မြေကြီးမှ ထွက်ပေါ် လာသောအရာမှန်သမျှသည် သူ၏ အထောက်အမ မဖြစ်နိုင်ကြောင်းကို ရှင်းလင်းစွာ ပြောဆိုထားသည်။ မြေတိရစ္ဆာန်များ၊ သားယဉ်များ၊ မိုးယံကောင်းကင်ငှက်များအားလုံး တို့သည် မြေဖြင့်ပြုလုပ်ထားခြင်းဖြစ်သည်။ သူတို့သည် အာဒံမှ ထုတ်ယူခြင်းမဟုတ်ပေ။ ထို့ကြောင့် သူတို့သည် အာဒံအဖို့ အထောက်အမ မဖြစ်နိုင်ပေ။ ဧဝသည် အာဒံမှ ထုတ်ယူ သော နံရိုးဖြင့် ပြုလုပ်ထားကြောင်းကို ကျွန်ုပ်တို့ အမှတ်ရရန်လိုအပ်သည်။ ထို့ကြောင့် ဧဝသည် အာဒံ၏ စေ့စပ်ထုံးဖွဲ့မှုဖြစ်လာသည်။ ဆိုလိုသည်မှာ အသင်းတော်သည် ခရစ် တော်မှ ထွက်ပေါ် လာခြင်းဖြစ်သည်။ ခရစ်တော်မှ ထွက်ပေါ် လာသောအရာသာလျှင် အသင်းတော်ဖြစ်နိုင်သည်။ ခရစ်တော်မှ ထွက်ပေါ် လာခြင်းမရှိသောအရာမှန်သမျှသည် အသင်းတော်မဟုတ်ပါ။

က၊ ၁း ၂၆ တွင် "တစ်ဖန် ဘုရားသခင်က ငါတို့၏ ပုံသဏ္ဌာန်၌ ငါတို့နှင့်တစ်ညီတည်း လူကို ဖန်ဆင်းကြစို့။ သူတို့သည် ..."ဟုပြောဆိုထားသည်။ ဟေဗြဲဘာသာ၌ "လူ"ဟူသော စကားလုံးသည် အနည်းကိန်းဖြစ်သည်၊ သို့သော် နောက်တွင် ချက်ချင်းပင် အများကိန်း နာမ်စားဖြစ်သည့် "သူတို့"ကို အသုံးပြုထားသည်။ တူညီသောပုံစံကို အငယ်၊ ၂၇ တွင် အသုံးပြုထားသည်၊ ယင်းတွင် "ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဌာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်၏ ပုံသဏ္ဌာန်တော်နှင့်အညီ လူယောက်ျား၊ လူမိန်းမတို့ ကို ဖန်ဆင်းပြီးလျှင်"ဟုပြောထားသည်။ "လူ"ဟူသောနာမ်သည် အနည်းကိန်းဖြစ်သည်၊ သို့သော် နောက်ဆက်တွဲဖြစ်သည့် နာမ်စား "သူတို့"သည် အများကိန်းဖြစ်သည်။ ဘုရား သခင်သည် လူတစ်ဦးတည်းကို ဖန်ဆင်းသည်၊ သို့သော် ကိုယ်တော်သည် နှစ်ဦးကိုဖန်ဆင်း သည်ဟု ကျွန်ုပ်တို့ပြောနိုင်သည်။ တစ်ဦးသည် နှစ်ဦးဖြစ်ပြီး၊ နှစ်ဦးသည် တစ်ဦးတည်း ဖြစ်သည်၊ အကြောင်းမှာ ဧဝသည် အာဒံ၌ ရှိသောကြောင့်ဖြစ်သည်။

ဘုရားသခင်က "လူ"ကို ဖန်ဆင်းခြင်းမှာ "သူတို့"ကို ဖန်ဆင်းခြင်းနှင့်အတူတူ ပင်ဖြစ်သည်။ အာဒံတစ်ဦးတည်းသာဖန်ဆင်းခံရရုံသာမက ဧဝသည်လည်း သူ၌ ပါဝင်

နေသည်။ “ဘုရားသခင်သည် မိမိပုံသဏ္ဍာန်တော်၌ လူကိုဖန်ဆင်းခဲ့သည်”(အငယ်၊ ၂၇)။ ဤ“လူ”သည် အနည်းကိန်းဖြစ်ပြီး ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ “ဘုရားသခင်၏ ပုံသဏ္ဍာန်တော်၌ သူတို့ကို ဖန်ဆင်းခဲ့သည်”။ “သူတို့”သည် အများကိန်းဖြစ်ပြီး ခရစ်တော်နှင့် အသင်းတော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကိုသာ ရရှိလိုသည်မဟုတ်၊ များစွာသောသားများကို ရရှိလိုသည်။ များစွာသောသားများသည် တစ်ပါးတည်းသောသားတော်နှင့် တူညီမှုရှိရမည်ဖြစ်သည်။ ဤကျမ်းပိုဒ်များမှ အသင်းတော်သည် ခရစ်တော်နှင့်ကိုက်ညီမှုရှိသော အခြေအနေတွင် မရှိပါက ဘုရားသခင်သည် နားခိုခြင်းရှိမည်မဟုတ်ဘဲ၊ ကိုယ်တော်၏ အလုပ်သည်လည်း ပြည့်စုံခြင်းရှိဦးမည်မဟုတ်ပါ။ အာဒံ၌သာ ဘုရားသခင်၏ ပုံသဏ္ဍာန်တော်ရှိရုံသာမက ဧဝ၌လည်းရှိသည်။ ခရစ်တော်၌သာ ဘုရားအသက်ရှိရုံသာမက အသင်းတော်၌လည်း ဘုရားအသက်ရှိသည်။

ဧဝသည် အာဒံမှ ထွက်ပေါ်လာခြင်းအကြောင်းမှာ အသင်းတော်သည် ခရစ်တော်မှ ထွက်ပေါ်လာခြင်းကို ပုံဆောင်နေသည်။ ဧဝသည် အာဒံ၏ နံရိုးမှ ပြုလုပ်ခြင်းဖြစ်သည်။ ဧဝသည် အာဒံမှ ထွက်ပေါ်လာခြင်းဖြစ်သောကြောင့် သူမသည် အာဒံပင်ဖြစ်သည်။ သို့ဖြစ်လျှင် အသင်းတော်မှာ မည်သို့နည်း။ အသင်းတော်သည် ခရစ်တော်၏ အခြားသောပုံစံဖြစ်သည်။ ယင်းမှာ ဧဝသည် အာဒံ၏ အခြားသောပုံစံဖြစ်သကဲ့သို့ပင်ဖြစ်သည်။ (*CWWN*, vol. 34, pp. 27-28)

*ပို၍ဖတ်ရန်* – *CWWN*, vol. 34, *"The Glorious Church,"* ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––
––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ကေ၊ ယေဟောဝါဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမ**
**၂း၂၂–၂၄ ကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်ခဲ့တော်မူ၏။ လူကလည်း၊ ယခု ဤသူသည် ငါ့အရိုးထဲကအရိုး၊ ငါ့အသားထဲက အသားဖြစ်၏။ လူထဲက ထုတ်သောကြောင့် သူ့ကိုလူမိန်းမဟု ခေါ်ဝေါ်အပ်သည်ဟု ဆိုလေ၏။ ထိုအကြောင်းကြောင့် ယောကျ်ားသည် ကိုယ်မိဘကို စွန့်၍၊ ကိုယ့်ခင်ပွန်း၌မှီဝဲသဖြင့်၊ ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်း ဖြစ်ရလိမ့်မည်။**

ကေ၊၂ တွင် ခရစ်တော်၏ သတို့သမီးသည် မည်ကဲ့သို့ဖြစ်တည်လာခြင်း၏ ရုပ်ပုံကားချပ်ကို မြင်ရသည်။ ဘုရားသခင်သည် အာဒံအဖို့ သတို့သမီးကို မပြင်ဆင်မီ၊ ကိုယ်တော်သည် တိရစ္ဆာန်အားလုံးကို အာဒံထံသို့ခေါ် ဆောင်ပေးကာ အာဒံသည် သူတို့အားလုံးကို အမည်ပေးခဲ့သည်။ သို့သော်လည်း ဤဖန်ဆင်းခံအရာများတစ်ခုမှ အာဒံနှင့်ကိုက်ညီမှု မရှိဘဲ၊ သူ၏ အဖော်အဖက်လည်း မဖြစ်နိုင်ပေ (အငယ်၊၁၉–၂၀)။ ထို့နောက် ဘုရားသခင်သည် အာဒံကို ကြီးစွာသောအိပ်ခြင်းဖြင့် အိပ်စေခဲ့သည် (အငယ်၊ ၂၁)။ အာဒံသည် ခရစ်တော်ကို ပုံဆောင်ပြီး (ရော၊၅း၁၄)၊ သူ၏ အိပ်ခြင်းသည် ခရစ်တော်၏ အသေခံခြင်းကို ပုံဆောင်သည်။ သမ္မာကျမ်းစာ၌ အိပ်ခြင်းသည် သေခြင်းကို ဆိုလိုသည် (၁ကော၊၁၅း၁၈။ ၁သက်၊၄း၁၃–၁၆။ ယော၊၁၁း၁၁–၁၄)။ (*CWWL, 1969,* vol. 2, p. 401)

## ယနေ့ဖတ်စရာ

တစ်နေ့တွင် စစ်မှန်သောအာဒံသည် ကားတိုင်ပေါ်တွင် အိပ်စေခြင်းခံရသည်၊ ထိုနေရာတွင် ကိုယ်တော်သည် နံနက်ကိုးနာရီမှ ညနေသုံးနာရီအထိ ခြောက်နာရီကြာမျှ အိပ်ခဲ့သည် (မာ၊၁၅း ၂၅၊ ၃၃)။ ဤအရာကို ကေ၊၂ ရှိ “ဘုရားသခင်သည် လူကို ကြီးစွာသောအိပ်ခြင်းဖြင့် အိပ်စေ၍”ဟူသောစကားစုဖြင့် ပုံဆောင်ထားပြီး၊ “ကိုယ်တော်သည် သူ၏ နံရိုးထုတ်ယူ၍” သူ့အတွက် ဇနီးကို တည်ဆောက်ပေးခဲ့သည် (ကေ၊၂း ၂၁)။ ထိုအာဒံ၏ အိပ်ခြင်းသည် အသင်းတော်ကိုထုတ်လုပ်ရန်အတွက် ကားတိုင်ပေါ်တွင် ခရစ်တော်၏ အသေခံခြင်းကို ပုံဆောင်ခြင်းဖြစ်သည်။ ဤသည်မှာ အသက်လွတ်မြောက်စေခြင်း၊ အသက်ပေးဝေခြင်း၊ အသက်တိုးပွားခြင်း၊ အသက်များပြားစေခြင်း၊ အသက်ပြန်လည်ထုတ်လုပ်ခြင်းဖြစ်သော ခရစ်တော်၏ အသေခံခြင်းဖြစ်သည်၊ ယင်းမှာ ကိုယ်ခန္ဓာတော်၊ အသင်းတော်တည်းဟူသော မုန့်ကို လုပ်ရန် (၁ကော၊၁၀း၁၇)၊ များစွာသောဂျုံစပါးများ

ကို ထုတ်လုပ်ခြင်းအတွက် (ယော၊၁၂း၂၄)၊ မြေသို့ကျ၍ အသေခံပြီး ရှင်သန်ကြီးထွား လာမည့် ဂျုံမျိုးစေ့အားဖြင့် ပုံဆောင်သည်။ ရှေ့ဦးစွာ ဘုရားသခင်သည် လူဖြစ်လာခဲ့သည်။ ထို့နောက် ဘုရားအသက်နှင့် သဘောသဘာဝရှိသော ဤလူသည် အသေခံခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်း အားဖြင့် ကိုယ်တော်နှင့်ကိုက်ညီကာ ကိုယ်တော်ကို ပြည့်စုံစေမည့် စစ်မှန်သောဇေကို ဖြစ်တည်စေရန် များစွာသောအင်္ဂါဝင်များဖြစ်သည့် ယုံကြည်သူများအထဲသို့ တိုးပွားလာခဲ့သည်။ ဤဖြစ်စဉ်အားဖြင့် ခရစ်တော်၌ရှိသော ဘုရားသခင်သည် ကိုယ်တော်၏ အသက်နှင့်သဘောသဘာဝနှင့်အတူ လူအထဲသို့ ယူဆောင်ခံရသည်။ သို့မှသာ လူသည် ကိုယ်တော်၏ အဖော်အဖက်အဖြစ် ကိုယ်တော်နှင့်တူညီရန် အသက်နှင့် သဘောသဘာဝ၌ ဘုရားသခင်နှင့် တူညီလာမည်ဖြစ်သည်။

ခရစ်တော်ကို ကားတိုင်တင်ခြင်းအဆုံးပိုင်း၌ ဥပုသ်နေ့တွင် ကားတိုင်တင်ခြင်းခံရသောအပြစ်သားများ၏ အလောင်းကောင်ကို ကားတိုင်ပေါ်၌ မကျန်ရှိစေလိုသော ဂျူးလူမျိုးများက ပိလတ်မင်းထံသို့သွား၍ သူတို့၏ခြေကို ချိုးရန်တောင်းဆိုကြသည် (ယော၊၁၉း၃၁)။ စစ်သားများသည် ကိုယ်တော်၏ခြေကို ချိုးရန် ယေရှုထံရောက်လာသောအခါ ကိုယ်တော်သည် သေနေပြီးဖြစ်ကြောင်း၊ ကိုယ်တော်၏ခြေကို ချိုးရန်မလိုကြောင်းကို တွေ့ရှိရသည်။ ဤသည်မှာ “ကိုယ်တော်၏ အရိုးကိုမချိုးရ” ဟူသော ကျမ်းစာချက်ပြည့်စုံခြင်းဖြစ်သည် (ယော၊၁၉း၃၂–၃၃၊ ၃၆။ ထွ၊၁၂း၄၆။ တော၊၉း၁၂။ ဆာ၊ ၃၄း၂၀)။ မည်သို့ဆိုစေ စစ်သားများသည် ကိုယ်တော်၏နံဘေးတော်ကို ထိုးဖောက်ကာ အသွေးနှင့်ရေသည် စီးထွက်လာခဲ့သည် (ယော၊၁၉း၃၄)။ အသွေးသည် ရွေးနုတ်ခြင်းအတွက်ဖြစ်သည် (ဟေဗြဲ၊၉း၂၂။ ၁ပေ၊၁း၁၈–၁၉)။ ထွ၊၁၇း၆ ၌ ရိုက်ခြင်းခံရသော ကျောက်၏ပုံဆောင်ချက်ကို မြင်ရသည် (၁ကော၊၁၀း၄)။ ကျောက်သည် ရိုက်ခြင်းခံရပြီးနောက် ကွဲအက်လာကာ အသက်ရေစီးထွက်လာသည်။ ကားတိုင်ပေါ်တွင် ယေရှုသည် ဘုရားသခင်၏ပညတ်တော်တည်းဟူသော မောရှေ၏ပညတ်တော်အားဖြင့် ရိုက်ခြင်းခံရသည်။ ကိုယ်တော်သည် ကွဲအက်ခဲ့သည်။ ကိုယ်တော်၏ နံဘေးတော်သည် ထိုးဖောက်ခံရပြီး၊ ရေစီးထွက်လာသည်။ ဤရေသည် အသင်းတော်ကို ထုတ်လုပ်သောအသက်ကို ပုံဆောင်သည့် ဘုရားအသက်၏ စီးဆင်းခြင်းဖြစ်သည်။

ဤအသက်သည် အာဒံ၏ပွင့်နေသောနံဘေးမှ ထုတ်ယူသောနံရိုးအားဖြင့် ပုံဆောင်ပြီး၊ ယင်းအားဖြင့် ဧဝကို ထုတ်လုပ်ကာ တည်ဆောက်ခဲ့သည်။ ထို့ကြောင့် အရိုးသည် ခရစ်တော်၏နံဘေးတော်မှ စီးထွက်သောရေဖြင့် ရည်ညွှန်းထားသည့် ဘုရားအသက်ကို ပုံဆောင်သည်။ ကိုယ်တော်၏ ရုပ်ပိုင်းဆိုင်ရာအသက်သည် အသေခံရပြီးဖြစ်

သော်လည်း၊ အသင်းတော်ကို ထုတ်လုပ်ရန် စီးထွက်လာသည့် ဘုရားအသက်ကိုမူ မည်သည့်အရာကမျှ ချိုးဖျက်၍မရနိုင်ပေ။

ဘုရားသခင်သည် အာဒံအိပ်နေစဉ်၊ ဧဝကို ထုတ်လုပ်ခြင်းအလုပ်အားပြီးစီးသည့်နောက် အာဒံသည် သူ၏ အိပ်ခြင်းမှ နိုးထလာခဲ့သည်။ အာဒံ၏ အိပ်ခြင်းသည် ခရစ်တော်၏ အသေခံခြင်းကို ပုံဆောင်ပြီး၊ သူ၏ နိုးထခြင်းသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်သည်။ နိုးထပြီးနောက် အာဒံသည် သူ့အထဲမှ ထုတ်လုပ်သော ဧဝနှင့်အတူ အခြားသောလူဖြစ်လာခဲ့သည်။ ခရစ်တော်ရှင်ပြန်ထမြောက်ပြီးနောက် ကိုယ်တော်မှ ထွက်ပေါ်လာသည့် အသင်းတော်နှင့်အတူ ကိုယ်တော်သည်လည်း အခြားသောပုဂ္ဂိုလ်ဖြစ်လာခဲ့သည်။ နောက်ဆုံးတွင် အာဒံသည် သူ၏ အဖော်အဖက်ဖြစ်သော ဧဝကို ယူဆောင်ရန် နိုးထလာခဲ့သကဲ့သို့၊ ခရစ်တော်သည်လည်း ကိုယ်တော်၏ အဖော်အဖက်ဖြစ်သည့် အသင်းတော်ကို ယူဆောင်ရန် သေခြင်းမှ ရှင်ပြန်ထမြောက်လာခဲ့သည်။ (*Life-study of Genesis*, pp. 219-220)

*ပို၍ဖတ်ရန်* – *CWWL, 1969*, vol.2; "The Crucial Revelation of Life in the Scriptures," ch.2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————
———————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ စစ်သူရဲတစ်ယောက်သည် နံဘေးတော်ကို လှံနှင့်ထိုးဖေါက်၍သွေး**
**၁၉း၃၄ နှင့် ရေသည် ချက်ချင်းထွက်လာ၏။**
**၃၆ ဤအကြောင်းအရာကား၊ သူ၏အရိုးကို မချိုးရဟု ကျမ်းစာလာ ချက်ပြည့်စုံမည်အကြောင်းတည်း။**

ခရစ်တော်သည် ကားတိုင်ပေါ်၌ "အိပ်"သောအခါ ကိုယ်တော်၏ နံဘေးတော်မှ တစ်စုံတစ်ခု ထွက်ပေါ်လာခဲ့သည်။ ယော၊၁၉း၃၄ ၌ စစ်သူရဲများက ကိုယ်တော်၏ နံဘေးတော်ကို ထိုးဖောက်သောအခါ အသွေးနှင့်ရေထွက်လာကြောင်းကို ပြောဆိုထားသည်။ က၊၃ မတိုင်မီ အပြစ်ဝင်ရောက်လာခြင်းမရှိသေးပါ။ ထို့ကြောင့် အာဒံ၏ နံဘေးမှ ထုတ်ယူသော နံရိုးသည် အသွေးမပါရှိပေ။ မည်သို့ဆိုစေ ကားတိုင်ပေါ်တွင် ခရစ်တော် "အိပ်" နေသည့်အချိန်တွင် အပြစ်ပြဿနာရှိနေသည်။ ထို့ကြောင့် ကိုယ်တော်၏ အသေခံခြင်းသည် ဤအပြစ်ပြဿနာကို ဖြေရှင်းရမည်ဖြစ်သည်။ ခရစ်တော်၏ နံဘေးတော်မှ ထွက်ပေါ်လာသော အသွေးသည် ရွေးနုတ်ခြင်းအတွက်ဖြစ်သည်။ အသွေးနောက်တွင် ရေထွက်လာပြီး၊ ယင်းမှာ အသင်းတော်ကို ထုတ်လုပ်ရန် အသက်စီးဆင်းခြင်းဖြစ်သည်။ ဤဘုရားဆိုင်ရာ၊ စီးဆင်းနေသော၊ ဖန်ဆင်းမခံရသောအသက်သည် အာဒံ၏ နံဘေးမှ နံရိုးကို ထုတ်ယူခြင်းအားဖြင့် ပုံဆောင်ထားသည်။ (*CWWL, 1969,* vol.2 p.401)

## ယနေ့ဖတ်စရာ

သခင်ယေရှုသည် ကားတိုင်ပေါ်တွင် အသေခံသောအခါ အခြားသူနှစ်ဦးသည်လည်း ကိုယ်တော်နှင့်အတူ အသေခံခဲ့သည်။ သူတို့၏ ခြေသည် ချိုးခြင်းခံရသောလည်း စစ်သူရဲများက သခင်ယေရှုထံရောက်သောအခါ ကိုယ်တော်သည် သေနေပြီးဖြစ်ကြောင်း၊ ကိုယ်တော်၏ အရိုးများကို ချိုးရန်မလိုကြောင်းကို တွေ့ရသည်။ ဤသည်မှာ ကိုယ်တော်၏ အရိုးများကို မချိုးရဟူသော ကျမ်းစာချက်ပြည့်စုံခြင်းဖြစ်သည် (ယော၊၁၉း၃၁–၃၃)။ ထို့ကြောင့် အာဒံ၏ နံဘေးမှ ထုတ်ယူသောအရိုးသည် သခင်ဘုရား၏ မကျိုးနိုင်သော၊ မချိုးဖွဲ့နိုင်သော၊ ရှင်ပြန်ထမြောက်သောအသက်ကို ရည်ညွှန်းသည်။ အာဒံမှထုတ်ယူသော နံရိုးသည် ရှင်ပြန်ထမြောက်ခြင်းအသက်ကို ရည်ညွှန်းပြီး၊ ဘုရားသခင်သည် အာဒံ၏ နံရိုးမှ ဧဝကို တည်ဆောက်ခဲ့သည်။ ယခု ဘုရားသခင်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်သောအသက်အားဖြင့် အသင်းတော်ကို တည်ဆောက်သည်။ ဧဝသည် အာဒံ၏ အစိတ်

အပိုင်းဖြစ်သကဲ့သို့၊ အသင်းတော်သည် ခရစ်တော်၏ အစိတ်အပိုင်းဖြစ်သည်။ ဧဝသည် အာဒံ၏ အရိုးမှ အရိုးနှင့် အာဒံ၏ အသားမှ အသားဖြစ်သည်။ ယနေ့ အသင်းတော်ဖြစ်သည့် ကျွန်ုပ်တို့သည် ခရစ်တော်၏ အစိတ်အပိုင်းဖြစ်သည် (ဧ၊၅း၃၀–၃၂)။

ကျွန်ုပ်တို့သည် သခင်ယေရှုကို လက်ခံရရှိသောအခါ ကိုယ်တော်သည် ရှင်ပြန်ထမြောက်သောအသက်၊ မကျိုးပဲ့နိုင်သောအသက်အဖြစ် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသည်။ ဤအသက်သည် ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲပေးသည်။ ဤအသက်သည် အသက်ပင်၊ အသက်မြစ်ရေ၊ ကျွန်ုပ်တို့ကို မစပေးနေသည့် အသက်နှင့် ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲစေရန် ကျွန်ုပ်တို့အတွင်း၌ စီးဆင်းနေသည့်အသက်ဖြစ်သည်။ တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ဤစီးဆင်းနေသော၊ ဘုရားဆိုင်ရာ၊ ဖန်ဆင်းမခံရသော၊ မကျိုးပဲ့နိုင်သောအသက်ကို မွေ့လျော်ဝမ်းမြောက်သည်နှင့်အမျှ ကျွန်ုပ်တို့၏ ဖြစ်ခြင်းသည် ပုံသဏ္ဍာန်ပြောင်းလဲနေသည်။ ဤပုံသဏ္ဍာန်ပြောင်းလဲခြင်းကို ရော၊၁၂း၂ နှင့် ၂ကော၊ ၃း၁၈ တို့၌ ဖော်ပြကာ ဖွင့်ပြထားသည်။ ကျွန်ုပ်တို့ပုံသဏ္ဍာန်ပြောင်းလဲသည်နှင့်အမျှ ကိုယ်တော်၏ အဖော်အဖက်အဖြစ် ခရစ်တော်ကို ကျေနပ်စေရန် သတို့သမီးဖြစ်လာမည့် အသင်းတော်အဖြစ်သို့ တည်ဆောက်ခြင်းကို ခံရကြသည်။ က၊၂ ၏ အဆုံးတွင် ဧဝရှိပြီး၊ သမ္မာကျမ်းစာတစ်အုပ်လုံး၏ အဆုံးတွင် ယေရုရှလင်မြို့သစ်ရှိသည်။ ယင်းမှာ အဆုံးစွန်သောဧဝဖြစ်ပြီး၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်ဖြင့် ထုတ်လုပ်ထားသော အဖိုးတန် တန်ဆာပလာများဖြင့် တည်ဆောက်ထားသည့် စကြဝဠာဆိုင်ရာ သတို့သမီး၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည်။

ဤသတို့သမီးဖြစ်သည့် ယေရုရှလင်မြို့သစ်သည် ဘုရားသခင့်ရည်ရွယ်ချက်၏ သွင်ပြင်နှစ်ခုကို ပြီးပြည့်စုံစေသည်။ ရှေ့ဦးစွာ ယေရုရှလင်မြို့သစ်သည် ဘုရားသခင်၏ ပြည့်စုံသောပုံသဏ္ဍာန်တော်၌ ဘုရားသခင်၏ ပြည့်ဝသောထင်ရှားခြင်းဖြစ်လိမ့်မည်ဖြစ်သည် (ဗျာ၊၂၁း၁၁။ cf. ၄း၃)။ ဒုတိယအနေဖြင့် ဤယေရုရှလင်မြို့သစ်သည် ရန်သူကို ခြေ မှုန်းကာ၊ မြေကြီးကို အနိုင်ယူပြီး၊ စကြဝဠာတစ်ခုလုံးအပေါ်၊ အထူးသဖြင့် တွားသွား သတ္တဝါများအပေါ် ဘုရားသခင်၏ အုပ်စိုးခြင်းအာဏာကို လေ့ကျင့်ရန်ဖြစ်သည် (၂၂း၄။ ၂၁း၁၅။ cf. ၂၁း၈။ ၂၀း၁၀၊ ၁၄–၁၅)။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို ပြန်ကြွလာစေရန် သတို့သမီးကို ပြင်ဆင်ခြင်းအတွက် ဤစီးဆင်းနေသော၊ ပုံသဏ္ဍာန်ပြောင်းလဲပေးနေသော၊ တည်ဆောက်နေသောအသက်ကို မွေ့လျော်ဝမ်းမြောက်ခြင်းနှင့် တွေ့ကြုံခံစားခြင်းအထဲသို့ ခေါ်ဆောင်ခံရနိုင်ပါစေ။ (*CWWL, 1969,* vol.2 pp.401-402)

ဟေဗြဲဘာသာ၌ က၊၂း၂၂–၂၃ ရှိ *မိန်းမ*သည် *အစ်ရှား(Ishshah)*ဖြစ်သည်။ ဧဝ

သည် အာဒံ၏ တိုးပွားခြင်းဖြစ်သကဲ့သို့ သတို့သမီးဖြစ်သည့် အသင်းတော်သည် သတို့သား ဖြစ်သောခရစ်တော်၏ တိုးပွားခြင်းဖြစ်သည်။ ဟေဗြဲဘာသာ၌ က၊ ၂း ၂၃–၂၄ ရှိ လူသည် *အစ်ရှ်(Ish)* ဖြစ်ပြီး၊ ဤအခန်းရှိ အခြားနေရာတွင် လူဟု ပြန်ဆိုထားသော အာဒံဟူသော စကားလုံးနှင့် ခြားနားသည်။ (က၊ ၂း ၂၃ မှတ်စု ၁ နှင့် ၂)

အသင်းတော်သည် ခရစ်တော်၏ သန့်စင်သောထုတ်လုပ်မှုဖြစ်သည်။ ဤအရာကို ကမ္ဘာဦးကျမ်း၌ ဧဝအားဖြင့် ပုံဆောင်ထားသည်။ ဧဝသည် အာဒံမှ ပြည့်ဝစွာ၊ ပြည့်စုံစွာ သန့်စင်စွာ ထုတ်လုပ်ထားခြင်းဖြစ်သည် (က၊ ၂း ၂၁–၂၄)။ ဧဝအတွင်း၌ အခြားမရှိဘဲ အာဒံသာရှိသည်။ အာဒံ၏ဒြပ်သဘာဝမှလွဲ၍ ဧဝတွင် အခြားသောဒြပ်သဘာဝမရှိပါ။ ဧဝ၌ရှိသောအရာမှန်သမျှ၊ ဧဝ၏ဖြစ်ခြင်းရှိသမျှသည် အာဒံဖြစ်သည်။ ဧဝသည် အာဒံ၏ ပြည့်စုံသော ပြန်လည်ထုတ်လုပ်ခြင်းဖြစ်သည်။ အာဒံနှင့်ဧဝသည် ခရစ်တော်နှင့်အသင်းတော်၏ ပုံဆောင်ချက်ဖြစ်သည် (ဧ၊ ၅း ၃၀–၃၂။ က၊ ၂း ၂၂–၂၄)။ အသင်းတော်သည် ခရစ်တော်၏ဒြပ်သဘာဝတည်းဟူသော ဒြပ်သဘာဝတစ်ခုတည်းသာရှိရမည်ဖြစ်သည်။ ခရစ်တော်၏ဒြပ်သဘာဝမှလွဲ၍ အသင်းတော်၌ အခြားမည်သည့်ဒြပ်သဘာဝမှမရှိရပေ။ ခရစ်တော်မှလွဲ၍ အခြားအရာမှန်သမျှသည် အသင်းတော်မဟုတ်ပေ။ (*Elders' Training, Book 2: The Vision of the Lord's Recovery,* p.37)

*ပို၍ဖတ်ရန်* - *CWWL, 1969, vol.2,* "The Crucial Revelation of Life in the Scriptures," ch. 2

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ မင်္ဂလာဆောင်သတို့သမီးကို ရသောသူသည် မင်္ဂလာဆောင်သတို့သား**
**၃း၂၉–၃၀ ဖြစ်၏။ ထိုသခင်သည် တိုးပွားခြင်းရှိရမည်။ ငါမူကား ဆုတ်ယုတ်**
**ခြင်းရှိရမည်။**
**ဗျာ၊ ဝိညာဉ်တော်နှင့် မင်္ဂလာဆောင်သတို့သမီးက၊ လာခဲ့ပါဟု ဆိုကြ၏။**
**၂၂း၁၇ ကြားသောသူကလည်း၊ လာခဲ့ပါဟု ဆိုပါစေ။ ရေငတ်သောသူသည်**
**လာပါစေ။ အလိုရှိသောသူသည် အဖိုးကို မပေးဘဲ အသက်ရေကို**
**ယူပါစေ။**

အသင်းတော်သည် လုံးလုံးရှင်ပြန်ထမြောက်ခြင်း၌ရှိသော ဖြစ်တည်မှုဖြစ်သည်၊ ယင်းသည် ဇာတိဆိုင်ရာမဟုတ်သလို ဖန်ဆင်းခြင်းအဟောင်းလည်းမဟုတ်ပါ။ အသင်းတော်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ရှိကာ ရှင်ပြန်ထမြောက်သောခရစ်တော်အားဖြင့် ဖန်ဆင်းခံရသည့် ဖန်ဆင်းခြင်းအသစ်ဖြစ်သည်။ အသင်းတော်သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ထုတ်လုပ်ခံရခြင်းမြင်ရခြင်းအပြင် အသင်းတော်သည်မည်သည့်နေရာတွင်ရှိကြောင်းကို ကျွန်ုပ်တို့မြင်ရမည်ဖြစ်သည်။ ယနေ့ အသင်းတော်သည် တက်ကြွခြင်း၌ရှိသော ခရစ်တော်၌ရှိသည်။ ဧ၊ ၂း၆ က အသင်းတော်သည် ခရစ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခဲ့ပြီး၊ ယခု အသင်းတော်သည် ကောင်းကင်များ၌ ခရစ်တော်နှင့်အတူ ထိုင်နေကြောင်းကို ပြောဆိုထားသည်။ ထို့ကြောင့် အသင်းတော်သည် လုံးလုံးလျားလျားပင် ခရစ်တော်၏ ဒြပ်သဘာဝဖြစ်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၌ရှိခြင်း၊ ကောင်းကင်များ၌ ခရစ်တော်နှင့်အတူ တည်နေခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာစကားသည် ခရစ်တော်နှင့် ရှင်ပြန်ထမြောက်ခြင်းဟူသော နာမ်အတွက် လိုလောက်သော နာမဝိသေသနကို မပေးထားပေ။ ထို့ကြောင့် ကျွန်ုပ်တို့သည် အသင်းတော်၏ ထိုသို့သောရုပ်ပုံကို ဆက်သွယ်ပေးရန် အသစ်သောဝေါဟာရအချို့ကို တီထွင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့က ယနေ့ အသင်းတော်သည် "ခရစ်တော်ဆိုင်ရာ"၊ "ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ"နှင့် ကောင်းကင်ဆိုင်ရာဖြစ်သည်ဟု ပြောနိုင်သည်။ ဤနာမဝိသေသနသုံးခုသည် သမ္မာကျမ်းစာ၌ ရည်ညွှန်းထားသည့် အချက်ကို ဖော်ပြပေးသည်။ အသင်းတော်သည် ခရစ်တော်၏ အရာဖြစ်သည်၊ အသင်းတော်သည် ရှင်ပြန်ထမြောက်ခြင်း၏ အရာဖြစ်သည်၊ အသင်းတော်သည် ကောင်းကင်များ၏ အရာဖြစ်သည်။ အသင်းတော်သည် ခရစ်တော်ဆိုင်ရာ၊ ရှင်ပြန်ထမြောက်ခြင်းဆိုင်ရာ၊ ကောင်းကင်ဆိုင်ရာဖြစ်သည်။ အသင်းတော်နှင့်အတူ ခရစ်တော်

မှလွဲ၍ အခြားမည်သည့်ဒြပ်သဘာဝမှ မရှိပါ။ ထိုသို့သော ရုပါရုံသည် သင့်အား အဆုံး စွန်ဦးဆောင်မည်ဖြစ်ပြီး၊ ခရစ်တော်ဆိုင်ရာ (ခရစ်တော်၏ အရာ)၊ ရှင်ပြန်ထမြောက်ခြင်း ဆိုင်ရာ (ရှင်ပြန်ထမြောက်ခြင်းအရာ)၊ ကောင်းကင်ဆိုင်ရာ (ကောင်းကင်များ၏ အရာ) မဟုတ်သည့်အရာအားလုံးမှ ခွဲခြားဦးဆောင်ပေးမည်ဖြစ်သည်။ (*Elders' Training, Book 2: The Vision of the Lord's Recovery,* p.38)

## ယနေ့ဖတ်စရာ

ဧဝသည် အာဒံ၏ပြည့်စုံခြင်းဖြစ်သည့်နည်းတူ အသင်းတော်သည် ခရစ်တော်၏ ပြည့်စုံခြင်းဖြစ်သည်။ တင်စားပြောဆိုရလျှင် ခရစ်ယာန်လောကရှိ အရာများစွာတို့သည် "မြင်းများ၊ တိရစ္ဆာန်၊ လိပ်များ၊ ချိုးငှက်များ"သာဖြစ်သည်။ အကြောင်းမှာ ယင်းတို့ သည် ခရစ်တော်မှလာသောအရာမဟုတ်ဘဲ၊ ခရစ်တော်နှင့် ကိုက်ညီမှုမရှိသောကြောင့်ဖြစ် သည်။ ခရစ်တော်၏ အသစ်မွေးဖွားခြင်းခံရသူများနှင့် အသင်းတော်အဖြစ် ခရစ်တော် ကို အသက်ရှင်သူများသာ ခရစ်တော်နှင့်ကိုက်ညီကာ ကိုယ်တော်၏ပြည့်စုံခြင်းဖြစ်နိုင်မည် ဖြစ်သည်။ ခရစ်တော်သည် ဤအရာကို မြင်သောအခါ "ယခုအခါ ဤအရာသည် ငါ့အရိုး ထဲက အရိုး၊ ငါ့အသားထဲက အသားဖြစ်သည်"ဟု အမှန်ပင်ပြောမည်ဖြစ်သည် (ဧ၊ ၅း၃၀။ က၊ ၂း ၂၃)။ (*Life-Study of Genesis,* p.218)

အာဒံနှင့်ဧဝသည် ပြည့်စုံသောယူနစ် တစ်သားတစ်ကိုယ်တည်းဖြစ်ခြင်းမှာ ဘုရား သခင်နှင့်လူသည် တစ်လုံးတစ်ဝတည်း ပေါင်းစည်းဆက်နွှယ်ခြင်းကို ပုံဆောင်သည်။ လာ မည့်ယေရုရှလင်မြို့သစ်သည် ဘုရားနှင့်လူ၏ ထာဝရပေါင်းစည်းခြင်း၊ ဘုရားဆိုင်ရာနှင့် လူသားဆိုင်ရာဖြင့်ပေါင်းစည်းထားသော ပြည့်စုံသောယူနစ်အဖြစ် စကြဝဠာဆိုင်ရာစုံတွဲ ဖြစ်လိမ့်မည်ဖြစ်သည်။ (က၊ ၂း ၂၄ မှတ်စု)

အာဒံနှင့်ဧဝသည် တစ်လုံးတစ်ဝတည်းဖြစ်ပြီး၊ ဇနီးနှင့်ခင်ပွန်းအဖြစ် အိမ်ထောင် အသက်တာကို အတူတကွအသက်ရှင်ကြသည်။ ဤအရာက ယေရုရှလင်မြို့သစ်တွင် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် ရွေးနုတ်ရှင် သုံးပါးတစ်ပါးဘုရားသည် စကြဝဠာဆိုင်ရာခင်ပွန်းအဖြစ် ရွေးနုတ်ခြင်း၊ အသစ်မွေးဖွားခြင်း၊ ပုံသဏ္ဌာန်ပြောင်းလဲ ခြင်း၊ ဘုန်းဝင်စားခြင်းခံရသည့် လူသားဇာတိကို သတို့သမီးအဖြစ် ထာဝရအတူတကွ ထိမ်းမြားခြင်းအသက်တာကို အသက်ရှင်ကြမည်ဖြစ်သည်။ (က၊ ၂း ၂၅ မှတ်စု)

ဗျာ၊ ၂ နှင့် ၃ ၌ ဝိညာဉ်တော်သည် အသင်းတော်များထံ စကားပြောနေခြင်းဖြစ် သည်။ ယခု စာစောင်အဆုံးဖြစ်သည့် ဗျာ၊ ၂၂း၁၇ ၌ ဝိညာဉ်တော်နှင့် သတို့သမီးဖြစ်သည့် အသင်းတော်သည် တစ်ပါးတည်းအဖြစ် အတူတကွစကားပြောခြင်းဖြစ်သည်။ ဤသည်

မှာ အသင်းတော်၏ ဝိညာဉ်တော်ကို တွေ့ကြုံခံစားခြင်းမှာ သူမသည် သုံးပါးတစ်ပါး၏ အဆုံးစွန်ပြီးမြောက်ပြည့်စုံခြင်းဖြစ်သည့် ဝိညာဉ်တော်နှင့် အတူ တစ်ပါးတည်းဖြစ်သည့် အဆင့်အထိ တိုးတက်လာကြောင်းကို သက်သေပြနေသည်။

သမ္မာကျမ်းစာ၏ ဖွင့်ပြခြင်းတစ်ခုလုံးက စကြဝဠာဆိုင်ရာစုံတွဲ၏ ချစ်မေတ္တာ ဇာတ်လမ်းကို ပြသထားသည်။ စကြဝဠာနှင့် အရာခပ်သိမ်းကို ဖန်ဆင်းတော်မူသော အနန္တတန်ခိုးရှင် သခင်ဘုရား၊ လူ့ဇာတိခံခြင်း၊ လူသားအသက်ရှင်ခြင်း၊ အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်း၊ တက်ကြွခြင်း၊ အဆုံးတွင် အသက်ပေးသောဝိညာဉ်တော်ဖြစ်လာသည့် သုံးပါးတစ်ပါးဘုရား – ခမည်းတော်၊ သားတော်၊ ဝိညာဉ်တော်– သည် ဖန်ဆင်းခံ၊ ရွေးနုတ်ခံ၊ အသစ်မွေးဖွားခံ၊ ပုံသဏ္ဍာန်ပြောင်းလဲခံ၊ ဘုန်းဝင်စားခံရသည့် ဘုရားသခင်၏ ထင်ရှားခြင်း အသင်းတော်ကို အဆုံးစွန်စေ့စပ်ထုံးဖွဲ့သည့် ဝိညာဉ်၊ စိတ်နှင့် ခန္ဓာ သုံးပိုင်းရှိလူသားနှင့် ထိမ်းမြားကာ ပေါင်းစည်းဆက်နွယ်ခဲ့သည်။ အဆုံးမရှိသော ထာဝရကာလ၌ ဘုရားဆိုင်ရာ၊ ထာဝရနှင့် သာလွန်ထူးမြတ်စွာ ဘုန်းထင်ရှားသည့် အသက်အားဖြင့် သူတို့သည် ဘုရားနှင့်လူ၏ တစ်ဝိညာဉ်တည်းအဖြစ် ရောနှောပေါင်းစည်းခြင်းအသက်တာ၊ ထူးကဲကောင်းမြတ်သော၊ ကောင်းကြီးများနှင့် ဝမ်းမြောက်ခြင်းဖြင့် လျှံထွက်နေသည့် အသက်တာကို အသက်ရှင်ကြလိမ့်မည်ဖြစ်သည်။ (ဗျာ၊ ၂၂း၁၇ မှတ်စု ၁)

*ပို၍ဖတ်ရန် - Elders' Training, Book 2: The Vision of the Lord's Recovery,* ch. 3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း***

## *Hymns,* E# 819, K#594

၁။ အသက်၏ပြည့်ဝထင်ရှားခြင်း
ကိုယ်ခန္ဓာဖြစ်ရာ
ခရစ်တော်အသက်ပြည့်ဝခြင်း
ခန္ဓာတော်သင်းတော်။

၂။ ဇဝသည် အာဒံအစိတ်ပိုင်း
အာဒံမှထွက်လာ
ခရစ်တော်၏တိုးပွားခြင်းမှာ
အသင်းတော်ဖြစ်ရာ။

၃။ ဂျုံစပါးတစ်စေ့ပျက်စီးရာ
များစွာတိုးပွားလာ
ဂျုံစပါးများစွာရောနှောရာ
မုန့်တစ်လုံးဖြစ်လာ။

၄။ ခရစ်ယာန်များမှာ အသင်းတော်
ခရစ်တော်တိုးပွား
ခန္ဓာတော်တစ်ကိုယ်တည်းထင်ရှား
ဘုရားဘုန်းထင်ရှား။

၅။ စပျစ်နွယ်ပင်၏ကိုင်းခက်များ
အပြင်ပိုင်းပျံ့နှံ့
စပျစ်နွယ်ပင်၌ တည်နေရာ
များစွာအသီးသီး။

၆။ အသင်းတော်၌ အင်္ဂါများရှိ
ခရစ်တော်ကြီးမား
အသက်နှင့်သက်ရှင်ခြင်းအတူ
ကိုယ်တော်ရှင်ပျံ့နှံ့။

၇။ ပြည့်ဝ၊ တိုးပွား၊ ထပ်တူပွားများ
ပြည့်ဝထင်ရှားခြင်း
ကြီးထွား၊ ပျံ့နှံ့၊ ဆက်လက်ဖြစ်ပွား
ကွယ်ဝခြင်းပိုလျှံ။

၈။ ခရစ်တော်အဖို့ အသင်းတော်
ဘုရားသခင်သည်
ခရစ်တော်၌ ရွေးနုတ်ခံဖြင့်
ထာဝရထင်ရှား။

၉။ အသင်းတော်ခရစ်တော်အတူ
ကြီးမားနက်နဲခြင်း
ဘုရားဇာတိ၊ လူသားဇာတိ
ရောနှောပေါင်းစည်းခြင်း။

***ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ***----------

# မြွေ၊ မိန်းမ နှင့် မိန်းမ၏အမျိုးအနွယ်

ဖတ်ရန်ကျမ်း။ ။ က၊ ၃း၁၅။ ယော၊ ၁၂း၃၁။ ၁ဗ်း၁၁။ ဟေဗြဲ၊ ၂း၁၄။ ၁ယော၊ ၃း၈။ ဗျာ၊ ၁၂

Day 1

**I. "သင်နှင့် မိန်းမကိုလည်းကောင်း၊ သင်(မြွေ)၏ အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုလည်းကောင်း၊ ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏" (က၊ ၃း၁၅)။**

က။ ဤနေရာ၌ မိန်းမသည် ပထမဆုံး ဧဝ၊ ထိုနောက် သခင်ယေရှု၏ မိခင်၊ အပျိုကညာမာရိကို ပုံဆောင်ခြင်းဖြစ်သည် (ဂလ၊ ၄း၄)။ သူမသည် ကိုယ်တော့်ကို ယုံကြည်ကိုးစား၍ ကိုယ်တော်၏မျက်မှောက်တော်ရှိ မိန်းမ၏ အနေအထားကို ဆောင်ယူသော ဘုရားလူအားလုံးကိုလည်း ပုံဆောင်ခြင်းဖြစ်သည်။

၁။ မြွေနှင့် မိန်းမအကြားရှိ ရန်ငြိုးဖွဲ့မှုသည် စာတန်နှင့် ဘုရားလူအားလုံးတို့အကြား ရန်ငြိုးဖွဲ့ခြင်း ဖြစ်သည် (ဗျာ၊ ၁၂း၄)။

၂။ ဘုရားလူတို့ကို မြွေ၏ မုန်းတီးခြင်းနှင့် ဆန့်ကျင်တိုက်ခိုက်ခြင်းသည် အာဗေလကို သတ်ရန် ကာဣနအား စာတန်၏ သွေးထိုးလှုံ့ဆော်ခြင်းမှ အစပြု၍ ခေတ်ကာလများတစ်လျှောက်လုံး ဆက်လက်လှုံ့ဆော်နေပြီး ထာဝရကာလလုံး မီးအိုင်အထဲသို့ ချခြင်းခံရသည်အထိ ဖြစ်သည် (က၊ ၄း၈။ ၁ယော၊ ၃း၁၂။ ဗျာ၊ ၂၀း၇–၁၀)။

ခ။ မြွေ၏ အမျိုးအနွယ်သည် စာတန်နောက်လိုက်သော လူတို့ဖြစ်သည် (က၊ ၃း၁၅။ ယော၊ ၈း၄၄)။

၁။ စာတန်၊ မြွေဟောင်းသည် လူ၏ အသွေးအသားအထဲသို့ အပြစ်ဖြစ်သော သူကိုယ်တိုင်ကို ထိုးသွင်းခဲ့သောကြောင့်၊ လူအားလုံးသည် ဘုရား၏ အမြင်၌ မြွေများ ဖြစ်လာကြသည် (ဗျာ၊ ၁၂း၉။ ၂၀း၂။ ရော၊ ၇း၁၈။ မ၊ ၂၃း၃၃)။

၂။ စာတန်၏ နောက်လိုက်များဖြစ်သော သူတို့သည် မွေးဖွားခြင်းဖြင့် သူ၏ သားများ၊ သူ၏ အမျိုးအနွယ် ဖြစ်လာသည် (၃း၇။

၁၃း၃၈။ ယော၊၈း၄၄။ ၁ယော၊၃း၁၀)။

ဂ။ မိန်းမ၏ အမျိုးအနွယ်သည် လူ့ဇာတိခံယူသော ယေရှုခရစ်တော်နှင့် အောင်မြင်သောယုံကြည်သူများ ဖြစ်ကြသည် (ဂလ၊၄း၄။ ဗျာ၊ ၁၂း၅)။

၁။ မိန်းမ၏ အမျိုးအနွယ်သည် သခင်ယေရှုဖြစ်သည်။ ကိုယ်တော်သည် လူဖြစ်လာရန် အပျိုကညာမာရိ၌ မွေးဖွားခြင်းကိုခံတော်မူသည့် ဘုရားစင်စစ်ဖြစ်ကြောင်းကို ဟေရှာ၊၇း၁၄၌ ပရောဖက်ပြုထားပြီး၊ မ၊၁း ၂၃၌ ပြည့်စုံလာကာ၊ ဂလ၊၄း၄၌ အခိုင်အမာသက်သေပြသည်။ က၊၃း၁၅ရှိ မိန့်တော်မူချက်ကတိတော်က ဘုရားသခင်သည် ဖျက်ဆီးသောမြွေ၏ ခေါင်းကို ကြိတ်ရန် လူသားအမျိုးအနွယ် ဖြစ်လာရန် ကြွလာမည်ဖြစ်ကြောင်း ဖေါ်ပြထားသည်။

၂။ နောက်ဆုံးတွင် မိန်းမ၏ အမျိုးအနွယ်သည် ဗျာ၊၁၂း၅ရှိ သား–ယောကျ်ားအားဖြင့် ပုံဆောင်သော ဘုရားလူတို့၏ အားကောင်းသောအစိတ်အပိုင်းဖြစ်သည့် အောင်မြင်သောယုံကြည်သူများ ပါဝင်ခြင်းဖြင့် ကြီးမားကျယ်ပြန့်လာသည်။

ဃ။ က၊၃း၁၅အရ၊ မိန်းမ၏ အမျိုးအနွယ်သည် မြွေ၏ဦးခေါင်းကို ကြိတ်လိမ့်မည်ဖြစ်ပြီး၊ မြွေသည် သူ၏ ဖနောင့်ကို ကြိတ်လိမ့်မည်ဖြစ်သည်။

၁။ မိန်းမ၏ အမျိုးအနွယ်အားဖြင့် မြွေ၏ ဦးခေါင်းကို ကြိတ်ခြင်းသည် သခင်ယေရှု ကားတိုင်ပေါ်တွင် အသေခံခြင်းဖြင့် သေခြင်း၏ မင်းဖြစ်သော စာတန်ကို ဖျက်ဆီးခြင်းဖြစ်သည် (ဟေဗြဲ၊ ၂း၁၄။ ၁ယော၊၃း၈)။

၂။ သခင်ဘုရားသည် ကားတိုင်ပေါ်တွင် မြွေကို ဖျက်ဆီးနေချိန်တွင်၊ ကားတိုင်၌ ကိုယ်တော်၏ခြေကို သံဖြင့်ရိုက်ခံရ၍ ဒဏ်ချက်ရာရခြင်းမှာ မြွေသည် ကိုယ်တော်၏ ခြေကို ကြိတ်ခြင်း ဖြစ်သည်(ဆာ၊၂၂း၁၆)။

*Day 2*

## II. က၊၃း၁၅၌ ဖေါ်ပြသော အမျိုးအနွယ်သည် ဗျာ၊၁၂၌ အပြည့်အဝ တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။

က။ စကြဝဠာဆိုင်ရာတောက်ပသောမိန်းမနှင့် သူမ၏ သား–ယောကျ်ား

တို့က နီသောအဆင်းအရောင်နဂါးကြီးကို စစ်တိုက်ခြင်းဖြစ်သည့် ဗျာဒိတ်၊၁၂၏ ရူပါရုံသည် က၊၃း၁၅မှစ၍ ဤခေတ်ကာလ၏ အဆုံးတိုင်ဖြစ်သော မျိုးရိုးစဉ်ဆက်အားလုံး ပါဝင်အကြုံးဝင်သည် (ဗျာ၊ ၁၁း၁၅။ ၁၂း၁၀)။

ခ။ "ကောင်းကင်၌ ကြီးစွာသောအမှတ်လက္ခဏာဟူမူကား၊ မိန်းမတစ်ဦးသည် နေကိုဝတ်လျက်၊ လကို ခြေဖြင့်နင်းလျက်၊ မိမိခေါင်းပေါ်၌ ကြယ်ဆယ့်နှစ်လုံးဖြင့်ပြီးသောသရဖူကို ဆောင်းလျက်ပေါ်လာ၏။ ထိုမိန်းမသည် ကိုယ်ဝန်ရှိ၍ သားဖွားခြင်းငှါ ဖွားအံ့သောဝေဒနာပြင်းသောကြောင့် အော်ဟစ်လေ၏" (အငယ်၊၁–၂က)။

၁။ ထိုမိန်းမသည် ဘုရားသခင်၏လူများအားလုံးကို ပုံဆောင်သည့် စုပေါင်းထားသော၊ စကြဝဠာဆိုင်ရာ မိန်းမဖြစ်သည် (အငယ်၊၁)။

၂။ ဘုရားသခင်၏ရည်ရွယ်ချက်မှာ ကိုယ်တော်၏ရန်သူကို အနိုင်ယူရန်နှင့် နိုင်ငံတော်ကို ယူဆောင်ရန် ကိုယ်တော်အသုံးပြုမည့်သူ– ဘုရားလူတို့၏ အားကောင်းသောအစိတ်အပိုင်း– သားယောကျ်ားကို စကြာဝဠာဆိုင်ရာ မိန်းမအားဖြင့် မွေးဖွားရန် ဖြစ်သည် (အငယ်၊၁၀–၁၁)။

၃။ ဘုရားလူတို့၏ မျိုးရိုးစဉ်ဆက်များအားလုံးသည် ဘုရားသခင်၏နိုင်ငံတော်အတွက် တိုက်ခိုက်ရန် သားယောကျ်ားကို မွေးဖွားဖို့ ပြင်းစွာသောမွေးဖွားခြင်း ဆင်းရဲဒုက္ခကို ခံစားကြရသည် (ဟေရှာ၊၂၆း၁၇–၁၈။ ယေ၊၆း၂၄။ ၁၃း၂၁။ ၃၀း၆။ မိ၊၄း၉–၁၀။ ၅း၃။ ဂလ၊၄း၁၉)။

*Day 3*

၄။ သားယောကျ်ားကို မွေးဖွားခြင်းအတွက် ယုတ်စွအဆုံး ဘုရားသခင်လူတို့၏ ဝေစုအပိုင်းသည် မိန်းမနှင့်အတူရပ်တည်ရန် ပြန်လာဖို့နှင့် အမှန်တကယ်လက်တွေ့ကျသောနည်းလမ်း၌ မိန်းမ၏ အစိတ်အပိုင်း ဖြစ်လာဖို့ လိုအပ်သည် (၂ကော၊၁၁း၂။ ဧ၊၅း၂၄)။

ဂ။ "ကောင်းကင်၌ အခြားသောအမှတ်လက္ခဏာပေါ်လာသည်ကား၊ အဆင်းနီသောနဂါးကြီးသည် ... သားဖွားလုသော မိန်းမသည်

ဖွားသောအခါ၊ နဂါးသည် ထိုသားကို ကိုက်စားမည်အကြံနှင့် မိန်းမရှေ့၌ရပ်နေ၏ ” (ဗျာ၊ ၁၂း ၃က။ ၄ခ)။

၁။ နဂါးသည် မာရ်နတ်နှင့် စာတန်ဟု ခေါ်သော၊ ဘုရားသခင်၏ ရန်သူကို ပုံဆောင်သည်။ မြွေသည် ပါးနပ်သူဖြစ်သည်၊ နဂါးသည် ရက်စက်ကြမ်းကြုတ်သူဖြစ်သည် (အငယ်၊ ၉။ က၊ ၃း၁။ ၂ကော၊ ၁၁း၃)။

၂။ ဤစကြဝဠာ၌ စစ်ပွဲသည် မိန်းမဖြစ်သောဘုရားသခင်၏ လူတို့နှင့် နဂါးဖြစ်သောမြွေတို့၏ အကြားတွင် ပြင်းထန်လျက်ရှိကြောင်း ရှုပါရုံကို ကျွန်ုပ်တို့မြင်ဖို့လိုသည် (က၊ ၃း၁၅။ ဗျာ၊ ၁၂း၁၇)။

*Day 4*

(က) က၊ ၃း၁၅၌ ဖေါ်ပြထားသော မြွေနှင့် မိန်းမ၏ အမျိုးအနွယ်အကြားရှိ ရန်ငြိုးသည် ဗျာဒိတ်၊ ၁၂၌ အဆုံးစွန်သို့ အပြည့်အဝရောက်ရှိကြောင်းမှာ ထင်ရှားပေါ် လွင်လာသည်။

(ခ) နဂါးသည် စကြဝဠာဆိုင်ရာမိန်းမကို မုန်း၍၊ သူမ၏ သားကို ဝါးမျိုရန် ရည်ရွယ်ချက်ဖြင့် သူမကို ဆန့်ကျင်တိုက်ခိုက်နေသည် (အငယ်၊ ၄၊ ၁၃–၁၇)။

ဃ။ “ထိုမိန်းမသည် လူမျိုးတကာတို့ကို သံလှံတံနှင့်ထိန်းကျောင်းလတံ့သော သား–ယောကျ်ားကို ဖွားမြင်၏ ” (အငယ်၊ ၅က)။

၁။ ဘုရားသခင်သည် ကိုယ်တော်၏ ထာဝရအကြံအစည်တော် ပြီးမြောက်ပြည့်စုံစေရန်အတွက်၊ ကိုယ်တော်၏ ရန်သူကို အောင်နိုင်ရန်နှင့် ကိုယ်တော်၏ နိုင်ငံတော်ကို ယူဆောင်ရန် သား–ယောကျ်ားကို လိုအပ်သည (အငယ်၊ ၁၀။ ဧ၊ ၃း၁၁။ ၂တိ၊ ၁း၉)။

*Day 5*

၂။ အသင်းတော်သည် ဘုရားသခင်၏ အကြံအစည်တော်ကို ကြိုးပမ်းရယူခြင်းမရှိသောကြောင့်၊ ဘုရားသခင်သည် ကိုယ်တော်၏ အကြံအစည်တော်ကို ရယူနိုင်ပြီး၊ ကိုယ်တော်၏ တောင်းဆိုချက်များကို ပြည့်စုံစေနိုင်မည့် အောင်မြင်သူလူအစုကို ရွေးချယ်ရလိမ့်မည်ဖြစ်သည်။ ဤအရာသည် သား–ယောကျ်ား၏ အလေ့အလာ ဖြစ်သည် (ဗျာ၊ ၁၂း၁၁။ ၂း၇၊ ၁၁၊ ၁၇၊ ၂၆–၂၈။ ၃း၅၊ ၁၂၊ ၂၀–၂၁)။

၃။ ဗျာဒိတ်၊ ၂၁၌ မိန်းမ၏ အမျိုးအနွယ်သည် တစ်ဦးချင်းဖြစ်သောခရစ်တော်ကို ဆိုလိုခြင်းသာမဟုတ်ဘဲ၊ ဦးခေါင်းတော်ဖြစ်သော ခရစ်တော်နှင့် ကိုယ်ခန္ဓာတော်ဖြစ်သော ကိုယ်တော်၏ အောင်မြင်သော ယုံကြည်သူများအပါအဝင် စုပေါင်းထားသောခရစ်တော်၊ စုပေါင်းသောဖြစ်တည်ခြင်းကို ဆိုလိုခြင်းလည်းဖြစ်သည် (ကော၊၁း၁၈)။

*Day 6*

(က)ဗျာ၊၁၂း၅၌ သား–ယောက်ျားသည် ပေါင်းစည်းခြင်း ဖြစ်သည်။ သား–ယောက်ျားသည် တစ်ဦးချင်းဆိုင်ရာသခင်ယေရှုလည်းမဟုတ်၊ ကိုယ်တော်အတွက်သီးသန့်ဖြစ်သော အောင်မြင်သူများလည်းမဟုတ်ဘဲ၊ သခင်ယေရှုနှင့် အတူရှိသောအောင်မြင်သူများဖြစ်သည် (ဆာ၊၂း၉။ ဗျာ၊၂း၂၇)။

(ခ) သခင်ယေရှုသည် ဦးခေါင်းတော်၊ အလယ်ဗဟို၊ စစ်မှန်ခြင်း၊ အသက်နှင့် သား–ယောက်ျား၏ သဘောသဘာဝဖြစ်ပြီး၊ အောင်မြင်သူများသည် သား–ယောက်ျား၏ ခန္ဓာတော်ဖြစ်သည်။

(ဂ) ဆာ၊၂း၈–၉၊ ဗျာ၊၂း၂၆–၂၇နှင့် ၁၂း၅တို့၌ ဘုရားသခင်၏ ဘိက်သိက်ပေးခြင်းခံရသော သခင်ယေရှု၊ အသင်းတော်များရှိ အောင်မြင်သူများနှင့် သား–ယောက်ျားသည် သံလှံတံနှင့် လူမျိုးများကို အုပ်စိုးလိမ့်မည်ဖြစ်ကြောင်းနှင့် ၎င်းကို သခင်ယေရှု၊ အောင်မြင်သူများနှင့် သား–ယောက်ျားသည် တစ်လုံးတစ်ဝရှိကြောင်းဖြင့် သက်သေပြု ဖော်ပြထားသည်။

၄။ ကားတိုင်ပေါ်တွင် သခင်ဘုရားအသေခံခြင်းဖြင့်၊ စာတန်၊ မြွေဟောင်းကို တရားစီရင်၍ နှင်ထုတ်ပြီးဖြစ်သည်။ သား–ယောက်ျားဖြစ်သော အောင်မြင်သူများဖြစ်သည့် မိန်းမ၏ စုပေါင်းထားသောအမျိုးအနွယ်သည် နောက်ဆုံးတွင် တရားစီရင်ခြင်းကို လုပ်ဆောင်လိမ့်မည်ဖြစ်သည် (ယော၊၁၂း၃၁။ ၁၆း၁၁။ ဗျာ၊ ၁၂း၉)။

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ၃း၁၅ သင်နှင့် မိန်းမကိုလည်းကောင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏ အမျိုးအနွယ်ကိုလည်းကောင်း ငါသည် ရန်ငြိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်၊ သင်သည် သူ၏ဖိနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။**

**ဂလ၊ ၄း၄ အချိန်ကာလစေ့သောအခါ၊ မိန်းမဝမ်း၌ မွေးဖွား၍၊ ပညတ်တရားအောက်၌ ဖွားမြင်ရသောသားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။**

က၊၃း၁၅၌ မိန်းမသည် ပထမဦးဆုံး ဧဝကို ပုံဆောင်ခြင်းဖြစ်ပြီး၊ ထိုနောက် သခင်ယေရှု၏မိခင်၊ အပျိုကညာမာရိကို ပုံဆောင်သည် (ဂလ၊၄း၄)။ သူမသည် ဗျာ၊၁၂း၁၌ စကြဝဠာဆိုင်ရာမိန်းမအဖြစ် ကိုယ်စားပြုခြင်းခံရသော၊ ကိုယ်တော့်ကို ယုံကြည်ကိုးစား၍ ဘုရားမျက်မှောက်တော်တွင် မိန်းမ၏ အနေအထားကို ယူဆောင်သော၊ ဘုရားသခင်၏ လူအားလုံးကိုလည်း ပုံဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် စာတန်နှင့် မိန်းမ၏ အကြား ရန်ငြိုးဖွဲ့ခြင်းသည် စာတန်နှင့် ဘုရားသခင်၏လူအားလုံးအကြား ရန်ငြိုးဖွဲ့ခြင်း ဖြစ်သည်။ ဘုရားလူတို့ကို မြွေ၏မုန်းတီးခြင်းနှင့် ဆန့်ကျင်တိုက်ခိုက်ခြင်းသည် အာဗေလကို သတ်ရန် စာတန်သည် ကာဣနအား သွေးထိုးလှုံ့ဆော်ချိန်မှ အစပြုပြီး(က၊၄း၈။ ၁ယော၊၃း၁၂)၊ မျိုးရိုးစဉ်ဆက်များတစ်လျှောက်လုံးဆက်လက်သွားကာ စာတန်ကို ထာဝရမီးအိုင်အထဲသို့ ချပစ်သည်အချိန်ထိ ဖြစ်လိမ့်မည် (ဗျာ၊၂၀း၇–၁၀)။ (Gen. 3;15, footnote 1)

## ယနေ့ဖတ်စရာ

မြွေ၏အမျိုးအနွယ်သည် စာတန်နောက်လိုက်သော လူများဖြစ်သည်။ မြွေဟောင်း၊ စာတန် (ဗျာ၊၁၂း၉။ ၂၀း၂)သည် လူ၏ အသွေးအသားအထဲသို့ အပြစ်အဖြစ် သူကိုယ်တိုင်ကို ထည့်သွင်းလိုက်သည့်အတွက်(ရော၊၇၌ မှတ်စု၊၁၈ကို ကြည့်ပါ)၊ လူအားလုံးသည် ဘုရား၏ အမြင်၌ မြွေများဖြစ်လာခဲ့သည် (မ၊၂၃း၃၃)။ စာတန်နောက်လိုက်သူများသည် မွေးစားခြင်းအားဖြင့် မဟုတ်ဘဲ၊ မွေးဖွားခြင်းဖြင့် သူ၏ သားများ၊ သူ၏ အမျိုးအနွယ် ဖြစ်လာခဲ့သည် (မ၊၃း၇။ ၁၃း၃၈။ ယော၊၈း၄၄။ ၁ယော၊၃း၁၀)။ ထို့ကြောင့် သူတို့၌ မြွေလိမ် မြွေကောက် သဘောသဘာဝနှင့် အသက်ရှိကြသည်။ စာတန်သည် သူတို့အား မိန်းမ၏မျိုးစေ့ကို နှိပ်စက်၍ ဆန့်ကျင်တိုက်ခိုက်ရန် အသုံးပြုနေသည်။ (Gen.

3;15, footnote 2)

မိန်းမ၏ အမျိုးအနွယ်သည် လူဖြစ်လာရန် အပျိုကညာမာရိမှမွေးဖွားသော ဘုရားစင်စစ်ဖြစ်သည့် လူ့ဇာတိခံယူတော်မူသော ယေရှုခရစ်တော် ဖြစ်သည်၊ ၎င်းကို ယေရှာ၊၇း၁၄၌ ပရောဖက်ပြုထားပြီး၊ မ၁း ၂၃၌ ပြီးပြည့်စုံခြင်းကို၊ ဂလ၊၄း၄၌ အခိုင်အမာအတည်ပြုထားသည်။ ထို့ကြောင့် က၊၃း၁၅ရှိ ကတိတော်က ဘုရားကိုယ်တော်တိုင်သည် ဖျက်ဆီးသောမြွေ၏ဦးခေါင်းကို ကြိတ်ရန်အတွက် လူသားအမျိုးအနွယ်ဖြစ်လာရန် ကြွလာကြောင်းကို ဖေါ်ပြသည်။ နောက်ဆုံးတွင် မိန်းမ၏ အမျိုးအနွယ်သည် ဗျာ၊ ၁၂း၅၌ သားယောက်ျားအားဖြင့် ပုံဆောင်သော ဘုရားလူတို့၏ အားကြီးသောအပိုင်းဖြစ်သည့် အောင်မြင်သောယုံကြည်သူများပါဝင်၍ ကြီးမားလာသည် (ထိုနေရာရှိ မှတ်စု၊ ၂ကို ကြည့်ပါ)။ စုပေါင်းထားသော မိန်းမ၏ အမျိုးအနွယ်၊ သားယောက်ျား၌ တစ်ဦးချင်းဆိုင်ရာမိန်းမ၏ အမျိုးအနွယ်၊ သခင်ယေရှု အပါအဝင်ဖြစ်သည်။ ဆာ၊ ၂း၈–၉၊ ဗျာ၊ ၂း၂၆–၂၇နှင့် ၁၂း၅တို့တွင် ဘုရားသခင်၏ ဘိက်သိက်ပေးခြင်းခံရသော သခင်ယေရှု၊ အသင်းတော်၌ အောင်မြင်သူများနှင့် သားယောက်ျားသည် သံလှံတံနှင့် လူမျိုးများကို အုပ်စိုးမည်ဖြစ်ကြောင်းကို သခင်ယေရှု၊ အောင်မြင်သူများနှင့် သားယောက်ျားတို့သည် တစ်လုံးတစ်ရှိကြောင်းဖြင့် သက်သေပြသည်။ ဦးဆောင်သောအောင်မြင်သူဖြစ်သည့် သခင်ဘုရား(ဗျာ၊၃း ၂၁)သည် ဦးခေါင်းတော်၊ အလယ်ဗဟို၊ စစ်မှန်ခြင်း၊ အသက်နှင့် သားယောက်ျား၏ သဘောသဘာဝဖြစ်ပြီး၊ နောက်လိုက်အောင်မြင်သူများဖြစ်သော သားယောက်ျားသည် သခင်ဘုရား၏ ကိုယ်ခန္ဓာတော်ဖြစ်သည်။(Gen. 3;15,footnote 3)

မိန်းမ၏ အမျိုးအနွယ်အားဖြင့် မြွေ၏ ခေါင်းကို ကြိတ်ခြင်းမှာ ကားတိုင်ပေါ် တွင် ကိုယ်တော်၏ အသေခံခြင်းဖြင့် သခင်ယေရှုသည် သေမင်းစာတန်ကို ဖျက်ဆီးခြင်း ဖြစ်သည် (ဟေဗြဲ၊ ၂း၁၄နှင့် မှတ်စု၊ ၁ယော၊၃း၈)။ သခင်ဘုရားသည် ကားတိုင်ပေါ် တွင် မြွေကို ဖျက်ဆီးနေချိန်တွင်၊ ကားတိုင်၌ ကိုယ်တော်၏ ခြေကို သံဖြင့်ရိုက်ခံရ၍ ဒဏ်ချက်ရာဖြစ်ရခြင်းမှာ မြွေသည် ကိုယ်တော်၏ ဖနောင့်ကို ကြိတ်ခြင်းဖြစ်သည် (ဆာ၊ ၂၂း ၁၆)။

ကားတိုင်ပေါ် တွင် သခင်ဘုရား၏ အသေခံခြင်းဖြင့် စာတန်၊ မြွေဟောင်းသည် တရားစီရင်ခြင်းနှင့် ပစ်ချခြင်းကို ခံရသည် (ယော၊၁၂း၃၁။ ၁၆း၁၁)။ ထိုတရားစီရင်ခြင်းကို နောက်ဆုံးတွင် မိန်းမ၏ စုပေါင်းထားသောအမျိုးအနွယ်ဖြစ်သော၊ သားယောက်ျားဖြစ်သည့် အောင်မြင်သူများက လုပ်ဆောင်လိမ့်မည်ဖြစ်သည် (ဗျာ၊၁၂း၉..)။ (Gen. 3;15, footnote 4)

က၊၃း၁၅၏ အလယ်ဗဟို၊ အချက်အချာမှာ မိန်းမ၏ အမျိုးအနွယ်၊ သခင်ယေရှု

သည် ကားတိုင်ပေါ်တွင် စာတန်ကို ဖျက်ဆီးရန် ကြွလာခြင်းဖြစ်သည်။ ဤအရာသည် သတင်းကောင်းကို ဟောပြောခြင်း၌ အခိုင်မာဆုံးသော ပြောကြားချက်ဖြစ်သည်။ အာဒံနှင့် ဧဝသည် သေခြင်း၏စီရင်ခြင်းအောက်သို့ ကျရောက်လုဆဲဆဲ ထိတ်လန့်လျက်ရှိနေရသည်၊ သို့သော် ဤအစား ဘုရားသခင်သည် သူတို့အား ဧဝံဂေလိတရားဟောပြောခြင်းဖြင့် သူတို့ကို အံ့အားသင့်စေသည်။ အာဒံနှင့် ဧဝသည် ဘုရားကို ကြောက်ရွံ့ပြီး၊ မြွေကို မုန်းသည်။ ထိုကြောင့် "မိန်းမ၏ အမျိုးအနွယ်"ဟုသတ်မှတ်ခံရသောအရှင်သည် မြွေကို ဖျက်ဆီးရန် ကြွလာမည်ဟူ၍ ကိုယ်တော်၏ သတင်းကောင်း၌ ဘုရားသခင်ကြွေးကြော်ခဲ့သည်။ ထိုအရာသည် ဧဝံဂေလိတရား ဖြစ်သည်။ မိန်းမ၏ မျိုးစေ့နှင့် မြွေကိုဖျက်ဆီးရန် ကြွလာခြင်းနှင့်သက်ဆိုင်သည့် ကတိတော်မှာ ပထမဆုံးသောအပြစ်သားများ၏ မျိုးဆက်ကို ဟောပြောသောသတင်းကောင်း ဖြစ်သည်။

ကၢ၃း၁၅၌ ကတိတော်က စာတန်သည် ဘုရားလူတို့၏ ရန်သူဖြစ်ကြောင်း ဖေါ်ပြထားသည်။ နောက်ဆုံးတွင် သခင်ယေရှုသည် ရန်သူကို ဖျက်ဆီးရန် မိန်းမ၏ အမျိုးအနွယ်အဖြစ် ကြွလာခဲ့သည်။ ယနေ့ ကျွန်ုပ်တို့သည် ဤကတိတော်၏ ပြည့်စုံခြင်းကို မွေ့လျော်ဝမ်းမြောက်နေရသည်။ (*Life-sty of Genesis*, pp. 255-256)

*ပို၍ဖတ်ရန်-* *Life-sty of Genesis*, msgs. 19-20

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဗျာ၊ ၁၂း၁–၂** **ကောင်းကင်၌ ကြီးစွာသောအမှတ်လက္ခဏာဟူမူကား၊ မိန်းမတစ်ဦးသည် နေကိုဝတ်လျက်၊ လကို ခြေဖြင့်နင်းလျက်၊ မိမိခေါင်းပေါ်၌ ကြယ်ဆယ့်နှစ်လုံးဖြင့်ပြီးသော သရဖူကိုဆောင်းလျက် ပေါ်လာ၏။ ထိုမိန်းမသည် ကိုယ်ဝန်ရှိ၍ သားဖွားခြင်းငှါ ဖွားအံ့သောဝေဒနာ ပြင်းသောကြောင့် အော်ဟစ်လေ၏။**

ဗျာဒိတ်အခန်းကြီး၊၁၂၌ အဓိကပုံပန်းသဏ္ဍာန်သုံးခုရှိသည်၊– မိန်းမ၊ သားယောကျ်ားနှင့် နီသောအဆင်းရောင်နဂါးကြီးတို့ ဖြစ်သည်။ ရာစုနှစ်များတစ်လျှောက်လုံး၌ မိန်းမနှင့် မြွေအကြားတွင် စစ်ပွဲတိုက်ခိုက်လျက်ရှိသည်။ အကယ်စင်စစ် စစ်ပွဲကို မိန်းမသည် တိုက်ခိုက်ခြင်းမဟုတ်ဘဲ၊ သားယောကျ်ားက တိုက်ခိုက်ခြင်းဖြစ်သည်။ ဤစစ်ပွဲသည် က၊၃း၁၅၌ အစပြုခဲ့ပြီး၊ နောက်ဆုံး သုံးနှစ်ခွဲ၌ ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။ သားယောကျ်ားနှင့်အတူရှိသော မိန်းမနှင့် နဂါးကြီးဖြစ်လာသော မြွေသည် သေလွန်ပြီးသောအောင်မြင်သူများ၏ ရှင်ပြန်ထမြောက်ခြင်းအချိန်အထိ တိုက်ခိုက်လိမ့်မည်ဖြစ်သည်။ သေလွန်ပြီးသောအောင်မြင်သူအားလုံးသည် တစ်ခုတည်းသောမျက်မြင်ထင်ရှားဖြစ်တည်ခြင်းအဖြစ် ရှင်ပြန်ထမြောက်လာသောအခါ၊ သားယောကျ်ားသည် ပြည့်စုံသောဖြစ်တည်ခြင်းသို့ ရောက်ရှိလာလိမ့်မည်ဖြစ်သည်။ ဘုရားလူတို့၏ ပို၍အားကောင်းသောအပိုင်း၊ ဤတစ်ခုတည်းသောဖြစ်တည်ခြင်းသည် ဘေးဒဏ်ကြီးလာလမတိုင်မီ လေထုထဲသို့မဟုတ်ဘဲ၊ ဘုရားသခင်၏ပလ္လင်တော်သို့ ချီဆောင်ခြင်းခံရလိမ့်မည်ဖြစ်သည်။ သားယောကျ်ားကို ချီဆောင်ခြင်းပြီးနောက်တွင် နောက်ဆုံးသုံးနှစ်ခွဲ သို့မဟုတ် ရက်ပေါင်းနှစ်ရာ့ခြောက်ဆယ် ရောက်ရှိလာမည်ဖြစ်သည်။ (*Life-study of Revelation,* p. 435)

## ယနေ့ဖတ်စရာ

ဗျာဒိတ်၊၁၂၌ မိန်းမသည် တစ်ဦးချင်းဆိုင်ရာမိန်းမ မဟုတ်ဘဲ၊ ဘုရားလူများအားလုံး စုစုပေါင်းကို ပုံဆောင်သည့် စုပေါင်းထားသော၊ စကြဝဠာဆိုင်ရာ မိန်းမဖြစ်သည်။ က၊၃း၁၅၌ မိန်းမသည် ဒေသန္တရနှင့် တစ်ဦးချင်းဆိုင်ရာ ဖြစ်သည်။ အမျိုးအနွယ်(မျိုးစေ့)၊ ခရစ်တော်သည်လည်း တစ်ဦးချင်းဆိုင်ရာ ဖြစ်သည်။ မြွေသည် သေးငယ်သော မြွေ ဖြစ်သည်။ မိန်းမ၊ အမျိုးအနွယ်နှင့် မြွေ သုံးဦးလုံးသည် တစ်ဦးချင်းဆိုင်ရာနှင့် သေးငယ်သောပမာဏသာ ဖြစ်သည်။ သို့သော် ဗျာ၊၁၂၌ မိန်းမသည် ဘုရားလူအားလုံး

ကို ပုံဆောင်သည့် စကြဝဠာဆိုင်ရာနှင့် စုပေါင်းခြင်း ဖြစ်သည်။ ကြယ်တစ်ဆယ့်နှစ်လုံးသည် ဘိုးဘေးများ၏ အမျိုးကို ပုံဆောင်သည်။ လသည် အစ္စရေးကို ပုံဆောင်သည်။ နေသည် အသင်းတော်၊ ဓမ္မသစ်ယုံကြည်သူများကို ပုံဆောင်သည်။ ဤအခန်းကြီး၌ အမျိုးအနွယ်သည် တစ်ဦးချင်းဆိုင်ရာခရစ်တော်မျှသာ မဟုတ်ဘဲ၊ ဦးခေါင်းတော်ဖြစ်သော ခရစ်တော်နှင့် ကိုယ်ခန္ဓာတော်ဖြစ်သော ကိုယ်တော်၏ အောင်မြင်သောယုံကြည်သူများ အားလုံးအပါအဝင်၊ စုပေါင်းထားသောခရစ်တော်၊ စုပေါင်းထားသော ဖြစ်တည်ခြင်း ဖြစ်သည်။

အငယ်၊ ၂၌ မိန်းမသည် သားနှင့်အတူရှိကြောင်းနှင့် အငယ်၊ ၅၌ "မိန်းမသည် သားယောကျ်ားကို ဖွားမြင်၏"ဟု ပြောဆိုထားသည်။ ဤနေရာတွင် သားယောကျ်ား ဖြစ်သည့် သားသည် ဘုရားလူတို့၏ သာ၍ ခိုင်မာအားကြီးသောအပိုင်းကို ပုံဆောင်သည်။ သို့သော် အငယ်၊ ၂၌ ဤသားသည် မိန်းမ၌ ရှိပြီး၊ နှုတ်ကပတ်တော်က သူ့အား ကလေးငယ်ဟု ခေါ် ဆိုခြင်းမဟုတ်ဘဲ၊ သားယောကျ်ားဟု ခေါ် ဆိုသည်။ နှုတ်ကပတ်တော်၏ ဤအပိုင်းကို ဖတ်၍၊ ဆုတောင်းခြင်းဖြင့် ဤနေရာ၌ သားယောကျ်ားသည် ကလေး ငယ်ကို ဆိုလိုခြင်းမဟုတ်ကြောင်း ကျွန်ုပ်တို့ သိနားလည်ရသည်။ ၎င်းသည် မိန်းမအ တွင်းထဲရှိ သာ၍ခိုင်မာအားကြီးသောအပိုင်းကို ဆိုလိုခြင်းဖြစ်သည်။ မိန်းမသည် ဘုရားလူအားလုံးကို ကိုယ်စားပြုသည်။ သို့သော် မျိုးရိုးစဉ်ဆက်တစ်လျှောက်လုံး၌ ဘုရားလူတို့အတွင်းတွင် သာ၍ခိုင်မာအားကြီးသောသူများ ရှိသည်။ ကျမ်းစာ၌ သူတို့ကို ဘုရားအတွက် စစ်ပွဲကို တိုက်ခိုက်သည့်၊ မြေကြီးပေါ် သို့ ဘုရားနိုင်ငံတော်ကို ယူဆောင်သည့်၊ စုပေါင်းယူနစ်အဖြစ် သတ်မှတ်သည်။

ဘုရားသခင်၏ လူတိုင်းသည် ခိုင်မာအားကြီးသူ မဖြစ်ကြောင်း သမိုင်းက သက်သေပြထားသည်။ ဘုရားလူအနည်းစုသာလျှင် ခိုင်မာအားကြီးသူများ ဖြစ်ကြသည်။ ဥပမာ၊ ဧလိယနှင့် ယေရမိသည် ခိုင်မာအားကြီးသူများဖြစ်သည်။ ဘုရားလူအများစုသည် စစ်မှန်ကြသော်လည်း၊ သူတို့သည် ခိုင်မာအားကြီးသူများ မဟုတ်ကြပါ။ ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်း၌ ဤကဲ့သို့အတိုင်း တွေ့မြင်နိုင်သည်။ ကနဦးအချိန်ကာလများ၌ ခရစ်ယာန်ထောင်ပေါင်းများစွာရှိခဲ့သော်ငြားလည်း၊ ထိုများစွာတို့သည် မှန်ကန်သော အားကြီးသူများ မဟုတ်ကြပါ။ ကျွန်ုပ်သည် သင်တို့အားလုံးကို ခိုင်မာအားကြီးသူများ ဖြစ်ရန် ခွန်အားပေးပါသည်။

ဘုရားလူတို့သည် သားယောကျ်ား ဖြစ်မလာမီ၊ ပထမဆုံး သူတို့သည် ကိုယ်တော်အဖို့ မိန်းမ ဖြစ်ရမည်။ ဤအရာက ယခု အသင်းတော်၌ ကျွန်ုပ်တို့သည် ပထမဆုံး ဘုရား

အဖို့ မိန်းမဖြစ်ရမည်၊ နောက်မှ သားယောက်ျား ဖြစ်မည်။ ဗျာ၊၁၂ရှိ အမှတ်လက္ခဏာအားဖြင့် ဘုရားသခင်၏ ရည်ရွယ်ချက်မှာ ဤမိန်းမအားဖြင့် သားယောက်ျားကို မွေးဖွားရန်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်ရသည်။

မိန်းမ၏ ဆင်းရဲဒုက္ခခံစားခြင်းနှင့် ဘုရားလူတို့၏ ဆင်းရဲဒုက္ခခံစားခြင်းဖြင့်၊ သားယောက်ျားကို မွေးဖွားခြင်းဖြစ်သည် (အငယ်၊ ၂၊ ၄–၅)။ အငယ်၊ ၂၌ အောင်ဟစ်သည်ဆိုသည့်စကားမှာ သူမဆုတောင်းခြင်းဖြစ်ကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။ "သားဖွားခြင်းငှါ ဖွားအံ့သောဝေဒနာပြင်းသောကြောင့် အော်ဟစ်လေ၏" ဆိုသည်မှာ မျိုးရိုးစဉ်ဆက်များတစ်လျှောက်လုံး ဘုရားလူတို့သည် ဘုရားသခင်၏ နိုင်ငံတော်အတွက် တိုက်ခိုက်ရန် သားယောက်ျားကို မွေးဖွားဖို့ သားဖွားခြင်းအတွက် ဝေဒနာကို ပြင်းပြစွာဆင်းရဲဒုက္ခခံစားရကြောင်းကို ပုံဆောင်ခြင်းဖြစ်သည် (ဟေရှာ၊ ၂၆း၁၇–၁၈။ ယော၊၆း ၂၄။ ၁၃း ၂၁။ ၃၀း၆။ မိ၊၄း၉–၁၀။ ၅း၃။ ဂလ၊၄း၁၉)။ (*Life-study of Revelation*, pp. 419-420, 411, 432-433)

*ပို၍ဖတ်ရန်-* *The Vision of the Universal Woman and the Man-child,* chs. 1-3

***အလင်းဖွင့်ပြခံရခြင်းနှင့် နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

————————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဗျာ၊ ကောင်းကင်၌ အခြားသောအမှတ်လက္ခဏာပေါ်လာသည်ကား၊**
**၁၂း၃–၄ အဆင်းနီသောနဂါးကြီးသည် . . . သားဖွားလုသောမိန်းမသည် ဖွားသောအခါ၊ နဂါးသည် ထိုသားကို ကိုက်စားမည်အကြံနှင့် မိန်းမ ရှေ့၌ရပ်နေ၏။**

**၂ကော၊ အကြောင်းမူကား၊ ငါသည် သင်တို့ကို စင်ကြယ်သောသတို့သမီး**
**၁၁း၂ ကညာကဲ့သို့ ခရစ်တော်အား ဆက်သအံ့သောငှါ၊ သင်တို့ကို လင်တစ် ဦးနှင့်ထိမ်းမြားဆောင်နှင်းပြီးသောကြောင့် ဘုရားသခင်၏စိုးရိမ် ကြောင့်ကြခြင်းအတိုင်း စိုးရိမ်သောစိတ်နှင့် သင်တို့ကိုစောင့်ရှောက် လျက်နေ၏။**

သင်သည် ဘုရားသခင်၏လူတို့မှ တစ်ဦးဖြစ်ကောင်းဖြစ်မည်ဆိုသော်ငြားလည်း၊ ဤနေရာတွင် သင်သည် ဘုရား၏လူအဖြစ် ရပ်တည်မလား၊ မရပ်တည်မလားဆိုသည့် မေးခွန်းမှာ အရေးကြီးသည်။ ခရစ်ယာန်များအားလုံးသည် ဘုရားလူများဖြစ်ကြသည်၊ သို့သော် သူတို့မှ အများစုသည် ဘုရားလူဖြစ်ခြင်း၏ တည်နေရာ ပျောက်ဆုံးနေကြသည်။

သားယောက်ျားကို မွေးဖွားဖို့အတွက် ယုတ်စွအဆုံး ဘုရားလူတို့၏ အချို့သော အစိတ်အပိုင်းသည် မိန်းမဘက်၌အမှန်အကန်ရပ်တည်ပေးရန် ပြန်လာကြဖို့ လိုအပ်သည်။ ဤသို့ရပ်တည်သောသူများ၌ အခြားမည်သည့်အရာမျှမရှိဘဲ၊ ဘုရားသခင်၌သာ လုံးလုံးရှိသူများဖြစ်ကြသည်။ သူတို့သည် သားယောက်ျားကို မွေးဖွားရန် မှန်ကန်သော အခြေတည်ရာပေါ်ရှိ မိန်းမဖြစ်သည်။ (*Life-study of Revelation*, pp. 464-465)

## *ယနေ့ဖတ်စရာ*

ကျွန်ုပ်တို့အားလုံးသည် အမှန်တကယ်လက်တွေ့ကျသော မိန်းမ၏ အစိတ်အပိုင်း ဖြစ်ရမည်။ သင်က “အကျွန်ုပ်သည် အသွေးတော်ဖြင့် ရွေးနုတ်ခြင်းခံရပြီး၊ ဝိညာဉ်တော် အားဖြင့် အသစ်တစ်ဖန်မွေးဖွားခြင်းခံရ၍ ဝိညာဉ်တော်ဖြင့် ပြည့်ဝလျက်ရှိပါသည်”၊ သင်သည် စစ်မှန်သောခရစ်ယာန်ဖြစ်ရသည့်အတွက် သခင်ဘုရားကို ကျေးဇူးတင်ပါ သည်ဟုသာ ပြောဆိုနိုင်ပါက၊ သင်သည် သားယောက်ျားကို မွေးဖွားမည့် အမှန်တကယ် လက်တွေ့ကျသော မိန်းမ၏ အပိုင်း ဖြစ်မည်မဟုတ်သေးပါ။ သင်သည် New York မြို့၌ နေသော ဂျူးများကဲ့သို့ သူတို့သည် ဂျူးများဖြစ်ကြောင်းနှင့် သူတို့သည် အစ္စရေးနိုင်ငံ အတွက်ဖြစ်ကြောင်း ကြွေးကြော်နေသူများနှင့် တူသည်။ သူတို့သည် ဂျူးများဖြစ်ကြ

သည်၊ သို့သော် သူတို့သည် အစ္စရေးနိုင်ငံသားများဖြစ်ကြောင်း သူတို့မပြောဆိုနိုင်ပါ။ သူတို့သည် အစ္စရေးနိုင်ငံကို ကူညီ၍၊ အစ္စရေးလူမျိုးအတွက် ဖြစ်ကြသည်၊ သို့သော် သူတို့သည် လက်တွေ့နည်းလမ်း၌ အစ္စရေးနိုင်ငံသား မဟုတ်ပါ။ ထိုနည်းတူပင်၊ ယနေ့ လူစုကွဲနေသော ဘုရားသားများသည် သားယောက်ျားကို မွေးဖွားရမည့်၊ နေရာပျောက်ဆုံးနေသူများ မဟုတ်ပါလား။ ဘုရား၏ စီမံကိန်းကိုမြင်၍ သန့်ရှင်းကောင်းမြတ်သော မိန်းမ၏ နေရာတွင် ရပ်တည်ခြင်းအတွက် ပြန်လာရန် အလိုဆန္ဒရှိသော ဘုရားရွေးနုတ်ထားသောလူတို့၏ အစိတ်အပိုင်းသည်သာ သားယောက်ျားကို မွေးဖွားလိမ့်မည်ဖြစ်သည်။

မြွေသည် ပါးနပ်ပြီး၊ နဂါးသည် ရက်စက်သူဖြစ်သည်။ ဗျာ၊၁၂း၃၌ နဂါးသည် ကြီးမားလာကြောင်း ပြောဆိုထားသည်။ ကမ္ဘာဦး၊၃၌ စာတန်သည် သေးငယ်သောသတ္တဝါ၊ မြွေဖြစ်သည်။ ဤနေရာတွင် သူသည် မြွေထက်သာ၍ကြီးသော နဂါး ဖြစ်လာသည်။ မြွေသည် ရာစုနှစ်များတစ်လျှောက်လုံး များစွာစားသောက်ခြင်းကြောင့်၊ သူသည် ကြီးမားသောနဂါးအဖြစ်သို့ ကြီးထွားလာခဲ့သည်။ ထိုကြီးသောနဂါးကြီးသည် အဆင်းအနီရောင်ဖြစ်သည်။ ဤနေရာ၌ အနီရောင်သည် စာတန်၏ လူသတ်မှုများဖြင့် အသွေးစွန်းခြင်းကို ပုံဆောင်သည်(ယော၊၈း၄၄)။ အာဗေလသည် နဂါးအားဖြင့် ပထမဆုံး သတ်ခြင်းခံရသည့် မာတုရ ဖြစ်သည်။ မ၊၂၃း၃၅၌ သခင်ယေရှုက ဖြောင့်မတ်သောအာဗေလ၏ အသွေးဟူ၍ ပြောဆိုသည်။ နဂါးသည် သူ၏ စားသုံးခြင်းကြောင့် ကြီးလာရုံသာမက၊ နှစ်များစွာတစ်လျှောက်လုံး အောင်မြင်သူများစွာကို သူသတ်ခဲ့သောကြောင့် အဆင်းအနီရောင်လည်းဖြစ်လာသည်။

နဂါးကြီးကို စာတန်ဟုလည်း ခေါ်ဆိုသည် (ဗျာ၊၁၂း၉)။ ဂရိဘာသာ၌ စာတန်ဆိုသည့်စကားသည် “ပြိုင်ဘက်၊ ရန်ဘက်” ကို ဆိုလိုသည်။ စာတန်သည် ဘုရားသခင်၏ နိုင်ငံတော်၏ အပြင်ပိုင်းဆိုင်ရာ ဘုရား၏ ရန်သူ ဖြစ်ရုံသာမကဘဲ၊ ဘုရားနိုင်ငံတော်၏ အတွင်းပိုင်းဆိုင်ရာမှ ဘုရားကို ဆန့်ကျင်ပုန်ကန်နေသော ဘုရား၏ ပြိုင်ဘက် ရန်ဘက်လည်းဖြစ်သည်။ ရန်သူသည် ဘုရားနိုင်ငံတော်၏ အပြင်ပိုင်းရန်သူကို ဆိုလိုသည်။ ပြိုင်ဘက် ရန်ဘက်သည် ဘုရားနိုင်ငံတော်၏ အတွင်းပိုင်း ရန်သူကို ဆိုလိုသည်။

အငယ်၊၉၌ ဆိုးညစ်သူနှင့် စာတန်ဟု ခေါ်ဆိုခံရသော နဂါးကြီးသည် လူနေထိုင်ရာ မြေကြီးတစ်ပြင်လုံးကို လိမ်လည် လှည့်စားနေကြောင်း ပြောဆိုထားသည်။ မည်သူမျှ ခြွင်းချက်မရှိပါ။ လူတိုင်းကို သူသည် လိမ်လည်လှည့်စားနေသည်။ မြေကြီးပေါ်ရှိလူတိုင်း၊ အမြင့်မှ အနိမ့်၊ အကြီးဆုံးမှ အငယ်ဆုံးတိုင်အောင် စာတန်သည် လိမ်လည်လှည့်စားနေသည်။

ဗျာဒိတ်၊၁၂၌ ဖော်ပြထားသောမိန်းမသည် ကမ္ဘာ၊၃း၁၅၌ ဖော်ပြသော မိန်းမဖြင့် အစပြုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤစကြဝဠာ၌ ကြီးမားသောစကြဝဠာဆိုင်ရာ မိန်းမ၏ သားကိုမွေးဖွားရန် ဝေဒနာခံစားရသောမွေးဖွားခြင်း၏ အမှတ်လက္ခဏာ ရုပ်ပုံကို မြင်ဖို့လိုအပ်သည်။ မိန်းမ၏ ရှေ့တွင် သူမကို တိုက်ခိုက်နေသော နဂါးရှိနေပြီး၊ သားကို မွေးဖွားသည်နှင့်တစ်ပြိုင်နက် ဝါးမျိုရန် စောင့်နေသည်။ က၊၃း၁၅၌ ပထမဆုံး မြင်တွေ့ရသော ရန်ငြိုးသည် ဘုရားသခင်နှင့်သက်ဆိုင်သည်။ မြွေနှင့် မိန်းမအကြား ရန်ငြိုး ဖြစ်စေသောသူမှာ ဘုရားသခင်ဖြစ်သည်။ ယနေ့ ဤစကြဝဠာ၌ ပြင်းထန်သော စစ်ပွဲတစ်ခုသာ ရှိသည်၊– မိန်းမတည်းဟူသော ဘုရားသခင်၏ လူတို့နှင့် နဂါးတည်းဟူသော မြွေအကြား စစ်ပွဲဖြစ်သည်။ ဤရုပ်ပုံကို သင်မြင်ပါသလား။ ယနေ့ ကျွန်ုပ်တို့အားလုံးသည် မိန်းမ၏ ကြီးမားဆုံးအပိုင်း ဖြစ်ပြီး၊ ကျွန်ုပ်တို့၏ ရှေ့တွင် နဂါးရှိသည်။ (*Life-study of Revelation*, pp. 465, 436, 440-441, 406

*ပို၍ဖတ်ရန်-* *The Vision of the Universal Woman and the Man-child*, chs. 4-5

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဗျာ၊ ထိုမိန်းမသည် လူမျိုးတကာတို့ကို သံလှံတံနှင့်ထိန်းကျောင်းလတ့ံသော**
**၁၂း၅ သား–ယောကျ်ားကို ဖွားမြင်၏။ ထိုသားကို ဘုရားသခင်ထံသို့လည်းကောင်း၊ ပလ္လင်တော်သို့လည်းကောင်း ချီယူတော်မူ၏။**
**၁၀ ကောင်းကင်ဘုံ၌ ကြီးသောအသံကား၊ ယခုမှာ ကယ်တင်ခြင်းဖြစ်၏။ တန်ခိုးတော်လည်းဖြစ်၏။ ငါတို့ဘုရားသခင်နိုင်ငံတော်နှင့် သူ၏ခရစ်တော်အာဏာတော်စက်လည်းဖြစ်၏။ အကြောင်းမူကား၊ ငါတို့ညီအစ်ကိုများကို ငါတို့ဘုရားသခင်ရှေ့တော်၌ နေ့ညမပြတ် အပြစ်တင်သောအပြစ်တင်သူကို အောက်သို့နှင်ချလေပြီ။**

က၊၃း၁၅၌ ဖေါ်ပြထားသော မြွေနှင့် မိန်းမ၏ အမျိုးအနွယ်ကြားရှိ ရန်ငြိုးသည် ဗျာဒိတ်၊၁၂၌ ပြည့်စုံစွာထင်ရှားလာသည်။ ဗျာဒိတ်၊၁၂၌ ရှေးမြွေဟောင်းသည် မိန်းမနှင့် သားယောကျ်ားကို ဖျက်ဆီးရန် အကောင်းဆုံးကြိုးစားအားထုတ်နေကြောင်း၊ ကျွန်ုပ်တို့ မြင်ရသည် (အငယ်၊၄၊ ၁၃–၁၇)။ ထိုကြောင့် က၊၃း၁၅၏ ရန်ငြိုးသည် အဆုံးစွန် ပြည့်စုံလာခဲ့သည်။

ကျွန်ုပ်တို့အားလုံးသည် ဘုရားအပေါ် မှီခိုသည့် ဇစ်မြစ်မှဆင်းသက်သော အမျိုးအနွယ်၊ မိန်းမ၏ အမျိုးအနွယ် ဖြစ်ဖို့လိုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မျက်မှောက်တော်၌ လူယောကျ်ားဖြစ်ရန် ကြွေးကြော်ခဲ့သော်၊ ကျွန်ုပ်တို့သည် ဘုရားနှင့်အဆုံးသတ်သွားပြီဖြစ်၍၊ ဘုရားနှင့်မသက်ဆိုင်တော့ပါ။ ဘုရား၏ လူအယောက်တိုင်းသည် ကိုယ်တော့်မျက်မှောက်တော်တွင် မိန်းမ ဖြစ်ရမည်။ (*Life-study of Genesis,* p. 254)

## *ယနေ့ဖတ်စရာ*

*နဂါး*ဆိုသည့်စကားသည် *တရှတ်တိုက်အတင်းဆွဲခေါ်သည်*ဟု ဆိုလိုခြင်းဖြစ်ကြောင်း သင်သတိပြုမိပါသလား။ နဂါးသည် အရာများစွာကို တရှတ်တိုက်အတင်းဆွဲခေါ်သည်။ အသင်းတော်အသက်တာ၌ မည်သည့်တရှတ်တိုက်အတင်းဆွဲခေါ်ခြင်းမဆို နဂါး၏ အမှတ်လက္ခဏာဖြစ်သည်။ နဂါးသည် ကောင်းကင်တမန်များကိုသာ ဆွဲခေါ်သွားသည်မဟုတ်ဘဲ၊ တစ်ခါတစ်ရံ သန့်ရှင်းသူများကိုလည်း ဆွဲခေါ်သည်။

ဗျာ၊၁၂း၄၌ "သားဖွားလုသောမိန်းမသည် ဖွားသောအခါ၊ နဂါးသည် ထိုသားကို ကိုက်စားမည်အကြံနှင့် မိန်းမရှေ့၌ရပ်နေ၏"ဟူ၍ ဆိုထားသည်။ ထိုနဂါးသည် မိန်းမရှေ့၌ ရပ်နေခြင်းမှာ စာတန်သည် ဘုရားသခင်၏ လူတို့ကို အမြဲဆန့်ကျင်နေကြောင်းကို ပုံ

ဆောင်ခြင်းဖြစ်သည်။ ကၢ၁၃း၁၅၏ အချိန်မှစ၍ ယနေ့ထိ၊ စာတန်သည် မိန်းမ၏ သားကို ဝါးမျိုရန် ရည်ရွယ်ချက်ဖြင့် သူမအား ဆက်လက်ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည်။ နောက်ဆုံးသုံးနှစ်ခွဲကာလ၊ ဘေးဒဏ်ကြီးကာလအတွင်း မြေကြီးပေါ်တွင် ကျန်ရှိမည့် ဘုရားလူတို့ကို စာတန်သည် ဆန့်ကျင်လိမ့်မည်ဖြစ်သည်။

ခရစ်ယာန်များအားလုံးသည် ဘေးဒဏ်ကြီးကာလမတိုင်မီ၊ ချီဆောင်ခြင်းခံရလိမ့်မည်ဆိုသည့် မှားယွင်းသောသွန်သင်ခြင်းကို လက်မခံပါနှင့်။ ထိုသို့သွန်သင်သည့် ကျမ်းပိုဒ်မရှိပါ။ ကျွန်ုပ်သည် ဤချီဆောင်ခြင်းအကြောင်းအရာကို နှစ်ပေါင်းငါးဆယ်ကျော် လေ့လာခဲ့ရသည်။ ခရစ်ယာန်များအားလုံးသည် ဘေးဒဏ်ကြီးကာလမတိုင်မီ ချီးဆောင်ခံရမည်၊ မည်သည့်ယုံကြည်သူမျှ ဘေးဒဏ်ကြီးကာလကို ဖြတ်ကျော်ရမည်မဟုတ်ဟု ပြောလျှင် မှားကြောင်းကို၊ လေးနက်ခိုင်မာသောခရစ်ယာန် သွန်သင်သူဆရာများက သဘောတူထောက်ခံကြောင်း၊ ကျွန်ုပ်လေ့လာခြင်း၌ ကျွန်ုပ်သင်ယူရရှိသည်။ ဤသဘောတရားသည် မှားယွင်းသောသွန်သင်ခြင်းဖြစ်သည်။ ဤသဘောတရားကို သင်လက်ခံပါက၊ သင်သည် ဘေးဒဏ်ကြီးကာလတွင် ကျန်နေလိမ့်မည်ဖြစ်သည်။ ဗျာ၊၁၂း၅၌ သားယောက်ျားသည် နောက်ဆုံးသုံးနှစ်ခွဲမတိုင်မီ၊ ဘုရားသခင်ထံသို့ ဖမ်းဆီးခြင်းခံရလိမ့် မည်ဖြစ်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ရသည်။ သားယောက်ျားကို ချီဆောင်ပြီးနောက်၊ ဘုရားသခင်၏ ပညတ်ချက်များကို စောင့်ထိန်းသောဂျူးများနှင့် ယေရှု၏ သက်သေခံချက်ဖြစ်သော ခရစ်ယာန်များအပါအဝင်၊ ကျန်ရှိနေသောမိန်းမ၏ အမျိုးအနွယ်သည် မြေကြီးပေါ်တွင် ကျန်နေလိမ့်မည်ဖြစ်သည်။ တစ်နည်းဆိုပါက၊ သားယောက်ျားသည် သုံးနှစ်ခွဲမတိုင်မီ၊ ချီဆောင်ခြင်းကိုခံရလိမ့်မည်ဖြစ်သည်၊ အခြားတစ်ဘက်တွင် ဂျူးများနှင့် ခရစ်ယာန်များအပါအဝင် မိန်းမ၏ အမျိုးအနွယ်သည် ဘေးဒဏ်ကြီးကာလကို အများဆုံးဖြတ်ကျော်ရန် ကျန်နေလိမ့်မည်ဖြစ်သည်။ စာတန်သည် မြေကြီးပေါ်သို့ ပစ်ချခြင်းခံရပြီးနောက်တွင်၊ သူသည် သားယောက်ျားကို ချီဆောင်ပြီးနောက် မြေကြီးပေါ်တွင် ရှိနေသေးသော ဘုရားလူတို့ကို ကောင်းကောင်းနှိပ်ကွပ်ညှဉ်းပန်းလိမ့်မည်ဖြစ်သည်။

မိန်းမဖြစ်ခြင်းနှင့် မိန်းမဖြစ်နေရခြင်းမှာ ဘုရားသခင်၏ရန်သူကို အောင်မြင်စေရန်နှင့် ကိုယ်တော်၏နိုင်ငံတော်ကို အစပြုရန် ဘုရားသခင်အသုံးပြုနိုင်မည့် သားယောက်ျားကို မွေးဖွားပေးနိုင်ရန် နည်းလမ်းဖြစ်သည်။ တစ်နည်းဆိုသော်၊ ဘုရားသခင်သည် ကိုယ်တော်၏ စီမံကိန်းကို ပြည့်စုံစေရန်နှင့် ကိုယ်တော်၏ ရည်ရွယ်ချက် အောင်မြင်စေရန် ဤသားယောက်ျားကို အသုံးပြုလိမ့်မည်ဖြစ်သည်။ ဤအရာသည် ကြီးမားသော အကြောင်းအရာဖြစ်သည်။ ကိုယ်တော်၏ရည်ရွယ်ချက်အောင်မြင်ရန်အလို့ငှါ၊ ဘုရား

သခင်သည် တစ်ဦးချင်းဆိုင်ရာခရစ်တော်ကို လိုအပ်ရုံသာမက၊ အသင်းတော်ဖြစ်သည့် ဘုရားလူများ၊ စုပေါင်းထားသောခရစ်တော်ကိုလည်း လိုအပ်သည်။ ဤမိန်းမသည် ယေရှု၏မယ်တော်သာဖြစ်သည် သို့မဟုတ် အစ္စရေးအမျိုး ဖြစ်သည်ဆိုသည့် သဘောထားကို ကျွန်ုပ်တို့သဘောတူလက်မခံပါ။ သူမသည် ဘုရားသခင်လူတို့၏စကြဝဠာဆိုင်ရာ စုပေါင်းထားသော ကိုယ်ခန္ဓာဖြစ်သည်။ ဘုရားသခင်သည် သူ၏ရန်သူကို အောင်နိုင်ရန်နှင့် ကိုယ်တော်၏နိုင်ငံတော်ကို ယူဆောင်ရန် သားယောကျ်ားကို လိုအပ်သည်၊ သို့မှသာ ကိုယ်တော်၏ထာဝရအကြံအစည်သည် ပြီးမြောက်ပြည့်စုံလာနိုင်မည်ဖြစ်သည်။ ကိုယ်တော်သည် ထိုသားယောကျ်ားကို ရရှိရန်အလို့ ငှါ၊ မိန်းမကို လိုအပ်သည်။ (*Life-study of Revelation*, pp. 438-439, 412)

*ပို၍ဖတ်ရန်-* *The Vision of the Universal Woman and the Man-child*, chs. 6-7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဗျာ၊ ၃း၂၁ ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူ ထိုင်နေသကဲ့သို့၊ အောင်မြင်သောသူသည် ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူ ထိုင်နေရသောအခွင့်ကို ငါပေးမည်။**

**၁၂း၁၁ သူတို့သည် သိုးသူငယ်၏အသွေးအားဖြင့်လည်းကောင်း၊ မိမိတို့သက်သေခံချက်နှင့် နှုတ်ကပတ်တော်အားဖြင့်လည်းကောင်း အောင်မြင်၍၊ အသေခံသည့်တိုင်အောင် သူတို့စိတ်အသက်ကို မချစ်ကြ။**

လေဝိလူတို့သည် သူတို့အတွက် ဘုရားကို အစေခံခြင်းမဟုတ်ပါ၊ သူတို့၏ရွေးချယ်ခြင်းဖြင့် အောင်မြင်သူများ ဖြစ်လာခြင်းလည်းမဟုတ်ပါ။ အခြားသူများအပေါ် ပို၍တောင်းဆိုခြင်းမျိုး သူတို့မပြုကြပါ။ ပြုမည်ဆိုပါက၊ သူတို့သည် အဆုံးသတ်ခြင်းကိုခံရမည်ဖြစ်သည်။ လေဝိလူတို့သည် အစ္စရေးလူတို့၏ခန္ဓာတစ်ခုလုံးကို ပံ့ဆောင်သည့် ယဇ်ပုရောဟိတ်ဖြစ်လာရန် ဘုရားသခင်အားဖြင့် ရွေးချယ်ခံရသူများဖြစ်သည်။ အစ္စရေးလူတို့သည် ဘုရားသခင်အဖို့ ဆက်ကပ်ရမည့်အရာကို လေဝိလူတို့သည် သူတို့အတွက် ဆက်ကပ်ပေးရသည်။ ဘုရားသခင်ရှေ့တွင် လေဝိလူတို့၏အမှုဆောင်ခြင်းကို အစ္စရေးတစ်မျိုးသားလုံး၏အမှုဆောင်ခြင်းအဖြစ် မှတ်ယူသည်။ လေဝိလူတို့သည်သာ ယဇ်ပုရောဟိတ်များဖြစ်ကြသော်လည်း၊ အစ္စရေးတစ်မျိုးသားလုံးသည် သူတို့၏ယဇ်ပုရောဟိတ်အရိုက်အရာမှ အကျိုးကိုခံစားရသည်။ ထိုနည်းအတိုင်း၊ အောင်မြင်သူများ၏အလုပ်အမှုတော်သည် အသင်းတော်တစ်ခုလုံးအတွက် ဖြစ်သည်။ အမှုတော်အလုပ်သည် အောင်မြင်သူများနှင့် သက်ဆိုင်သော်လည်း၊ အသင်းတော်သည် အလုပ်အမှုတော်၏ကောင်းကြီးကို ခံစားရသည်။ ဤအရာသည် အောင်မြင်သူများ၏ဘုန်းထင်ရှားခြင်းဖြစ်သည်။ လုပ်ငန်းဆောင်တာသည် သူတို့နှင့်ဆိုင်သည်၊ သို့သော် သူတို့၏ပြီးမြောက်အောင်မြင်ခြင်းများသည် အသင်းတော်တစ်ခုလုံးကို ဘုန်းထွန်းလင်းစေသည်။ အမှုတော်အလုပ်သည် သူတို့နှင့်ဆိုင်သည်၊ သို့သော် အသင်းတော်တစ်ခုလုံးသည် ကောင်းကြီးကို ရရှိသည်။ (*CWWN*, vol. 34, "The Glorious Church," p. 82)

## *ယနေ့ဖတ်စရာ*

တရားသူကြီးများအချိန်ကာလတွင်၊ အစ္စရေးတို့ကို ဖိနှိပ်ထားသည့်အတွက် သူတို့သည် အဆိုးဝါးဆုံးထဲသို့ ကျရောက်နေရသည်။ ဘုရားသခင်သည် လူမျိုးစုများမှတစ်ဦး၊ ဂိဒေါင်အား လူတို့၏တပ်ဖွဲ့ကို ခေါင်းဆောင်ရန်နှင့် ရန်သူကို မောင်းထုတ်ရန်

နိုးထစေသည်။ ဤအုပ်စုကြောင့် လူမျိုးတစ်မျိုးလုံးကို လွှတ်မြောက်စေသည်။ တာဝန်သည် လူမျိုးတစ်မျိုးလုံးအပေါ်တွင် ရှိသည်၊ သို့သော် အချို့လူတို့သည် ကြောက်ကြသည်၊ အချို့လူတို့သည် ပျင်းရိကြသည်။ ထိုကြောင့် သူတို့အုပ်စုသည် စစ်တိုက်ရန် ထွက်ကြ၍၊ တစ်မျိုးလုံး အကျိုးခံစားရသည်။

ဤအလေ့အလာမျိုးကို အစ္စရေးလူတို့ ဖမ်းဆီးခံရခြင်းမှ ပြန်လာချိန်၌ မြင်တွေ့ရသည်။ ဖမ်းဆီးခံရခြင်း အနှစ်ခုနစ်ဆယ်ပြီးနောက်၊ အစ္စရေးလူတို့သည် ပြန်လာရမည်ဖြစ်ပြီး၊ မြေကို ပြန်လည်ထူထောင်ရမည်ဖြစ်ကြောင်း ဘုရားသခင်သည် ကနဦးကပင် ကတိတော်ရှိပြီးဖြစ်သည်။ သို့သော်ငြားလည်း အားလုံးပြန်မလာပေ။ ဇေရ၊ နေဟမိ၊ ဇေရုဗဗေလနှင့် ယောရှုတို့ ခေါင်းဆောင်ခြင်းဖြင့် အနည်းငယ်သာ ဗိမာန်တော်နှင့် ယေရုရှလင်မြို့ကို တည်ဆောက်ရန် ပြန်လာခဲ့ကြသည်။ သို့သော် သူတို့လုပ်ဆောင်သောအရာသည် အစ္စရေးတစ်မျိုးသားလုံးအတွက် အတည်ပြုသည်။ ၎င်းကို တစ်မျိုးသားလုံးပြန်လာခြင်းနှင့် ပြန်လည်ရယူခြင်းအဖြစ် ယူဆသည်။

အောင်မြင်သူများ၏ အလေ့အလာမှာ ဝိညာဉ်ဆိုင်ရာအထူးရှိသော လူတစ်ဦးသည် သရဖူကို ရရှိလိမ့်မည်၊ ဘုန်းအသရေသည် သူ့ကို စောင့်နေလိမ့်မည်ဟူ၍ မဟုတ်ပါ။ အောင်မြင်သူများဖြစ်လာဖို့၊ အကြောင်းအချက်မှာ အောင်မြင်သူများသည် သူတို့အတွက် ဘုန်းအသရေ သို့မဟုတ် သရဖူများကို ရယူရန်မဟုတ်ဘဲ၊ အသင်းတော်တစ်ခုလုံးသည် အသင်းတော်အတွက် အမှုတော်အလုပ်ကို ယူဆောင်၍ လုပ်ဆောင်ရမည့် အနေအထားကို ယူဆောင်ရန်သာဖြစ်သည်။ ဘုရားသခင်၏မျက်မှောက်တော်တွင်၊ အသင်းတော်များသည် ကိုယ်တော်အလိုဆန္ဒရှိသော အခြေအနေ၌ ရှိသင့်သည်။ သူမကို ပေးထားသောအမှုတော်အလုပ် ပြည့်စုံခြင်းနှင့် မှန်ကန်သောအနေအထား၌ ရပ်တည်ခြင်းအတွက် သူမ၌ ကိုယ်တော့်အဖို့ တာဝန်ရှိသည်။ သို့သော် အသင်းတော်သည် ကျဆင်းခဲ့ပြီး၊ ယနေ့တိုင် ကျဆင်းလျက်ရှိသည်။ သူမဖြစ်လာရန် ကနဦးက ရည်ရွယ်ထားသည့်အရာသည် သူမ၌ ဖြစ်မလာပါ။ သူမတာဝန်ယူရမည့်အလုပ်ကို သူမ မလုပ်ဆောင်ပါ၊ သူမရပ်တည်ရမည့်အနေအထား၌ သူမ မှန်ကန်စွာမရပ်တည်ပါ။ သူမသည် ဘုရားသခင်အတွက် အခြေတည်နေရာကို မရယူခဲ့ပါ။ အသင်းတော်အတွက် အလုပ်ကိုလုပ်ရန်နှင့် အသင်းတော်၏တာဝန်ကို ယူဆောင်ရန် လူတစ်စုသာ ကျန်ရှိသည်။ ထိုလူအုပ်စုသည် အောင်မြင်သူများဖြစ်သည်။ သူတို့လုပ်ဆောင်သည့်အရာကို အသင်းတော်တစ်ခုလုံး၏ အလုပ်ဟု မှတ်ယူသည်။ ထိုသူတို့သည် အောင်မြင်သူများဖြစ်လာပါက၊ ဘုရားသခင်၏ ရည်ရွယ်ချက်ကို ရယူနိုင်မည်ဖြစ်ပြီး၊ ကိုယ်တော့်ကို ကျေနပ်စေမည်ဖြစ်သည်။ ဤအရာ

သည် သားယောက်ျား၏ အလေ့အလာ ဖြစ်သည်။ ကျွန်ုပ်တို့သည် သားယောက်ျား၏ အကြောင်းအရာကို စဉ်းစားရခြင်း အကြောင်းမှာ ဘုရားသခင်၏ ထာဝရ ရည်ရွယ်ချက်၌ ကိုယ်တော်သည် အောင်မြင်သူများလူအုပ်စုတစ်စုကို လိုအပ်သောကြောင့်ဖြစ်သည်။

သမိုင်းကြောင်းအရ၊ အသင်းတော်သည် ကျဆင်းခဲ့ကြောင်း ကျွန်ုပ်တို့ဝန်ခံရမည်ဖြစ်သည်။ ထို့ကြောင့် ဘုရားသခင်သည် အသင်းတော်အတွက် ရပ်တည်ရန် အောင်မြင်သူများကို ခေါ် နေသည်။ ဗျာဒိတ်အခန်းကြီး၊၁၂၌ ပြောဆိုထားသော သားယောက်ျားသည် နောက်ဆုံးသောအချိန်ကာလ၌ အောင်မြင်သူများကို သီးသန့်ရည်ညွှန်းခြင်းဖြစ်သည်။ သားယောက်ျားကို မွေးဖွားသည်နှင့်တစ်ပြိုင်နက်၊ သူသည် ဘုရားသခင်၏ ပလ္လင်သို့ ယူဆောင်ခံရမည်ဖြစ်သည်။ ထိုနောက် အရာများစွာသည် ကောင်းကင်၌ ချက်ချင်းဖြစ်လာလိမ့်မည်ဖြစ်ပြီး၊ စာတန်သည် ပစ်ချခြင်းကို ခံရလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏ အခက်အခဲပြဿနာကို သားယောက်ျား၏ ချီဆောင်ခြင်းအားဖြင့် ဖယ်ရှားမည်ဖြစ်သည်။ ကိုယ်တော်၏ပြဿနာကို ဖြေရှင်းခြင်းဖြစ်သည်။ ဤအရာက သားယောက်ျားကို မွေးဖွားသည်နှင့် တစ်ပြိုင်တည်း၊ ဘုရားသခင်၏ ရည်ရွယ်ချက်ကို နှောင့်ယှက်၍ မရနိုင်တော့ကြောင်း ထင်မြင်ရသည်။ ဤအရာမှာ ယနေ့ ဘုရားသခင်ခေါ် နေခြင်း၏ အကြောင်းအရာ ဖြစ်သည်။ ဘုရားသခင်သည် ကိုယ်တော်၏ မူလပန်းတိုင်ကို ရရှိရန် လူအုပ်စုကို လိုအပ်နေသည်။ (*CWWN*, vol. 34, pp. 82-84)

*ပို၍ဖတ်ရန်-* *CWWN*, vol. 34, "The Glorious Church," ch. 4

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

——————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဆာ၊ ၂း၈–၉** **ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကို သင်၏အမွေဥစ္စာဘို့ ငါပေးမည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သောအခွင့်ကိုလည်း ငါပေးမည်။ သင်သည် သူတို့ကို သံလှံတံနှင့်အုပ်စိုး၍၊ မြေအိုးကို ခွဲဖျက်သကဲ့သို့ ခွဲဖျက်လိမ့်မည်ဟု ငါ့အားမိန့်တော်မူပြီ။**

**ဗျာ၊ ၁၂း၉** **ထိုအခါ၊ လောကတစ်နိုင်ငံလုံးကို လှည့်ဖြား၍ မာရ်နတ်စာတန်အမည်ရှိသော ရှေးမြွေဟောင်းတည်းဟူသော နဂါးကြီးကိုလည်းကောင်း၊ သူနှင့်အတူ သူ၏တမန်တို့ကိုလည်းကောင်း မြေကြီးသို့ နှင်ချလိုက်ကြ၏ ။**

ဗျာဒိတ်၊၁၂တွင် စကြဝဠာဆိုင်ရာမိန်းမ၌ အပိုင်းနှစ်ပိုင်းရှိသည်၊– မိန်းမကိုယ်တိုင်ဖြစ်သည့် အပြင်ပိုင်းနှင့် သားယောကျ်ားဖြစ်သည့် အတွင်းပိုင်းတို့ဖြစ်သည်။ မိန်းမဖြစ်သည့် အပြင်ပိုင်းသည် အားနည်းသောအပိုင်းဖြစ်သည်။ သားယောကျ်ားဖြစ်သည့် အတွင်းပိုင်းသည် အားကြီးသောအပိုင်းဖြစ်သည်။ ဘုရားသခင်၏လူအားလုံးတို့သည် တစ်စုံတစ်ရာအားနည်းသော မိန်းမဖြစ်သည်၊ သို့သော် ဘုရားလူအားလုံးတို့အလယ်တွင် အောင်မြင်သူများဖြစ်သော သားယောကျ်ားသည် အားကြီးသောအပိုင်းဖြစ်သည်။ (*Life-study of Genesis*, p. 252)

## ယနေ့ဖတ်စရာ

အချို့တို့က သားယောကျ်ားသည် သခင်ယေရှုဟု ပြောဆိုကြသည်။ သခင်ယေရှုသည် ဦးခေါင်းတော်၊ အလယ်ဗဟို၊ စစ်မှန်ခြင်း၊ အသက်နှင့် သားယောကျ်ား၏သဘောသဘာဝဖြစ်သောကြောင့်၊ ခံစားမှု၌ ဤအရာကို ကျွန်ုပ်သဘောတူလက်ခံပါသည်။ သို့သော် ဤသားယောကျ်ားသည် တစ်ဦးချင်းဆိုင်ရာမဟုတ်ပါ၊ သူသည် စုပေါင်းခြင်း ဖြစ်သည်။ မိန်းမကိုယ်တိုင်သည် တစ်ဦးချင်းဆိုင်ရာမဟုတ်ဘဲ၊ စကြဝဠာဆိုင်ရာနှင့် စုပေါင်းခြင်းဖြစ်သောကြောင့်၊ သူမ၏သားသည်လည်း စကြဝဠာဆိုင်ရာ စုပေါင်းခြင်းဖြစ်ရမည်။ ဤစုပေါင်းထားသော သားယောကျ်ား၌ ဦးခေါင်းတော်၊ အလယ်ဗဟို၊ စစ်မှန်ခြင်း၊ အသက်နှင့် သားယောကျ်ား၏သဘောသဘာဝဖြစ်သော သခင်ယေရှု ပါဝင်သည်။ ဤအရာကို ကျမ်းစာက သက်သေပြနိုင်သည်။ ဆာ၊ ၂း၈–၉၌ ဘုရားသခင်၏ ဘိက်သိက်ပေးခြင်းခံရသူ၊ သခင်ယေရှုသည် သံလှံတံနှင့် လူမျိုးတို့ကို အုပ်စိုးလိမ့်မည်ဖြစ်ကြောင်း ပြောဆိုထားသည်။ ဗျာ၊ ၂း ၂၆– ၂၇၌ အသင်းတော်၌ အောင်မြင်သူများသည် သံလှံတံ

နှင့် လူမျိုးများအပေါ် အုပ်စိုးလိမ့်မည်ဖြစ်ကြောင်း ပြောဆိုထားသည်။ ယခု ဗျာ၊၁၂း၅၌ ကျွန်ုပ်တို့အား သားယောက်ျားသည် သံလှံတံနှင့် လူမျိုးအပေါင်းကို အုပ်စိုးလိမ့်မည် ဖြစ်ကြောင်း ပြောဆိုထားသည်။ ထို့ကြောင့် ကျမ်းစာအရ၊ သခင်ယေရှုနှင့် အောင်မြင်သူများသည် သံလှံတံနှင့် လူမျိုးများကို အုပ်စိုးလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် ဗျာ၊ ၁၂း၅ရှိ သားယောက်ျားတွင် သခင်ယေရှုနှင့် အသင်းတော်ရှိ အောင်မြင်သူများ နှစ်ဦးလုံး ပါဝင်သည်။ ထို့မျှမက၊ ဗျာ၊၂၀း၄၌ ခရစ်တော်နှင့် ရှင်ပြန်ထမြောက်သော အောင်မြင်သူများသည် နှစ်တစ်ထောင် ဘုရင်များအဖြစ် အုပ်စိုးလိမ့်မည်ဖြစ်ကြောင်း ပြောဆိုထားသည်။ ထို့ကြောင့် ဗျာ၊၁၂ရှိ သားယောက်ျားသည် တစ်ဦးချင်းဆိုင်ရာ သခင်ယေရှုသော်လည်းကောင်း၊ ကိုယ်တော်၌မရှိသော အောင်မြင်သူများသော်လည်းကောင်း မဟုတ်ဘဲ၊ သခင်ယေရှုနှင့်အတူရှိသော အောင်မြင်သူများဖြစ်သည်။ ခရစ်တော်ကိုယ်တိုင်သည် ပထမဆုံးသော အောင်မြင်သူဖြစ်သည် (ဗျာ၊၃း ၂၁)။ ခေါင်းဆောင်အောင်မြင်သူဖြစ်သော ကိုယ်တော်သည် ဦးခေါင်းတော်၊ အလယ်ဗဟို၊ စစ်မှန်ခြင်း၊ အသက်နှင့် အောင်မြင်သူများ၏ သဘောသဘာဝဖြစ်သည်။ မြေကြီးပေါ်ရှိ ဘုရားလူတို့၏ အလယ်တွင် သခင်ယေရှုနှင့် အောင်မြင်သူများပါဝင်သည့် ခွန်အားကြီးသောအစိတ်အပိုင်း ရှိသည်။ (*Life-study of Genesis*, pp. 253-254)

ဘုရား၏ အကြီးမားဆုံးသောအလုပ်မှာ သားယောက်ျားကို ချီဆောင်ခြင်းဖြစ်သည်။ သားယောက်ျားကို ကိုယ်တော်၏ ပလ္လင်တော်သို့ ချီဆောင်သည်နှင့်တစ်ပြိုင်နက်တည်း၊ ကောင်းကင်၌ စစ်ပွဲဖြစ်ပွားခြင်းဖြင့် စာတန်သည် မြေကြီးပေါ်သို့ ပစ်ချခြင်းကို ခံရမည်ဖြစ်သည် (ဗျာ၊၁၂း၅–၉)။ ယနေ့ မည်သည့်ခရစ်ယာန်မဆို ဤချီဆောင်ခြင်း၌ ပါဝင်သူ ဖြစ်လိုပါက၊ သခင်ဘုရား၏ ချီဆောင်ခြင်းအတွက် အသင့်စောင့်နေသူ ဖြစ်ရမည်။ သူသည် အသင့်စောင့်နေပါက၊ ဘုရားသခင်၏ ဤအကြီးမားဆုံးသောအလုပ်၌ ဝေစုရရှိလိမ့်မည်ဖြစ်သည်။

ဗျာဒိတ်၊၁၂ရှိ မိန်းမသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို ကိုယ်စားပြုသည်။ ဘုရား၏ စီမံကိန်း၌ ကိုယ်ခန္ဓာတော်သည် ထာဝရကာလမှ ထာဝရကာလတိုင်အောင် အချိန်ကြာမြင့်သည်။ ဤထာဝရကာလနှစ်ခုကြားတွင် သန့်ရှင်းသူများအားလုံးပါဝင်သည်။ သို့သော်ငြားလည်း ဘုရား၏ ထာဝရစီမံကိန်း၌ သားယောက်ျားသည် ဤကာလရှိ အောင်မြင်သူများကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။

သားယောက်ျားကို မွေးဖွားပေးခြင်းသည် ဂိုဏ်းဂဏများမှ စွန့်ခွာလာသူအချို့ကို ရည်ညွှန်းခြင်းဖြစ်သည်။ ဂိုဏ်းဂဏများကို မစွန့်ခွာသူသည် သားယောက်ျား၏ အစိတ်

အပိုင်းမဟုတ်ပါ။ ဂိုဏ်းဂဏများကို စွန့်ခွာလာသူများနှင့် ဘုရား၏ကြီးမားသော အလုပ်ကိုမြင်ပြီး ၎င်း၌ရှိနေသောသူများသာလျှင် သားယောက်ျားဖြစ်သည်။ သားယောက်ျားသည် ကိုယ်ခန္ဓာတော်၏ အတွင်းထဲတွင်ရှိသော ခန္ဓာဝင်ဖြစ်သည်။ မိန်းမသည် အပြင်ပိုင်းတွင် မြင်နိုင်သည့် ကြီးမားသောကိုယ်ခန္ဓာတော်ဖြစ်ပြီး၊ သားယောက်ျားသည် အတွင်းပိုင်းတွင် သန္ဓေတည်နေသော ဖုံးကွယ်နေသည့် တစ်စုံတစ်ရာ၊ သာမန်မျက်စိဖြင့် မမြင်နိုင်သော တစ်စုံတစ်ရာ ဖြစ်သည်။ (*CWWN*, vol. 45, p.991)

ဘုရားသခင်၏ ရန်သူ၊ စာတန်ကို ကားတိုင်ပေါ် တွင် သခင်ယေရှုသည် စီရင်ခဲ့ပြီးဖြစ်သည် (ယော၊၁၂း၃၁။ ၁၆း၁၁)။ ထိုအရာပြီးနောက်၊ အောင်မြင်သောယုံကြည်သူများအား ထိုတရားစီရင်ခြင်းကို အကောင်အထည်ဖော် လုပ်ဆောင်ခြင်းအတွက်၊ ထိုစီရင်ခြင်းကို စီမံဆောင်ရွက်ချင်းအတွက် လိုအပ်သည်။ အောင်မြင်သောယုံကြည်သူများအားဖြင့် စာတန်ကို ဆန့်ကျင်၍ စစ်ပွဲဆင်နွှဲခြင်းသည် သူ့အပေါ် သခင်ဘုရား၏စီရင်ခြင်းကို လုပ်ဆောင်ခြင်းဖြစ်သည်။ နောက်ဆုံးတွင် သူတို့၏ တိုက်ခိုက်ခြင်းဖြင့် စာတန်ကို ကောင်းကင်မှ ချပစ်မည်ဖြစ်သည်။ ဗျာဒိတ်၊၉ရှိ မှတ်စု၊၁ကို ကြည့်ပါ။ (Rev. 12:9, footnote 1)

*ပို၍ဖတ်ရန်-* *The Vision of the Universal Woman and the Man-child,* chs. 8-9

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

————————————————————————————————

***Hymns,* # E- 1101**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## ***အာဗေလ၊ နေ့တ် နှင့် နောက်***

ဖတ်ရန်ကျမ်း။ ။ က၊ ၄း၁–၉၊ ၁၄၊ ၁၆–၂၄၊ ၂၆။ ၅း ၂၂–၂၄

*Day 1*

**I. အာဗေလသည် သူ၏အသက်ရှင်ရပ်တည်ခြင်းအတွက် မဟုတ်ဘဲ၊ ဘုရားသခင်၏အကြံအစည်တော်အတွက်သာ ဂရုစိုက်သည့် အောင်မြင်သော မာတုရဖြစ်သည်။**

က။ ကာဣနသည် သူကိုယ်တိုင်အတွက် အသက်ရှင်ရပ်တည်နိုင်ရန်အလို့ငှါ၊ မြေပေါ်တွင် လယ်လုပ်ကိုင်သောသူ ဖြစ်သည်။ အာဗေလမူကား၊ ဘုရားသခင်ကို ဆက်သရန် ပူဇော်သက္ကာကို ရရှိနိုင်ရန်အလို့ငှါ၊ သိုးများကို ယုယကြင်နာ၍၊ ကျွေးမွေးစောင့်ရှောက်သူဖြစ်သည် (က၊၄း၁–၂)။

ခ။ ရေလွှမ်းမိုးခြင်းမတိုင်မီ လူသည် အသားကို စားခွင့်မရှိဘဲ၊ အသီးအရွက်ကိုသာ စားခွင့်ရှိသည် (၁း ၂၉။cf. ၉း၃)။ ထို့ကြောင့် အာဗေလသည် သိုးများကိုထိန်းကျောင်းခြင်းမှာ သူ၏အသက်ရှင်ခြင်းအတွက် အစားအစာကို ထုတ်လုပ်ရန် လုပ်ဆောင်ခြင်း မဟုတ်ဘဲ၊ ဘုရားသခင်၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ပူဇော်သက္ကာကို ဆက်သနိုင်ရန်အတွက် ဖြစ်သည် (cf. ဟေဗြဲ၊၁၀း၅–၁၀)။

ဂ။ အာဗေလသည် ဘုရားသခင်ကို သိကျွမ်းရုံသာမက၊ သူ၏သဘောအတိုင်းမဟုတ်ဘဲ၊ ဘုရားဆိုင်ရာဖွင့်ပြခြင်းအတိုင်း ဘုရားကို ကိုးကွယ်ရန် ဘုရားစီမံထားသောနည်းလမ်းကို လိုက်လျှောက်သူလည်းဖြစ်သည်။ အာဗေလ၏ယုံကြည်ခြင်းသည် သူ၏မိဘများထံမှ ဧဝံဂေလိနှုတ်ကပတ်တော်ကို ကြားနာခြင်းမှ ရရှိခြင်းဖြစ်သည်။ အာဗေလလုပ်ဆောင်သောအရာသည် ဖွင့်ပြခြင်းမှလာခြင်း ဖြစ်သည် (၁၁း၄။ ရော၊၁၀း၁၄၊၁၇)။

ဃ။ ဘုရား၏ကြိုတင်စီမံထားသော ရွေးနုတ်ခြင်းနှင့်အညီ၊ အာဗေလသည် သူ၏သိုးစုများထဲက အဦးဆုံးဖွားသောသိုးကို သူ၏ရွေးနုတ်ခြင်းအတွက် အသွေးသွန်းလောင်းခြင်း၊ ဘုရား၏ကျေနပ်နှစ်သိမ့်ခြင်းအတွက် ဆီဥကိုမီးရှို့ပူဇော်ခြင်းနှင့် သူ့အတွက် ဘုရားအားဖြင့်ဖြောင့်မတ်ခြင်းခံရရန် သိုးသားရေဖြင့် ဖုံးအုပ်ခြင်းဖြင့် ဘုရားကိုဆက်ကပ်ပူဇော်ခဲ့သည် (က၊၄း၄။ ဟေဗြဲ၊၉း၂၂။ ၁၁း၄)။

၁။ အာဗေလ လုပ်ဆောင်သောအရာသည် နောက်ပိုင်းမှ ပေးအပ်ခံရသည့် မောရှေ၏ပညတ်တရားလိုအပ်ချက်နှင့် ထပ်တူဖြစ်သည်။ ဤအရာကို ဘုရားသခင်အား သူဝတ်ပြုကိုးကွယ်သောနည်းလမ်းသည် သူ၏ကိုယ်ပိုင်တွေးခေါ်ခြင်းအားဖြင့် မဟုတ်ဘဲ၊ ဘုရား၏ ဖွင့်ပြချက်အတိုင်းဖြစ်ကြောင်း သက်သေပြသည် (ဝတ်၊၃း ၂–၅၊ ၈–၁၁၊ ၁၃)။

၂။ အာဗေလလုပ်ဆောင်ခဲ့သောအရာသည် အသွေးတော်၏ ဆေးကြောခြင်းကိုခံ၍၊ မိမိကိုယ်ကိုငြင်းပယ်ခြင်းဖြင့်၊ မိမိကိုယ်ကိုဘေးဖယ်ကာ၊ ကျွန်ုပ်တို့၏ဖုံးအုပ်ရာဖြစ်သော ခရစ်တော်ကို ယူဆောင်မှသာလျှင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ဖြောင့်မတ်ခြင်းဖြစ်လာရန် ခရစ်တော်၌ အသက်ရှင်နိုင်မည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့အား ပြောဆိုထားသည့် သမ္မာသစ်ကျမ်း၏ ဧဝံဂေလိတရားအတိုင်း ထပ်တူဖြစ်သည် (၂ကော၊၅း ၂၁။ ဖိ၊၁း၁၉–၂၁က)။

၃။ အာဗေလသည် ဘုရားသခင်အတွက် ဘုရားသခင်အားဖြင့် အသက်ရှင်ပြီး၊ ပံ့ဆောင်ချက်၌ ဘုရားထံ ခရစ်တော်ကို ပူဇော်ဆက်ကပ်သော ဘုရားသခင်၏ အစဦးဆုံး ယဇ်ပုရောဟိတ်ဖြစ်သည် (cf. တော၊၁၈း၁၇)။

*Day 2*

ဃ။ ကာဣန၏နည်းလမ်းမှာ ဘုရားကျေနပ်စေရန် ကောင်းသောအရာကို လုပ်ဆောင်ခြင်းနှင့် နတ်ဆိုး၏လှုံ့ဆော်မှုအောက်တွင် လူ၏တီထွင်လုပ်ဆောင်ခြင်းအတိုင်း အားထုတ်ကြိုးပမ်းကာ မိမိယုံကြည်ခြင်းဖြင့် ဘုရားသခင်ကို ကိုးကွယ်ခြင်းဖြစ်သည် (က၊၄း၃)။

၁။ ကာဣနသည် အသွေးသွန်းလောင်းသော ပူဇော်သက္ကာဖြင့် ရွေးနုတ်ခြင်းကို မျှော်လင့်ခြင်းအားဖြင့် ဘုရားသခင်၏ကယ်တင်ခြင်းနည်းလမ်းနောက်သို့ မလိုက်ဘဲ (၃း ၂၁။ ဟေဗြဲ၊၉း ၂၂)၊ ဘုရားသခင်၏ကယ်တင်ခြင်းနည်းလမ်းကို စွန့်လွှတ်၍၊ ဘုရားထံ မိမိကိုယ်တိုင်လုပ်သော အသီးအရွက်ကို မိမိယုံကြည်ခြင်းဖြင့် ဆက်ကပ်သည့် လူ၏ကျဆင်းခြင်းနောက်သို့ ဆက်လက်လိုက်နေခြင်းဖြစ်သည်။

၂။ ဘုရားကို ကိုးကွယ်သော ကာဣန၏ နည်းလမ်းသည် စာတန်၏

လုံ့ဆော်တွန်းအားပေးခြင်းဖြစ်သော သူ၏လူသားအတွေး အခေါ် အတိုင်း ဘာသာရေးကို ဖန်တီးသောနည်းလမ်းဖြစ်သည် (ယု၊၁၁။ ၁ယော၊၃း၁၂)။

၃။ ကာဣနသည် သူကြိုးစားလုပ်ဆောင်သော အသီးအနှံပေါ် တွင် ယုံကြည်ကိုးစားကာ၊ အသွေးအသားဌ ရှိသူဖြစ်သည်၊ သို့သော် အာဗေလမူကား၊ သူ၏ယုံကြည်ခြင်းကို သူ၏ပူဇော်သက္ကာပေါ် တွင်ထားသောသူ၊ ခရစ်တော်ယေရှုဌဝါကြွားပြီး၊ အသွေး အသားပေါ် တွင် ကိုးစားမှုမရှိသောသူ ဖြစ်သည် (ဖိ၊၃း၃)။

စ။ အာဗေလသည် အောင်မြင်သော မာတုရများအားလုံးကို ကိုယ်စားပြု ခြင်းဖြစ်သည်။ အာဗေလသည် ဘုရားသခင်၏ဖွင့်ပြခြင်းအတိုင်း အသွေးကို သွန်းလောင်းခြင်းဖြင့် ပူဇော်သက္ကာကိုပူဇော်၍၊ ဘုရား သခင်လက်ခံသူဖြစ်သောကြောင့်၊ ဘာသာတရား၏မနာလိုခြင်းနှင့် ကာဣန၏မုန်းတီးခြင်းကို ခံရကာ၊ ကာဣန၏သတ်ခြင်းကို ခံရသူ သည် (က၊၄း၄–၈။ မ၊၂၃း၃၄–၃၅။ ယော၊၁၆း၂။ ဗျာ၊၁၇း၆)။

ဆ။ အာဗေလသည် ရွေးနုတ်ခြင်းခံရရုံသာမက၊ ဘုရားသခင်နှင့် မိတ်သ ဟာယဖွဲ့ရန်နှင့် ဘုရားကိုဆက်သွယ်ရန် ဘုရားထံသို့ပြန်လည်ခေါ် ဆောင်ခြင်းခံရသည်။ အာဗေလသည် ဘုရားသခင်၏ မျက်မှောက် တော်ကို ဂရုပြုသောသူဖြစ်ပြီး၊ ကာဣနမူကား လှည့်လည်သွားလာ သောသူ၊ ထွက်ပြေးတိမ်ရှောင်သောသူဖြစ်ရန် ဘုရားသခင်၏မျက် မှောက်တော်မှ ထွက်ခွါသွားရသည် (က၊၄း၁၄၊ ၁၆)။

၁။ အကယ်၍ ကျွန်ုပ်တို့သည် ဘုရားသခင်၏မျက်မှောက်တော်ဌ မရှိပါက၊ ကျွန်ုပ်တို့၏ အတွင်းပိုင်းနက်နဲခြင်းဌ သွားစရာမရှိ လှည့်လည်နေခြင်းကို ကျွန်ုပ်တို့ ခံစားရလိမ့်မည်ဖြစ်သည်။

၂။ ကျွန်ုပ်တို့၏ စစ်မှန်သောကိန်းဝပ်ရာနေရာသည် ဘုရား၏မျက် မှောက်တော် ဖြစ်သည် (ဆာ၊၉၀း၁)။

၃။ ဘုရားသခင်၏မျက်မှောက်တော်ဌ အသက်ရှင်ရန်ဘုရား၏ နောက်တော်သို့လိုက်သောသူတို့သည် ကျဆင်းသွားသောအနေ အထားဌရှိသောသူ ကာဣနနှင့်ခြားနားပြီး ဝမ်းမြောက်သော အနေအထားဌရှိသောသူများဖြစ်ကြသည် (က၊၄း၆–၇က။ cf.

ဆာ၊၄၂း၅၊ ၁၁)။

ဇ။ ဘုရားသခင်၏မျက်မှောက်တော်မှ ကာဣနထွက်ခွာသွားခြင်း၏ ရလဒ်မှာ ဘုရားမပါသော ထုံးတမ်းဓလေ့ကို ထွက်ပေါ်စေခြင်းဖြစ်သည် (က၊၄း၁၆–၂၄)။

၁။ ဘုရားသခင်သည် လူအတွက် အရာခပ်သိမ်းဖြစ်ရန် အလိုရှိသည်၊– လူကို အထောက်အပံ့ပေးခြင်း၊ လူ၏မစရာဖြစ်ခြင်း၊ လူ၏ပျော်ရွှင်ရာဖြစ်ခြင်းနှင့် လူ၏ အကာအကွယ်ဖြစ်ခြင်း(cf. ၁၅း၁)။

၂။ လူက ဘုရားကို ဆုံးရှုံးခြင်းသည် လူအား ဘုရားကိုဆန့်ကျင်သော လူ၏ထုံးတမ်းဓလေ့များ၊ အဓိက လိုအပ်ချက်များဖြစ်သော နေထိုင်ရေးအတွက် မြို့တည်ခြင်းများ၊ အသက်မွေးဝမ်းကျောင်းအတွက် တိရိစ္ဆာန်မွေးမြူခြင်း၊ ဖျော်ဖြေရေးအတွက် တေးဂီတနှင့် အကာအကွယ်အတွက် လက်နက်များကို တီထွင်လုပ်ဆောင်ရန် တွန်းအားဖြစ်စေခဲ့သည် (၄း၁၇၊ ၂၀–၂၂)။

*Day 3*

## II. လူ့သမိုင်း၌ နေ့တ်သည် ယေဟောဝါ၏နာမတော်ကိုခေါ်သောသူ၏မှတ်ကျောက်ဖြစ်သည် (အငယ်၊ ၂၆)။

က။ နေ့တ်သည် သူ၏ဝေစုဖြစ်သော ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်ရန် ယေဟောဝါ၏နာမတော်ကို ခေါ်သောအားနည်းချည့်နဲ့သော ယုံကြည်သူဖြစ်သည် (ရော၊၁၀း၁၂။ ဧ၊၃း၈)။

၁။ နေ့တ်ဟူသောအမည်သည် "အားနည်းချည့်နဲ့သော၊ သေတတ်သောလူ"ဟု အဓိပ္ပါယ်ရသည်။

၂။ နေ့တ်က သူသည် အားနည်းချည့်နဲ့၍၊ သေတတ်သောကိုယ်ခန္ဓာ ဖြစ်သည်ကိုသိနားလည်ခဲ့ပြီး၊ သူသည် မိမိကိုယ်ကို ယုံကြည်ကိုးစားခြင်းမရှိပါ။ ကျွန်ုပ်တို့သည်လည်း လူသားအသက်တာ၏ အနတ္တာဖြစ်ခြင်းနှင့် လူ၏ အားနည်းခြင်းကို သိနားလည်မည်ဆိုပါက၊ ကျွန်ုပ်တို့သည် မိမိကိုယ်ကို ကိုးစားခြင်းရှိတော့မည် မဟုတ်ပါ (ဒေ၊၁း၂။ ၂း၁၄။ ၁၇။ ၂ကော၊၁း၉။ ဖိ၊၃း၃)။

ခ။ *ခေါ်ခြင်း*အတွက် ဟေဗြဲစကားလုံးမှာ "ခေါ် ထွက်ခြင်း"၊ "ဟစ်အော်တောင်းဆိုခြင်း"ကိုဆိုလို၍၊ ၎င်းသည် ကျယ်လောင်စွာဟစ်ကြွေး

ခြင်း ဖြစ်သည်။ လူတို့က သူတို့၏အသက်သည် အချည်းနှီးအနတ္တသာဖြစ်ပြီး၊ သူတို့သည် အားနည်းသော၊ သေတတ်သောခန္ဓာဖြစ်သည်ကို သိနားလည်သောကြောင့်၊ သူတို့သည် အလိုအလျောက်ပင်ထာဝရတည်သောအရှင်၊ ယေဟောဝါ၏နာမတော်ကို အစပြုခေါ်ခဲ့သည်။

ဂ။ သူတို့သည် ဘာမျှမဟုတ်၊ အားနည်းသောသူများ ဖြစ်ကြသော်လည်း သခင်ဘုရား၏နာမတော်ကို ခေါ်ခြင်းဖြင့်၊ သူတို့ခေါ်သောသူ၏ ခွန်အားနှင့် ကြွယ်ဝခြင်းအထဲသို့ ရောက်ရှိသွားသည့်အတွက်၊ သူတို့ကို ကြွယ်ဝခြင်းနှင့် ခွန်အားရှိခြင်း ဖြစ်လာစေသည်။

*Day 4*

ဃ။ *ယေဟောဝါ* ဟူသည်မှာ ရင်းနှီးကျွမ်းဝင်ခြင်း၏နာမ၊ လူနှင့်ရင်းနှီးကျွမ်းဝင်သော ဆက်နွယ်ခြင်းအထဲသို့ ဘုရားရောက်ရှိလာခြင်းအတွက် နာမဖြစ်သည် (က၊၄း၂၆။ ထွ၊၃း၁၃–၁၄)။

၁။ ယေဟောဝါ၏နာမသည် "ငါဖြစ်သည်အတိုင်း ငါဖြစ်၏"ဟု အဓိပ္ပါယ်ရ၍၊ ၎င်းသည် ကိုယ်တိုင်တည်ရှိသောသူ၊ အစဉ်တည်ရှိသောသူနှင့် ယခုရှိနေသောသူနှင့် ထာဝရရှိသောသူဖြစ်သည် (အငယ်၊၁၄)။

က။ ကျွန်ုပ်တို့ဘုရားသခင်၏နာမသည် ရှိခြင်း၊ ဖြစ်ခြင်းကြိယာဖြစ်၍၊ ကိုယ်တော်သည် ထာဝရဖြစ်သောသူ၊ ကိုယ်တော်တစ်ပါးတည်းသာလျှင် တည်ရှိသောသူဖြစ်သည် (ဝတ်၊၁၉း၃–၄၊၁၀၊၁၂၊၁၄၊၁၆၊၁၈၊၂၅၊၂၈၊၃၀–၃၂၊၃၄၊၃၆–၃၇)။

ခ။ ကိုယ်တိုင်တည်ရှိသောသူ၊ အစဉ်တည်ရှိသောသူအနေဖြင့် ဘုရားသခင်သည် အရာခပ်သိမ်းဖြစ်သည်။ ကျွန်ုပ်တို့လိုအပ်သောအရာတိုင်းသည် ကိုယ်တော်ဖြစ်သည်(ယော၊ ၈း၈၅။ ၆း၄၈၊ ၈း၁၂။၁၁း၂၅။၁၄း၆။၁၅း၁က။Hymns, #78)

၂။ နေ့တ်သည် ယေဟောဝါ၏နာမတော်ကို ခေါ်ခြင်းမှာ ဤအားနည်းသောသူသည် သူ့အားဖြင့်အသက်မရှင်ဘဲ၊ အစဉ်ထာဝရတည်သောအရှင်၊ ကြီးမြတ်သောငါဖြစ်သောအရှင် အားဖြင့်အသက်ရှင်ကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

င။ ပုံမှန်ခရစ်ယာန်အသက်တာသည် သခင်ဘုရား၏နာမတော်ကိုခေါ်

ရန်ကျွန်ုပ်တို့၏ ဝိညာဉ်ကို လေ့ကျင့်ခြင်းအားဖြင့် ဝိညာဉ်တော်ကို အစဉ်မပြတ်လက်ခံရယူသော အသက်တာဖြစ်သည် (ဂလ၊၃း၂၊၅။ ယော၊၂၀း၂၂။ ရော၊၁၀း၁၂–၁၃)။

စ။ ကျွန်ုပ်တို့သည် သခင်ဘုရား၏နာမတော်ကိုခေါ်ခြင်းဖြင့် ဝိညာဉ်တော်ကို ရှူသွင်းသောအခါ၊ ကျွန်ုပ်တို့သည် ရှူသွင်းခြင်းနှင့် မှုတ်ထုတ်ခြင်းနှစ်မျိုးလုံးကို ပြုခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ အပေါင်းလက္ခဏာဆောင်သောအရာများကို ရှူသွင်းလိုက်ခြင်းဖြင့်၊ အနုတ်လက္ခဏာဆောင်သောအရာများကို မှုတ်ထုတ်လိုက်ခြင်းဖြစ်သည် (မြည်၊၃း၅၅–၅၆။ Hymns, #255)

ဆ။ ခရစ်တော်ကို အသက်ရှင်သောနည်းလမ်းမှာ ကိုယ်တော့်ကို ရှူသွင်းရန်ဖြစ်ပြီး၊ ကိုယ်တော့်ကို ရှူသွင်းရန်နည်းလမ်းမှာ အစဉ်မပြတ်သခင်ဘုရား၏နာမတော်ကို ခေါ်ခြင်းဖြစ်သည် (ဖိ၊၁း၁၉–၂၁က။ ရော၊၁၀း၁၂–၁၃။ ၁သက်၊၅း၁၇)။

*Day 5* **III. နေ့ောက်သည် ဘုရားသခင်၏စိတ်တော်နှင့် တွေ့သောသူဖြစ်ခြင်းမှာ သေခြင်းမှလွတ်မြောက်ရန်နှင့် သက်သေဖြစ်လာရန် ယုံကြည်ခြင်းဖြင့် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့၍ဖြစ်သည် (က၊၅း၂၂–၂၅။ ဟေဗြဲ၊၁၁း၅–၆)။**

က။ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းဆိုသည်မှာ ဘုရားသခင်ကို ကျော်လွန်ခြင်းမပြုရန်၊ မိမိကိုယ်ကိုယုံကြည်ကိုးစားခြင်းမရှိရန်၊ မိမိ၏အယူအဆနှင့် အလိုဆန္ဒအတိုင်း လုပ်ဆောင်ခြင်းမပြုရန်၊ ခေတ်ကာလ၏ခေတ်ရေစီးကြောင်းအတိုင်း လုပ်ဆောင်ခြင်းမပြုရန်နှင့် ဘုရားသခင်မပါဘဲ တစ်စုံတစ်ရာကိုမျှ လုပ်ဆောင်ခြင်းမပြုရန်ဖြစ်သည် (cf.ဆာ၊၁၉း၁၂–၁၃။ ယောရှု၊၉း၁၄ခ။ လု၊၂၄း၂၂၅–၂၇)။

ခ။ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းဆိုသည်မှာ ကျွန်ုပ်တို့၏ အလယ်ဗဟိုနှင့် အရာခပ်သိမ်းအဖြစ် ကိုယ်တော့်ကို ယူဆောင်ခြင်း၊ ဘုရား၏ အလိုတော်အတိုင်း၊ ကိုယ်တော်၏ဖွင့်ပြခြင်းနှင့် ဦးဆောင်မှုအတိုင်း၊ ဘုရားနှင့်အတူ အသက်ရှင်၍ အကြောင်းအရာများကို လုပ်ဆောင်ခြင်းနှင့် ကိုယ်တော်နှင့်အတူ အရာခပ်သိမ်းကို လုပ်ဆောင်ခြင်းတို့ ဖြစ်သည်။

ဂ။ ဘုရားသခင်နှင့်အတူလျှောက်လှမ်းခြင်းဆိုသည်မှာ ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းခြင်း ဖြစ်သည်။ ယုံကြည်ခြင်းမှာ ဘုရားသခင်တည်ရှိသည်ကို ယုံကြည်ခြင်းဖြစ်သည် (အငယ်၊၇။ ဟေဗြဲ၊၁၁း၅–၆၊၁–၂။ ၂ကော၊၄း၁၃၊၁၈)။

၁။ ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားကိုဝမ်းမြောက်စေခြင်း၊ ဘုရားကို ကျေနပ်အားရစေခြင်းရှိနိုင်မည် မဟုတ်ပါ (ဟေဗြဲ၊၁၁း၆က)။

၂။ ဘုရားတည်ရှိသည်ကို ယုံကြည်ခြင်းဆိုသည်မှာ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းဖြစ်၍၊ ကျွန်ုပ်တို့သည် ဘာမျှ မဟုတ်ကြောင်းကို ယုံကြည်ခြင်းဖြစ်သည်။

၃။ ဘုရားတည်ရှိသည်ကို ယုံကြည်ခြင်းမှာ ကျွန်ုပ်တို့သည် ဘာမျှ မဟုတ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ကိုယ်တော်သည် အရာအားလုံး၌ တုနှိုင်းရာမဲ့သောအရှင်၊ တစ်ပါးတည်းသောအရှင် ဖြစ်ရမည်ဖြစ်ပြီး၊ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ဘာမျှမဟုတ်သောသူ ဖြစ်ရမည် (က၊ ၅း ၂၄။ ဟေဗြဲ၊၁၁း၅)။

၄။ ဘုရားတည်ရှိသည်ကို ယုံကြည်ခြင်းဆိုသည်မှာ မိမိကိုယ်ကို ငြင်းပယ်ရန် ဖြစ်သည်။ စကြဝဠာတစ်ခုလုံး၌ ကိုယ်တော်သာတည်ရှိ၍၊ ကျွန်ုပ်တို့အားလုံးသည် ဘာမျှမဟုတ်ပါ(လု၊၉း ၂၃)။

၅။ ကျွန်ုပ်သည် ဘာမျှမဖြစ်သင့်ပါ။ ငါဟူ၍ မဖြစ်သင့်ပါ။ ကိုယ်တော်သာ ဖြစ်ရမည်။– "ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏" (ဂလ၊ ၂း ၂၀)။

*Day 6*

ဃ။ ယုံကြည်ခြင်းမှာ ဘုရားသခင်သည် ကိုယ်တော့်ကို လုံ့လဝီရိယရှိစွာ ရှာဖွေသောသူတို့၏ ဆုလဒ်ပေးသူဖြစ်ကြောင်း ယုံကြည်ခြင်းဖြစ်သည် (ဟေဗြဲ၊၁၁း၆။ က၊၁၅း၁။ ဖိ၊၃း၈၊ ၁၄)။

၁။ နောက်၏ဆုလဒ်မှာ သေခြင်းမှလွတ်မြောက်ခြင်းဖြစ်သော– အသက်၏ အမြင့်ဆုံးအတိုင်းအတာ ဖြစ်သည် (ဟေဗြဲ၊၁၁း၅က။ ၂ကော၊ ၅း၄။ ရော၊၈း၆၊ ၁၀–၁၁။ ၅း၁၇)။

၂။ သခင်ဘုရားသည် ဆုလဒ်ပေးသောသူဖြစ်ပြီး၊ ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ရှာဖွေသောသူများဖြစ်လာဖို့ လိုအပ်သည် (ဆာ၊ ၂၇း၄၊ ၈း၄၂၊ ၁–၂။ ၄၃း၄။ ၃၇း၂၅။ ၁၁၉း၂၊ ၁၀)။

င။ ယုံကြည်ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် သခင်ဘုရား၏နှုတ်ကပတ်တော်၌ ယုံကြည်ခြင်းကို ဆိုလိုခြင်းဖြစ်သည် (cf.လု၊၁း၃၈။ ရော၊ ၁၀း၁၇)။

၁။ နောက်သည် အသက်ခြောက်ဆယ်ငါးနှစ်ရှိသော်၊ သားကိုဖွား မြင်၍၊ ထိုသားကို မသုရှလအမည်မှည့်လေ၏ (က၊၅း၂၁)။ ဤ အမည်သည် အရေးကြီးသော ပရောဖက်ပြုချက်ဖြစ်၍၊ "သူသေ လွန်သော်၊ ခေါ်ခြင်းကိုခံရမည်"ဟုအဓိပ္ပါယ်ရသည်။

(က) သူ့သားကို မသုရှလအမည်မှည့်ခြင်းဖြင့်၊ နောက်သည် မသုရှလသေသောနှစ်၊ နောဧ၏ အသက်ခြောက်ရာရှိသောနှစ်၌ ရေလွှမ်းမိုးခြင်း၏ စီရင်ခြင်းရောက်လာမည်ကို ပရောဖက်ပြုခဲ့ခြင်းဖြစ်သည် (၇း၆။ ၅း၂၅–၂၈က)။

(၁) မာသုရှလသည် အသက်တစ်ရာရှစ်ဆယ့်ခုနစ်နှစ်ရှိသော် သားလာမက်ကိုဖွားမြင်၍ (အငယ်၊ ၂၅)၊ လာမက်သည် အသက်တစ်ရာ့ရှစ်ဆယ့်နှစ်နှစ်ရှိသော် သားနောဧကို ဖွားမြင်ပြီး (အငယ်၊ ၂၈)၊ နောဧသည် အသက်ခြောက်ရာစေ့သော် ရေလွှမ်းမိုးခြင်း ရောက်လာသည် (၇း၆၊ ၁၁)။

(၂) အကယ်၍ကျွန်ုပ်တို့သည် ဤပုံပန်းသဏ္ဍာန်သုံးခုကို အတူတကွပေါင်းလိုက်သောခါ၊ မသုရှလသေသောနှစ် စုစုပေါင်းကိုးရာခြောက်ဆယ်ကိုးနှစ်သို့ ကျွန်ုပ်တို့ ရောက်ရှိမည်ဖြစ်သည် (၅း၂၇)။

(ခ) နောက်၏ပရောဖက်ပြုချက်သည် သူအသက်ခြောက်ဆယ်ငါးနှစ်တွင် ပြုခဲ့ခြင်းဖြစ်၍၊ ထိုအချိန်၌ သူသည် ဘုရားသခင်၏ဖွင့်ပြချက်ကိုရရှိပြီး၊ ဘုရားဆိုင်ရာအလိုဆန္ဒနှင့် လုံ့ဆော်ခံရခြင်းအားဖြင့် ဘုရားကိုမေ့လျော့ခြင်းမရှိသောလူသားမျိုးနွယ်တစ်ခုလုံးအပေါ်တွင် ကျရောက်လာမည့် စီရင်ခြင်းကိုလည်း သဘောပေါက်ခဲ့သည် (cf. ယု၊၁၄–၁၅)။

၂။ ထို့နောက် နောက်သည် နေ့နှင့်ည ထိုပရောဖက်ပြုချက်ပြည့်စုံ

မည့်အကြောင်းကို မျှော်လင့်လျက်နေသည်။ ထိုမျှော်လင့်ချက်သည် သူ့အား ခေတ်ရေစီးကြောင်းနောက်သို့ လိုက်ပါမသွားဘဲ၊ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်းဖြင့်၊ ဘုရားဝတ်၌မွေ့လျော်သောအသက်တာ၊ သန့်ရှင်းသောအသက်တာကို အသက်ရှင်ရန် သူ့အား တွန်းအားဖြစ်စေခဲ့သည် (cf. ၂ပေ၊ ၃း၁၀–၁၂)။

က။ ကျွန်ုပ်တို့၏ ချီဆောင်ခံရခြင်းသည် ဘုရားနှင့်အတူ ကျွန်ုပ်တို့လျှောက်လှမ်းခြင်းဖြင့် ဘုရားဆိုင်ရာအသက်၌ ကျွန်ုပ်တို့၏ ကြီးရင့်လာခြင်းပေါ်တွင် မူတည်သည် (ဟေဗြဲ၊ ၆း၁က)။

ခ။ ဧနောက်သည် "ဘုရားသခင်သိမ်းယူတော်မူသောနေ့ရက်"တိုင်အောင်၊ တစ်နေ့ပြီးတစ်နေ့ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်း၊ ဘုရားထံသို့တိုးဝင်ခြင်းဖြင့် ရာစုနှစ်သုံးခုတိုင် နေ့ညမပြတ် ဘုရားသခင်နှင့်အတူ ရှေ့သို့စဉ်ဆက်မပြတ် လျှောက်လှမ်းခဲ့သည်။

## *နံနက်ခင်းကျွေးမွေးခြင်း*

**က၊ တဖန် သူ့ညီအာဗေလကို ဘွားမြင်လေ၏။ အာဗေလကား သိုးထိန်း ၄း၂ ဖြစ်၏။ ကာဣနကား လယ်လုပ်သောသူဖြစ်၏။**

**၄ အာဗေလသည်လည်း မိမိသိုးစုတွင် အဦးဘွားသော သားအချို့နှင့်၊ သိုးဆီဥကို ဆောင်ခဲ့၏။ ထာဝရဘုရားသည် အာဗေလနှင့် သူ၏ပူဇော် သက္ကာကို ပမာဏပြုတော်မူ၏။**

ရေလွှမ်းမိုးခြင်းမတိုင်မီ၊ (ကာဣနနှင့် အာဗေလတို့အချိန်ကာလ၌) လူတို့သည် အသီးအရွက်ကိုသာ စားကြသည်(က၊၁း၂၉)၊ အကြောင်းမှာ အသွေးသွန်းရသော တိရိစ္ဆာန်၏ အသားကိုစားရန် ဘုရားသခင်စီမံ မထားသေးသောကြောင့် ဖြစ်သည် (က၊၉း ၃–၄)။ ထို့ကြောင့် သိုးကို ထိန်းကျောင်းခြင်းဖြင့် ရရှိလာသောအရာသည် ဘုရားသခင်ကို ပူဇော်ရန်အတွက်သာဖြစ်၍၊ အသက်ရှင်ရန် ဝင်ငွေရှာခြင်းအတွက် မဟုတ်ပါ။ ထို့ပြင် လူကျဆင်းသွားသောကြောင့် လူ၏စိတ်၌ ဖုံးအုပ်ရန်လိုအပ်လာသည့်အတွက် ယဇ်ပူဇော် သောသိုးသူငယ်မှ ကျန်သောသားရေသည် ဘုရားသခင်ရှေ့တော်တွင် လူ၏ အရှက်ကိုဖုံး အုပ်ရန်အတွက် ဖြစ်သည်။ သို့မှသာ လူသည် ဘုရားသခင်၏ လက်ခံတော် မူခြင်းကိုခံရ၍၊ ဘုရားသခင်နှင့်ဆက်သွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် အာဗေလ၏ အလုပ်အကိုင်က အာဗေလသည် မိမိအတွက်အဓိကထား အသက်ရှင်ခြင်းမဟုတ်ဘဲ၊ ကိုယ်တော်၏ ရွေး နုတ်ခြင်း၌ ဘုရားသခင်၏ အကြံအစည်တော်ပြည့်စုံစေရန်အတွက် ဘုရားသခင်၏ အလို ဆန္ဒအတိုင်း အဓိကအသက်ရှင်ခြင်းဖြစ်ကြောင်း ဖေါ်ပြသည်။ ထိုနည်းတူစွာပင် ဘုရား သခင်၌ယုံကြည်သောသူနှင့် ဘုရားသခင်၏ ရွေးနုတ်ခြင်းနည်းလမ်းကို ယူဆောင်သော သူအားလုံးတို့သည် သူတို့၏ အသက်ရှင်ခြင်းကို ဂရုစိုက်ခြင်းထက် ဘုရားသခင်၏ အကြံ အစည်တော်ကို ဂရုပြုရမည်ဖြစ်သည်။ သူတို့လုပ်ဆောင်သော အရာအားလုံးတို့သည် ဘုရားသခင်ကို အစေခံရန် အကြံအစည်တော်အတွက်သာ ဖြစ်သင့်ပါသည်။ (*Truth Lessons—Level Two*, vol. 2, p. 21)

## *ယနေ့ဖတ်စရာ*

ဟေဗြဲ၊၁၁း၄အရ၊ အာဗေလ၏ပူဇော်သက္ကာ၊ ယဇ်ကို ယုံကြည်ခြင်းဖြင့် ဘုရား သခင်ထံ ပူဇော်ခြင်းဖြစ်သည်။ ယုံကြည်ခြင်းသည် ဧဝံဂေလိနှုတ်ကပတ်တော်ကို ကြားနာ ခြင်းမှ လာခြင်းဖြစ်သည် (ရော၊၁၀း၁၇၊ ၁၄)။ ဤသည်မှာ အာဗေလ၏ မိဘများဖြစ်

သော အာဒံနှင့်ဧဝသည် သူတို့ထံ ဘုရားသခင်ကြေညာထားသော သတင်းကောင်းကို သူတို့၏ကလေးများထံ ကြေညာခဲ့ကြောင်းကို ဖော်ပြခြင်းဖြစ်သည် (က၊၃း၁၅၊ ၂၁)။ သူ၏ဖခင်နှင့် မိခင်ကဲ့သို့ အာဗေလသည် ဧဝံဂေလိတရားကို ယုံကြည်၍၊ သူ၏မိဘများ ပြောသောနှုတ်ကပတ်တော်ရှိ ဘုရား၏ဖွင့်ပြခြင်းအတိုင်း ဘုရားသခင်ထံ သူ၏ပူဇော် သက္ကာကို ပူဇော်ခြင်းဖြစ်သည်။ ထို့ကြောင့် မြေကြီးပေါ်တွင် ပထမဆုံးသော မိသားစု သည် ဧဝံဂေလိမိသားစု၊ ယုံကြည်သူများ မိသားစုဖြစ်သည်။ (Gen. 4:4, footnote 1)

အာဗေလသည် ဘုရားသခင်၏ဖွင့်ပြခြင်းအတိုင်း ဘုရားကိုကိုးကွယ်သည် (ဟေဗြဲ၊ ၁၁း၄)။ ကာဣနကဲ့သို့မဟုတ်ဘဲ အာဗေလသည် သူ၏သိုးစုများမှ အဦးဆုံးဘွားသော သိုးများကို ပူဇော်ခြင်းဖြစ်သည်။ ကျမ်းစာက သူသည်“ သိုးစုများမှ အဦးဘွားသော သား အချို့နှင့် ဆီဥကိုဆောင်ခဲ့၏ ”ဟု ပြောဆိုထားသည် (က၊၄း၄)။ သူသည် ဆီဥကို ပူဇော် သောအခါ၊ ပူဇော်သက္ကာကို သတ်၍၊ အသွေးကို သွန်းလောင်းရခြင်းဖြစ်သည်၊ အသေ ခံခြင်းမရှိပါက၊ ဘုရားသခင်ကိုပူဇော်ရန် ဆီဥကိုရရှိနိုင်မည်မဟုတ်ပါ။ အာဗေလသည် အသွေး သွန်းလောင်းသော ပူဇော်သက္ကာကို လိုအပ်ကြောင်း သိရှိနားလည်ခဲ့သည်။ သူသည် ကျဆင်း သောမိဘများမှ မွေးဖွားလာ၍၊ ဘုရားသခင်၏ အမြင်၌ သူသည် ဆိုးညစ်သောသူ၊ အပြစ်ရှိ သောသူ၊ ညစ်ညမ်းသောသူဖြစ်သည်ကို သိနားလည်သည်။ ထို့ကြောင့် သူသည် သူ၏သိုးစု များမှ အဦးဘွားသောသိုးကို သူ၏ အပြစ်ဖြေနုတ်ခြင်းအတွက်ပူဇော်၍၊ ဘုရားသခင်၏ ကျေနပ်နှစ်သိမ့်ခြင်းအတွက် ဆီဥကို မီးရှို့ပူဇော်သည်။ သိုးစုများမှ အဦးဘွားသောသိုးများကို ပူဇော်ရန် သူ့အား မည်သူပြောခဲ့ပါသနည်း။ သူသည် သူ၏မိဘများ ညွှန်ကြားသည့်အတိုင်း သံသယမရှိလုပ်ဆောင်ခြင်းဖြစ်သည်။ အာဗေလ လုပ်ဆောင်ခဲ့သောအရာသည် နောက်ပိုင်းမှ ပေးလာသော မောရှေ၏ပညတ်တရားတောင်းဆိုချက်နှင့် အလားတူဖြစ်သည်။ ဤသည်မှာ ဘုရားသခင်ကို သူကိုးကွယ်သောနည်းလမ်းသည် ဘုရားသခင်၏ဖွင့်ပြချက်အတိုင်းဖြစ်၍၊ သူ၏ထင်မြင်ယူဆချက်အတိုင်း မဟုတ်ကြောင်းကို သက်သေပြခြင်းဖြစ်သည်။

အာဗေလ လုပ်ဆောင်ခဲ့သောအရာသည် အသွေးတော်၏ ဆေးကြောခြင်းကိုခံ ရန်၊ မိမိကိုယ်ကိုငြင်းပယ်၍၊ မိမိကိုယ်ကို ဘေးဖယ်ထားရန်နှင့် ကျွန်ုပ်တို့၏ဖုံးအုပ်ရာ အဖြစ် ခရစ်တော်ကိုယူဆောင်ရန် ကျွန်ုပ်တို့ကို ပြောဆိုထားသော ဓမ္မသစ်ကျမ်း၏ဧဝံ ဂေလိတရားနှင့် တစ်ထပ်တည်းဖြစ်သည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ အပြစ်များကို ဝန်ချ တောင်ပန်း၍၊ မိမိကိုယ်ကို ငြင်းပယ်ဖို့လိုသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပထမဦး ဆုံး မွေးဖွားသောသိုးဖြစ်သည့် ခရစ်တော်ကို ဆက်ကပ်ရန်နှင့် မိမိကိုယ်ကို မေ့ထားကာ ငြင်းပယ်၍ စွန့်လွှတ်ခြင်းဖြင့် ဘေးပယ်ပြီး ကျွန်ုပ်တို့၏ အကွယ်အကာအဖြစ် ကိုယ်တော့်

ကို ယူဆောင်၍ ဘုရားကို ကျေနပ်စေမည့် အရသာချိုမြိန်သော ကိုယ်တော်၏ ဆီဥကို ဆက်သဖို့လိုအပ်သည်။ ထိုသို့ ကျွန်ုပ်တို့လုပ်ဆောင်ပါက၊ ကိုယ်တော့်အတွက် သာမက၊ ကိုယ်တော့်အားဖြင့်လည်း ကျွန်ုပ်တို့ အသက်ရှင်နိုင်မည်ဖြစ်သည်။ ခရစ်တော်သည် ဘုရားသခင်အဖို့ ပူဇော်သက္ကာမျှသာမကဘဲ၊ အသက်နှင့် ရွေးနုတ်ခြင်း၏ နည်းလမ်း၊ ဘုရားသခင်၏ နည်းလမ်းလည်း ဖြစ်သည်။ ဟေဗြဲ၊ ၁၁း၄၌ ခရစ်တော်၏ ပုံစံနမူနာ တည်းဟူသော ပူဇော်သက္ကာကို ယုံကြည်ခြင်း၌ ပူဇော်ခြင်းအားဖြင့် အာဗေလသည် ဖြောင့်မတ်ခြင်း သက်သေခံချက်ကို ရရှိခဲ့သည်။ ဤယုံကြည်ခြင်းအားဖြင့် သူသည် ယနေ့ထိတိုင် တရားဟောလျက်ရှိသည်။

အာဗေလသည် ပထမဦးဆုံးသော ယဇ်ပုရောဟိတ်ဖြစ်သည်။ သူ့အတွက် ပူဇော်သက္ကာကို ဆက်ကပ်ပေးရန် သူသည် ယဇ်ပုရောဟိတ် ငှါးဖို့မလိုခဲ့ပါ။ ဤအရာကို သူကိုယ်တိုင် လုပ်ဆောင်သည်။ အာဗေလအယောက်တိုင်းသည် ယဇ်ပုရောဟိတ် ဖြစ်သည်။ သင်၏ ပူဇော်သက္ကာကို ပူဇော်ပေးရန် မည်သူကိုမျှ မတောင်းဆိုပါနှင့်။ ကာသိုလစ်အသင်းတော်ရှိ ဖါသာ၊ အန်လီကန်အသင်းတော်ရှိ ယဇ်ပုရောဟိတ် သို့မဟုတ် အမှုဆောင်သူနှင့် သင်းအုပ်ထံသို့ မသွားပါနှင့်။ သင်သည် ပူဇော်သက္ကာတို့ကို ပူဇော်သော ယဇ်ပုရောဟိတ် ဖြစ်ရမည်။ အသင်းတော်အသက်တာ၌ရှိသောလူတိုင်းသည် ယဇ်ပုရောဟိတ် ဖြစ်ရမည်။ ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်ထံ စဉ်ဆက်မပြတ် ပူဇော်ကြရမည်ဖြစ်သည်။ ( *Life- Stydy of Genesis*, pp. 311, 313-314)

*ပို၍ဖတ်ရန်-* *Life- Stydy of Genesis*, msgs. 22-23

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း***

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ အချိန်စေ့သောအခါ၊ ကာဣနသည် ယေဟောဝါထံ ပူဇော်သက္ကာဘို့၊**
**၄း၃ မြေအသီးကို ဆောင်ခဲ့၏။**

**ဟေဗြဲ၊ အာဗေလသည်၊ ကာဣန ပူဇော်သောယဇ်ထက် သာ၍မြတ်သောယဇ်**
**၁၁း၄ ကို၊ ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အား ပူဇော်၏။ ထိုသို့သော ယဇ်ကိုပူဇော်၍၊ မိမိဖြောင့်မတ်သည်ဟု သက်သေခံတော်မူခြင်းကို ရလေ၏။ အဘယ်သို့နည်းဟူမူကား၊ သူလှူသောအလှူကို ဘုရားသခင်သည် လက်ခံတော်မူ၏။ သို့ဖြစ်၍ အာဗေလသည် သေလွန်သော်လည်း ယခုပင်တရားဟောသေး၏။**

ယု၊၁၁ သည် "ကာဣနနည်းလမ်းအတိုင်းလိုက်သော" သူတို့အကြောင်းကို ပြောထားသည်။ ကာဣန၏ နည်းလမ်းမှာ လူကိုယ်တိုင် ကြိုးစားအားထုတ်ခြင်းနှင့် မာရ်နတ်၏ လှုံ့ဆော်မှုအောက်တွင် လူ၏ တီထွင်မှုအတိုင်း မိမိကိုယ်ကို ယုံကြည်ကိုးစားခြင်းဖြင့်၊ ဘုရားကျေနပ်ရန်နှင့် ဘုရားကိုကိုးကွယ်ရန် ကောင်းအောင် လုပ်ဆောင်ခြင်းဖြစ်သည်။ ကာဣန၏ နည်းလမ်းမှာ ခရစ်တော်မပါဘဲ၊ ဘာသာတရား ဆန်ဆန် ဘုရားကိုကိုးကွယ်ရန် ဖြစ်သည်။ စာတန်သည် သူ့အထဲ၌ တွန်းအားပေးလုပ်ဆောင်နေသောသူဖြစ်သည်။ စာတန်သည် ကောင်းမကောင်းသိကျွမ်းရာ အပင်၏ အသီးကိုစားရန် သူတို့အား သွေးဆောင်ခြင်းဖြင့် ပထမဦးဆုံးသော လူသားမျိုးနွယ်ကို မတရားလုယူသိမ်းပိုက်ခဲ့သည်။ သို့သော်လည်း ဘုရားသခင်သည် ကိုယ်တော်၏ ရွေးနှုတ်ခြင်းနည်းလမ်းဖြင့် သူတို့ကို ကယ်တင်တော်မူရန်နှင့် ပြန်လည်ရယူရန် ကြားဝင် ဖြန်ဖြေပေးခဲ့သည်။ တစ်နည်းဆိုသော်၊ အာဒံနှင့် ဧဝတို့သည် ပျောက်ဆုံးသွားသော်လည်း၊ ဘုရားသခင်သည် ကိုယ်တော်၏ ရွေးနှုတ်ခြင်းနည်းလမ်း၊ အသွေးသွန်းလောင်းသော နည်းလမ်းကို ဖွင့်ပေးခြင်းဖြင့် သူတို့အား မိမိထံသို့ ပြန်လည်ခေါ်ဆောင်ရန် ကြွလာခဲ့သည်။ ၎င်းသည် ဘုရားသခင်၏ ကယ်တင်ခြင်းနည်းလမ်း ဖြစ်သည်။ အာဒံနှင့် ဧဝသည် ဤနည်းလမ်းကို သူတို့၏ သားများထံ လက်ဆင့်ကမ်းရာ၌ သူတို့၏ သားဦး ကာဣနသည် ၎င်းကိုငြင်းပယ်၍၊ မာရ်နတ်နှင့် တစ်လုံးတစ်ဝ ရှိခြင်းဖြင့် သူ့ကိုယ်ပိုင်နည်းလမ်းကို ယူဆောင်ကြောင်း ကျွန်ုပ်တို့မြင်တွေ့ခဲ့ပြီးဖြစ်သည်။ (*Life- Stydy of Genesis*, pp. 306-307)

## ယနေ့ဖတ်စရာ

ကာဣနသည် အသွေးသွန်းလောင်းသော ပူဇော်သက္ကာအားဖြင့် ရွေးနှုတ်ခြင်း

ကို မျှော်လင့်၍၊ ဘုရားသခင်၏ ကယ်တင်ခြင်း နည်းလမ်းနောက်သို့မလိုက်ဘဲ(က၊၃း ၂၁။ ဟေဗြဲ၊၉း ၂၂)၊ သူကိုယ်တိုင် ကြိုးစားထုတ်လုပ်သော အသီးအနှံကို မိမိယုံကြည်ခြင်းဖြင့် ဆက်ကပ်ကာ လူ၏ကျဆင်းခြင်းနောက်သို့ ဆက်လက်လိုက်ခဲ့သည်။ ဘုရားသခင်ကို ကိုးကွယ်သော ကာဣန၏နည်းလမ်းသည် ပါးနပ်သောစာတန်၏ လှုံ့ဆော်တွန်းအားပေး ခြင်းဖြစ်သော (က၊၄း၇နှင့် မှတ်စု။ ၁ယော၊၃း၁၂)၊ လူ၏အတွေးအခေါ် အတိုင်း ဘာသာရေးကို ဖန်တီးပြုလုပ်သော နည်းလမ်းဖြစ်သည် (ယု၊၁၁နှင့် မှတ်စု ၁)။ (က၊၄း၃၊ မှတ်စု၊၁)၊

အာဗေလသည် ကာဣန၏နည်းလမ်း၌ ဘုရားကို ကိုးကွယ်ခြင်းမပြုဘဲ၊ ဘုရား၏ နည်းလမ်း၌ ဘုရားကိုကိုးကွယ်သောကြောင့် ကာဣန၏ နှိပ်စက်ခြင်းနှင့် အသေသတ်ခြင်း ကိုခံခဲ့ရသည်။ ကာဣနသည် သူကြိုးစားလုပ်ဆောင်သော အသီးအနှံကို ယုံကြည်ကိုးစား သော အသွေးအသား၌ရှိသူ ဖြစ်သည်၊ သို့သော် အာဗေလမူကား မိမိကိုယ်ကို ကိုးစားသူ မဟုတ်ပါ။ သူ၏ယုံကြည်ကိုးစားခြင်းကို သူ၏ပူဇော်ဆက်ကပ်ခြင်း၌ ထားသောသူဖြစ် သည်။ အမှန်ဆိုရသော်၊ အာဗေလသည် ခရစ်တော်၌ ယုံကြည်ကိုးစား၍ ခရစ်တော်ကို ဝါကြွားသောသူဖြစ်ပြီး၊ အသွေးအသား၌ ယုံကြည်ကိုးစားခြင်းမရှိပါ(ဖိ၊၃း၃)။ အသွေး အသား၌ ကိုးကွယ်သောသူတို့သည် ဝိညာဉ်၌ကိုးကွယ်သောသူတို့အား အမြဲတစေ ဆန့်ကျင်၍ နှိပ်စက်ညှဉ်းပန်းကြသည်(Gal. 4:29) (*Life-study of Genesis*, p. 314)

အာဗေလသည် ဘုရားသခင်၏ ဖွင့်ပြခြင်းအတိုင်း အသွေးသွန်းလောင်းခြင်းနှင့် ပူဇော်သက္ကာကို ပူဇော်၍ ဘုရားသခင်လက်ခံခြင်းခံခဲ့ရသောကြောင့် သူသည် ကာဣန၏ မုန်းတီးခြင်းနှင့် အသေသတ်ခြင်းကိုခံရသည် (က၊၄း၄–၅၊ ၈)။ ထို့ကြောင့် သူသည် နှစ်များတစ်လျှောက်လုံး၌ ဘုရားသခင်၏ရွေးနုတ်ခြင်းနည်းလမ်းနှင့်အသက်ကို ယူ ဆောင်ခဲ့၍၊ ဤအကြောင်းကြောင့် မာတုရဖြစ်ခဲ့သောသူများအားလုံးတို့၏ ကိုယ်စား ပြုဖြစ်လာခဲ့သည်။ သခင်ယေရှုသည် ဖာရိရှဲတို့အား "ပရောဖက်များ၊ ပညာရှိများနှင့် ကျမ်းပြုပုဂ္ဂိုလ်တို့ကို သင်တို့ရှိရာသို့ ငါစေလွှတ်၏ ။ ထိုသူအချို့တို့ကို သင်တို့သည် ကွပ် မျက်၍ လက်ဝါးကပ်တိုင်၌ သတ်ကြလိမ့်မည်။ အချို့တို့ကို တရားဇရပ်၌ရိုက်၍ တစ်မြို့မှ တစ်မြို့သို့ ညှဉ်းဆဲနှင်ထုတ်ကြလိမ့်မည်။ ထို့ကြောင့် ဖြောင့်မတ်သောအာဗေလ၏ အ သွေးမှစ၍၊ ဗိမာန်တော်နှင့် ယဇ်ပလ္လင်အကြား၌ သင်တို့သတ်ကြသော ဗာရခိသားဇာခရိ ၏ အသွေးတိုင်အောင် မြေကြီးအပေါ်၌ သွန်းပြီးသမျှသော ဖြောင့်မတ်သောသူတို့၏ အသွေးသည် သင်တို့ခေါင်းပေါ်သို့ ရောက်လိမ့်မည်" ဟု မိန့်တော်မူခဲ့သည်(မ၊၂၃း ၃၄– ၃၅)။ ဤကျမ်းပိုဒ်က၊ ဓမ္မဟောင်းနှင့် ဓမ္မသစ်ခေတ်ကာလ၌ ဘုရားသခင်၏ ရွေးနုတ်ခြင်း

နှင့် အသက်၏နည်းလမ်းကို ယူဆောင်သောသူအားလုံးသည် ညှဉ်းပန်းနှိပ်စက်ခြင်း ဆင်းရဲဒုက္ခကို ခံကြရမည်ဖြစ်ကြောင်း၊ ရှင်းလင်းစွာဖော်ပြထားသည်။ ထို့ကြောင့် အာဗေလကဲ့သို့ ခရစ်တော်ယေရှု၌ ဘုရားဝတ်မွေ့လျော်သောအသက်တာကို အသက်ရှင်ရန်အလိုဆန္ဒရှိသောသူတို့သည် ညှဉ်းပန်းနှိပ်စက်ခြင်းကိုခံကြရမည်ဖြစ်သည် (၂တိ၊ ၃း ၁၂)။ သူတို့အားလုံးသည် အာဗေလ၏နောက်လိုက်များဖြစ်ကြသည်။ (*Truth Lessons—Level Two,* vol. 2, pp. 22-23)

ဘုရားသခင်သည် ကိုယ်တော်ကိုမှန်ကန်စွာ ဝတ်ပြုကိုးကွယ်သော အာဗေလအား အလွန်ပမာဏပြုသည်ကို ကာဣနမြင်သောအခါ၊ သူသည် မနာလိုဖြစ်လေ၏။ ကာဣနကျဆင်းချိန်တွင် အာဗေလ၏ အနေအထားသည် ချီးမြောက်ခြင်းခံရသောကြောင့် ကာဣနသည် အာဗေလအား သတ်မည်ကို ကျွန်ုပ်ယုံကြည်ပါသည်။ အာဗေလ၏မျက်နှာသည်ပြုံးရွှင်နေ၍၊ တောက်ပနေသောကြောင့် ကာဣနသည် အာဗေလအား ရန်ပြုတိုက်ခိုက်ခြင်းဖြစ်သည်။ အကယ်၍ သင်သည် ပျော်ရွှင်စွာဖြင့် သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်မည်ဆိုပါက၊ အခြားသူများကို ဘာသာရေး မနာလိုမုန်းတီးခြင်း ဖြစ်ပေါ် စေမည်ဖြစ်သည်။ (*Life-study of Genesis,* pp. 309-310)

ဘုရားသခင်၏မျက်မှောက်တော်မှ ထွက်သွားပြီးနောက် (က၊ ၄း၁၆) ကာဣနသည် အသက်ရှင်နေထိုင်ရန်နှင့် သူ၏ အကာအကွယ်အတွက် မြို့ကိုတည်ထောင်ခဲ့သည်။ လူသည် ဘုရားကိုဆုံးရှုံးခဲ့ပါက၊ သူသည်အရာခပ်သိမ်းကို ဆုံးရှုံးခြင်းဖြစ်သည်။ လူသည် ဘုရားကို ဆုံးရှုံးခြင်းသည် သူ့အား လူသား၏ ထုံးတမ်းဓလေ့များဖန်တီးရန်၊ လူနေထိုင်ရန် အဓိကလိုအပ်ချက်ဖြစ်သောမြို့များကိုတည်ထောင်ရန်၊ အသက်မွေးဝမ်းကျောင်းအတွက် တိရစ္ဆာန်မွေးမြူရန်၊ ဖျော်ဖြေခြင်းအတွက် တေးဂီတနှင့် တိုက်ခိုက်ရန်အတွက် လက်နက်များကို ဖန်တီးရန်အတွက် တွန်းအားဖြစ်စေခဲ့သည်(အငယ်၊ ၂၀–၂၂)။ ကမ္ဘာဦးအခန်းကြီးလေး၌ တီထွင်ခဲ့သော ဘုရားမဲ့ထုံးတမ်းဓလေ့သည် ဗာဗုလုန်မြို့ကြီး အထွတ်အထိပ်သို့တိုင်အောင် ဆက်လက်ကြီးထွားလာမည်ဖြစ်သည်။ (Rev. 17—18). (Gen. 4:17, footnote 2)

*ပို၍ဖတ်ရန်- Truth Lessons-Level Two,* vol. 2, lsn. 14; *Lifestudy of Genesis,* msg. 24

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

** က၊ ရှေသသည်လည်း သားကိုရ၍ နေတ်ဟူသောအမည်ဖြင့်မှည့်လေ၏။**
**၄း၂၆ ထိုကာလ၌ ယေဟောဝါ၏ နာမတော်ကိုအမှီပြု၍ ကိုးကွယ်စပြုလေ၏။**
**ရော၊ ဂျူးလူမျိုးနှင့် ဂရိလူမျိုးအကြား အလျှင်းခြားနားမှုမရှိ။ လူအပေါင်း**
**၁၀း၁၂ တို့ကို အစိုးရသောသခင်တစ်ပါးတည်းရှိ၍၊ ကိုယ်တော်ကို ခေါ်သောသူ**
**–၁၃ အပေါင်းတို့၌ ကြွယ်ဝတော်မူ၏။ အကြောင်းမူကား၊ "သခင်ဘုရား၏**
**နာမတော်ကို ခေါ်သောသူရှိသမျှတို့သည် ကယ်တင်ခံရကြလတံ့"။**

(က၊၄း၂၆၌ *ခေါ်ခြင်းအတွက်*) ဟေဗြဲစကားလုံးသည် "ခေါ်ထွက်ခြင်း" "ဟစ်အော်တောင်းဆိုခြင်း"ဆိုလို၍၊ ၎င်းသည် ကျယ်လောင်စွာ ဟစ်ကြွေးခြင်းဖြစ်သည်။ လူတို့က သူတို့၏ အသက်သည် အချည်းနှီးအနတ္တသာဖြစ်ပြီး၊ သူတို့သည် အားနည်းသော၊ သေတတ်သောခန္ဓာဖြစ်သည်ကို သိနားလည်သောကြောင့်၊ သူတို့သည် အလိုအလျောက်ပင် ထာဝရတည်သောအရှင်၊ ယေဟောဝါ၏နာမတော်ကို အစပြုခေါ်ခဲ့သည်။ သူတို့သည် အချည်းနှီးဖြစ်ခြင်းနှင့် အားနည်းခြင်းရှိသော်လည်း သခင်ဘုရား၏နာမတော်ကို ခေါ်ခြင်းဖြင့်၊ သူတို့ခေါ်သောသူ၏ ခွန်အားနှင့် ကြွယ်ဝခြင်းအထဲသို့ ဝင်ရောက်ရသည့်အတွက် သူတို့သည် ကြွယ်ဝချမ်းသာခြင်းများနှင့် ကြွံခိုင်လာခဲ့သည် (ရော၊၁၀း၁၂–၁၃နှင့် မှတ်စုများ)။ (က၊ ၄း၂၆၊မှတ်စု ၂)။

## *ယနေ့ဖတ်စရာ*

(က၊၄၌ မြင်တွေ့ခဲ့သည်အတိုင်း) လူသားတို့၏ ဒုတိယကျဆင်းခြင်းမှ လွတ်မြောက်နိုင်ရန်၊ ကျွန်ုပ်တို့သည် အာဗေလနည်းတူ ကိုယ်တော်၏နည်းလမ်းအတိုင်း ဘုရားကို ကိုးကွယ်၍ ဘုရားသခင်အတွက် အသက်ရှင်ရမည်(၄း၂၄။ cf.၃း၂၁။ ဟေဗြဲ ၁၁း၄)။ အနုတ်လက္ခဏာဘက်၌ ကျွန်ုပ်တို့သည် ကာဣနကဲ့သို့(က၊၄း၃) မိမိ၌စိတ်ကြီးဝင်ခြင်းမရှိရပါ။ အပေါင်းလက္ခဏာဘက်၌ ကျွန်ုပ်တို့သည် ကိုယ်တော်၏ဖွင့်ပြခြင်းနှင့် နည်းလမ်းအတိုင်း ဘုရားသခင်အတွက် အသက်ရှင်၍ ကိုယ်တော့်ကို ကိုးကွယ်ရမည်။ ၎င်းသည် ဘုရားသခင်အတွက် အသက်ရှင်၍၊ ကိုးကွယ်ရုံသာမဟုတ်ဘဲ၊ ဘုရားသခင်၏ ဖွင့်ပြခြင်းနည်းလမ်းအတိုင်း လုပ်ဆောင်ရန်လည်း ဖြစ်သည်။

က၊၄၌ အထူးအဓိပ္ပါယ်ရှိသောအမည်နှစ်မျိုးကို တွေ့ရသည်။ ပထမမှာ "အချည်းနှီးဖြစ်ခြင်း"ဟု အဓိပ္ပါယ်ရသောအာဗေလဖြစ်သည်။ ကျဆင်းခြင်း၏ ရလဒ်အနေဖြင့် လူသားအသက်တာသည် အချည်းနှီး ဖြစ်လာသည်။ ယနေ့လူတို့ကို ကြည့်ပါ။ သူတို့သည်

အလွန်အလုပ်များနေသော်လည်း သူတို့အထဲ၌ ပြည့်စုံခြင်းမရှိ၊ ဟာတာတာဖြစ်နေ၍၊ သူတို့၏ အတွင်းပိုင်းနက်နဲခြင်း၌ ဗလာဖြစ်နေသည်ကို ခံစားရသည်။ ဤသည်မှာ "အနတ္တာသက်သက်၊ အနတ္တာသက်သက်၊ ခပ်သိမ်းသောအရာတို့သည် အနတ္တာဖြစ်ကြ၏။ နေအောက်မှာ ကြိုးစားအားထုတ်သမျှသည် အဘယ်အကြိုးရှိသနည်း(ဒေသနာ၊၁း ၂-၃)ဟု ပြောထားသော ပညာရှိရှောလမုန်မင်းကြီး၏ ဆိုလိုခြင်းနှင့် ထပ်တူဖြစ်သည်။ လူသားတို့၏ ဒုတိယကျဆင်းခြင်းမှ လွတ်မြောက်နိုင်ရန်အလို့ငှါ၊ ကျဆင်းသွားသော လူသားတို့အနေဖြင့် ဘုရားသခင်မရှိပါက၊ ကျွန်ုပ်တို့လုပ်ဆောင်သော၊ ကျွန်ုပ်တို့ရှိသော၊ ကျွန်ုပ်တို့၏ ဖြစ်ခြင်းအားလုံးတို့သည် ဗလာသာဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရှိနားလည်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် အနတ္တာသက်သက်မျှသာဖြစ်၍၊ ဘာမျှမဟုတ်ပါ။

ထူးခြားသောအဓိပ္ပါယ်နှင့် ဒုတိယအမည်မှာ ဧနုတ်ဖြစ်၍၊ "အားနည်းချည့်နဲ့သော၊ သေတတ်သောလူသား"ဟု အဓိပ္ပါယ်ရသည်။ ကျဆင်းသွားပြီးနောက် လူ့အသက်တာသည် အနတ္တာဖြစ်လာရုံသာမက၊ လူသည်လည်း အားနည်းချည့်နဲ့၍၊ သေတတ်သောလူဖြစ်လာခဲ့သည်။ ကျွန်ုပ်တို့သည် အားနည်းချည်းနဲ့၍၊ လွယ်ကူစွာ ကျိုးပဲ့တတ်ကြသူများဖြစ်သည်ကို ဝန်ခံကြရမည်။ လူသည် သေတတ်သောလူ ဖြစ်သည်။ ကျွန်ုပ်တို့သည် လွယ်ကူစွာ ကျရှုံးတတ်ကြသည်။ သူသည် နောက်တစ်ပတ် အသက်ရှင်ရမည်ဟု မည်သူတစ်ဦးမျှ မဝံ့ကြွားနိုင်ပါ။ မည်သူမျှ သူ၏မနက်ဖြန်ကို မသိကြပါ။ လူ၏ ဒုတိယကျဆင်းခြင်းမှ လွတ်မြောက်နိုင်ရန် ကျွန်ုပ်တို့သည် လူ့အသက်တာ၏ အနတ္တာဖြစ်ခြင်းနှင့် လူသည် ပျက်လွယ်ကြောင်းကို သိရှိနားလည်ရမည်။ အကယ်၍ ကျွန်ုပ်တို့သည် ဤသိနားလည်ခြင်းရှိပါက၊ မိမိကိုယ်ကို ကိုးစားခြင်းမရှိတော့ဘဲ၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နည်းလမ်းမှ ခွဲခွါသွားရန်လည်း မိမိကိုယ်ကိုယုံကြည် ကိုးစားမည်မဟုတ်ပါ။

ကျွန်ုပ်တို့သည် မိမိကိုယ်ကို ယုံကြည်မှုလွန်ကဲခြင်းမရှိသင့်ဘဲ၊ ဘုရားသခင်အတွက် အသက်ရှင်၍၊ ကိုယ်တော်၏ နည်းလမ်းအတိုင်း ကိုယ်တော့်ကို ကိုးကွယ်ရမည်ကို မြင်တွေ့လာ၍၊ လူသားအသက်တာ၏ အနတ္တာဖြစ်ခြင်းနှင့် လူသားတို့၏ ကျိုးပဲ့လွယ်ခြင်းကို သိရှိနားလည်လာသောအခါ၊ ကျွန်ုပ်တို့သည် "အို သခင်ဘုရား၊ ကျွန်ုပ်သည် ယုံကြည်မှုလွန်ကဲခြင်းမရှိဘဲ၊ ကိုယ်တော်၏ နည်းလမ်း၌ ကိုယ်တော့်အတွက်သာ အသက်ရှင်၍၊ ကိုယ်တော့်ကို ကိုးကွယ်ပါမည်။ သခင်ဘုရား ကျွန်ုပ်၏ အသက်တာသည် အနတ္တာသက်သက်ဖြစ်ပါ၏။ ကျွန်ုပ်သည် အားနည်းချည့်နဲ့၍ သေတတ်သောခန္ဓာသာဖြစ်ပါသည်"ဟု ပြောလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာသည် အနတ္တာသက်သက်သာဖြစ်၍၊ ကျွန်ုပ်တို့ကိုယ်တိုင်သည် အားနည်းချည့်နဲ့သောသူဖြစ်သည်ကို ကျွန်ုပ်တို့မြင်လာသောအခါ၊

ကျွန်ုပ်တို့သည် အလိုအလျောက်ပင် သခင်ဘုရား၏ နာမတော်ကို ခေါ် လိမ့်မည်ဖြစ် သည်။ လူသား၏ တတိယမျိုးဆက် နေ့တ်၏ အချိန်ကာလမှစ၍ လူသားသည် သူတို့၏ အားနည်းချက်များ၊ အားနည်းချည့်နဲ့ခြင်းများနှင့် သေတတ်သောခန္ဓာကိုသိရှိနားလည် လာသောကြောင့် သခင်ဘုရား၏ နာမတော်ကို စတင်ခေါ် ဆိုခဲ့သည်။

ဟေဗြဲဘာသာစကား၌ *သခင်ဘုရား* ဟူသောစကားမှာ ယေဟောဝါဖြစ်သည် (က၊၄း ၂၆။ cf. ထွ၊၃း၁၄)။ ဘုရားဟူသောအမည်နာမသည် ကမ္ဘာဦး၊၁၌ ကိုယ်တော်၏ ဖန်ဆင်းခြင်းကို ဘုရားသခင်နှင့်စပ်လျဉ်း၍ အဓိကအသုံးပြုသည်။ ယေဟောဝါ ဟူသောအမည်နာမသည် ကမ္ဘာဦး၊ ၂မှအစပြု၍ လူနှင့်စပ်လျဉ်း၍ ဘုရားသခင်အတွက် အဓိကအသုံးပြုခြင်းဖြစ်သည်။ ယေဟောဝါဟူသောအမည်နာမသည် လူနှင့်အတူ ရင်းနှီးကျွမ်းဝင်စွာ မိတ်သဟာယဖွဲ့ရန် ရောက်ရှိလာသော ဘုရား၏ နာမဖြစ်သည်။ ထို့ကြောင့် က၊၄း ၂၆၌ လူတို့သည် ဘုရားသခင်၏ နာမတော်ကို အစပြုခေါ် ဆိုသည်ဟူ၍ပြောဆို မထားဘဲ၊ ယေဟောဝါ၏ နာမကို ခေါ် သည်ဟု ဆိုထားခြင်းဖြစ်သည်။ လူတို့သည် အရာခပ်သိမ်းတို့ကို ဖန်းဆင်းသောသူကို ခေါ် ခြင်းမဟုတ်ဘဲ၊ သူတို့နှင့် အလွန်နီးစပ်သောသူ၊ သူတို့နှင့် နီးကပ်စွာဆက်နွယ်သောသူကို ခေါ် ခြင်းဖြစ်သည်။ ယေဟောဝါ၏ အမည်နာမသည် "ငါဖြစ်သည်အတိုင်းငါဖြစ်၏ "ဟူ၍ဖြစ်သည်။ ယင်းမှာ ကိုယ်တော်သာလျှင် ထာဝရ ကာလမှ ထာဝရကာလတိုင်အောင် တည်ရှိသောသူ ဖြစ်သည်။ ကိုယ်တော်သည် အတိတ်ကာလ၌ ရှိခဲ့သောသူ၊ လက်ရှိမျက်မှောက်ကာလတွင် ရှိနေသောသူနှင့် အနာဂတ်ကာလ ထာဝရကာလတိုင်အောင် ရှိတော်မူမည့်သူဖြစ်သည်။ ကိုယ်တော်သည် ထာဝရတည်တံ့သောအရှင် ဖြစ်သည်။ လူတို့သည် အားနည်းချည့်နဲ့သောသူနှင့် သေတတ်သောခန္ဓာနှင့်လူဖြစ်သည်ကို သိရှိနားလည်လာသောအခါ၊ သူတို့သည် ထာဝရတည်တံ့သောသူ ယေဟောဝါ၏ နာမကို အစပြုခေါ် ဆိုခဲ့ကြခြင်းဖြစ်သည်။ (*Life-Study of Genesis*, pp.332-333)

*ပို၍ဖတ်ရန်-* *Life-Study of Genesis*, msg. 25

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ထွ၊၃း ၁၄–၁၅** **ဘုရားသခင်ကလည်း၊ ငါဖြစ်သည်အတိုင်းငါဖြစ်၏ဟူ၍ရင်း၊ ငါဖြစ်သည်ဟု အမည်ရှိသောသူသည် ငါ့ကိုသင်တို့ရှိရာသို့ စေလွှတ်တော်မူပြီးဟု အစ္စရေးအမျိုးသားတို့အား ပြန်ပြောလော့ဟူ၍ရင်း၊ မောရှေအား မိန့်တော်မူ၏။ တဖန်ဘုရားသခင်က၊ သင်တို့ဘိုးဘေးများ၏ဘုရားသခင်၊ အာဗြဟံ၏ဘုရား၊ ဣဇက်၏ဘုရား၊ ယာကုပ်၏ဘုရားတည်းဟူသော ယေဟောဝါဘုရားသည်၊ ငါ့ကို သင်တို့ရှိရာသို့ စေလွှတ်တော်မူပြီးဟု အစ္စရေးအမျိုးသားတို့အား ပြောရမည်။ ထိုအမည်သည် အစဉ်ငါ့အမည်ဖြစ်၏။ လူမျိုးအစဉ် အဆက်မပြတ် ငါ့ဘွဲ့နာမဖြစ်၏။**

ထွက်၊ ၃း၁၃–၁၈၌ ဘုရားသခင်သည် ဘုရားဖြစ်ခြင်းအပြင်၊ ကိုယ်တော်၏နာမသည် ယေဟောဝါဖြစ်ကြောင်း ရည်ရွယ်ချက်ဖြင့် ဖွင့်ပြထားသည်။ က၊၁၃၌ ကိုယ်တော်သည် *ဘုရားသခင်*ဟူသောနာမကို အသုံးပြုထားသည်။ က၊၂၃၌ ကိုယ်တော်သည် ဘုရားဟူသော နာမမဟုတ်ဘဲ၊ *ယေဟောဝါဘုရား*ဟူ၍ အခြားနာမကို အသုံးပြုထားသည်။ အာဗြဟံသည် အမည်နာမကို (ကိုယ်တော်၏နာမသည် ယေဟောဝါဖြစ်ကြောင်း ဘုရားသခင်သည် သူ့အား တစ်ကြိမ်ပြောခဲ့ဖူးသောကြောင့်)သိသော်ငြားလည်း၊ သူသည် ထိုနာမ၏ အဓိပ္ပါယ်ကို မသိရှိပါ။ ထွ၊၃း၁၄–၁၅ မရောက်မီထိ ဘုရားသခင်သည် လူအား ယေဟောဝါဟူသော အမည်နာမ၏ အဓိပ္ပါယ်ကို မိန့်တော်မူခြင်းမရှိသေးပါ။

ယေဟောဝါဟူသောနာမသည် ရင်းနှီးကျွမ်းခြင်း၏ နာမဖြစ်ပြီး၊ ဘုရားသခင်ဟူသော အမည်နာမသည် အများနှင့် ဆိုင်သောနာမဖြစ်သည်။ ယေဟောဝါသည် ကိုယ်တော်၏ ချစ်မေတ္တာကို ရည်ညွှန်းဖေါ်ပြခြင်းဖြစ်ပြီး၊ ဘုရားသည် ကိုယ်တော်၏ တန်ခိုးတော်ကို ရည်ညွှန်းခြင်းဖြစ်သည်။ ယေဟောဝါသည် ကိုယ်တော်၏ ရင်းနှီးကျွမ်းဝင်ခြင်းကို ရည်ညွှန်းဖေါ်ခြင်းဖြစ်ပြီး၊ ဘုရားသည် ဖန်ဆင်းခြင်းကို ရည်ညွှန်းဖေါ်ပြခြင်း ဖြစ်သည်။ (*CWWN*, Vol.9, pp. 263, 265)

## ယနေ့ဖတ်စရာ

ထွ၊၃း၁၄–၁၅၌ ဘုရားသခင်သည် မောရှေအား "ငါဖြစ်သည် အတိုင်းငါ ဖြစ်၏" (ယင်းမှာ ယေဟောဝါ)ဟု မိန့်တော်မူခြင်းမှာ ကိုယ်တိုင်တည်နေသော၊ အစဉ်တည်နေသောအရှင်ဖြစ်ကြောင်း ဆိုလိုသည်။ မောရှေကို စေလွှတ်သူမှာ ယေဟောဝါဘုရားဖြစ်ပြီး၊ ကိုယ်တော်၏နာမသည် "ငါဖြစ်သည်အတိုင်း ငါဖြစ်၏"ဟူ၍ဖြစ်သည်။ မောရှေကို

အဘယ်သူစေလွှတ်သနည်း။ ငါဖြစ်သောသူက သူ့ကို စေလွှတ်ခြင်းဖြစ်သည်။

မည်မျှအံ့ဖွယ်ကောင်းသော 'ငါ' ဖြစ်သနည်း။ ဤနေရာ၌ ဘုရားသခင်က ကိုယ်တော်သည် အဘယ်သူဖြစ်သည်ကို ပြည့်စုံစွာပြောမထားပါ။ ငါဖြစ်သည်ဟုသာ ဆိုထားသည်။ ဤသည်မှာ မိန့်တော်မမူသေးသောအရာရှိသည်ကို ဆိုလိုခြင်းဖြစ်သည်။ ထိုနေ့ရက်၌ မောရှေသည် ဘုရားသခင်၏ဖွင့်ပြခြင်းကို ရရှိခဲ့ခြင်းဖြစ်သည်။

ဘုရားသခင်သည် *ငါဖြစ်သည်*ဟူသောစကား၌ *တန်ခိုး*ဟူသော စကားလုံးကို ပေါင်းထည့်မည်ဆိုပါက၊ ကိုယ်တော်သည် ချစ်ခြင်းမဟုတ်တော့ပါ။ ကိုယ်တော်သည် ပထမစကားတွင် *ချစ်ခြင်း* ပေါင်းထည့်သည်ဆိုပါက၊ ကိုယ်တော်သည် ချစ်မေတ္တာသာဖြစ်ပြီး၊ တန်းခိုး၊ ဉာဏ်ပညာ၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ရွေးနုတ်ခြင်း၊ နှစ်သိမ့်ခြင်း၊ ကာကွယ်ခြင်း၊ အမြင့်ဆုံးမျှော်စင်နှင့် အရိပ်ဖြစ်မည် မဟုတ်ပါ။ ဘုရားသခင်သည် ငါဖြစ်သည်ဟုသာ မိန့်တော်မူထားပြီး၊ သူဖြစ်သည့်အရာကို ပြောမထားပါ။ ဤအရာက ကိုယ်တော်၌ ယုံကြည်သောသူတို့အား အခြားသောဝေါဟာရများကို ပေါင်းထည့်ရန်ခွင့်ပြုခြင်း ဖြစ်သည်။ အမှန်တွင် ထိုအရာတို့သည် ဝေါဟာရများသာမဟုတ်ဘဲ၊ ဝိညာဉ်ဆိုင်ရာစစ်မှန်ခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ယုံကြည်ခြင်းဖြင့် ကျွန်ုပ်တို့ အလိုရှိသောအရာတိုင်းကို ပေါင်းထည့်နိုင်သည်။ ကျွန်ုပ်တို့၌ မျှော်လင့်ခြင်းနှင့် လိုအပ်ချက်ရှိပါက၊ *ဘုရားဖြစ်သည်* ဟူသောစကားတွင် ကျွန်ုပ်တို့လိုသောအရာတိုင်းကို ပေါင်းထည့်နိုင်ပြီး၊ ကျွန်ုပ်တို့၏ လိုအပ်ချက်အတွက် ဘုရားသခင်၏ အဖြေကို ရရှိနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် နှစ်သိမ့်ခြင်းလိုအပ်ပါက၊ ဘုရားသည် ကျွန်ုပ်တို့၏ နှစ်သိမ့်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အရိပ်လိုအပ်ပါက၊ ဘုရားသည် ကျွန်ုပ်တို့၏ အရိပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် အမြင့်ဆုံးမျှော်စင်လိုအပ်ပါက၊ ဘုရားသည် ကျွန်ုပ်တို့၏ အမြင့်ဆုံးမျှော်စင်ဖြစ်သည်။ ကျွန်ုပ်တို့သည် အောင်မြင်ခြင်းလိုအပ်ပါက၊ ဘုရားသည် ကျွန်ုပ်တို့၏ အောင်မြင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သန့်ရှင်းခြင်းလိုအပ်ပါက၊ ဘုရားသည် ကျွန်ုပ်တို့၏ သန့်ရှင်းခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် နည်းလမ်းလိုအပ်ပါက၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏ နည်းလမ်းဖြစ်သည် (ယော၊၁၄း၆)။ ကျွန်ုပ်တို့သည် အလင်းလိုအပ်ပါက၊ ဘုရားသည် ကျွန်ုပ်တို့၏ အလင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အသက်မုန့်လိုအပ်ပါက၊ ဘုရားသည် ကျွန်ုပ်တို့၏ အသက်မုန့်ဖြစ်သည်။ သင်လိုအပ်သောအရာအာလုံးကို ကိုယ်တော်၏နာမ၌ ပေါင်းထည့်နိုင်သည်။ ဤသည်မှာ ချက်လက်မှတ်အားလုံးကို လက်မှတ်ထိုးထားသော ချက်လက်မှတ်စာအုပ်နှင့် တူသည်။

ဓမ္မဟောင်းကျမ်းရှိ ယေဟောဝါသည် ဓမ္မသစ်ကျမ်း၌ ယေရှုဖြစ်သည်။ ယေရှုဟူသောအဓိပ္ပါယ်သည် "ယေဟောဝါကယ်တင်ရှင်"ဖြစ်သည်။ သခင်ယေရှုမြေကြီးပေါ်

ရှိစဉ်အခါ ကိုယ်တော်သည် ဓမ္မဟောင်းကျမ်းရှိ ယေဟောဝါဖြစ်ကြောင်းကို ဝန်ခံခဲ့သည်။ ကိုယ်တော်က “ငါသည် ဤမည်သောသူဖြစ်သည်ကို သင်တို့သည် မယုံလျှင်၊ ကိုယ်အပြစ်များ၌ သေကြလိမ့်မည်”ဟု မိန့်တော်မူ၏ (ယော၊ ၈း ၂၄)။ ဤကျမ်းပိုဒ်၌ သခင်ယေရှုက ကိုယ်တော်သည် “ဤမည်သောသူဖြစ်သည်”ဟု ကျွန်ုပ်တို့အား မိန့်တော်မူသည်။ ကျွန်ုပ်တို့အတွက် ကိုယ်တော်သည် အရာခပ်သိမ်းဖြစ်သည်။ ကိုယ်တော်သည် ဤမည်သောသူဖြစ်သည် မဟုတ်ပါလား။ ကိုယ်တော်သည် အသက်ဖြစ်သည်၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်၊ ကိုယ်တော်သည် လောက၏ အလင်း ဖြစ်သည်၊ ကိုယ်တော်သည် အသက်မုန့်ဖြစ်သည်၊ ကိုယ်တော်သည် ကောင်းသောသိုးထိန်းဖြစ်သည်ဟု ကိုယ်တိုင် မိန့်တော်မူသည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ နာမတော်၌ မစထောက်ပံ့ခြင်းများ အားလုံးကို ရရှိနိုင်သည်။ ကျွန်ုပ်တို့၌ ကိုယ်တော်၏ နာမရှိသည်နှင့်တစ်ပြိုင်တည်း၊ ကျွန်ုပ်တို့၌ အရာအားလုံးရှိလာသည်။ (*CWWN*, vol. 9, pp. 266-268)

သခင်ဘုရား၏ နာမကို ခေါ်ခြင်းသည် ကိုယ်တော့်ထံ တောင်းဆိုခြင်းနှင့် ဝိညာဉ်ဆိုင်ရာရှူသွင်းခြင်းကို တွေ့ကြုံခံစားခြင်း ဖြစ်သည်။ မြည်၊ ၃း၅၅–၆၆၌ ခေါ်ခြင်းသည် ဟစ်အော်တောင်းဆိုခြင်းနှင့် ရှူသွင်းခြင်းကို ဆိုလိုသည်။ တောင်းဆိုခြင်းသည် အကောင်းဆုံးသော ရှူသွင်းခြင်းဖြစ်သည်။ တောင်းဆိုခြင်းနှင့် ရှူသွင်းခြင်းအားဖြင့် ကျွန်ုပ်တို့သည် ရှူထုတ်ခြင်းနှင့် ရှူသွင်းခြင်း နှစ်ခုလုံးကို ပြုကြသည်။ ရှူထုတ်ခြင်းသည် ရှူသွင်း၏ နောက်တွင် အမြဲလိုက်လာသည်။ ရှူထုတ်ခြင်းအားဖြင့် အနုတ်လက္ခဏာ အရာအားလုံးကို ကျွန်ုပ်တို့ ရှူထုတ်လိုက်ခြင်းဖြစ်သည်။ အနုတ်လက္ခဏာဆောင်သော အရာတို့ကို သင်မှုတ်ထုတ်လိုက်သောအခါ၊ သခင်ဘုရား၏ အပေါင်းလက္ခဏာအရာများ သည် သင့်အထဲသို့ ဖြည့်ပေးလိမ့်မည်ဖြစ်သည်။ သင်သည် ဒေါသထွက်သောအခါ၊ ၎င်းကို ထိန်းချုပ်ရန် မကြိုးစားဘဲ၊ “အို၊ သခင်ယေရှု”ဟုခေါ်ပါ။ ထိုပြင် “သခင်ယေရှု၊ ကျွန်ုပ်သည် ဒေါသထွက်တော့မည်ဖြစ်ပါသည်”ဟု ဆုတောင်းချက်တိုလေးဖြင့် ဆုတောင်းပါ။ ဤသို့လုပ်ဆောင်သောအခါ၊ သင်သည် ဒေါသထွက်ခြင်းရှိသေးသလောဟု ကြည့်ပါ။ ကိုယ်တော်၏ နာမတော်ကိုခေါ်ခြင်းဖြင့် အပြစ်များ၊ ဆိုးညစ်ခြင်းများ၊ မသန့်ရှင်းသော အရာများသည် မှုတ်ထုတ်ခြင်းခံရပြီး၊ အပေါင်းလက္ခဏာအရာများအားလုံး ဖြစ်သည့်– သခင်ဘုရား၏ ကြွယ်ဝခြင်းများကို သင့်အထဲသို့ ရှူသွင်းလိမ့်မည်ဖြစ်သည်။ (*Life-study of Genesis*, p. 334)

*ပို၍ဖတ်ရန်-* *CWWN*, vol. 9, pp. 263-274

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ကၢ၅း ၂၂-၂၄ မာသုရှလ ဖွားမြင်သောနောက် ဧနောက်သည် အနှစ်သုံးရာပတ်လုံး ဘုရားသခင်နှင့်အတူသွားလာ၍ သားသမီးများကို မြင်လေ၏။ ဧနောက် အသက်နှစ်ပေါင်းသုံးရာခြောက်ဆယ့်ငါးနှစ်တည်း။ ဧနောက်သည် ဘုရားသခင်နှင့်အတူသွားလာ၏။ နောက်တစ်ဖန် သူသည်မရှိ၊ အကြောင်းမူကား၊ ဘုရားသခင်သိမ်းယူတော်မူသော ကြောင့်တည်း။**

တတိယမျိုးဆက်နှင့် နောက်ပိုင်းတွင် စတုတ္ထမျိုးဆက်တို့သည် သခင်ဘုရား၏ နာမတော်ခေါ်ခြင်းကို တွေ့ရှိခဲ့သည်။ လူသားကျဆင်းခြင်း၏ အဆိုးစွန်သောရလဒ် (သေ ခြင်း) မှ လွတ်မြောက်နိုင်ရန်နည်းလမ်းကို သတ္တမမြောက်မျိုးဆက်ဖြစ်သော ဧနောက် အားဖြင့် တွေ့ရှိခဲ့သည်။ ဧနောက်သည် သေခြင်းမှ လုံးလုံးလွတ်မြောက်ရန် ထိုသို့သော နည်းလမ်း၌ အသက်ရှင်ခဲ့သည်။ သခင်ဘုရားသည် ဧနောက်ကို မသိမ်းယူမီ၊ မြေကြီးပေါ် တွင် သူအသက်ရှင်သွားလာနေချိန်၌၊ သေခြင်းသည် သူ့အား သေခြင်းမှရပ်စဲပြီးဖြစ် သည်။ ဧနောက်သည် သေခြင်း၏ သတ်ခြင်းကို အောင်မြင်ခဲ့သည်။ (*Life-Study of Genesis*, pp. 351-352)

## ယနေ့ဖတ်စရာ

ဧနောက်သည် ချီဆောင်ခြင်းခံရသော ပထမဦးဆုံးသောလူဖြစ်သည်။ ချီဆောင် ခြင်းအကြောင်းကို ပထမဦးဆုံးဖော်ပြသော ဧနောက်၏ အကြောင်းသည် ချီဆောင်ခြင်း ၏ အလေ့အလာကို အတည်ပြုခြင်းဖြစ်သည်။ ချီဆောင်ခြင်းအလေ့အလာမှာ အဘယ် သို့နည်း။ ၎င်းသည် ဘုရားသခင်နှင့်အတူလျှောက်လှမ်းခြင်းအားဖြင့် အသက်၌ကြီးရင့် ခြင်းဖြစ်သည်။ ဧနောက်သည် အနှစ်သုံးရာပတ်လုံး ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့ ၍၊ ဘုရားသခင်သည် သူ့ကို သိမ်းယူတော်မူခဲ့သည် (ကၢ၅း ၂၂-၂၄)။

သင်သည် ချီဆောင်ခြင်းခံရန် မျှော်လင့်ပါသလား။ သင်မျှော်လင့်ပါက၊ သင်သည် ဘုရားသခင်နှင့်အတူ လျှောက်လှမ်းရန်လိုအပ်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရား၏ နာမတော်ကို ခေါ်ရုံသာမက၊ ဘုရားသခင်နှင့်အတူလည်း လျှောက်လှမ်းရမည်။ နာမခေါ် ခြင်းကို လျှောက်လှမ်းခြင်းဖြင့် လိုက်ရမည်။ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခြင်း ဆိုသည်မှာ ဘုရားသခင်ကို ကျော်လွန်ခြင်းမပြုရန်၊ မိမိကိုယ်ကို ယုံကြည်ကိုးစားခြင်း မပြုရန်၊ မိမိ၏ အယူအဆနှင့် အလိုဆန္ဒအတိုင်း လုပ်ဆောင်ခြင်းမပြုရန်နှင့် ဘုရားမပါဘဲ

တစ်စုံတစ်ရာကိုမျှ လုပ်ဆောင်ခြင်းမပြုရန် ဖြစ်သည်။ ဘုရားသခင်နှင့်အတူလျှောက်လှမ်းခြင်းဆိုသည်မှာ ကိုယ်တော့်ကို ကျွန်ုပ်တို့၏ အလယ်ဗဟိုနှင့် အရာခပ်သိမ်းအဖြစ်ယူဆောင်ရန်၊ ကိုယ်တော်၏ ဖွင့်ပြခြင်းနှင့် ဦးဆောင်မှုအတိုင်း အရာအားလုံးကို လုပ်ဆောင်ရန်နှင့် အရာခပ်သိမ်းကို ကိုယ်တော်နှင့်အတူ လုပ်ဆောင်ရန် ဖြစ်သည်။ ၎င်းသည် ဘုရားသခင်အတွက်အသက်ရှင်ပြီး၊ ဘုရားအတွက် လုပ်ဆောင်ရုံသာမကဘဲ၊ ဘုရားသခင်နှင့်အတူ၊ ဘုရား၏ ဖွင့်ပြခြင်းအတိုင်း အသက်ရှင်ခြင်းနှင့် လုပ်ဆောင်ခြင်း ဖြစ်သည်။ ဧနောက်သည် မျက်မှောက်ခေတ်ရေစီးကြောင်းအတိုင်း၊ သူ၏အလိုဆန္ဒနှင့် အတွေးအခေါ် အတိုင်း၊ အသက်မရှင်ဘဲ၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်လုပ်ဆောင်ခြင်း နည်းလမ်း၌ ဘုရားနှင့်အတူ လျှောက်လှမ်းခဲ့သည်။ (*Life-study of Genesis*, p. 352)

သမ္မာကျမ်းစာ၌ သင်သည် ခရစ်တော်၌ ယုံကြည်ခြင်းမရှိပါက၊ သင်၌အသက်ရှိမည်မဟုတ်ကြောင်း ပြောထားသည်(ယော၊၃း၁၅–၁၆၊ ၃၆)။ ဤသည်မှာ ကျွန်ုပ်တို့၏ အသက်သည် ထာဝရတည်သောအရာမဟုတ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ယနေ့ ကျွန်ုပ်တို့ရှိနေသော်လည်း၊ မနက်ဖြန်၌ ကျွန်ုပ်တို့ရှိချင်မှရှိလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် စကြဝဠာတစ်ခုလုံးတွင် ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ပါ။ ကျွန်ုပ်သည် ဘာမျှမဟုတ်ပါ။ ကျွန်ုပ်တို့၏ ခန်းမသည် ဘာမျှမဟုတ်ပါ။ အနာဟိုင်မြို့သည် ဘာမျှမဟုတ်သကဲ့သို့ ကယ်လီဖိုးနီးယားသည်လည်း ဘာမျှမဟုတ်ပါ။ အမေရိကန်ပြည်ထောင်စုသည် ဘာမျှမဟုတ်သကဲ့သို့ တစ်ကမ္ဘာလုံးသည်လည်း ဘာမျှမဟုတ်ပါ။ ၎င်းမှာ ထိုအရာအားလုံးတို့သည် ထာဝရတည်ရှိသောအရာ မဟုတ်သောကြောင့် ဖြစ်သည်။ ထိုအရာတို့ မရှိနိုင်သောနေ့ရက်ရောက်လာလိမ့်မည်ဖြစ်သည်။ ထိုအရာတို့သည် ပျောက်ဆုံးသွားလိမ့်မည်ဖြစ်သည်။ အမှန်တကယ်တွင် မျက်မြင်ရသောအရာတို့သည် တည်မြဲသောအရာမဟုတ်ဘဲ၊ အချည်းနှီးအနတ္တသာ ဖြစ်သည် (၂ကော၊၄း၁၈)။

ထိုအခါ၊ တည်မြဲသောအရာသည် အဘယ်နည်း။ အဘယ်သူသည် တည်မြဲသနည်း။ ငါဖြစ်သည်အတိုင်း ငါဖြစ်သောကြီးမြတ်ရှင်သာ တည်မြဲမည်ဖြစ်သည်။ ဘုရားသခင်ထံတော်သို့ တိုးဝင်ချဉ်းကပ်သောသူသည် ဘုရားသခင် တည်ရှိသည်ကို ယုံကြည်ရမည်ဖြစ်သည်။ ယုံကြည်ခြင်းသည် အလွန်အရေးပါသောအရာ ဖြစ်သည်။ ဤအရာမရှိပါက သင်သည် ဘုရားကို ဝမ်းမြောက်စေနိုင်မည် မဟုတ်ပါ။ သင်သည် ဘုရားတည်ရှိသည်ကို ယုံကြည်ရမည်။

ယုံကြည်ခြင်းသည် သင့်ကို တစ်စုံတစ်ခုလုပ်ဆောင်ခြင်းမှ ရပ်ဆိုင်းစေရန်ဖြစ်သည်။

သင်သည် ဘာမျှမဟုတ်ပါ။ ယုံကြည်ခြင်းသည် ဘုရားသခင်တစ်ပါးတည်းသာဖြစ်စေရန် သင့်ကို ဘုရားသခင်ထံသို့ ပေါင်းစည်းဆက်နွယ်ပေးသည်။ ငါသည် ဘာမျှမဟုတ်၊ ထို့ကြောင့် ကျွန်ုပ်၏ဇနီးကိုချစ်သောသူသည် ကျွန်ုပ်မဖြစ်သင့်ပါ။ ကျွန်ုပ်၏ဇနီးကိုချစ်သောသူသည် ခရစ်တော်ဖြစ်သင့်သည်။ ကိုယ်တော်သာလျှင် တည်မြဲသောသူဖြစ်၍ ကျွန်ုပ်သည် ဘာမျှမဟုတ်ပါ။ ဈေးဝယ်ထွက်သောသူသည် ကျွန်ုပ်မဖြစ်သင့်ဘဲ၊ ကိုယ်တော်ဖြစ်ရမည်။ စတိုးဆိုင်ကြီး၌ ရောင်းချသောပစ္စည်းတစ်ခုခုကို သင်ကောက်ကိုင်လိုက်သည်နှင့်၊ သင်သည် "ကိုယ်တော်ဖြစ်သလော သို့မဟုတ် ငါဖြစ်နေသလော"ဟု စစ်ဆေးရမည်။

ယုံကြည်ခြင်းသည် သင့်ကို တစ်စုံတစ်ခုလုပ်ဆောင်ခြင်းမှ ရပ်တန့်စေပြီး၊ ဘုရားသခင်ကို သင့်အဖို့ အရာခပ်သိမ်း ဖြစ်စေရန် ဖြစ်သည်။ ယင်းသည် ဂလ၊ ၂း ၂၀၌ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်မှာ အသေခံပြီ။ ငါသည် ကိုယ်တိုင်မရှင်၊ ခရစ်တော်သည် ငါ၌ရှင်တော်မူ၏"ဟု ပေါလု၏စကားနှင့် အတူတူပင် ဖြစ်သည်။ မည်သူ ရှင်သနည်း။ ငါသည် ကိုယ်တိုင်မရှင်။ ငါသည် မရှိတော့ပါ။ ငါသည် အဆုံးသတ်ပြီး ဖြစ်သည်။ ငါသည် လက်ဝါးကားတိုင်မှာအသေခံပြီ။ ငါသည် ပြီးဆုံးပြီး။ ငါမဟုတ်တော့ဘဲ၊ ခရစ်တော်သည် ငါ၌ရှင်တော်မူသည်။ ခရစ်တော် အသက်ရှင်တော်မူသည်။ ခရစ်တော် ဖြစ်သည်။ ခရစ်တော် တည်ရှိနေသည်။ ငါ မတည်ရှိပါ။ ဤသည်မှာ ဘုရားဖြစ်ခြင်းကို *ယုံကြည်ခြင်း* အနှစ်သာရစကားဖြစ်သည်။ ဘုရားဖြစ်သည်ကို ယုံကြည်ခြင်းမှာ သင်ဘာမျှမဟုတ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ အရာခပ်သိမ်း၌ ကိုယ်တော်တစ်ပါးတည်းသာလျှင်၊ တုနှိုင်းရာမဲ့သောအရှင် ဖြစ်ရမည်၊ အရာခပ်သိမ်း၌ ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ပါ။

သခင်ယေရှုသည် " ငါ့နောက်သို့လိုက်လိုသောသူဖြစ်လျှင် ကိုယ်ကိုကိုယ် ငြင်းပယ်ရမည်"ဟု မိန့်တော်မူခဲ့သည်(လု၊ ၉း ၂၃)။ ဤစကားလုံးသည် ပေါလုပြောသော "ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကို လည်းကောင်း၊ ယုံကြည်ရမည်"ဟူသော စကားနှင့်အတူတူပင်ဖြစ်သည် (ဟေဗြဲ၊ ၁၁း၆)။ မိမိကိုယ်ကို ငြင်းပယ်ခြင်းသည် ဘုရားသခင်ရှိတော်မူသည်ကို ယုံကြည်ခြင်းဖြစ်ပြီး၊ ဘုရားရှိတော်မူသည်ကို ယုံကြည်ခြင်းသည် မိမိကိုယ်ကို ငြင်းပယ်ခြင်း ဖြစ်သည်။(*Crystallizationstudy of the Epistle to the Romans,* pp. 74-76)

*ပို၍ဖတ်ရန်-* *Crystallization-study of the Epistle to the Romans,*msg. 7

***အလင်းဖွင့်ပြခံရခြင်းနှင့်နှီးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ဟေဗြဲ၊ ဧနောက်သည် ယုံကြည်ခြင်းအားဖြင့် သေခြင်းနှင့်လွတ်၍ ဘဝ**
**၁၁း၅–၆ ပြောင်းရ၏။ ဘုရားသခင်သည် သူ့ကိုဘဝပြောင်းစေတော်မူသော ကြောင့်၊ သူသည် နောက်တစ်ဖန် မပေါ်မရှိ။ သူသည် ဘဝမပြောင်းမီ ဘုရားသခင်၏စိတ်တော်နှင့် တွေ့သောသူဖြစ်သည်ဟု သက်သေခံခြင်းကို ရလေ၏။ ယုံကြည်ခြင်းမရှိလျှင်၊ ဘုရားသခင်၏စိတ်တော်နှင့် မတွေ့နိုင်။ အကြောင်းမူကား၊ ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်သောသူသည်၊ ဘုရားသခင်ရှိတော်မူသည်ကိုလည်းကောင်း၊ ကိုယ်တော်ကိုကြိုးစား၍ ရှာသောသူအား အကျိုးပေးတော်မူသောသူဖြစ်သည်ကိုလည်းကောင်း ယုံကြည်ရမည်။**

ဟေဗြဲ၊၁၁း၅–၆၌ ဘုရားသခင်သည် ဧနောက်ကို မသိမ်းယူမီအချိန်ကပင်၊ သူသည် ဘုရားကို ယုံကြည်ကြောင်း ဖော်ပြထားသည်။ ဤသည်မှာ ဧနောက်သည် ဘုရားနှင့်အတူ လျှောက်လှမ်းရုံသာမက၊ သူသည် ဘုရားကို ယုံကြည်သူဖြစ်ကြောင်းလည်း ဖော်ပြခြင်းဖြစ်သည်(ဟေဗြဲ၊၁၁း၅)။

ဟေဗြဲ၊ ၁၁း၆၌ သင်သည် ဘုရားကိုယုံကြည်လျှင်၊ ကိုယ်တော်သည် ဆုလာဘ်ဖြစ်သည်ကိုလည်း ယုံကြည်လိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် တည်ရှိသောသူဖြစ်ရုံသာမက၊ ဆုလာဘ်လည်း ဖြစ်သည်။ ဘုရားသည် လူတို့ကို အဘယ်ကြောင့် ဆုကျေးဇူးပြုသနည်း။ အကြောင်းမှာ ကိုယ်တော်သည် သူ၏အကြံအစည်ပြည့်စုံစေရန်အတွက် အသက်ရှင်သောလူကို လိုလားတောင့်တလျက်ရှိသောကြောင့် ဖြစ်သည်။ ဧနောက်သည် ဘုရားကို ရှာဖွေသောသူဖြစ်၍၊ ဘုရားသည် သူ၏ ဆုလာဘ်ဖြစ်သည်။ သူသည် ဘုရားကို ရှာဖွေ၍၊ ဘုရားနှင့်အတူ လျှောက်လှမ်းသောသူဖြစ်သည်။ (*Life-study of Genesis*, pp. 355-356)

## ယနေ့ဖတ်စရာ

ဘုရားသည် ဧနောက်အား အဘယ်ဆုလာဘ်ကို ပေးခဲ့သနည်း။ ဘုရားသည် သူ့ကို သေခြင်းမှလွတ်မြောက်ရသော အသက်၏အမြင့်ဆုံးအတိုင်းအတာကို ပေးခဲ့သည်။ သခင်ဘုရားသည် ဆုလာဘ်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ကိုယ်တော့်ကို ရှာဖွေသောသူများ ဖြစ်ရန်လိုအပ်သည်။ ဧနောက်သည် ၎င်းကိုယုံကြည်ကာ၊ လက်တွေ့လုပ်ဆောင်ခဲ့သည်။ သူသည် ကိုယ်တော့်ကိုရှာဖွေပါက၊ ကိုယ်တော်သည် သူ့အတွက် ဆုလာဘ်

ဖြစ်လိမ့်မည်ကို ယုံကြည်ခဲ့သည်။

နောက်သည် အသက်ခြောက်ဆယ့်ငါးနှစ်ရှိသောအခါ၊ သားကိုဖွားမြင်ခဲ့၍၊ မသုရှလအမည် မှည့်လေ၏ (က၊၅း ၂၂)။ မသုရှလဟူသောအမည်၌ ပရောဖက်ပြုချက်ဆိုင်ရာ အဓိပ္ပါယ်ရှိသည်။ ယင်းမှာ "သူသေသောအခါ၊ ၎င်းကိုစေလွှတ်လိမ့်မည်"ဟုဆိုလိုခြင်းဖြစ်သည်။ ယင်းမှာ ရေလွှမ်းခြင်းကို ပရောဖက်ပြုခြင်းဖြစ်သည်။ သူ့သားကို မသုရှလအမည်ပေးခြင်းအားဖြင့် နောက်သည် ရေလွှမ်းမိုးခြင်း၏စီရင်ခြင်း ရောက်ရှိလာမည်ကို ပရောဖက်ပြုခဲ့သည်။ သူသည် ဤပရောဖက်ပြုချက်ကို ဘုရားသခင်၏ ဝိညာဉ်တော်အားဖြင့် လုပ်ဆောင်ခဲ့သည်မှာ သံသယမရှိပါ။ သူသည် ဘုရားသခင်၏ဖွင့်ပြခြင်းကို လက်ခံရရှိပြီးနောက် ကိုယ်တော်၏ အလိုဆန္ဒကိုလည်း ဖယ်မထားခဲ့ပါ။ သူသည် ဘုရားဆိုင်ရာအလိုတော်ဖြင့် လှုံ့ဆော်ခြင်းခံရသောကြောင့်၊ ဘုရားမဲ့သောမျိုးဆက်တစ်ခုလုံးအပေါ် ရောက်ရှိလာမည့် စီရင်ခြင်းကို သင်ယူသိရှိခဲ့သည်။ ယုဒ အားဖြင့် မှတ်တမ်းတင်ထားသော ပရောဖက်ပြုချက်သည် နှစ်ဆပြီးမြောက်ပြည့်စုံခြင်းဖြစ်ကြောင်း ကျွန်ုပ်ယုံကြည်ပါသည် (ယု၊၁၄–၁၅)။ နောက်သည် ရေလွှမ်းမိုးခြင်း၏စီရင်ခြင်းမှာ ဘုရားမဲ့သောသူတို့အပေါ် တွင် တရားစီရင်ရန် ကိုယ်တော်၏ သန့်ရှင်းသူထောင်ပေါင်းများစွာနှင့်အတူ သခင်ဘုရား၏ကြွလာခြင်းဖြစ်ကြောင်းကို ယုံကြည်ကောင်းယုံကြည်မည် ဖြစ်သည်။

ရေလွှမ်းမိုးခြင်းနှင့်စပ်လျဉ်း၍ နောက်၏ပရောဖက်ပြုချက်သည် သူအသက်ခြောက်ဆယ့်ငါးနှစ်၌ ဖြစ်သည်။ ထို့နောက် နေ့စဉ် ညစဉ် နောက်သည် ထိုပရောဖက်ပြုချက်ပြည့်စုံမည့်အကြောင်း မျှော်လင့်လျက်နေ၍၊ ထိုမျှော်လင့်ချက်သည် သူ့အား သခင်ဘုရားနှင့်အတူလျှောက်လမ်းရန်ဖြစ်စေသည်။ မျိုးဆက်တစ်ခုလုံးနှင့်အရာအားလုံးသည် ဘုရားမဲ့ဖြစ်နေသော်လည်း၊ သူကိုယ်တိုင်သည် ဘုရားမဲ့သောသူ မဖြစ်ဝံ့ပါ။ သူသည် ဘုရား၏ စီရင်ခြင်းမှ ကယ်တင်ခံရန် မျှော်လင့်လျက် သန့်ရှင်းသောအသက်တာဖြင့် ဘုရားနှင့်အတူ လျှောက်လှမ်းခဲ့သည်။ နောက်သည် ဤမျှော်လင့်ချက်ကို နှစ်ပေါင်းသုံးရာကျော်ကိုင်စွဲခဲ့သည်။ သို့သော်ငြားလည်း စီရင်ခြင်းသည် ထိုအချိန်ကာလ၌ ရောက်မလာခဲ့ပါ။ ယင်းသည် မသုရှလမွေးဖွားပြီး နှစ်ပေါင်းကိုးရာခြောက်ဆယ်ကိုးနှစ်ကြာသောအခါမှ ရောက်လာခြင်းဖြစ်သည်။

ရေလွှမ်းမိုးခြင်းသည် မသုရှလသေသောနှစ်တွင် ရောက်ရှိလာခဲ့သည်။ မသုရှလသည် အသက်တစ်ရာရှစ်ဆယ့်ခုနစ်နှစ်တွင် လာမက်ကို ဖွားမြင်ခဲ့၍ (က၊၅း ၂၅)၊ လာမက်သည် အသက်တစ်ရာရှစ်ဆယ်နှစ်နှစ်တွင် နောကေို ဖွားမြင်ခဲ့သည် (၅း ၂၈)။ နောဧ အသက်ခြောက်ရာရှိသောအခါ ရေလွှမ်းမိုးခြင်း ရောက်လာခဲ့သည် (၇း၁၁)။ အကယ်၍

ကျွန်ုပ်တို့သည် ဤပုံပန်းသဏ္ဌာန်သုံးခုကို အတူတကွထားပါက၊ မသုရှလသေသောနှစ်၌ ကိုးရာ ခြောက်ဆယ့်ကိုးနှစ် ရှိမည်ဖြစ်သည်။

ဧနောက်ကို ဘုရားသခင်သိမ်းယူခြင်းသည် ရုတ်တရက်ဖြစ်လာသည်ဟု မစဉ်းစားပါနှင့်။ သူသည် ခဏတာ မြေကြီးပေါ်တွင် ရှိနေပြီး၊ ထိုနောက်တွင် ကောင်းကင်၌ ရှိနေသည်ဟု မထင်မှတ်ပါနှင့်။ ဧနောက်သည် ဘုရားနှင့်အတူ တက်သွား၍၊ ဆင်းလာခြင်းလည်း မဟုတ်ပါ။ ကောက်လိမ်နေသောလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခြင်းလည်း မဟုတ်ပါ။ သူသည် ကောင်းကင်သို့ ရောက်သည့်တိုင်အောင် ဘုရားသခင်နှင့် စဉ်ဆက်မပြတ် လျှောက်လှမ်းခဲ့သည်။ အသက်သုံးရာခြောက်ဆယ့်ငါးနှစ်အချိန်၊ သူကောင်းကင်သို့ ရောက်လုနီးချိန်တွင် ဘုရားသခင်သည် သူ့အား "ချစ်သား ဤနေရာ၌ ငါရှိသည်။ ငါနှင့်အတူ လာပါ"ဟု မိန့်တော်မူသည်။ ထိုအခါ ဧနောက်သည် သိမ်းယူခြင်း ခံလေ၏။ ဧနောက်သည် ရာစုနှစ်သုံးခုတိုင်၊ ရက်ပေါင်းတစ်သိန်းကျော်၊ နေ့ညမပြတ် ဘုရားနှင့်အတူ လျှောက်လှမ်းခဲ့သည်။ ဧနောက်သည် တစ်နေ့ပြီးတစ်နေ့၊ မနေ့ကထက် ယနေ့ ပို၍ ဘုရားသခင်ထံ နီးကပ်စွာ ဘုရားသခင်နှင့်အတူ လျှောက်လှမ်းခဲ့သည်။

ကျွန်ုပ်တို့သည် နာမတော်ခေါ်ခြင်းမှ လျှောက်လှမ်းခြင်းသို့ တက်လှမ်းခြင်းဖြင့် ကာ၊၄ မှ ရှေ့ဆက်သွားရမည်။ နာမတော်ခေါ်ခြင်းသည် သင့်ကိုအသက်ရှင်စေသည်။ သို့သော်ငြားလည်း လျှောက်လှမ်းခြင်းသည် သင့်ကို သေစေသည်။ သို့သော် ၎င်းသည် သင့်ကို ရှင်ပြန်ထမြောက်စေပါသည်။ လျှောက်လှမ်းခြင်းသည် ရှေ့ဦးစွာသင့်ကို သေစေပြီး၊ ထို့နောက် သင့်ကို ရှင်ပြန်ထမြောက်စေ၍၊ ဘုရားသခင်၏မျက်မှောက်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် အသက်ရှင်စေသည်။(*Life-study of Genesis*, pp. 356-358, 353-355)

*ပို၍ဖတ်ရန်- Life-study of Genesis*, msg.26; *Truth Lessons-Level Two*,vol.2,lsn. 15

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

———————————————————————————

***Hymns*, # E- 1194**

၁။ ယနေ့ ကျွန်ုပ်တို့သက်ရှင်ရန် လမ်းကြောင်းနှစ်ခုရှိ
အသက်လမ်းကြောင်းသည် ခရစ်တော်ထံ ပို့ဆောင်ပေးမည်
သို့သော် သိကျွမ်းရာသည် ကျွန်ုပ်တို့ကို သေစေမည်
မည်သည့်လမ်းကြောင်း၌ သက်ရှင်ကြောင်း ဂရုပြုရန်လို။

ဘုရားသက်လမ်းကြောင်း၌ ကျွန်ုပ်တို့ရပ်တည်နေမည်
သေခြင်းဖြစ်စေသော သိကျွမ်းရာကို ဂရုမစိုက်
နာမတော် နေ့စဉ်ခေါ် ကာ ကိုယ်တော်ကို ထိတွေ့မည်
ကိုယ်တော်၏မျက်မှောက်တော်၌ ကျွန်ုပ်တို့သက်ရှင်နေမည်။

၂။ အာဗေလကဲ့သို့ ကိုယ်တော်ကို လုံးလုံးဆက်သွယ်မည်
သိကျွမ်းခြင်းဖြင့်မဟုတ် သစ်လွင်လန်းဆန်းအသက်ဖြင့်
နာမတော်ကို စတင်ခေါ် ဆိုသူ ဧနုတ်နည်းတူ
နောက်ကဲ့သို့ ကိုယ်တော်နှင့်အတူ ကျွန်ုပ်လျှောက်လှမ်း။

၃။ အာဗြဟံကဲ့သို့ သက်ရှင်ကာ လျှောက်လှမ်းရန် စောင့်ထိန်း
ကိုယ်တော့်သန့်ရှင်းမျက်မှောက်တော် ထည့်သွင်းပေးသည့်နည်းတူ
ဣဇာက်၊ ယာကုပ်နှင့် မောရှေသည် ဤလမ်းတိုင်းသက်ရှင်
နေ့စဉ် ကိုယ်တော့်မျက်မှောက်တော်၌ မှီခိုကာ သက်ရှင်။

၄။ အသက်ပေးသောသစ်ပင်ကို ဒါဝိဒ်စားသောက်မွေ့လျော်
ဒံယေလသည် ဆုတောင်းကာ ကိုယ်တော်၌ မြဲသက်ရှင်
သက်တာပြည့်စုံရန် ခမည်းတော်ဖြင့် ယေရှုသက်ရှင်
ရှင်သန်သော သက်ပင် ကိုယ်ခန္ဓာတော် ယခု စားသောက်။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ-----------

# နောဧ – ခေတ်ကို ပြောင်းလဲစေနိုင်သော အသက်တာနှင့် အလုပ်

ဖတ်ရန်ကျမ်း။ ။ က၊၆း၅–၂၂။ ၇း၁၃၊ ၁၆။ ဟေဗြဲ၊ ၁၁း၇

*Day 1* **I. နောဧ၏ အသက်တာသည် ခေတ်ကို ပြောင်းလဲစေသော အသက်တာဖြစ်သည် (ဖိ၊ ၁း၁၉–၂၁က)။**

က။ ဘုရားသခင်သည် နောဧအား သူအသက်ရှင်ခြင်း၌ရှိသော ခေတ်၏ ဖောက်ပြန်ပျက်စီးခြင်း အခြေအနေမှန်ကို ဖွင့်ပြခဲ့သည် (က၊၆း၃၊ ၅၊ ၁၁၊ ၁၃။ မ၊ ၂၄း၃၇–၃၉။ ၂တိ၊ ၃း၁–၅)။

ခ။ "နောဧမူကား၊ ယေဟောဝါ၏ စိတ်တော်နှင့် တွေ့သောသူ (ကျေးဇူးတော်) ဖြစ်သတည်း" (က၊၆း၈)။

၁။ စာတန်သည် အခြေအနေတစ်ခုကို သူ့အကောင်းဆုံးဖျက်ဆီးသောအချိန်ကာလတွင်၊ ခေတ်ကိုလှည့်ပြန်လာသူများ ဖြစ်လာရန် ဘုရားသခင်၏ အမြင်၌ ကျေးဇူးတော်ရှိသူအချို့ ရှိစမြဲဖြစ်သည် (cf. ဒံ၊ ၁း၈။ ၉း ၂၃။ ၁၀း၁၁၊ ၁၉)။

၂။ ကမ္ဘာဦးကျမ်းမှတ်တမ်း၏ အဓိကရည်ရွယ်ချက်မှာ ကျဆင်းခြင်းကို ပြသရန်မဟုတ်ဘဲ၊ ဘုရားသခင်၏ ကျေးဇူးတော်သည် ကျဆင်းသောလူအတွက် မည်သို့လုပ်ဆောင်ပေးနိုင်ကြောင်း ပြသခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရား၏ မျက်မှောက်တော်၊ ဘုရားကိုယ်တော်တိုင်ဖြစ်သော ကျေးဇူးတော်အား ကျွန်ုပ်တို့အတွက် အရာခပ်သိမ်း ဖြစ်လာရန်နှင့် ကျွန်ုပ်တို့၌ ကျွန်ုပ်တို့အားဖြင့် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကို လုပ်ဆောင်ရန် မွေ့လျော်ဝမ်းမြောက်ရမည်ဖြစ်သည်။ ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ အသက်မစရာ၊ ကျွန်ုပ်တို့၏ ခွန်အားနှင့် ကျွန်ုပ်တို့၏ အရာခပ်သိမ်းဖြစ်လာရန် ကျွန်ုပ်တို့ထံကြွလာသည့် ဘုရားသခင် ဖြစ်သည် (ယော၊ ၁း၁၄၊ ၁၆း၁၇။ ဗျာ၊ ၂၂း ၂၁)။

(က) ကျေးဇူးတော်ဖြစ်သော သခင်ဘုရားကို မွေ့လျော်ဝမ်းမြောက်ခြင်းသည် ကိုယ်တော့်ကို ချစ်သောသူများနှင့်အတူ ရှိသည် (ဧ၊၆း ၂၄။ ယော၊ ၂၁း၁၅–၁၇)။

(ခ) သုံးပါးတစ်ပါးဘုရား၏ စစ်၍မကုန်နိုင်သောကြွယ်ဝမစ ခြင်းဖြစ်သော သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်ကို ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏လူသားဝိညာဉ်ကို လေ့ကျင့် ခြင်းဖြင့် မွေ့လျော်ဝမ်းမြောက်နိုင်သည် (ဟေဗြဲ၊၁၀း ၂၉ခ။ ဂလ၊၆း၁၈။ ဖိ၊၄း ၂၃။ ဖိလေ၊ ၂၅း ၂။ ၂တိ၊၄း ၂၂)။

(ဂ) ဘုရားသခင်၏နှုတ်ကပတ်တော်သည် ကျေးဇူးတော် စကားဖြစ်သည် (တ၊ ၂၀း၃၂။ ကော၊၃း၁၆။ cf. ယော၊၁၅း ၁၆)

(ဃ)ကျွန်ုပ်တို့သည် တစ်လုံးတစ်ဝရှိခြင်း၏ အခြေပေါ်တွင် သန့်ရှင်းသူများနှင့်အတူ အစည်းအဝေး၌ အသက်၏ ကျေးဇူးတော်ဖြစ်သော အဆင့်ဆင့်ဖြတ်ကျော်ခဲ့သည့်သုံး ပါးတစ်ပါးဘုရားကို တွေ့ကြုံခံစားနိုင်သည် (ဆာ၊၁၃၃း ၃။ ၁ပေ၊၃း၇။ တ၊၄း၃၃။ ၁၁း ၂၃)။

(င) ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခခံစားခြင်းများနှင့် စုံစမ်းခြင်း များအလယ်တွင် ကျွန်ုပ်တို့၏တိုးပွားခြင်းနှင့် အရာအား လုံးပြည့်စုံလုံလောက်သော ကျေးဇူးတော်အဖြစ် သခင် ဘုရားကို တွေ့ကြုံခံစားနိုင်သည် (၂ကော၊၁ ၂း၉)။

(စ) ကျွန်ုပ်တို့သည် ကိုယ်တော့်ကျေးဇူးတော်၏ တန်ခိုး၌ သခင် ဘုရားအတွက် ကြိုးစားအားထုတ်ဖို့လိုသည် (၁ကော၊၁၅း ၁၀၊ ၅၈။ ၃း၁၀၊ ၁၂က)။

(ဆ)ကျွန်ုပ်တို့သည် ဘုရားသခင်၏ အမျိုးမျိုးသော ကျေးဇူး တော်၏ ဘဏ္ဍာထိန်းကောင်းများဖြစ်ဖို့ လိုအပ်သည် (၁ပေ၊၄း၁၀။ ဧ၊၃း ၂။ ၂ကော၊၁း၁၅။ ဧ၊၄း ၂၉)။

(ဇ) ကျေးဇူးတော်၏တန်ခိုး၊ ကျေးဇူးတော်၏ ခွန်အားနှင့် ကျေးဇူးတော်၏ အသက်အားဖြင့်၊ ကျွန်ုပ်တို့သည် ဘုရား သခင်နှင့်လည်းကောင်း၊ အခြားသူများနှင့်လည်းကောင်း မှန်ကန်သောသူများ ဖြစ်လာနိုင်သည်။ ကျေးဇူးတော် သည် ဖြောင့်မတ်ခြင်းကို ဖြစ်စေသည် (ဟေဗြဲ၊၁၁း၇။ ရော၊၅း၁၇၊ ၂၁)။

***Day 2***

ဂ။ သူ၏ဘိုးဘေးနောက်ကဲ့သို့ နောသည် သူ၏ယုံကြည်ခြင်းစွမ်းပကားဖြစ်လာရန် ဘုရားဒြပ်သဘောသဘာဝဖြစ်သော ယုံကြည်ခြင်းကို သူ့အထဲသို့ လက်ခံထည့်သွင်းခြင်းဖြင့် ဘုရားနှင့်အတူ လျှောက်လှမ်းခဲ့သည် (ရော၊၃း၂၂)။ ထို့ကြောင့် သူသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းအမွေခံ(cf. ၄း၃၊ ၉)နှင့် ဆိုးညစ်သောမျိုးဆက်ကို ကန့်ကွက်ဆန့်ကျင်သော ဖြောင့်မတ်ခြင်း၏ရှေ့ပြေး ဖြစ်လာသည် (၂ပေ၊ ၂း၅)။ နောဧ၏ဖြောင့်မတ်ခြင်းသည် ဘုရားကိုမွေ့လျော်ခြင်းမရှိသောမျိုးဆက်အပေါ် ကိုယ်တော်၏တရားစီရင်ခြင်းကို လုပ်ဆောင်ရန် ဘုရား၏ရပ်တည်ခြင်းကို အားဖြစ်စေခဲ့သည်။

ဃ။ နောတည်ဆောက်သော သင်္ဘောသည် လက်တွေ့ဖြစ်နိုင်ခြင်းကို ပုံဆောင်ပြီး၊ ဘုရား၏ကယ်တင်ခြင်းဖြစ်သော ခရစ်တော်ကို တင်ပြခြင်းဖြစ်သည်။ သင်္ဘောကို တည်ဆောက်ခြင်းသည် လက်တွေ့ဖြစ်နိုင်ခြင်းကို တည်ဆောက်ခြင်းဖြစ်ပြီး၊ စုပေါင်းသောခရစ်တော်ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်း၌ ဘုရား၏ကယ်တင်ခြင်းဖြစ်သော ခရစ်တော်ကို ပြသခြင်းဖြစ်သည်။ ဖိလိပ္ပိစာစောင်အရ၊ ဤအရာသည် ကျွန်ုပ်တို့အတွက်ကယ်တင်ခြင်းကို လုပ်ဆောင်ခြင်းဖြစ်သည်(၂း၁၂–၁၃)။

၁။ သင်္ဘောတည်ဆောက်ခြင်းသည် စုပေါင်းသောခရစ်တော် ဖြစ်သည့် ခရစ်တော်၏ကိုယ်ခန္ဓာတော် တည်ဆောက်ခြင်းအတွက် ကျွန်ုပ်တို့တွေ့ကြုံခံစားခြင်း၌ ခရစ်တော်ကို တည်ဆောက်ခြင်းဖြစ်သည့် ကျွန်ုပ်တို့ပိုင်ရမည့် ကယ်တင်ခြင်းကို လုပ်ဆောင်ခြင်းဖြစ်သည်။

၂။ နောလေုပ်ဆောင်၍ အထဲသို့ ဝင်ရောက်သွားသောအရာသည် ဘုရားသခင်၏ကယ်တင်ခြင်းတည်းဟူသော သင်္ဘောဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကယ်တင်ခြင်းတည်းဟူသော ခရစ်တော်အထဲသို့ ကျွန်ုပ်တို့ ဝင်ရောက်နိုင်သည့် လက်တွေ့ကျခြင်းကို ပြသနိုင်ခြင်းရှိရမည်။

***Day 3***

၃။ ဖိ၊ ၂း၁၂၌ ဖေါ်ပြထားသော ကယ်တင်ခြင်းသည် ဘုရားသခင်၏ အပြစ်စီရင်ခြင်းမှ၊ မီးအိုင်မှ ထာဝရကယ်တင်ခြင်းမဟုတ်ဘဲ၊ နေ့စဉ်နှင့် ပုံမှန်ကယ်တင်နေသည့် အသက်ရှင်သောပုဂ္ဂိုလ်

တည်းဟူသော ခရစ်တော်ဖြစ်သည်။ ကျွန်ုပ်တို့၌ ထာဝရကယ်တင်ခြင်း ရှိသော်ငြားလည်း၊ ကျွန်ုပ်တို့သည် မဖြောင့်မတ်ဖောက်ပြန်သော မျိုးဆက်မှ နောက်ထပ်ကယ်တင်ခြင်း လိုအပ်သည် (အငယ်၊၁၅)။

၄။ ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကယ်တင်ခြင်းကို ဖြတ်သန်းလျက်ရှိကြသည်။ ကျွန်ုပ်တို့သည် ဤဖြတ်သန်းခြင်းအထဲသို့ ဝင်ရောက်၍၊ ဤလမ်းကြောင်းအားဖြင့် ကျွန်ုပ်သို့သွားခြင်းသည် ကျွန်ုပ်တို့ပိုင်ရမည့်ကယ်တင်ခြင်းကို ကျွန်ုပ်တို့လုပ်ဆောင်နေခြင်းဖြစ်သည်။

(က) နောသည် သင်္ဘောကို ပို၍ဆောက်လေလေ၊ ဘုရား၏ကယ်တင်ခြင်းကို ပို၍ဖြတ်သန်းရလေလေဖြစ်၍၊ နောက်ဆုံးတွင် သူသည် သူလုပ်ဆောင်ခဲ့သည့်အရာအထဲသို့ ဝင်ရောက်သွားရသည် (က၊၇း၇)။

(ခ) ယနေ့ ကျွန်ုပ်တို့ တွေ့ကြုံခံစားခြင်း၌ ကျွန်ုပ်တို့တည်ဆောက်နေသော ခရစ်တော်သည် ကျွန်ုပ်တို့၏ အနာဂတ်ကယ်တင်ခြင်း ဖြစ်လာလိမ့်မည်ဖြစ်သည်။ ဘုရားသခင်၏အုပ်စိုးခြင်းအောက်၌ တစ်နေ့တွင် ကျွန်ုပ်တို့တည်ဆောက်သောခရစ်တော်အထဲသို့ ကျွန်ုပ်တို့ ဝင်ရောက်ရလိမ့်မည်ဖြစ်သည်။

(ဂ) ယနေ့ပင် ကျွန်ုပ်တို့သည် တွေ့ကြုံခံစားခြင်း၌ ခရစ်တော်ကို တည်ဆောက်မည်ဆိုပါက၊ ခရစ်တော်၌ တည်နေရန်နှင့် ခရစ်တော်၌ နေထိုင်ရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေလိမ့်မည်ဖြစ်သည် (ယော၊၁၅း၅)။

(၁) ကျွန်ုပ်တို့ တွေ့ကြုံခံစားခြင်း၌ ခရစ်တော်ကို တည်ဆောက်ခြင်းသည် သခင်ဘုရားကိုချစ်ခြင်း၊ ကိုယ်တော်၏နာမတော်ကို ခေါ်၍ ကိုယ်တော်နှင့်စကားပြောခြင်း၊ ကိုယ်တော်နှင့် မိတ်သဟာယဖွဲ့ခြင်း၊ ကိုယ်တော့်အားဖြင့် အသက်ရှင်ခြင်းနှင့် ဘုရားနှင့်လုပ်ဖော်ဆောင်ဖက်ဖြစ်လာရန် တစ်နေ့ပြီးတစ်နေ့၊ တစ်နာရီပြီးတစ်နာရီ ကိုယ်တော်နှင့်အတူ လျှောက်လှမ်း

ခြင်းဖြစ်သည်၊ ဤသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားနှင့် လုပ်ဖော်ဆောင်ဖက် ဖြစ်လာနိုင်မည်ဖြစ်သည် (က၊ ၅း ၂၂–၂၄။ ၆း၉)။

(၂) ထိုနောက် ကျွန်ုပ်တို့၏တွေ့ကြုံခံစားခြင်း၌ ခရစ်တော်ကို တည်ဆောက်ပါက၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းဖြစ်သော ခရစ်တော်အထဲသို့ ဝင်ရောက်နိုင်မည်ဖြစ်သည်။

၅။ ဖိလိပ္ပိဩဝါဒစာစောင်၏ အခန်းကြီးလေးခန်းလုံးသည် ကျွန်ုပ်တို့၏ ကယ်တင်ခြင်းဖြစ်သော ခရစ်တော်၏ အရာအားလုံးပါဝင်သော အသက်ရှင်သောပုဂ္ဂိုလ်တော်ကို ရည်ညွှန်းခြင်းဖြစ်သည်။

(က)ဖိလိပ္ပိအခန်းကြီးတစ်၌ ကယ်တင်ခြင်းသည် ခရစ်တော်ကို အသက်ရှင်ရန်နှင့် မည်သည့်အခြေအနေ၌မဆို ခရစ်တော်ကို ခံ့ညားကြီးမားစေရန် ဖြစ်သည်။

(ခ) ဖိလိပ္ပိအခန်းကြီးနှစ်၌ ကယ်တင်ခြင်းသည် အသက်၏ နှုတ်ကပတ်တော်ကို ကိုင်စွဲခြင်းဖြင့် ခရစ်တော်ကို ရောင်ပြန်ဟပ်စေရန် ဖြစ်သည်။

(ဂ) ဖိလိပ္ပိအခန်းကြီးသုံး၌ ကယ်တင်ခြင်းသည် ဘုရားသခင်၏ ဖြောင့်မတ်ခြင်းဖြစ်သည်၊ ဆိုလိုသည်မှာ ဘုရားကိုယ်တော်တိုင်သည် ခရစ်တော်၌ ကိုယ်ထင်ရှားခြင်းဖြစ်သည်။

(ဃ)ဖိလိပ္ပိအခန်းကြီးလေး၌ ကယ်တင်ခြင်းသည် စစ်မှန်ခြင်း၊ ခံ့ညားထယ်ဝါခြင်း၊ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်း၊ ချစ်ခြင်း၊ ကောင်းသောစကားပြောခြင်းနှင့် ပြည့်စုံသော ကောင်းမြတ်ခြင်းနှင့် ချီးမွမ်းခြင်းဖြစ်သော၊ အသက်တည်းဟူသော ခရစ်တော်ကိုယ်တော်တိုင် ဖြစ်သည်။

*Day 4* **II. နော၏အလုပ်သည် ခေတ်ကိုပြောင်းလဲစေသော အလုပ်ဖြစ်သည် (၂ကော၊၆း၁။ မ၊၁၆း၁၈။ ၁ကော၊၃း၁၂က)။**

က။ ဘုရားသခင်သည် အရာအားလုံးပါဝင်သောဖွင့်ပြခြင်းကို နောဧအား ပေးသည့်အပြင်၊ ဖောက်ပြန်သောမျိုးဆက်ကို အဆုံးသတ်ရန်နှင့် အသစ်သောခေတ်ကို အစပြုရန် သင်္ဘောတည်ဆောက်ခြင်း

နည်းလမ်းကိုလည်း နောက်ထပ်ဖွင့်ပြခြင်းပေးခဲ့သည်။ နောသည် သဘော်ကို သူ၏စဉ်းစားခြင်းအတိုင်းမဟုတ်ဘဲ၊ ယုံကြည်ခြင်းဖြင့် ဘုရားဖွင့်ပြခြင်းနှင့် ဘုရားညွှန်းကြားချက်များအတိုင်း လုံးလုံး တည်ဆောက်ခဲ့ခြင်းဖြစ်သည် (ကဖေး၁၅က။ ဟေဗြဲ၊၁၁း၆–၇။ စစ ထွက်၊၂၅း၉။ ၅ရာ၊၂၈း၁၁–၁၉။ ၁ကော၊၃း၁၀–၁၂။ ဧ၊၂း၂၀က)။

၁။ သဘော်သည် ခရစ်တော်၏ပုံဆောင်ချက်ဖြစ်သည်၊– တစ်ဦး ချင်းဆိုင်ရာ ခရစ်တော်မျှသာမဟုတ်ဘဲ၊ ခရစ်တော်၏ကိုယ် ခန္ဓာတော်နှင့် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် လူသစ်တည်းဟူသော အသင်းတော်၊ စုပေါင်းထားသော ခရစ် တော်ကိုလည်း ပုံဆောင်ခြင်းဖြစ်သည် (၁ပေ၊၃း၂၀–၂၁။ မ၊၁၆း ၁၈။ ၁ကော၊၁၂း၁၂။ ဧ၊၂း၁၅–၁၆။ ကော၊၃း၁၀–၁၁။ ဗျာ၊ ၂၁း၂)။

၂။ သဘော်တည်ဆောက်ခြင်းသည် ဘုရားနှင့်အတူတကွ ပူးပေါင်း လုပ်ဆောင်သူများအားဖြင့် တည်ဆောက်ခြင်းတန်ဆာဖြစ် သော ခရစ်တော်၏ကြွယ်ဝသော ဒြပ်သဘောသဘာဝများနှင့် အတူ စုပေါင်းသောခရစ်တော်၏ တည်ဆောက်ခြင်းကို ပုံဆောင် ခြင်းဖြစ်သည် (၁ကော၊၃း၉–၁၂က။ ဧ၊၄း၁၂။ ၂း၂၂)။

၃။ ဤတည်ဆောက်ခြင်းမှာ ခရစ်တော်နှင့်အတူလုပ်ဆောင်ရန် လူတို့အထဲသို့ ခရစ်တော်ကို တည်ဆောက်ခြင်းဖြစ်သည်၊ ဤသို့ ဖြင့် သူတို့သည် အသွေးအသား၌ ဘုရား၏ကြီးမားထင်ရှား ခြင်း ဖြစ်လာနိုင်မည်ဖြစ်သည် (၁တိ၊၃း၁၅–၁၆။ ၁ကော၊ ၃း၉က၊ ၁၀၊ ၁၂က။ ယော၊၁၁း၃၆)။

ခ။ သဘော်တည်ဆောက်၍ ၎င်းအထဲသို့ ဝင်ရောက်ခြင်းဖြင့် နောဧ သည် ရေလွှမ်းမိုးခြင်းဖြင့် ဆိုးညစ်သူတို့အပေါ် ဘုရားသခင်၏တ ရားစီရင်ခြင်းမှ ကယ်တင်ခြင်းခံရရုံမျှမက၊ ဤမျိုးနွယ်ဆက်မှ သီး ခြားဖြစ်သော ခေတ်ကာလအသစ်အထဲသို့ ဝင်ရောက်ရခြင်းလည်း ဖြစ်သည် (က၊၆း၅–၂၂)။

ဂ။ ထို့အတူ အသင်းတော်တည်ဆောက်ခြင်းနှင့် အသင်းတော်အသက် တာအထဲသို့ ဝင်ရောက်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ယနေ့ဆိုးညစ်နေ

သောမျိုးဆက်အပေါ် ဘုရားသခင်၏စီရင်ခြင်းမှ၊ ဘေးဒဏ်ကြီးကာလမှ ကယ်တင်ခြင်းခံရလိမ့်မည်ဖြစ်၍၊ ဤမျိုးဆက်မှ သီးခြားဖြစ်လာကာ၊ အသစ်သောခေတ်ကာလ၊ မိလေနီခေတ်ကာလအထဲသို့ ဝင်ရောက်ရလိမ့်မည်ဖြစ်သည် (ဟေဗြဲ၊၁၁း၇။ မ၊၂၄း၃၇–၃၉။ လု၊၁၇း၂၆–၂၇။ ၂၁း၃၆။ ဗျာ၊၃း၁၀)။

ဃ။ သင်္ဘော၏ အရှည်သည် အတောင်သုံးရာ၊ အကျယ်သည် အတောင်ငါးဆယ်နှင့် အမြင့်သည် အတောင်သုံးဆယ်ရှိသည် (က၊၆း၁၅)။ ဘုရားတည်ဆောက်ခြင်း၌ အခြေခံဂဏန်းမှာ သုံးနှင့် ငါးဖြစ်ပြီး (cf. ထွက်၊၂၇)၊ ၎င်းသည် ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းဖြင့် လူနှင့်အတူ သုံးပါးတစ်ပါးဘုရား၏ ရောနှောပေါင်းစည်းခြင်းကို ပုံဆောင်ခြင်းဖြစ်သည် (၂ကော၊၁၃း၁၄။ ဧ၊၄း၄–၆)။

*Day 5*

င။ သင်္ဘောတွင် အဆင့်သုံးဆင့်ရှိသည်၊– အောက်အဆင့်၊ အလယ်အဆင့်နှင့် အပေါ်ဆုံးအဆင့်တို့ ရှိသည် (က၊၆း၁၆)။

၁။ တဲတော်၏ အပိုင်းသုံးပိုင်းသည် ကျွန်ုပ်တို့အားလုံး ဝင်ရောက်ရမည့် အတွင်းကျဆုံး အနက်ဆုံး အပိုင်းကို ပုံဆောင်သည်။ သင်္ဘော၏ အဆင့်သုံးဆင့်သည် ကျွန်ုပ်တို့အားလုံး အောင်မြင်ရယူရမည့် အမြင့်ကို ပုံဆောင်သည်။

၂။ သင်္ဘော၏ အဆင့်သုံးဆင့်သည် သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို သားတော်ထံသို့ ပို့ဆောင်သည်၊ သားတော်သည် ကျွန်ုပ်တို့ကို ခမည်းတော်ထံသို့ ပို့ဆောင်သည်။ ကျွန်ုပ်တို့သည် ခမည်းတော်ထံသို့ လာသောအခါ၊ တတိယအဆင့်၌ ကျွန်ုပ်တို့ ရှိမည်ဖြစ်သည် (လု၊၁၅း၄–၇၊ ၈–၁၀၊ ၁၈–၂၃။ ဧ၊၂း၁၈)။

၃။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ သုံးပါးတစ်ပါးဘုရားနှင့် အတူ အနက်နဲဆုံးနှင့် အမြင့်ဆုံး ရင်းနှီးမှုအထဲသို့ ဝင်ရောက်ဖို့လိုသည်၊ သို့မှသာ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ကိုယ်တော်၏ နက်နဲခြင်းများ၊ လျှို့ဝှက်ချက်များနှင့် ဝှက်ထားသောရတနာများကို ပြသရန် "တတိယအဆင့်"သို့ ပို့ဆောင်ပေးနိုင်မည်ဖြစ်သည် (၁ကော၊၂း၉။ ၂ကော၊၂း၁၀။ ထွက်၊၃၃း ၁၁)။

စ။ သင်္ဘော၌ အလင်းအတွက် ကောင်းကင်များသို့ မြင်နိုင်သောအပေါက်တစ်ခုရှိသည် (က၊၆း၁၆)။

၁။ *ဖွင့်ထားသည်* ဆိုသည့် ဟေဗြဲစကားသည် *မွန်းတည့်* ဆိုသည့်စကားကဲ့သို့ အရင်းအမြစ်တူစကားဖြစ်သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဖွင့်ထားခြင်းအောက်တွင်ရှိသောအခါ၊ ကျွန်ုပ်တို့သည် မွန်းတည့်အချိန်တွင်ရှိနေပြီး၊ အလင်းအပြည့်အဝရရှိမည်ဖြစ်သည် (cf. သု၊၄း၁၈)။

၂။ သင်္ဘော၌ ဖွင့်ထားခြင်းတစ်ခု၊ ပြတင်းပေါက်တစ်ခုသာရှိသကဲ့သို့၊ ဘုရားသခင်၏ တည်ဆောက်ခြင်း၌ တစ်ခုတည်းသောအမှုတော်အားဖြင့် ပြတင်းပေါက်တစ်ပေါက်၊ ဖွင့်ပြခြင်းတစ်ခုနှင့် တစ်ခုတည်းသောရူပါရုံသာရှိသည် (တ၊၂၆း၁၉။ ဂလ၊၁း၆–၉။ ၁တိ၊ ၁း၃–၄။ cf. ၂ဘုရင်၊ ၂း ၂၊ ၉၊ ၁၃–၁၅)။

**Day 6**

ဆ။ သင်္ဘောအထဲ၌ တံခါးတစ်ခုတည်း၊ ဝင်ပေါက်တစ်ခုတည်းသာရှိသည်။ ဤတစ်ခုတည်းသောတံခါးသည် ခရစ်တော်ဖြစ်သည် (က၊၇း၁၃၊ ၁၆။ ယော၊၁၀း၉)။

၁။ သင်္ဘောအထဲသို့ နောဝင်ရောက်သွားခြင်းသည် ခရစ်တော်အထဲသို့ ကျွန်ုပ်တို့ဝင်ရောက်ခြင်းကို ပုံဆောင်သည် (၃း၁၆။ ဂလ၊ ၃း၂၇)။

၂။ ကျွန်ုပ်တို့သည် သခင်ယေရှုအထဲသို့ ယုံကြည်သည်နှင့်ချက်ချင်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကိုယ်တော့်ထံမှ ထွက်မသွားနိုင်သည့်နည်းလမ်းဖြင့် "ချုပ်ထား"ပြီးဖြစ်သည် (cf. ယော၊၁၀း၂၈–၂၉။ ဆာ၊၁၃၉း၇–၁၂)။

ဇ။ သင်္ဘောကို ထင်းရှူးအနွယ်ဝင်စေးသောသစ်သား၊ အမြဲစိမ်းသစ်ပင်တစ်မျိုးဖြစ်သော ဂေါဖရသစ်သားဖြင့် တည်ဆောက်သောကြောင့် ၎င်းသည် ရေဒဏ်ကို ကြံ့ကြံ့ခံနိုင်သည်။ ဤအရာမှာ သေခြင်းရေကို ကြံ့ကြံ့ခံနိုင်သည့် ခရစ်တော်အသေခံခြင်း၏ ပုံဆောင်ချက်ဖြစ်သည် (က၊၆း၁၄။ တ၊ ၂း၂၄)။

ဈ။ သင်္ဘောကို အတွင်းရော၊ အပြင်ပါ သစ်စေးဖြင့် သုတ်လိမ်းထားခြင်းမှာ ဘုရားသခင်၏ တည်ဆောက်ခြင်း၌ အတွင်းပိုင်းနှင့် အပြင်ပိုင်း

ကို ခရစ်တော်၏ ရွေးနုတ်ခြင်းအသွေးတော်ဖြင့် ဖုံးအုပ်ထားခြင်းကို ပုံဆောင်ခြင်းဖြစ်သည် (က၊၆း၁၄။ ဟေဗြဲ၊၉း၁၄။ ထွက်၊၁၂း၁၃)။

၁။ သစ်စေးအတွက် ဟေဗြဲစကားသည် "ဖုံးအုပ်ခြင်း" ဟု အဓိပ္ပါယ်ရသော *အပြစ်ကိုခံယူခြင်း*အတွက် စကားကဲ့သို့ တစ်ခုတည်းသောဇစ်မြစ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ နောနှင့်သူ၏ မိသားစုသည် သင်္ဘောအပေါ်ရှိ သစ်စေးအားဖြင့် ရေလွှမ်းမိုးခြင်း၏ စီရင်ခြင်းမှ ကယ်တင်ခံရခြင်းမှာ ခရစ်တော်၌ ယုံကြည်သောသူများသည် ခရစ်တော်၏ အသွေးတော်၏ ရွေးနုတ်ခြင်းအားဖြင့် ဘုရားသခင်၏ စီရင်ခြင်းမှ ကယ်တင်ခံရခြင်းကို ပုံဆောင်ခြင်းဖြစ်သည် (ရော၊၅း၉)။

၂။ ကျွန်ုပ်တို့သည် အသွေးတော်ကို ကြည့်သောအခါတိုင်း၊ ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိသည်။ ဘုရားသခင်သည် အသွေးတော်ကို ကြည့်သောအခါတိုင်း၊ ကျေနပ်ခြင်းကိုရသည်။ စာတန်သည် အသွေးတော်ကို ကြည့်သောအခါတိုင်း၊ တိုက်ခိုက်ရန် မတတ်စွမ်းနိုင်ပါ။ ကောင်းကင်တမန်များသည် အသွေးတော်ကို ကြည့်သောအခါတိုင်း၊ ဝမ်းမြောက်ကြသည် (ဗျာ၊၁၂း၁၁)။

ည။ နောဖြတ်သန်းခဲ့သောရေသည် ဗတ္တိဇံရေကို ပုံဆောင်ခြင်းဖြစ်သည် (၁ပေ၊၃း၂၀–၂၁)။

၁။ ခရစ်တော်၏ အသွေးတော်ကို ပုံဆောင်သော သင်္ဘောပေါ်ရှိ သစ်စေးသည် ရေလွှမ်းမိုးခြင်း၏ စီရင်ခြင်းမှ နောကို ကယ်တင်ပေးသည်။ ဗတ္တိဇံရေကို ပုံဆောင်သည့် အသွေးတော်၏ ရေသည် နောအား လောက၏ စီရင်ခြင်းမှ ကယ်တင်ရုံမျှသာမက၊ ဆိုးညစ်သော ခေတ်ကာလမှလည်း သီးခြားဖြစ်စေသည် (ထွက်၊၁၄း၂၆–၃၀။ တ၊၂း၄၀–၄၁)။

၂။ အသွေးတော်၏ ရေသည် နောအား ဟောင်းသောအသက်၏ အပြုအမူမှ အသစ်သောအနေအထားသို့ ကယ်တင်ပေးသည်။ ထိုနည်းတူ၊ ဗတ္တိဇံရေသည် ကျွန်ုပ်တို့အား အသက်၏ အချည်းနှီးဖြစ်သောအနေအထားမှ ခရစ်တော်၌ ရှင်ပြန်ထမြောက်ခြင်းအသက်၏ အနေအထားအထဲသို့ အမွေခံရန် ကယ်တင်ပေးသည် (ရော၊၆း၃–၅)။

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ၆း၇–၉ ယေဟောဝါကလည်း ငါဖန်ဆင်းသောလူကိုလည်းကောင်း၊ လူမှစ၍ သားများ၊ ... မြေကြီးမျက်နှာမှာ ငါသုတ်သင်ပယ်ရှင်းမည်။ သူတို့ကို ဖန်ဆင်းသောကြောင့် ငါနောင်တရသည်ဟု မိန့်တော်မူ၏။ နောဧမူကား ယေဟောဝါစိတ်တော်နှင့်တွေ့သောသူ ဖြစ်သတည်း။ နောဧအတ္တုပ္ပတ္တိဟူမူကား၊ နောဧသည် ဖြောင့်မတ်သောသူ၊ မိမိအမျိုး၌ စုံလင်သောသူဖြစ်၏။ ဘုရားသခင်နှင့်အတူသွားလာ၏။**

ကမ္ဘာဦးကျမ်းစာစောင်၌ ဖော်ပြထားသောကျဆင်းခြင်းများမှာ ကျဆင်းသောလူသားမျိုးစုနှင့်အတူ ဘုရားသခင်လုပ်ဆောင်ခဲ့သောအရာကို ဖော်ပြသော ရုပ်ပုံအမှန်၏ နောက်ကြောင်းအရာ ဖြစ်သည်။ ကမ္ဘာဦးကျမ်းစာမှတ်တမ်း၏ အဓိကရည် ရွယ်ချက်မှာ ကျဆင်းခြင်းကို ဖော်ပြရန်မဟုတ်ဘဲ၊ ဘုရား၏ကျေးဇူးတော်သည် ကျဆင်းသောလူအတွက် မည်သို့လုပ်ပေးနိုင်ကြောင်း ဖော်ပြရန်ဖြစ်သည်။ အနက်ရောင်နောက်ကြောင်းဖြစ်သော ကျဆင်းခြင်းသည် ကျွန်ုပ်တို့အား အဖြူရောင်ရုပ်ပုံသဏ္ဍာန်ကို မြင်ရန် ကူညီပေးသည်။ ကမ္ဘာဦး၊၃၌ ကျွန်ုပ်တို့သည် လူ၏ပထမဆုံးကျဆင်းခြင်းနှင့် ကျဆင်းသောလူသားမျိုးနွယ်အတွက် ဘုရားလုပ်ဆောင်ပေးသည့်အရာကို ကျွန်ုပ်တို့ မြင်ရသည်။ ကမ္ဘာဦး၊၄၌ ကျွန်ုပ်တို့သည် လူ၏ဒုတိယအကြိမ်ကျဆင်းခြင်းနှင့် ကျဆင်းသောလူအတွက် နောက်ထပ်ဘုရားလုပ်ဆောင်ပေးသည့်အရာကို ကျွန်ုပ်တို့မြင်ရသည်။ ... လူ၏တတိယအကြိမ်ကျဆင်းခြင်းအတွက် ဘုရားလုပ်ဆောင်ပေးသည့်အရာ ကိုလည်း မြင်ရသည်။ (*Life-study of Genesis*, p. 373)

နောဧသည် မဖြောင့်မမှန်၊ အကျင့်ဖောက်ပြန်၊ အိမ်ထောင်ရေးဖောက်ပြန်သောမျိုးဆက်ကာလ၌ ဘုရားနှင့်အတူ လျှောက်လှမ်းနိုင်ခြင်းအကြောင်း(က၊၆း၉)မှာ သူသည် ကျေးဇူးတော်ကို တွေ့ရှိထားသောကြောင့်ဖြစ်သည် (cf. ဟေဗြဲ၊၄း၁၆)။ ကျေးဇူးတော်မှာ ကျွန်ုပ်တို့၏အသက်မစရာ၊ ကျွန်ုပ်တို့၏ခွန်အားနှင့် ကျွန်ုပ်တို့၏အရာခပ်သိမ်းဖြစ်လာရန် ကျွန်ုပ်တို့ထံသို့ကြွလာသော ဘုရားသခင်ဖြစ်တော်မူသည် (၁ကော၊၁၅း၁၀ရှိ မှတ်စု၊၁ကို ကြည့်ပါ)။ ထိုကျေးဇူးတော်သည် နောဧအား အသေးအသားကို အောင်မြင်ရန်နှင့် ဖြောင့်မတ်သောအသက်တာကို အသက်ရှင်ရန် တတ်စွမ်းစေသည် (ယေဇ၊၁၄း၁၄။ cf. ရော၊၅း၁၇– ၂၁နှင့် မှတ်စုများ)။ (Gen. 6;8, footnote 2)

# ယနေ့ဖတ်စရာ

ကမ္ဘာဦး၊၁၌ ဘုရားသခင်သည် ပထအဆုံး လူသားကို ကြည့်မြင်သောအခါ၊ ကိုယ်တော်သည် ပျော်ရွှင်ကာ၊ လူနှင့်အတူ ကျေနပ်မှုရခဲ့သည် (အငယ်၊၃၁)။ ကမ္ဘာဦး၊၆၌ ဘုရားသခင်သည် လူကို နောက်ထပ်ကြည့်အသောအခါ၊ လူသည် အဆုံးစွန် ကောက်ကျစ်စဉ်းလဲပြီး အကျင့်ပျက်လာကြောင်း ကိုယ်တော်မြင်လာ၍၊ ဤအတွက် လူကိုဖန်ဆင်းသောကြောင့် ကိုယ်တော်ဝမ်းနည်းရသည်။ ကမ္ဘာဦး၊၁သည် ပြောင်းလဲသွားသည် မဟုတ်ပါလား။ မူလက လူသည် မြင့်သောအဆင့်တွင် ရှိနေသည်၊ သို့သော် အခန်းကြီး၊၃၌ အစပြု၍ သူသည် ပို၍ ပို၍ ကျဆင်းလာခဲ့သည်။ သင်သည် ဘုရားဖြစ်မည်ဆိုလျှင်၊ သင်ဘာလုပ်မည်နည်း။ "ဤအကြောင်းကို မေ့ပစ်လိုက်ပါ"ဟု ဆိုကောင်းဆိုမည်ဖြစ်သည်။ သို့သော် ဘုရား၏ထာဝရရည်ရွယ်ချက်သည် အဘယ်သို့နည်း။ ဘုရားသည် ထာဝရ ဘုရားသခင်မဟုတ်ပါလား။ ထာဝရဘုရားသည် ပြောင်းလဲနိုင်သလော။ ဘုရားသခင်သည် ယာယီဘုရားမဟုတ်ဘဲ၊ ထာဝရဘုရား ဖြစ်သည်။ ကိုယ်တော်၌ ပြောင်းလဲခြင်းအရိပ်မရှိပါ (ယာ၊၁း၁၇)။ ကိုယ်တော်ဆုံးဖြတ်ချက် တစ်ကြိမ်ချခြင်းသည် ထာဝရအတွက်တည်သည်။ ဘုရားသခင်သည် ကိုယ်တော်၏ထာဝရအကြံအစည်ကို မေ့သွားမည်ဆိုပါက၊ ကိုယ်တော်၏ရန်သူက "ကိုယ်တော်သည် အကျွန်ုပ်ကို ရှုံးနိမ့်စေဖို့ လူကို ဖန်ဆင်းရန် ရည်ရွယ်ခဲ့သော်လည်း၊ ကျွန်ုပ်ကို ရှုံးနိမ့်စေမည့်အစား၊ အကျွန်ုပ်သည် ကိုယ်တော့်ကို အောင်နိုင်ရပါသည်"ဟု ရယ်မောကာ ပြောဆိုမည်ဖြစ်သည်။ ဘုရားသခင်သည် ရှုံးနိမ့်ခံမည်လား။ မည်သည့်အခါမျှ ရှုံးနိမ့်မည်မဟုတ်ပါ။ ပြီးနောက် ဘုရားသခင် ဘာလုပ်မည်နည်း။ ရာစုနှစ်များတစ်လျှောက်လုံး အလေ့အလာ၌ တစ်ညီတည်းဖြစ်သောအဖြေကို က၊၆း၈၌ တွေ့ရှိရသည်မှာ "နောဧမူကား၊ ယေဟောဝါစိတ်တော်နှင့်တွေ့သောသူ ဖြစ်သတည်း"။

၎င်းသည် ကမ္ဘာဦးကျမ်းစာစောင်၌ အကောင်းမြတ်ဆုံးကျမ်းပိုဒ်များမှ တစ်ပိုဒ်ဖြစ်သည်။ ဘုရားသခင်သည် မြေကြီးမျက်နှာပြင်ပေါ်ရှိ လူကို ဖျက်ဆီးလိမ့်မည်ဖြစ်ကြောင်းကို ကြားလျှင် စာတန်သည် ဝမ်းမြောက်မည်ဖြစ်သည်၊ သို့သော် နောသည် သခင်ဘုရားစိတ်တော်၌ ကျေးဇူးတော်ကို ရှာတွေ့ခဲ့သည်။ ၎င်းသည် အခြေအနေကို အလှည့်အပြောင်းဖြစ်စေပြီး၊ ခေတ်ကာလကို ပြောင်းလဲစေသည်။ ဟာလေလုယာ၊ ဘုရားသခင်သည် အရှုံးမခံပါ။ ရှုံးနိမ့်မည်ဟုထင်မြင်ရခြင်းအလယ်တွင်၊ သခင်ဘုရား၏စိတ်နှလုံး၌ရှိသော ကျေးဇူးတော်ကို ရှာတွေ့သောလူတစ်ဦးကြောင့် အောင်မြင်မှုရရှိ ခဲ့သည်။ ဤအရာသည် အလှည့်အပြောင်း ဖြစ်သည်။ ကျမ်းစာရှိ သမိုင်းတစ်လျှောက်လုံး

ကို သင်ဖတ်ကြည့်မည်ဆိုလျှင်၊ မျိုးဆက်တိုင်း၌ စာတန်သည် အခြေအနေတစ်ရပ်ကို အဆုံးစွန် အကောင်းဆုံးဖျက်ဆီးရန် လုပ်ဆောင်သောအခါ၊ ဘုရား၏စိတ်တော်၌ ကျေးဇူးတော်ကို ရှာတွေ့သူတစ်ဦးသော်လည်းကောင်း၊ အနည်းငယ်သော်လည်းကောင်း၊ အမြဲရှိနေပြီး၊ ခေတ်ကာလကို လှည့်ပြန်သူများ ဖြစ်လာကြောင်း သင်မြင်ရလိမ့်မည် ဖြစ်သည်။ အစ္စရေးတို့၏သမိုင်းကို သတိရပါ။ သူတို့သည် အောက်ဆုံးသို့ ရောက်ရှိသည် အထိ ပို၍ ပို၍ နိမ့်ကျလာသော်ငြားလည်း၊ ရန်သူ အံ့ဩလောက်သည့် ဒံယေလအမည်ရှိသော လူငယ်တစ်ဦးရှိခဲ့သည်။ ဒံ၊၁း၈၌ "ဒံယေလမူကား၊ ပွဲတော်မှကြွင်းသောအစာနှင့် သောက်တော်မူသော စပျစ်ရည်ကို မသောက်မစားဘဲ၊ ညစ်ညူးခြင်းကို ရှောင်မည်ဟု အကြံရှိ၍၊ မိမိကို မညစ်ညူးစေမည်အကြောင်း၊ မိန်းမစိုးအုပ်ကို အခွင့်တောင်း၏"ဟုဆိုထားသည်။ ဒံယေလကျမ်းစာစောင်၌ "ဒံယေလမူကား"ဆိုထားပြီး၊ က၊၆း၈၌ "နောဧမူကား"ဟူ၍ ဆိုထားသည်။ အောက်ခြေထိ လူ၏ကျဆင်းခြင်း၌၊– အစဉ်အမြဲ "မူကား"ဆို၍ ရှိသည်။

ကျွန်ုပ်တို့သည် နောဧ၏အသက်တာကို ကြည့်ပါက၊ ဘုရားနှင့်အတူ လျှောက်လှမ်းခြင်း သို့မဟုတ် သဘော်တည်ဆောက်ခြင်း၏အကြောင်းအရာမျှသာ မဟုတ်ကြောင်း ကျွန်ုပ်တို့မြင်ရမည်ဖြစ်သည်။ အခြေခံအကျဆုံးနှင့် အရေးကြီးဆုံးအချက် မှာ ဘုရားသခင်သည် ခေတ်ကာလကို ပြောင်းလဲစေရန် နောဧကို အသုံးပြုကြောင်း ဖြစ်သည်။ ရန်သူသည် အောက်ခြေသို့တိုင်အောင် အခြေအနေကို တွန်းချလိုက်၍၊ ဘုရားပင်လျှင် လူကို ဖန်ဆင်းခြင်းကြောင့် နောင်တရမိသည်။ ဘာမျှော်လင့်ချက်မျှမရှိဟု ထင်မြင်ရသည်။ သို့မူကား၊ နောဧသည် ကျေးဇူးတော်ကို ရှာတွေ့ခဲ့သည်။ နောဧအသက်တာသည် ခေတ်ကာလကို ပြောင်းလဲစေသောအသက်တာ ဖြစ်သည်။ (*Life-study of Genesis*, pp. 388-389)

*ပို၍ဖတ်ရန်-* *Life-study of Genesis*, msgs. 28-29

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––––

## *နံနက်ခင်းကျွေးမွေးခြင်း*

**ဟေဗြဲ၊ ၁၁း၇** **နောသည် မမြင်သေးသောအမှုအရာတို့ကိုဖော်ပြသော ဗျာဒိတ်တော်ကို ခံရပြီးမှ၊ ယုံကြည်ခြင်းအားဖြင့် ကြောက်ရွံ့သောစိတ်ရှိ၍၊ မိမိအိမ်သူအိမ်သားတို့ကို ကယ်တင်ခြင်းငှါ သင်္ဘောကိုတည်လေ၏။ ထိုယုံကြည်ခြင်းအားဖြင့် လောကီသားတို့ကို အပြစ်တင်၍ ယုံကြည်ခြင်းနှင့်ယှဉ်သော ဖြောင့်မတ်ခြင်းလည်း အမွေခံရ၏။**

ယုံကြည်ခြင်းသည် ကျွန်ုပ်တို့ထံမှ ထုတ်လုပ်လိုက်သော တစ်စုံတစ်ရာမဟုတ်ပါ။ ယုံကြည်ခြင်းသည် ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ထည့်သွင်းခြင်းခံရသော ဘုရား၏တစ်စုံတစ်ရာဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပလ္လင်တော်ကို သာ၍ထိတွေ့လေလေ၊ သခင်ဘုရားထံသို့ သာ၍မျှော်ကြည့်လေလေ၊ ကိုယ်တော်ဖြစ်သည့်အရာအားလုံးဖြင့် ကျွန်ုပ်တို့သည် သာ၍ထည့်သွင်းခြင်းခံရလေလေဖြစ်သည်။ ကိုယ်တော့်ကို ကျွန်ုပ်တို့၏ဖြစ်ခြင်းအထဲသို့ ထည့်သွင်းသောအချိန်တွင်၊ ကျွန်ုပ်တို့အတွင်းထဲသို့ ထည့်သွင်းခြင်းခံရသော ကိုယ်တော်၏ ဘုရားဆိုင်ရာဒြပ်သဘောသဘာဝသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းဖြစ်လာသည်။ သင်သည် ကျေးဇူးတော်ပလ္လင်တော်ကို ထိတွေ့၍ ဘုရားဖြင့် ထည့်သွင်းခြင်းခံရသောအခါ၊ အလိုအလျောက် သင်သည် ဘုရား၌ ယုံကြည်လာလိမ့်မည်ဖြစ်သည်။ သင်သည် ကိုယ်တော်၌ ယုံကြည်ရန် ကြိုးပမ်းနေဖို့ မလိုအပ်ပါ။ ဘုရား၏ဒြပ်သဘောသဘာဝသည် သင့်အထဲသို့ ထည့်သွင်းခြင်းခံရသည်နှင့် တစ်ပြိုင်နက်တည်း၊ သင့်အတွင်းထဲရှိ တစ်စုံတစ်ရာသည် ကိုယ်တော်၌ ယုံကြည်ရန် ပေါ်ထွက်လာမည်ဖြစ်သည်။ မည်သို့ယုံကြည်ရမည်ကို ကျွန်ုပ်တို့မသိပါ၊ ကျွန်ုပ်တို့ မယုံကြည်နိုင်ပါ။ သို့သော် သင်သည် ကျေးဇူးတော်၏ပလ္လင်တော်သို့သာ တိုးဝင်၍၊ ကိုယ်တော့်ကို မျှော်ကြည့်ကာ၊ ကိုယ်တော့်ကို ထိတွေ့ခြင်းဖြင့် ကျေးဇူးတော်ကို ရှာဖွေပါက၊ ယုံကြည်သောဘုရားသခင်နှင့် ထည့်သွင်းခြင်းကို ခံရလိမ့်မည်ဖြစ်သည်။ ကိုယ်တော်သည် သင်၌ သင့်အတွက် ယုံကြည်လာလိမ့်မည် ဖြစ်သည်။ ကိုယ်တော်သည် သင်၏ယုံကြည်ခြင်း ဖြစ်လာလိမ့်မည်။ (*Life-study of Genesis*, p. 378)

## *ယနေ့ဖတ်စရာ*

သူ၏ဘိုးဘေးနောက်ကဲ့သို့ (က၊ ၅း ၂၂–၂၄)၊ နောသည် သူ၏ယုံကြည်ခြင်းစွမ်းအား ဖြစ်လာရန် သူ့အထဲသို့ ထည့်သွင်းခြင်းခံရသော ဘုရားသခင်၏ ဘုရားဆိုင်ရာဒြပ်သဘောသဘာဝဖြစ်သည့် ယုံကြည်ခြင်းအားဖြင့် (ဟေဗြဲ၊ ၁၁း၇) ဘုရားသခင်နှင့်

အတူ လျှောက်လှမ်းခဲ့သည် (ရော၊၃း၂၂ နှင့် မှတ်စု)။ ထို့ကြောင့် သူသည် ဘုရား၏ ဖြောင့်မတ်ခြင်းကို ဆက်ခံသူ (cf. ရော၊၄း၃၊ ၉)နှင့် ဆိုးညစ်သော မျိုးဆက်ကို ဆန့်ကျင်ကန့်ကွက်သော ဖြောင့်မတ်ခြင်း၏ ရှေ့ပြေး ဖြစ်လာသည် (၂ပေ၊ ၂း၅)။ နောဧ၏ ဖြောင့်မတ်ခြင်းသည် ဘုရားဝတ်၌ မွေ့လျော်ခြင်းမရှိသော မျိုးဆက်အပေါ် ကိုယ်တော်၏ စီရင်ခြင်းကို လုပ်ဆောင်ရန် ဘုရား၏ ရပ်တည်ခြင်းကို ခွန်အားဖြစ်စေသည်။ (Gen. 6:9, footnote 1)

ဧနောက်၏ မျိုးဆက်ဖြစ်သော၊ နောဧသည် ဘုရားနှင့်အတူ လျှောက်လှမ်းရုံသာ မကဘဲ (က၊၆း၉)၊ ဘုရား၏ ကယ်တင်ခြင်းနှင့်ညီ ဘုရားသခင်နှင့်အတူ လုပ်ဆောင်သည် (က၊၆း၁၄)။ ဘုရားသခင်သည် ကိုယ်တော်၏ သက်သေခံချက်အတွက် သင်္ဘောတည်ဆောက်ရန် အလိုတော်ရှိသည်။ ကိုယ်တော်သည် ဤအရာကို ကိုယ်တိုင် တိုက်ရိုက်မလုပ်ဆောင်ပါ။ ကိုယ်တော်သည် သင်္ဘောကို သူ၏ လုပ်ဖော်ဆောင်ဖက်များဖြစ်သော လူများအားဖြင့်သာ တည်ဆောက်သည်။ ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက်များသည် လုပ်ဖော်ဆောင်ဖက်များ ဖြစ်ရမည်။ သင်သည် ဘုရားနှင့်အတူ လျှောက်လှမ်းခြင်းမရှိပါက၊ ဘုရားနှင့်အတူ မည်သို့မျှလုပ်ဆောင်နိုင်မည်မဟုတ်ပါ။ သင်သည် ဒေသန္တရအသင်းတော်ကို တည်ဆောက်နေပါသလား။ ဤအရာသည် ချီးမွမ်းဖွယ်ကောင်းပေသည်။ သို့သော် သင်သည် ဘုရားနှင့်အတူ လျှောက်လှမ်းရမည်ဖြစ်သည်။

နောဧအားဖြင့် တည်ဆောက်သောသင်္ဘောသည် သမိုင်းအခြေခံသော ခရစ်တော်ကို မဟုတ်ဘဲ၊ မျက်မှောက်ရှိနေသောခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိကိုယ်တိုင်ကိုသာမက၊ အခြားသူများလည်း ကယ်တင်ခြင်းရရှိရန် လက်တွေ့နှင့် မျက်မှောက်ရှိနေသော ခရစ်တော်ကို တည်ဆောက်နေခြင်းဖြစ်သည်။ ဒေသန္တရအသင်းတော်များသည် အခြားလူများစွာကို ကယ်တင်ခြင်းအတွက် သင်္ဘောကို တည်ဆောက်နေခြင်းအကြောင်းမှာ ကျွန်ုပ်တို့သည် ဘုရားနှင့်အလားတူ စိတ်ဝင်စားခြင်း၌ ယခု ရှိနေ၍ဖြစ်သည်။

ဘုရားသခင်သည် ကိုယ်တော်၏ လူအားလုံးအထဲသို့ ကိုယ်တော့်ကို ဝေငှဖြန့်ဖြူးနိုင်ရန်အတွက် ကိုယ်တော်၏ ဝေငှဖြန့်ဖြူးခြင်းကို လုပ်ဆောင်နေသည်။ ယုတ်စွအဆုံး ဘုရား၏ သဘောသဘာဝအနည်းငယ်ကို အာဒံအထဲသို့ ဝေငှဖြန့်ဖြူးခဲ့သည်။ အာဗေလအထဲသို့ သာ၍ ဝေငှဖြန့်ဖြူးခဲ့သည်။ ဧနုတ်နှင့် ဧနောက်အထဲသို့ ပိုသာ၍ပင် ဝေငှဖြန့်ဖြူးပေးခဲ့သည်။ နောဧအထဲသို့ ပို၍များစွာ ဝေငှဖြန့်ဖြူးပေးသည့်အတွက်၊ သူသည် ဘုရားသခင်၏ လုပ်ဖော်ဆောင်ဖက်တစ်ဦး ဖြစ်လာသည်။ သူသည် ဘုရားနှင့်အလားတူ

သည့် စိတ်ဝင်စားမှု ရှိမည်ဖြစ်သည်။ သင်သည် ယခုခေတ်၏ နောဧ မဟုတ်ပါလား။ ဟုတ်ပါသည်ဟု သင်ပြောဆိုရမည်။ အဘယ်ကြောင့်နည်း။ သင်သည် ပထမဦး ကျဆင်းခဲ့သောကြောင့်၊ ဤနောက်တွင် သင်သည် ရွေးနုတ်ခြင်းခံရသည်။ ပြီးနောက် သင်သည် ဘုရားသခင်ထံသို့ ပို့ဆောင်ခြင်းခံရ၍၊ ယနေ့ သင်သည် ကိုယ်တော်၏ နာမတော်ကို ခေါ်နေသည်။ ထို့ပြင် သင်သည် ကိုယ်တော်နှင့်အတူ လျှောက်လှမ်းကာ၊ ကိုယ်တော်နှင့်အတူ အလုပ်လုပ်နေသည်။ ယခု သင်၏ စိတ်ဝင်စားခြင်းသည် အဘယ်အရာနည်း။ သင်၏ အတွင်းဆုံးနက်နဲခြင်း၌ ယနေ့ ဘုရားနှင့်အလားတူခံယူချက် သင်၏ စိတ်ခံစားမှု၌ ရှိနေကြောင်း ကျွန်ုပ်ယုံကြည်စိတ်ချမှုရှိသည်။ သင်၏ စိတ်ဝင်စားမှုသည် ဘုရား၏ စိတ်ဝင်စားမှုသာ ဖြစ်သည်။ ဤသည်မှာ သင်သည် အသင်းတော်အသက်တာမှအပ အခြားအရာများစွာကို သင်မေ့ထားရမည့်အကြောင်းဖြစ်သည်။ ဘုရားသခင်သည် အသင်းတော်အတွက်ဖြစ်ပြီး၊ အသင်းတော်သည် ဘုရားသခင်၏ စိတ်ဝင်စားခြင်းဖြစ်သောကြောင့်၊ သင်သည် အသင်းတော်အသက်တာကို ချစ်ရမည်။ သင်သည် ဘုရားနှင့် တစ်လုံးတစ်ဝရှိမည်ဆိုလျှင်၊ ကိုယ်တော်၏ စိတ်ဝင်စားခြင်းသည် သင်၏ စိတ်ဝင်စားခြင်း ဖြစ်ပေမည်။ ၎င်းမှာ သင်သည် ယနေ့၏ နောဧဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ နောက်ဆုံးတွင် နောဧနှင့်အတူ သူ၏ မိသားစု သင်္ဘောအထဲသို့ ဝင်ရောက်ရခြင်းမှာ သေခြင်း–ရေ၏ စီရင်ခြင်းမှ ဖယ်ရှားခံရရန် ဘုရားသခင်အတွက် ဘုရားသခင်နှင့်အတူ သူလုပ်ဆောင်ခဲ့သောအရာအထဲသို့ ဝင်ရောက်ရခြင်းဖြစ်သည် (က၊ ၇း၇)။ ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့်အတူ လုပ်ဆောင်ရုံမျှသာမဟုတ်ဘဲ၊ ဘုရားနှင့်အတူ ဘုရားအတွက် ကျွန်ုပ်တို့ လုပ်ဆောင်ခဲ့သောအရာအထဲသို့ ဝင်ရောက်ရန်၊ ဤခြေရာများနောက်သို့ လိုက်ဖို့လိုသည်၊ သို့မှသာ ကျွန်ုပ်တို့သည် လက်တွေ့ကျစွာ မျက်မှောက်ရှိနေသော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် သေခြင်း၏ စီရင်ခြင်းမှ ဖယ်ရှားခြင်းခံရမည်ဖြစ်သည်။ (*The Divine Dispensing of the Divine Trinity*, pp. 21-23)

*ပို၍ဖတ်ရန်-* *The Divine Dispensing of the Divine Trinity*, ch. 2; *Life -study of 1 & 2 Samuel*, msg. 30

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ————————————————

————————————————————————

————————————————————————

————————————————————————

————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**ဖိ၊ ၂း၁၂ သို့ဖြစ်၍ ငါချစ်သူတို့၊ သင်တို့သည် ငါ့မျက်မှောက်၌ အစဉ်နာခံသည် သာမက၊ မျက်ကွယ်၌လည်း သာ၍နာခံကြသည်နှင့်အညီ၊ ကြောက်ရွံ့တုန်လှုပ်ခြင်းဖြင့်၊ သင်တို့၏ကယ်တင်ခြင်းကို ကိုယ်တိုင်ကြိုးစားအားထုတ်ကြလော့။**

**က၊ ၇း၇ ရေလွှမ်းမိုးခြင်းဘေးကြောင့်၊ နောသည် မိမိသား၊ မယား၊ ချွေးမများနှင့်တကွ၊ သင်္ဘောထဲသို့ ဝင်၍၊**

ယခု ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရပြီးသူများဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ လုပ်ဆောင်ဖို့ လိုသေးသည်။ နောသည် သင်္ဘောတည်ဆောက်ခြင်းအလုပ်ကို မစတင်မီကပင်၊ ကယ်တင်ခံရပြီးဖြစ်သည်။ သူသည် ကယ်တင်ခြင်းမခံရပါက၊ ဘုရားနှင့်အတူ လုပ်ဆောင်ရန် သူ့ကို မည်သို့တာဝန်ပေးနိုင်မည်နည်း။ ဘုရားသခင်ကြွလာ၍ သင်္ဘောတည်ဆောက်ရန် နောကို စေခိုင်းသောအချိန်တွင်၊ သူသည် ဘုရားနှင့်အတူ လျှောက်လှမ်းနေပြီးဖြစ်၍၊ ဘုရား၏စိတ်နှလုံး၌ ထိုခေတ်ကာလတွင် မျက်နှာရသောသူဖြစ်သည် (က၊၆း၈)။ သူသည် ကယ်တင်ခြင်းခံရပြီးသူဖြစ်သည့်အတွက်၊ အဘယ်ကြောင့် သင်္ဘောတည်ဆောက်ရန် လိုအပ်ရပါသနည်း။ သူသည် အကျင့်ပျက်ကျဆင်းနေသောလောကမှ နောက်ထပ် ကယ်တင်ခြင်း လိုအပ်၍ဖြစ်သည်။

ပေါလုသည် ကျွန်ုပ်တို့အား ဖိ၊ ၂း၁၂၌၊ ကျွန်ုပ်တို့သည် ကြောက်ရွံ့တုန်လှုပ်ခြင်းဖြင့် ကျွန်ုပ်တို့ကိုယ်ကို ကယ်တင်ခြင်းအတွက် နာခံ၍ ကြိုးပမ်းလုပ်ဆောင်ဖို့လိုကြောင်း ပြောဆိုထားသည်။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းခံရပြီးသော်လည်း၊ ကျွန်ုပ်တို့ကိုယ်ကို ကယ်တင်ခြင်းအတွက် ကြိုးပမ်းလုပ်ဆောင်ဖို့ လိုအပ်နေသေးသည်။ ဘုရားသခင်၏ ကယ်တင်ခြင်းသည် လွန်စွာတိုတောင်း၊ လွန်စွာအကျဉ်းချုပ်ပြီး လွန်စွာရိုးရှင်းခြင်း မဟုတ်ပါ။ ဘုရား၏ကယ်တင်ခြင်းသည် ရှည်လျားသောသက်တမ်းကာလ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကယ်တင်ခြင်းအထဲသို့ ဝင်ရောက်၍၊ ဘုရား၏ကယ်တင်ခြင်းအဆုံးတစ်ဘက်မှ နောက်အဆုံးတစ်ဘက်သို့ ဖြတ်သန်းသွားဖို့ လိုအပ်သည်။ (*The Divine Dispensing of the Divine Trinity,* p. 28)

## ယနေ့ဖတ်စရာ

ယနေ့ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကယ်တင်ခြင်းလမ်းကြောင်း၌ ရှိကြသည်။

ယခု ကျွန်ုပ်တို့သည် ဤလမ်းကြောင်းအားဖြင့် သွားနေပြီး၊ ကျွန်ုပ်တို့သွားနေခြင်းဖြင့် ကျွန်ုပ်တို့ လုပ်ဆောင်နေခြင်းဖြစ်သည်။ နောသည် သဘော်ကို ပို၍တည်ဆောက်လေလေ၊ ဘုရား၏ ကယ်တင်ခြင်းကို ပို၍ဖြတ်သန်းရလေလေဖြစ်သည်။ နောက်ဆုံးတွင် သူသည် သူကြိုးပမ်းလုပ်ဆောင်သောအရာအထဲသို့ ဝင်ရောက်ရခြင်းဖြစ်သည် (က၊၇း၇)။ ချစ်သောသန့်ရှင်းသူများတို့၊ သင်တည်ဆောက်နေသောခရစ်တော်သည် သင့်အနာဂတ်ကို ကယ်တင်ခြင်း ဖြစ်လာလိမ့်မည်။ ဘုရား၏ အုပ်စိုးခြင်းအောက်တွင် တစ်နေ့၌ သင်သည် သင်တည်ဆောက်ခဲ့သော ခရစ်တော်အထဲသို့ ဝင်ရောက်သွားရလိမ့်မည်ဖြစ်သည်။

သင်၏ နေ့စဉ်တွေ့ကြုံခံစားခြင်း၌ သင်သည် သခင်ဘုရားနှင့်အတူ လုပ်ဆောင်နေပါက၊ ခရစ်တော်၏ တစ်စုံတစ်ရာကို သင်အသေအချာတည်ဆောက်နေခြင်းဖြစ်သည့်အတွက်၊ နောက်ဆုံးတွင် သင်သည် သင်တည်ဆောက်သောအရာအထဲသို့ ရောက်ရှိကာ၊ သင်၏ မွေ့လျော်ဝမ်းမြောက်ခြင်းအဖြစ် ထိုခရစ်တော်၌ သင်တည်ရှိနေမည်ဖြစ်သည်။ ထိုနောက် သင်သည် ခရစ်တော်၌ တည်နေမည်ဖြစ်သည်။ ယောဟန်၊၁၅သည် ခရစ်တော်၌ တည်နေခြင်းကို ပြောဆိုကြောင်း ခရစ်ယာန်များစွာသည် သိနားလည်ကြသော်လည်း၊ ခရစ်တော်၌ တည်နေရန်ဆိုသည့် အဓိပ္ပါယ်ကို ခရစ်ယာန်များစွာက မသိကြပါ။ ပထမဆုံး သင်သည် ခရစ်တော်ကို တည်ဆောက်ဖို့လိုသည်။ သင်သည် ခရစ်တော်ကို မတည်ဆောက်ပါက၊ သင်၌ တည်နေရန် ခရစ်တော်ရှိမည်မဟုတ်ပါ။ ဩဝါဒဆိုင်ရာ၌ ဤအရာသည် အထူးအဆန်းဖြစ်ကောင်းဖြစ်နိုင်သည်၊ သို့သော် တွေ့ကြုံခံစားခြင်းဖြင့် ၎င်းသည် အမှန်ဖြစ်လာသည်။ သင်၌ ခရစ်တော်ရှိသည် သို့သော် ခရစ်တော်၌ သင်တည်နေပါသလား။ ကျွန်ုပ်တို့တွင် ဩဝါဒ၌ ခရစ်တော်ရှိနိုင်သော်လည်း၊ တွေ့ကြုံခံစားခြင်း၌ ခရစ်တော်တည်နေခြင်း မရှိပါ။ ဩဝါဒ၌သာ ခရစ်တော်ရှိနေခြင်းသည် အချည်းနှီးဖြစ်သည်။ သင်၌ သင်၏ တွေ့ကြုံခံစားခြင်းတွင် ခရစ်တော်ရှိဖို့လိုအပ်သည်။ ခရစ်တော်၌ ယုံကြည်ခြင်းသည် ကိုယ်တော်ရှိရန် သင့်အတွက် လုံလောက်ရုံသာရှိခြင်းဖြစ်၍၊ ခရစ်တော်၌ တည်နေရန်အတွက် တည်ဆောက်ခြင်းရှိဖို့ လိုသည်။ ကိုယ်တော်၌ တည်နေရန် သင်သည် ခရစ်တော်ကို တည်ဆောက်ရမည်ဖြစ်သည်။ ခရစ်တော်ကို တည်ဆောက်ခြင်းသည် အဘယ်အရာကို ဆိုလိုသနည်း။ သင်၏ တွေ့ကြုံခံစားခြင်းဖြင့် သင်သိရှိမည်ဖြစ်သည်။ သင်သည် ကိုယ်တော့်ကို ချစ်ရမည်။ ကိုယ်တော်၏ နာမတော်ကို ခေါ်ခြင်းဖြင့် သင်သည် ကိုယ်တော်ကို စကားပြောရမည်။ ကိုယ်တော့်အားဖြင့် သင်အသက်ရှင်ရမည်။ သင်သည် အာဒံ၊ အာဗေလ၊ နေ့တ်နှင့် နောက်တို့၏ တွေ့ကြုံခံစားခြင်းအားလုံးကို ဖြတ်ကျော်ပြီးနောက်၊ နောဖြစ်လာရန် လျှောက်လှမ်းဖို့ လိုသည်။ ထိုနောက် သင်သည် တစ်စုံတစ်ရာကို တည်

ဆောက်လာနိုင်လိမ့်မည်ဖြစ်သည်။

သင်သည် တနင်္လာနေ့မှ စနေနေ့အထိ သခင်ဘုရားကို ချစ်ခြင်းဖြင့် ကိုယ်တော်နှင့်အတူ မိတ်သဟာယဖွဲ့ကာ၊ ကိုယ်တော့်အားဖြင့် အသက်ရှင်၍ ကိုယ်တော်နှင့်အတူ လျှောက်လှမ်းအချိန်ယူမည်ဆိုလျှင်၊ သခင်ဘုရားနေ့၌ သင်သည် ခရစ်တော်၌ရှိသည့် အာရုံနက်နဲခြင်းကို ခံစားရရှိလိမ့်မည်မှာ သေချာပါသည်။ လက်တွေ့ကျကျရှိနေသော ခရစ်တော်၌ သင်တည်နေလိမ့်မည်ဖြစ်သည်။ တစ်နည်းဆိုပါက၊ သင်သည် တနင်္လာနေ့မှ စနေနေ့အထိ သခင်ဘုရားကိုမချစ်၊ ကိုယ်တော်နှင့်မိတ်သဟာယမပြု၊ ကိုယ်တော်၌ အသက်မရှင်၊ ကိုယ်တော်နှင့်အတူ လျှောက်လှမ်းခြင်းမရှိ၊ အချိန်ကုန်ဆုံးမည်ဆိုလျှင်၊ ယနေ့ကိုယ်တော်၌ တည်နေရန် သင်အလိုဆန္ဒရှိသော်ငြားလည်း၊ ကိုယ်တော်မရှိကြောင်း သင်ခံစားရမည်ဖြစ်သည်။ သင်၏တွေ့ကြုံခံစားခြင်း၌ ကိုယ်တော်သည် သင်နှင့်အတူ မရှိပါ။ ဤအရာက ပြီးခဲ့သောရက်သတ္တပတ်လုံး သင်သည် ခရစ်တော်ကို တည်ဆောက်ခြင်းမရှိကြောင်း ဆိုလိုခြင်းဖြစ်သည်။ သင်သည် သဘော်ာတည်ဆောက်ခြင်းကို မလုပ်ဆောင်ပါ။ ထို့ကြောင့် ရေလွှမ်းမိုးလာသောအခါ၊ သင်ဝင်ရောက်ရန် သဘော်မရှိပါ။ သို့သော် သင်သည် ကိုယ်တော့်ကိုချစ်ပြီး၊ ကိုယ်တော်နှင့်မိတ်သဟာယဖွဲ့ခြင်းဖြင့်၊ ကိုယ်တော့်ကို အသက်ရှင်ကာ၊ ကိုယ်တော်နှင့်အတူလျှောက်လှမ်းခြင်း နေ့တိုင်း၊ နာရီတိုင်း ရှိသောအခါ၊ သင်၏တွေ့ကြုံခံစားခြင်း၌ သင်သည် ကိုယ်တော့်ကို တည်ဆောက်မည်ဖြစ်သည်။ သင်၏တွေ့ကြုံခံစားခြင်း၌ ခရစ်တော်ကို သင်တည်ဆောက်ခြင်းဖြင့် သင်၏ကယ်တင်ခြင်းအထဲသို့ သင်ဝင်ရောက်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်ကို တည်ဆောက်ဖို့ လိုအပ်သည်။ (*The Divine Dispensing of the Divine Trinity*, pp. 28-30)

*ပို၍ဖတ်ရန်-* *The Divine Dispensing of the Divine Trinity*, ch. 3; *The Experience and Growth in Life*, msgs. 13-14

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကၢ ဖေး၁၅** **လုပ်ရမည့်ပုံဟူမူကား၊ သင်္ဘောအလျား အတောင်သုံးရာ၊ အနံ အတောင်ငါးဆယ်၊ အမြင့် အတောင်သုံးဆယ် ရှိစေရမည်။**

**၁ပေ၊ ၃း၂၀–၂၁** **... နောလက်ထက်၌ နည်းသောသူတည်းဟူသော လူရှစ်ယောက်တို့ကို ရေအားဖြင့်ကယ်ဆယ်သော သင်္ဘောကို တည်လုပ်စဉ်တွင် ...ထိုရေမှာ ယခုတွင် ...သင်တို့ကို ကယ်တင်သော ဗတ္တိဇံကို ပုံဆောင်သတည်း။**

သင်္ဘောသည် ခရစ်တော်ကိုပုံဆောင်ခြင်းဖြစ်သည် (၁ပေ၊၃း၂၀–၂၁)၊ ၎င်းသည် တစ်ဦးချင်းဆိုင်ရာ ခရစ်တော်ကိုသာမက၊ ခရစ်တော်၏ ကိုယ်ခန္ဓာတော်နှင့် လူသစ်တည်းဟူသော အသင်းတော်ဖြစ်သည့် စုပေါင်းသောခရစ်တော်ကိုလည်း ပုံဆောင်ခြင်းဖြစ်သည်။ သင်္ဘောတည်ဆောက်ခြင်းသည် ဘုရားနှင့်အတူ တည်ဆောက်သောတန်ဆာပလာဖြစ်သည့် လုပ်ဆောင်သူများအားဖြင့် ခရစ်တော်၏ကြွယ်ဝခြင်းဒြပ်သဘောသဘာဝနှင့် စုပေါင်းသောခရစ်တော်အား တည်ဆောက်ခြင်းကို ပုံဆောင်ခြင်းဖြစ်သည် (၁ကော၊၃း၉–၁၂က။ ၂ကော၊ဖေး၁။ ဧ၊၃း၈–၁၀။ ၄း၁၂)။ သင်္ဘောတည်ဆောက်ခြင်းနှင့် ၎င်းအထဲသို့ ဝင်ရောက်ခြင်းဖြင့်၊ နောသည် ရေလွှမ်းမိုးခြင်းဖြင့် ဆိုးညစ်သောမျိုးဆက်အပေါ် ဘုရား၏စီရင်ခြင်းမှ ကယ်တင်ခြင်းခံရသည်သာမက၊ ထိုမျိုးဆက်မှ သီးခြားဖြစ်ကာ၊ ခေတ်ကာလအသစ်အထဲသို့လည်း ကြိုဆိုခြင်းခံရသည် (၁ပေ၊၃း၂၀နှင့် မှတ်စု၊၃)။ ထိုနည်းတူ၊ အသင်းတော်တည်ဆောက်ခြင်းနှင့် အသင်းတော်အသက်တာအထဲသို့ ဝင်ရောက်ခြင်းဖြင့်၊ ကျွန်ုပ်တို့သည် ဘေးဒဏ်ကြီးကာလအားဖြင့် ယနေ့ ဆိုးညစ်သောမျိုးဆက်အပေါ် ဘုရားသခင်၏စီရင်ခြင်းမှ ကယ်တင်ခံရပြီး (မ၊၂၄း၃၇–၃၉။ လု၊၁၇း၂၆–၂၇။ ၁သက်၊၅း၃)၊ ထိုမျိုးဆက်မှ သီးခြားဖြစ်စေကာ (လု၊၂၁း၃၆။ ဗျာ၊ ၃း၁၀)၊ မိလေနိကာလ၊ အသစ်သောခေတ်ကာလအထဲသို့ ကြိုဆိုခြင်းခံရလိမ့်မည်ဖြစ်သည်။ (Gen. 6;14, footnote 1)

## *ယနေ့ဖတ်စရာ*

ဘုရားသခင်သည် နောအား အရာအားလုံးပါဝင်သော ဖွင့်ပြခြင်းအားလုံးနီးပါးလောက်ကို ပေးအပ်ခဲ့သည်။ နောက်သည် သူ၏ သားမသုရှလ သေသောအခါ၊ ရေလွှမ်းမိုးခြင်း ရောက်လာလိမ့်မည်ဖြစ်ကြောင်းနှင့် ဖောက်ပြန်အကျင့်ပျက်သော မြေ

ကြီးအပေါ် ဘုရားသခင်၏စီရင်ခြင်းကို လုပ်ဆောင်မည်ဖြစ်ကြောင်း ပရောဖက်ပြုခြင်း အပြင်၊ သခင်ဘုရားကြွလာမည့်အကြောင်းပင် ပရောဖက်ပြုခဲ့သော်ငြားလည်း (ယုဒ၊၁၄)၊ ဧနောက်သည် ဖောက်ပြန်အကျင့်ပျက်သော မျိုးဆက်ကို ဘုရားသခင်သည် အဆုံးသတ်စေပြီး၊ ခေတ်ကာလအသစ်ကို အစပြုမည်ဖြစ်ကြောင်း နည်း လမ်းနှင့်ဆိုင် သည့်ရူပါရုံကို လက်ခံရရှိခြင်းမရှိခဲ့ပါ။ တစ်နေ့တွင် ဘုရားသခင်သည် နောဧထံသို့ ကြွလာပြီး၊ သူ့ကို ဤအကြောင်း ဖွင့်ပြခဲ့သည်။ ဤအကြောင်းကြောင့်၊ ဘုရားအရာနှင့် ဆိုင်သော နောဧ၏မြင်ကွင်းသည် သာ၍ကြီးမားကျယ်ပြန့်ကာ၊ သူ၏ဘိုးဘေးအား လုံးထက် သာ၍ပိုမြင်ခွင့်ရသည်။ ကျွန်ုပ်တို့အားလုံးသည် ထိုသို့သော ဖွင့်ပြခြင်း လိုသည်။

အလေ့အလာ၌ ကျွန်ုပ်တို့၏ အနေအထားသည် နောဧ၏ အနေအထားနှင့် အတူ တူပင်ဖြစ်သည်။ ယနေ့၏မျိုးဆက်သည် ဖောက်ပြန်အကျင့်ပျက်နေသည်၊ မြေကြီးသည် ဆိုးညစ်ခြင်းနှင့် ရက်စက်ကြမ်းကြုတ်ခြင်းနှင့် ပြည့်လျက်ရှိသည်။ လူ၏သဘောအတိုင်း ဆိုလျှင်၊ ဘုရားသခင်သည် အရေးရှုံးနိမ့်၍ မြေကြီးပေါ်မှ နှင်ထုတ်ခြင်းခံရသည်ဟု ထင် မြင်ရသည်။ ခရစ်ခုနှစ်ပထမဆုံးရာစုခေတ်ကာလမှစ၍ ယခုခေတ်တိုင်အောင် ကျွန်ုပ် တို့သည် ပြီးခဲ့သောရာစုများ၌ ကျင့်ဆောင်ခဲ့သော ဘုရားဝတ်၌မွေ့လျော်ခြင်းနည်း လမ်းအားလုံးကို အမွေဆက်ခံထားကြသည်။ သို့သော် ကျွန်ုပ်တို့ ဤနေရာ၌ ရပ်တန့်ရ မည်လား။ ဘုရားသခင်၏ရည်ရွယ်ချက်သည် အဘယ်နည်း။ ကိုယ်တော်သည် ဤမျိုး ဆက်မှ သူ၏လူတို့ကို ယူဆောင်ပြီး၊ အသစ်သောခေတ်ကာလကို အစပြုနိုင်မည့် သင်္ဘော ကို လိုအပ်သည်။ ကျွန်ုပ်တို့၏စိတ်ကူးစိတ်သန်းဖြင့် ကျွန်ုပ်တို့သည် သင်္ဘောကို မတည် ဆောက်နိုင်ပါ။ နောဧကဲ့သို့ ကျွန်ုပ်တို့သည် ဘုရား၏ သင်္ဘောလိုအပ်ချက်နှင့်ဆိုင်သည့် ဖွင့်ပြခြင်း ရှိရမည်။

သင်္ဘော၌ အဆင့်သုံးဆင့် ရှိသည် (က၊၆း၁၆)။ သင်္ဘော၏ အမြင့်သည် အတောင် သုံးဆယ်ရှိသည် (အငယ်၊၁၅)၊ အဆင့်တစ်ဆင့်စီ၌ အမြင့်ဆယ်တောင်စီရှိရမည်။ ဤ အတိုင်းအတာများသည် အလွန်အဓိပ္ပါယ်ရှိသည်။

ကျမ်းစာ၌ ဂဏန်းနံပါတ်သုံးသည် ပထမဦးဆုံး သုံးပါးတစ်ပါးဘုရား၊– ခမည်း တော်ဘုရား၊ သားတော်ဘုရားနှင့် ဝိညာဉ်တော်ဘုရားကို ပုံဆောင်သည် (မ၊၂၈း၁၉)၊ (အထူးသဖြင့် လူတို့အထဲသို့ ကိုယ်တော်တိုင်ကို ဝေငှဖြန့်ဖြူးခြင်း၌ ဖြစ်သည်)။

ကျမ်းစာက လူနှင့်အတူ ဘုရား၏ ရောနှောပေါင်းစည်းခြင်း၊ လူအထဲသို့ ဘုရား ဝင်ရောက်ခြင်း သို့မဟုတ် လူအထဲသို့ ဘုရား၏ ဝေငှဖြန့်ဖြူးခြင်းနှင့် စပ်လျဉ်း၍ ပြောဆို သည့်အခါတိုင်း၊ သုံးပါးတစ်ပါးဘုရား၏ အကြောင်းအရာကို အမြဲအသုံးပြုသည်။

၂ကော၊၁၃း၁၄ကို ဥပမာထားစဉ်းစားပါက၊ ''သခင်ယေရှုခရစ်၏ကျေးဇူးတော်သည်လည်းကောင်း၊ ဘုရားသခင်၏မေတ္တာတော်သည်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏မိတ်သဟာယတော်သည်လည်းကောင်း၊ သင်တို့အပေါင်းနှင့်အတူ ရှိစေသတည်း''။ ဤသည်မှာ ဝေငှဖြန့်ဖြူးခြင်း၊ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်ဝင်ရောက်ခြင်းနှင့် ကိုယ်တော်၏ကြွယ်ဝခြင်းအားလုံးအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ခြင်း ဖြစ်စဉ်အဆင့်၌ရှိသော သုံးပါးတစ်ပါးဘုရား ဖြစ်သည်။

သင်၏လက်များတစ်ခုစီပေါ်ရှိ လက်ချောင်းငါးချောင်းအားဖြင့် ပုံဆောင်ပေါ်ပြသော ဂဏန်းနံပါတ်ငါးသည် တစ်နှင့် လေးပေါင်းခြင်းဖြစ်သည်။ လက်မသည် ဂဏန်းနံပါတ်တစ်ဖြစ်ပြီး၊ ဖန်ဆင်းရှင်ဖြစ်သော ဘုရားသခင်တစ်ပါးတည်းကို ကိုယ်စားပြုခြင်းဖြစ်သည်။ နံပါတ်လေးသည် အသက်ရှင်သောသတ္တဝါလေးပါးကဲ့သို့၊ ဘုရား၏ဖန်ဆင်းခံနံပါတ်ဂဏန်းဖြစ်သည် (ဗျာ၊၄း၆)။ ထို့ကြောင့် တစ်အပေါင်း လေးသည် ဘုရားအပေါင်း ဘုရား၏ဖန်ဆင်းခံ၊ လူကို ဆိုလိုခြင်းဖြစ်သည်။ ဘုရား၏တည်ဆောက်ခြင်းမှာ ကိုယ်တော့်ကို ကျွန်ုပ်တို့နှင့် တစ်လုံးတစ်ဝဖြစ်စေခြင်းနှင့် ကျွန်ုပ်တို့ကို ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်စေခြင်းဖြစ်သည့်၊ ကျွန်ုပ်တို့အထဲသို့ ကိုယ်တော်နှင့် ကိုယ်တော့်အထဲသို့ ကျွန်ုပ်တို့ကို တည်ဆောက်ရန်သာ ဖြစ်သည်။ ထို့ကြောင့် သဘော၌ အခြေခံဂဏန်းနံပါတ်သုံးနှင့် ငါးမှာ ဤတည်ဆောက်ခြင်းသည် ဘုရားနှင့် လူ၏ရောနှောပေါင်းစည်းခြင်းကို ပုံဆောင်ခြင်းဖြစ်သည်။ (*Life-study of Genesis*, pp. 392-393, 399-400, 402-403)

*ပို၍ဖတ်ရန်-* *Truth Lessons - Level Two*, vol. 2, Isns. 16-17

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

–––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ အပေါ်၌သည် အမိုးကို လုပ်ရမည်။ ထိုအမိုးအပေါ် အလယ်ချက်၌**
**၆း၁၆ ထိပ်အုပ်အနံတစ်တောင်အကျယ် ရှိစေရမည်။ သင်္ဘောနံတစ်ဘက်၌ လည်း တံခါးကို လုပ်ရမည်။ အောက်အဆင့်၊ အလယ်အဆင့်၊ အပေါ် အဆင့်ဟူ၍ သုံးဆင့်ကိုလည်း ရှိစေရမည်။**

**ဧ၊ ထိုသို့ ကိုယ်တော့်အားဖြင့် ငါတို့နှစ်ဦးသည် တစ်ပါးတည်းသောဝိညာဉ်**
**၂း၁၈ တော်၌ ခမည်းတော်ထံသို့ တိုးဝင်ရသောအခွင့်ကို ရကြပြီ။**

ပထမ၊ ဒုတိယနှင့် တတိယအဆင့်များသည် သင်္ဘော၏ အမြင့်ကို ပုံဆောင်ခြင်း ဖြစ်သည် (က၊၆း၁၆)။ တဲတော်၏ အပိုင်းသုံးပိုင်းသည် ကျွန်ုပ်တို့အားလုံး ဝင်ရောက် ရမည့် အတွင်းကျဆုံး အနက်ဆုံး အပိုင်းကို ပုံဆောင်သည်။ သင်္ဘော၏ အဆင့်သုံးဆင့် သည် ကျွန်ုပ်တို့အားလုံး အောင်မြင်ရယူရမည့် အမြင့်ကို ပုံဆောင်သည်။ တစ်နည်းဆို ပါက၊ ကျွန်ုပ်တို့သည် သာ၍နက်နဲရာသို့ ရောက်ရှိရမည်ဖြစ်ပြီး၊ အခြားတစ်နည်းဆိုပါက၊ ကျွန်ုပ်တို့သည် သာ၍မြင့်ရာသို့ ရောက်ရှိရမည်ဖြစ်သည်။ သင်္ဘော၏ အဆင့်သုံးဆင့်သည် သုံးပါးတစ်ပါးဘုရားကို ပုံဆောင်သည်မှာ သံသယဖြစ်ဖွယ်မရှိပါ။ ဦးခေါင်းအရာ၏ သုံးပါးဖြစ်ခြင်း၌ ခမည်းတော်၊ သားတော်နှင့် ဝိညာဉ်တော်ဟူ၍ ကျွန်ုပ်တို့ အမြဲပြောဆို ကြသည်။ သုံးပါးတစ်ပါးဘုရား၏မည်သည့်ပုဂ္ဂိုလ်တော်သည် ပထမအဆင့် ဖြစ်သ နည်း။ သားတော်သည် အလယ်၌ရှိကြောင်းကို ကျွန်ုပ်တို့အားလုံးသိသည့်အတွက်၊ ဒုတိယအပါးဖြစ်သူကို ပြောဖို့ရန် လွယ်ကူသည်။ သို့သော် ပထအအဆင့်သည် ခမည်း တော်ဘုရား ဖြစ်မည်လား သို့မဟုတ် ဝိညာဉ်တော်ဘုရားဖြစ်မည်လား။ လုကာ၊၁၅၌ ကျွန်ုပ်တို့ သည် ပုံဥပမာသုံးခုကို တွေ့ရှိရသည်၊– သိုးထိန်းသည် ပျောက်သောသိုးကို ပြန်လည်ရ ယူခြင်း၊ မိန်းမသည် ပျောက်ဆုံးသွားသောဒင်္ဂါးကို ရှာဖွေတွေ့ရှိခြင်းနှင့် ဖခင်သည် ပြန်လာသောအသုံးအဖြုန်းကြီးသည့်သားကို လက်ခံခြင်းတို့ ဖြစ်သည်။ ပထမဥပမာသည် သားတော်နှင့် သက်ဆိုင်သည်၊ ဒုတိယသည် ဝိညာဉ်တော်နှင့် သက်ဆိုင် သည်၊ တတိယသည် ခမည်းတော်နှင့်သက်ဆိုင်သည်။ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း အရ၊ ပထမဦးဆုံး ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို ရှာဖွေတွေ့ရှိက၊ ကျွန်ုပ်တို့ထံကြွလာ ပြီး၊ သားတော်ထံသို့ ပို့ဆောင်ပေး၍ သားတော်၌ ယုံကြည်ရန် ကျွန်ုပ်တို့ကို လှုံ့ဆော် သည်။ သားတော်၌ ကျွန်ုပ်တို့ယုံကြည်ပြီးနောက်၊ "အိုး၊ အဖ"ဟု ကျွန်ုပ်တို့ ခေါ်ဆိုကြ သည်။ ဝိညာဉ်တော်သည် ကျွန်ုပ်တို့ကို သားတော်ထံသို့ ပို့ဆောင်ပေးသည်၊ သားတော် သည် ကျွန်ုပ်တို့ကို ခမည်းတော်ထံသို့ ပို့ဆောင်ပေးသည်။ ကျွန်ုပ်တို့သည် ခမည်းတော်

ထံသို့ လာသောအခါ၊ တတိယအဆင့်၌ ကျွန်ုပ်တို့ ရှိနေမည်ဖြစ်သည်။ (*Life-study of Genesis,* p. 404)

## ***ယနေ့ဖတ်စရာ***

သဘော်၏ ပထမအဆင့်သည် ဝိညာဉ်တော်၏ အကြောင်းဖြစ်သည်။ များစွာသောခရစ်ယာန်များသည် သန့်ရှင်းသောဝိညာဉ်တော်၌ အမည်ခံဗတ္တိဇံအကြောင်းနှင့် ဘုရားတန်ခိုးတော်၌ ယုံကြည်သောအရာများအကြောင်း ပြောရန် ကြိုက်နှစ်သက်ကြသည်၊ သို့သော် ဤအရာသည် ပထမအဆင့်၌သာ ရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် သားတော်၊ ခရစ်တော်ကို သိရန်အလို့ငှါ၊ ဝိညာဉ်တော်ထံသို့ သွားရမည်ဖြစ်သည်။ ခရစ်တော်ကို သိခြင်းသည် တစ်မူထူးခြားသည်၊ ၎င်းသည် သာ၍မြင့်မားသည်။ တစ်နေ့တွင် ကျွန်ုပ်တို့သည် ခမည်းတော်နှင့်ဆိုင်သည့်အဆင့်ကို လုံးလုံးရောက်ရှိရမည်ဖြစ်သည်။ ဤအရာသည် အမြင့်မားဆုံး၊ အကြီးမြတ်ဆုံးနှင့် နက်နဲအံ့သြဖွယ်ရာအဆုံး ဖြစ်သည်။

ကျွန်ုပ်သည် အဆင့်သုံးဆင့်လုံး၌ နေထိုင်ခွင့်ရသည် ဆိုပါစို့။ သင်သည် ကျွန်ုပ်၏ အထူးဧည့်သည်မဟုတ်ပါက၊ ကျွန်ုပ်သည် သင့်ကို ပထမအဆင့်အထဲသို့သာ ဝင်ခွင့်ပြုလိမ့်မည်ဖြစ်သည်။ ဒုတိယအဆင့်အထဲသို့ သင့်ကို ကျွန်ုပ်ဝင်ခွင့်ပြုမည်မဟုတ်ပါ။ သင်သည် ကျွန်ုပ်၏ မိတ်ဆွေကောင်းဖြစ်မည်ဆိုပါက၊ ဒုတိယအဆင့်ထဲသို့ သင့်ကို ကျွန်ုပ်ဝင်ခွင့်ပြုမည်ဖြစ်သည်။ သို့သော်ငြားလည်း သင်သည် ကျွန်ုပ်၏ လွန်စွာရင်းနှီးကျွမ်းဝင်မှုရှိသူမဟုတ်ပါက၊ ကျွန်ုပ်၏ အံ့သြဖွယ်၊ လျှို့ဝှက်စွာ ဝှက်ထားသော အဖိုးတန်အရာများကို ပြသရန် တတိယအဆင့်အထဲသို့ သင့်ကို ခေါ်ဆောင်သွားမည်မဟုတ်ပါ။

သဘော်ထဲ၌ သင်ယခုရှိသည် ဆိုပါစို့။ သင်သည် ပထမ၊ ဒုတိယနှင့် တတိယ၌ မည်သည့်အဆင့်တွင် နေထိုင်ရန် ပို၍နှစ်သက်သနည်း။ နောဧ၊ သူ၏ သားများနှင့် ချွေးမများတို့သည် တတိယအဆင့်၌ ရှိမည်မှာ ကျွန်ုပ်အသေအချာသိသည်။ ကျွန်ုပ်သည် ပထမအဆင့်ကို ဖြတ်ကျော်ပြီးကြောင်း သင့်ကို ကျွန်ုပ်သက်သေခံနိုင်သည်။ ကျွန်ုပ်သည် သာ၍မြင့်ရာသို့ သွားရန် အလိုဆန္ဒရှိသည်။

ဤအကြောင်းနောက်တွင်၊ ကျွန်ုပ်တို့သည် အလင်း၏ အကြောင်းအရာသို့ ဆက်သွားမည်ဖြစ်သည်။ သဘော်၌ ကောင်းကင်များသို့မြင်ရသည့် ပြတင်းပေါင်တစ်ခုရှိသည် (က၊၆း၁၆)။ ထိုအလင်းသည် ကောင်းကင်၏ အလင်းဖြစ်သည်။ ပြတင်းပေါက်(*ဖွင့်ထားခြင်း*)ဆိုသည့် ဟေဗြဲစကားသည် *မွန်းတည့်* ဆိုသည့်စကားကဲ့သို့ အရင်းအမြစ်တူစကားဖြစ်သည်။ ကျွန်ုပ်တို့သည် ပြတင်းပေါက်အောက်တွင် ရှိလျှင်၊ မွန်းတည့်အချိန်၌ ကျွန်ုပ်

တို့ရှိခြင်းကို ဆိုလိုသည်။ သင်သည် နေရောင်အောက်တွင်ရှိလျှင်၊ သင်၌အလင်းအပြည့် အဝရရှိမည်ဖြစ်သည်။ သင်သည် ပထမ၊ ဒုတိယ သို့မဟုတ် တတိယအဆင့်တို့တွင် မည်သည့်အဆင့်၌ ရှိသည်ကို သင်ရသောအလင်း၏ အတိုင်းအတာက သက်သေပြမည်ဖြစ်သည်။ ကျွန်ုပ်သည် စိတ်အားထက်သန်သောခရစ်ယာန်အတော်များများကို မြင်တွေ့ဘူးပါသည်။ စိတ်ခံစားမှု၌ သူတို့သည် မီးတောက်နေသော်လည်း၊ သူတို့၌ အလင်းရောင်များစွာမရှိပါ။ အချို့သော သန့်ရှင်းသူများ၏ မျက်မှောက်၌ရှိခြင်းက အရာခပ်သိမ်းကို ရှင်းလင်းသွားစေကြောင်း ကျွန်ုပ်တွေ့ကြုံဘူးပါသည်။ လူပုဂ္ဂိုလ်တစ်ဦးသည် ညီအစ်ကိုနီးလ်နှင့်အတူ ထိုင်နေသောအခါတိုင်း၊ သူ၏မှောင်မိုက်အရာအားလုံးသည် ပျောက်ကွယ်သွားပြီး၊ အရာခပ်သိမ်းသည် ရှင်းလင်းသွားသည်။ သူ၏မျက်မှောက်၌ မွန်းတည့်အချိန် ဖြစ်သည်။ သင်၌ အလင်းပိုရှိလေလေ၊ သင်သည် သာ၍မြင့်လာလေလေဖြစ်ပြီး၊ သင်၌အလင်းနည်းလေလေ၊ သင်သာ၍နိမ့်လာလေဖြစ်သည်။

သဘော်၌ ပြတင်းပေါက်တစ်ပေါက်သာရှိသည်။ ၎င်း၌ ပြတင်းပေါက်တစ်ပေါက်နှင့် အလင်းရောင်တစ်ခုသာရှိသည်။ တမန်တော်ပေါလုက ကျွန်ုပ်တို့အား ဟောပြောသော၊ သွန်သင်သောသူထံမှ အမျိုးမျိုးသောဩဝါဒများကို ရှောင်ကြရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည် (ဂလ၊၁း၆–၉။ ရော၊၁၆း၁၇။ ၁တိ၊ ၁း၃)။ ဘုရားသခင်၏စီမံကိန်းနှင့် ဘုရားသခင်၏ အသင်းတော်၌ ပြတင်းပေါက်တစ်ခုတည်းသာ ရှိရမည်ဖြစ်သည်။ အလင်းသည် အရှေ့၊ အနောက်၊ တောင်နှင့် မြောက်တို့မှာ လာမည်မဟုတ်ဘဲ၊ ကောင်းကင်မှ လာမည်သာဖြစ်သည်။ ဘုရားသခင်၏တည်ဆောက်ခြင်း၌ ပြတင်းပေါက်တစ်ခု၊ ဖွင့်ပြခြင်းတစ်ခုနှင့် ရူပါရုံတစ်ခုတည်းသာ ရှိသည်။ အလင်းသည် အထက်မှလာခြင်းဖြစ်သည်။ (*Life-study of Genesis,* pp. 405-406)

*ပို၍ဖတ်ရန်-* *Life-study of Genesis,* msg. 30

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ကၢ ၆း၁၄** **ဂေါဖရသစ်သားဖြင့် သင်္ဘောကို ကိုယ်အို့ တည်လုပ်လော့။ အထဲ၌ လည်း အခန်းများကို လုပ်လော့။ အတွင်း ပြင်ပတ်လည်ကို ထင်း ရှူးစေးနှင့်သုတ်လော့။**

**၁၆–၁၇** **. . . သင်္ဘောနံတစ်ဘက်၌လည်း တံခါးကို လုပ်ရမည်။ . . . အ သက်ရှင်သော သတ္တဝါအပေါင်းတို့ကို ကောင်းကင်အောက်မှ ငါ့ကိုယ်တိုင် ပယ်ရှင်းခြင်းငှါ၊ မြေကြီးကို ရေလွှမ်းမိုးစေသဖြင့် မြေပေါ်မှာ ရှိသမျှတို့သည် သေကြရမည်။**

သင်္ဘောနံတစ်ဘက်၌ တံခါး(ဝင်ပေါက်)တစ်ပေါက်သာရှိသည် (ကၢ၆း၁၆)။ မည် သူ့မျှ ကောင်းကင်များမှ သင်္ဘောအထဲသို့ ဆင်းလာ၍မရပါ။ ကျွန်ုပ်တို့အားလုံးသည် ဘေးဘက်မှ ဝင်ရမည်ဖြစ်သည်။ အထဲသို့ ဝင်ရောက်ရန် လမ်းတစ်လမ်း၊ တံခါးတစ် ပေါက်သာရှိသည်။ သင်္ဘော၌ အလင်းအတွက် အဖွင့်တစ်ခုနှင့် ဝင်ရောက်ရန် ဝင်ပေါက် တစ်ခုသာရှိသည်။ တမန်တော်ပေါလုအပါအဝင် ကျွန်ုပ်တို့အားလုံးသည် တစ်ခုတည်း တံခါးပေါက်မှ ဝင်ရမည်ဖြစ်သည်။ ထိုတံခါးသည် ခရစ်တော်ဖြစ်သည်။ (*Life-study of Genesis*, p. 406)

## ယနေ့ဖတ်စရာ

သင်္ဘောကို ထင်းရှူးဆီကော်အပြည့်ရှိသည့် အမြဲစိမ်းသစ်ပင်ဖြစ်သည့် ဂေါဖရသစ် သားဖြင့် တည်ဆောက်ထားခြင်းဖြစ်သည် (ကၢ၆း၁၄)။ ၎င်းသည် ထင်းရှူးဆီကော်အ ပြည့်ရှိသော သစ်သားဖြစ်သည်။ ၎င်းသည် ရေဒဏ်ကိုလည်းခံနိုင်သည်။ ထို့ကြောင့် ဂေါ ဖရသစ်သားသည် ရေလွှမ်းမိုးခြင်းဒဏ်ကို ခံနိုင်သည်။ အမြဲစိမ်းသစ်ပင်သည် ခရစ်တော် အသေခံခြင်း၏ ပုံပန်းသဏ္ဍာန်ဖြစ်သည်။ အသေခံတော်မူသောခရစ်တော်သည် သေ ခြင်းရေကို ကြံ့ကြံ့ခံနိုင်သည်။ ကိုယ်တော်သည် သေခြင်းကို ခံနိုင်စွမ်းပြီး၊ သေခြင်းသည် ကိုယ်တော့်ကို ဘာမျှမလုပ်ဆောင်နိုင်ပါ။ ဂေါဖရသစ်သားဖြင့် တည်ဆောက်ထားသော သင်္ဘောကို ရေလွှမ်းမိုးခြင်းသည် အကြိမ်ကြိမ်ထိုးနှက်သော်လည်း၊ ရေလွှမ်းမိုးခြင်းကို ဖြတ်ကျော်နိုင်၍ မည်သည့်ပျက်စီးခြင်းမျှ မရှိခဲ့ပါ။ ဤအရာသည် အသေခံတော်မူသော အရှင် ခရစ်တော်၏ ခိုင်မာတောင့်တင်းခြင်းကို ပုံဆောင်ခြင်းဖြစ်သည်။ ခရစ်တော်သည် ဂေါဖရသစ်သားအမှန်အကန်ဖြစ်သည်။ သေခြင်းရေ၏ လွှမ်းမိုးခြင်းသည် ကိုယ်တော့်ကို ဖျက်ဆီး၍ မရနိုင်ပါ။

ခရစ်တော်သည် အသေခံတော်မူသောအရှင်သာမဟုတ်ဘဲ၊ ကျွန်ုပ်တို့အပြစ်များ၏ အပြစ်ဒဏ်မှ ကျွန်ုပ်တို့ကို ရယူရန် ကိုယ်တော်၏ အသွေးတော်ဖြင့် သွန်းလောင်းခဲ့သောအရှင်လည်းဖြစ်သည်။ ထို့ကြောင့် သင်္ဘောကို အတွင်းနှင့်အပြင်ပါ ထင်းရှူးစေးနှင့် သုတ်လိမ်းခြင်းဖြစ်သည် (၆း၁၄)။ ဟေဗြဲဘာသာစကား၌ *ထင်းရှူးစေး*သည် *အပြစ်ပြေရာပြုလုပ်ခြင်း*ဆိုသည့် ဟေဗြဲစကားနှင့် အရင်းအမြစ်အတူတူပင်ဖြစ်သည်။ ဟေဗြဲဘာသာ၏ အဓိကဆိုလိုသည့်အရင်းအမြစ်မှာ "ကာကွယ်ပေးခြင်း"ဟူ၍ဖြစ်သည်။ ကရုဏာခံရာနေရာ၊ သက်သေခံချက်နှင့်ဆိုင်သည့် သင်္ဘောကို ကာကွယ်ပေးခြင်းဆိုသည့်စကားသည် ဤအရင်းအမြစ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ ခရစ်တော်၌ ကျွန်ုပ်တို့အားလုံးသည် အပြည့်အဝအကာအကွယ်ရရှိမည်ဖြစ်ကြောင်း ဆိုလိုခြင်းဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် ကိုယ်တော်၏ ရွေးနုတ်ခြင်းဖြင့် ကာကွယ်ခြင်းခံရသည်။ သေခြင်းသည် ကိုယ်တော့်ကို မဖျက်ဆီးနိုင်သည့်အတွက်၊ မည်သည့်အပြစ်စီရင်ခြင်းမျှ ကျွန်ုပ်တို့ထံသို့ မရောက်လာနိုင်ခြင်းမှာ ခရစ်တော်၏ ရွေးနုတ်ခြင်းအကာအကွယ်အောက်တွင် ကျွန်ုပ်တို့ရှိနေသောကြောင့်ဖြစ်သည်။ ထင်းရှူးစေးသည် ဘုရားသခင်၏တည်ဆောက်ခြင်း အတွင်းနှင့်အပြင်ကို ကာကွယ်ပေးသည့် ခရစ်တော်၏ ရွေးနုတ်ခြင်းကို ပုံဆောင်သည်။ ရေလွှမ်းမိုးခြင်းသည် သင်္ဘောကို တိုက်ခိုက်နေသောအခါ၊ အတွင်းထဲရှိလူတို့သည် ကြောက်ရွံ့မည်ဖြစ်သည်။ သင်္ဘော၏ အတွင်းပိုင်း ထင်းရှူးစေးသည် သူတို့၏ငြိမ်သက်ခြင်းအတွက် ဖြစ်သည်။ သင်္ဘောအပြင်ဘက်ရှိ ထင်းရှူးစေးသည် ဘုရား၏ ကျေနပ်ခြင်းအတွက်ဖြစ်သည်။ အပြင်ပိုင်း ထင်းရှူးစေး၏ အကာအကွယ်သည် စာတန်နှင့် ကောင်းကင်တမန်များအတွက်လည်းဖြစ်သည်။ ဤအရာသည် ရေလွှမ်းမိုးခြင်း၏ ရုပ်ပုံကားချပ်ဖြစ်သည်။ ကျွန်ုပ်တို့သည် ရေလွှမ်းမိုးခြင်းကို ကြည့်သောအခါတိုင်း၊ ကျွန်ုပ်တို့၌ ငြိမ်သက်ခြင်းရှိသည်။ ဘုရားသခင်သည် ရေလွှမ်းမိုးခြင်းကို ကြည့်သောအခါတိုင်း၊ ကိုယ်တော့်ကို ကျေနပ်စေသည်။ စာတန်သည် ရေလွှမ်းမိုးခြင်းကို ကြည့်သောအခါတိုင်း၊ သူတိုက်ခိုက်ရန် မတတ်စွမ်းနိုင်ပါ။ ကောင်းကင်တမန်များသည် ရေလွှမ်းမိုးခြင်းကို ကြည့်သောအခါတိုင်း၊ သူတို့သည် ဝမ်းမြောက်ကြသည်။

ရေအားဖြင့် ကယ်တင်ခံရခြင်းသည် ဗတ္တိဇံ၏ အကြောင်းအရာဖြစ်သည်။ ၁ပေ၊ ၃း၂၀–၂၁၌ နောဖြေတ်ကျော်ခဲ့သောရေသည် ဗတ္တိဇံ၏ ပုံဆောင်ချက်ဖြစ်ကြောင်း ဖေါ်ပြထားသည်။ ၎င်းကို ကျမ်းစာ၌ ဗတ္တိဇံအကြောင်းကို ပထမဆုံးအဖြစ် စဉ်းစားနိုင်သည်။ ထို့ကြောင့် ၎င်းသည် ဗတ္တိဇံ၏ မျိုးစေ့ဖြစ်သည်။ ဤဗတ္တိဇံ၏ မျိုးစေ့သည် ပင်လယ်နီကို ဖြတ်ကျော်ခဲ့သော အစ္စရေးတို့၏ အကြောင်းအရာ၌ ပထမဆုံး တိုးတက်ပြောင်းလဲလာ

ခြင်းဖြစ်သည်။ ပင်လယ်နီ၏ ရေကို ဖြတ်ကျော်ခြင်းသည် ရေဖြင့်ဗတ္တိဇံခံခြင်း၏ ရှင်းလင်းသောပုံဆောင်ချက်ဖြစ်သည် (cf. ၁ကော၊၁၀း၁–၂)။ နောက်ပိုင်း ဓမ္မသစ်ခေတ်ရောက်လာသောအခါ၊ ဤခေတ်ကာလကို ဖွင့်ပြရန် ဖြစ်လာသည့် ပထမဆုံးအရာမှာ ရေဖြင့် ဗတ္တိဇံခံခြင်းဖြစ်သည်။ ဘုရားသခင်သည် ဤအရာကို လုပ်ဆောင်ရန် ဗတ္တိဇံယောဟန်ကို ပို့ဆောင်ခြင်းဖြစ်သည်။

နောသည် ဘုရားသခင်၏ စီရင်ခြင်းအောက်တွင် ရှိသည်မှာ သံသယဖြစ်စရာ မလိုပါ။ သူသည် သူအသက်ရှင်နေရသည့် ဆိုးညစ်သောတန်ခိုး၏ ခေတ်ကာလ၌လည်း ရှိနေရခြင်းဖြစ်သည်။ နောသည် အတွင်းနှင့်အပြင်ပါ ထင်းရူးစေးသုတ်လိမ်းထားသောသင်္ဘောကို တည်ဆောက်ခဲ့သည်။ ထင်းရူးစေးသည် ရွေးနုတ်သောအသွေးတော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ထိုကြောင့် နောသည် သင်္ဘောအပေါ် ထင်းရူးစေးသုတ်လိမ်းခြင်းဖြင့် ဘုရားသခင်၏ တရားစီရင်ခြင်းမှ ကယ်တင်ခြင်းခံရသည်။

ဘုရားသခင်ပို့ဆောင်သော ရေလွှမ်းမိုးခြင်းသည် ဆိုးညစ်သောလောကကို တရားစီရင်ခြင်းဖြစ်သည်။ စီရင်သောရေလွှမ်းမိုးခြင်းသည် နောကို ကယ်တင်၍၊ ထိုခေတ်ကာလမှ သီးခြားဖြစ်စေသည်။ လောကကို စီရင်သောရေသည် နောအား ဆိုးညစ်သောမျိုးဆက်မှ ကယ်တင်ပေးသည်။ ဘုရားသခင်၏ ပြည့်စုံသောကယ်တင်ခြင်း၏ သွင်ပြင်နှစ်မျိုးသည် နောအား ဘုရားသခင်၏ စီရင်ခြင်းမှလည်းကောင်း၊ ဆိုးညစ်သောမျိုးဆက်မှလည်းကောင်း၊ ကယ်တင်ခဲ့သည်။ (*Life-study of Genesis*, pp. 406-407, 412, 414-415)

*ပို၍ဖတ်ရန်-* *Life-study of Genesis*, msg. 31; *The Vision of the Age*, chs. 2-3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ———————————————

————————————————————

————————————————————

————————————————————

————————————————————

————————————————————

————————————————————

————————————————————

***Hymns*, # E- 1268**

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ–––––––––––

# အသင်းတော်အသက်တာ၏မျိုးစေ့နှင့် နိုင်ငံတော်၏ပုံရိပ်

ဖတ်ရန်ကျမ်း။ ။ က၊ ၈း၁–၉း၂၇။ ၁ပေ၊ ၃း၂၀–၂၁။ ရော၊ ၆း၃–၅။ ယော၊ ၃း၃၊ ၅။ မ၊ ၁၆း၁၈–၁၉။ ရော၊ ၁၄း၁၇။ ဗျာ၊ ၁၁း၁၅

*Day 1 & Day 2*

## I. နောနှင့် သူ၏မိသားစုနှင့်အတူ ကျွန်ုပ်တို့၌ အသင်းတော်အသက်တာ၏မျိုးစေ့ရှိသည် (က၊ ၈း၁–၉း၁၇)။

က။ နော၏ သင်္ဘောသည် သေခြင်း၏ရေကို ဖြတ်ကျော်၍၊ အာရရတ်တောင်များပေါ်တွင် တင်လေ၏။ ဤသည်မှာ ခရစ်တော်သည် သေခြင်းကို ဖြတ်ကျော်၍၊ သေခြင်းမှ ရှင်ပြန်ထမြောက်လာသည့် ရှင်ပြန်ထမြောက်တော်မူသော ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည် (၈း၄။ ၁ပေ၊ ၃း၂၀–၂၁)။

၁။ သင်္ဘောသည် ခရစ်တော်၏ပုံဆောင်ချက်ဖြစ်သောကြောင့်၊ ရေကိုဖြတ်ကျော်၍ ရေမှ ထွက်ပေါ်လာသည့် သင်္ဘောသည် ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်ကို ပုံဆောင်ခြင်းဖြစ်သည်။

၂။ ခရစ်တော်နှင့် ခရစ်တော်တစ်ပါးတည်းသာ သေခြင်းအထဲသို့ ဝင်ရောက်၍ ရှင်ပြန်ထမြောက်ခြင်း၌ သေခြင်းမှ ထွက်လာနိုင်သူဖြစ်သည်၊ အကြောင်းမှာ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်၊ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းနှင့်သက်ဆိုင်သည် (ယော၊ ၁၁း၂၅။ တ၊ ၂း၂၄။ ဗျာ၊ ၁း၁၈)။

၃။ ရေလွှမ်းမိုးခြင်းကို ဖြတ်ကျော်ချိန်နှင့် တောင်ပေါ်တွင် သင်္ဘောတင်သောအချိန်တွင်၊ သင်္ဘောထဲ၌ လူရှစ်ဦးပါရှိခဲ့သည်(က၊ ၇း၇)။

(က)သင်္ဘောတွေ့ကြုံရသော အရာတိုင်းကို သူတို့သည်လည်း သင်္ဘောထဲ၌ ရှိနေသောကြောင့် တွေ့ကြုံခံစားရသည်။

(ခ) ဤအရာက ခရစ်တော်၌ရှိခြင်းဖြင့် ယုံကြည်သူများသည် ခရစ်တော်နှင့်အတူသေခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းခံကြရမည်ဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်သည်(၁ကော၊ ၁း၃၀။ ဧ၊ ၁း၄။ ရော၊ ၆း၆။ ၂ကော၊ ၅း၁၄။ ဂလ၊ ၂း၂၀က။ ဧ၊ ၂း၆။ ကော၊ ၂း၁၂။ ၃း၁)။

(ဂ) ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသောကြောင့်၊ ကိုယ်တော်၏ တွေ့ကြုံခံစားရခြင်းသည် ကျွန်ုပ်တို့ဖြစ်လာသည် (၁ကော၊ ၁း၃၀)။

ခ။ ရေလွှမ်းမိုးပြီးနောက် နောနှင့် သူ၏မိသားစု၏ အသက်ရှင်ခြင်းသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ အသင်းတော်၏ အသက်ရှင်ခြင်းကို ပုံဆောင်သည်။ ဤအရာသည် အသင်းတော်အသက်တာ၏ မျိုးစေ့ဖြစ်သည် (က၊ဂး၄ – ၉း၁၇)။

**Day 3**

၁။ လူရှစ်ဦးသည် သင်္ဘောမှ ထွက်ပေါ်လာသည် (ဂး၁၈)။

(က)ခရစ်တော်သည် ရက်သတ္တပတ်၏ ပထမနေ့ရက် သို့မဟုတ် ဥပုသ်နေ့ပြီးနောက်– ရက်သတ္တပတ်အဟောင်း၏ ရှစ်ရက်မြောက်နေ့တွင် ရှင်ပြန်ထမြောက်ခြင်းခံရသည်။ ထို့ကြောင့် ရှစ်ဂဏန်းနံပါတ်သည် ရှင်ပြန်ထမြောက်ခြင်းကို ပုံဆောင်သည် (ယော၊ ၂၀း၁။ cf. က၊၁၇း၁၂)။

(ခ) အသင်းတော်၏ အစိတ်အပိုင်းဖြစ်သည့် ခရစ်တော်၌ယုံကြည်သူများအားလုံးသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ပါဝင်သူများဖြစ်သောကြောင့်၊ သူတို့သည် ရှင်ပြန်ထမြောက်သောသူများ ဖြစ်ကြသည် (ဧ၊ ၂း၆။ ၁ပေ၊၁း၃)။

၂။ ယဇ်ပလ္လင်သည် ခရစ်တော်၏ ကားတိုင်ကို ပုံဆောင်ခြင်းဖြစ်ပြီး၊ ပူဇော်သက္ကာများသည် ခရစ်တော်၏ အသွင်သဏ္ဍာန်အမျိုးမျိုးကို ပုံဆောင်ချက်များဖြစ်သည် (က၊ဂး ၂၀– ၂၁)။

(က)ယဇ်ပလ္လင်နှင့် ၎င်းပေါ်ရှိပူဇော်သက္ကာများသည် ကားတိုင်အားဖြင့် ဘုရားသခင်အဖို့ ခရစ်တော်၏ ဆက်ကပ်ခြင်းကို ပုံဆောင်ခြင်းဖြစ်သည်။

(ခ) အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့လုပ်ဆောင်ရန် လိုအပ်သည့် ပထမဆုံးအရာမှာ ကားတိုင်ပေါ်တွင် အဆုံးသတ်ခြင်းကိုခံကာ၊ ပြီးနောက် ခရစ်တော်ကို တွေ့ကြုံခံစား၍ ဘုရားသခင်ကျေနပ်နှစ်သိမ့်မှုအတွက် ပုံပန်းသဏ္ဍာန်အမျိုးမျိုး၌ ကျွန်ုပ်တို့ တွေ့ကြုံခံစားရသော ခရစ်တော်ကို ဘုရားထံသို့ ဆက်ကပ်ရန်ဖြစ်သည် (ဧ၊၅း ၂။ ဟေဗြဲ၊၁၃း၁၅။

၁ပေ၊ ၂း၅)။

၃။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ဘုရားကို ထင်ရှားခြင်းနှင့် ဘုရားကို ကိုယ်စားပြုခြင်းအတွက် ဘုရားသခင်၏ မူလရည်ရွယ်ချက်သို့ ပြန်သွားကြရမည်ဖြစ်သည် (က၊၉း၁–၇။ ၁း၂၆)။

ဂ။ ခရစ်တော်အထဲသို့ ဗတ္တိဇံခံကြသူများဖြစ်သော ယုံကြည်သူများသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအသက်၌ အသင်းတော်အသက်တာကို အသက်ရှင်ရန်အလို့ငှါ အသက်၏ အသစ်ဖြစ်ခြင်း၌ လျှောက်လှမ်းကြရမည်ဖြစ်သည် (ရော၊၆း၃–၅။ ၁၂း၄–၅)။

**Day 4**

ဃ။ ယောဟန်၏ ခရစ်ဝင်ကျမ်း၌ ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ အသင်းတော်အသက်တာ၏ ရုပ်ပုံကို မြင်ရသည် (၂း၁–၂၂။ ၁၂း၁–၁၁)။

၁။ ရှင်ပြန်ထမြောက်ခြင်းနှင့် အသက်ဖြစ်တော်မူသော ခရစ်တော်သည် ဘုရားသခင်အိမ်တော်တည်ဆောက်ခြင်းအတွက် သေခြင်းကို အသက်အထဲသို့ ပြောင်းလဲစေသည် (၂း၁–၂၂)။

၂။ ယော၊၁၂း၁–၁၁သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ အသင်းတော်အသက်တာ၏ အသေးစားပုံစံဖြစ်သည်၊– ရှင်ပြန်ထမြောက်ခြင်းအသက်၊ သခင်ဘုရားမျက်မှောက်တော်၌ စားသောက်ခြင်းအသက်နှင့် အစေခံခြင်း၊ သက်သေခံခြင်းနှင့် ချစ်ခြင်း၏ လုပ်ဆောင်ချက်များနှင့်အတူရှိသည့် အသက်အားဖြင့် ထုတ်လုပ်သော စုပေါင်းထားသောအသက်။

င။ နောနှင့် ဘုရားသခင်၏ ပဋိညာဉ်ဖွဲ့ခြင်းနှင့် ကိုယ်တော်၏ ပဋိညာဉ်ပြုခြင်းလက်ဆောင်ဖြစ်သော သက်တံမှာ ကျွန်ုပ်တို့သည် ပဋိညာဉ်တရား၏ အသင်းတော်၊ ကျေးဇူးတော်ပဋိညာဉ်သစ်၏ စစ်မှန်ခြင်း၌ အသက်ရှင်သူများဖြစ်ကြောင်း ပုံဆောင်ခြင်းဖြစ်သည် (က၊ ၉း၈–၁၇)။

၁။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာသည် ပဋိညာဉ်ပြုခြင်း(ကတိကဝတ်ပြုခြင်း)အသက်တာဖြစ်သည်။ အသင်းတော်အသက်တာသည် ဘုရားသခင်၏

ပဋိညာဉ်တရားအောက်တွင်ရှိသော အသက်တာဖြစ်သော ကြောင့် ကျွန်ုပ်တို့ကို ပဋိညာဉ်တရား၏ အသင်းတော်ဟု အမှန်တကယ်ခေါ် ဆိုနိုင်သည် (ဟေဗြဲ၁၃း၂၀–၂၁)။

၂။ ကျွန်ုပ်တို့သည် ပဋိညာဉ်တရားသစ်၏ အောက်တွင် အသက်ရှင်ပြီး၊ မည်သည့်ကျဆင်းခြင်း၊ အားနည်းခြင်း သို့မဟုတ် အနှုတ်လက္ခဏာအရာကိုမျှ မယုံကြည်သင့်ပါ။ ကျွန်ုပ်တို့သည် ပဋိညာဉ်ပြုခြင်းခံရသူများဖြစ်ကြပြီး၊ မည်သည့်အနေအထားၐ္ဍမဆို မျှော်လင့်ရန် ကျွန်ုပ်တို့၌ ကတိတော်ကျမ်းပိုဒ်ရှိသည် (မြည်၊ ၃း၂၂–၂၃။ ရော၊၈း၁။ ၂ကော၊၁၂း၉။ ၂တိ၊၁း၁၀။ ၂း၁။ ၁ယော၊၁း၉။ ၁ကော၊၁း၉)။

Day 5

## I. နောနှင့် သူ၏မိသားစုနှင့်အတူ ကျွန်ုပ်တို့၌ နိုင်ငံတော်၏ပုံရိပ်ရှိသည် (က၊၉း၁–၇၊ ၁၈–၂၇)။

က။ နောနှင့် သူ၏မိသားစုသည် ရှင်ပြန်ထမြောက်ခြင်းအသက်တာကို အသက်ရှင်နေထိုင်သူများဖြစ်ကြသည်၊ ဤရှင်ပြန်ထမြောက်ခြင်းအသက်တာသည် နိုင်ငံတော်၏ ပုံရိပ်ဖြစ်သည် (၈း၄၊ ၁၈။ ၉း၁–၇)။

၁။ ရေလွှမ်းမိုးပြီးနောက် အသစ်သောမျိုးဆက်၏ ခေါင်းဆောင်ဖြစ်သော နောသည် ဘုရားသခင်၏ အောက်တွင် ကိုယ်စားပြုအခွင့်အာဏာရှိသူဖြစ်သည်။ ဤအရာသည် ဘုရားသခင်နိုင်ငံတော်၏ ပုံရိပ်၊ အသင်းတော်အသက်တာ၌ရှိသော စစ်မှန်ခြင်းနှင့် မိလေနီကာလ၌ နိုင်ငံတော်ဖြစ်လာမည့် ကြီးမားထင်ရှားခြင်း ဖြစ်သည် (အငယ်၊၆။ မ၊၁၆း၁၈–၁၉။ ရော၊၁၄း၁၇)။

၂။ မြေကြီးသစ်ပေါ်ရှိ လူများအလယ်တွင် ဘုရားသခင်ပေးအပ်သောအခွင့်အာဏာဖြင့် အုပ်စိုးခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအသက်၌ ဘုရားသခင်၏ နိုင်ငံတော်အား အုပ်စိုးခြင်းကို ပုံဆောင်သည် (က၊၉း၆။ ဟေဗြဲ၁၂း၂၈)။

၃။ ဘုရားသခင်၏ အုပ်ချုပ်ခြင်း၌ နောသည် ကောင်းသောပုံသက်သေဖြစ်သည်။ သူသည် အမှားပြုခြင်းနှင့် ကျဆင်းခြင်းရှိသော်ငြားလည်း၊ အုပ်ချုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြောဆိုရာ၌ ဘုရားကို အခိုင်အမာကိုယ်စားပြုသူဖြစ်သည် (က၊၉း၁၈–၂၇)။

***Day 6***

ခ။ ဓမ္မသစ်ကျမ်းသည် ဘုရားသခင်၏ နိုင်ငံတော်ကျမ်းစာစောင်ဖြစ်သည်။ ဓမ္မသစ်ကျမ်းစာတစ်အုပ်လုံးသည် နိုင်ငံတော်အကြောင်းဖြစ်သည် (မ၊၃း၂။ ၄း၁၇။ ဗျာ၊၁၁း၁၅။ ၁၂း၁၀)။

၁။ ဘုရားသခင်၏ နိုင်ငံတော်သည် ကိုယ်တော်၏ အစီအစဉ်ကို လုပ်ဆောင်ရန် ဘုရားသခင်အတွက် ဘုရားဆိုင်ရာနယ်ပယ်ဖြစ်သည်။ ၎င်းသည် ကိုယ်တော်ရည်ရွယ်ထားသည့်အရာကို ပြီးမြောက်အောင်လုပ်ဆောင်ရန် အခွင့်အာဏာကို လေ့ကျင့်လုပ်ဆောင်နိုင်သောနေရာဖြစ်သည် (မ၊၆း၁၀)။

၂။ ဘုရားသခင်၏ နိုင်ငံတော်သည် ၎င်း၏ ကောင်းကြီးမင်္ဂလာနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းအားလုံးနှင့်အတူ ဘုရားသခင်၏ အုပ်ချုပ်ခြင်း၊ အုပ်စိုးခြင်းဖြစ်သည် (အငယ်၊၃၃။ လု၊၁၃း၃၂။ ကော၊၁း၁၃)။

၃။ လူ့ဇာတိယူသော ဘုရားအဖြစ်၊ သခင်ယေရှုသည် ဘုရားသခင်၏ နိုင်ငံတော်ကို ထူထောင်ရန်၊ ကိုယ်တော်၏ အခွင့်အာဏာတော်ကို လေ့ကျင့်လုပ်ဆောင်ခြင်းဖြင့် ကိုယ်တော်၏ အကြံအစည်ကို လုပ်ဆောင်နိုင်သော နယ်ပယ်ကို ထူထောင်ရန် ကြွလာခဲ့သည် (ယော၊၁း၁၊ ၁၄။ ၃း၃၊ ၅။ ၁၈း၃၆)။

၄။ ဓမ္မသစ်ကျမ်းသည် နိုင်ငံတော်၏ နည်းလမ်း၌ ဧဝံဂေလိတရားကို ဟောပြောထားခြင်းဖြစ်သည်။ ဧဝံဂေလိတရားသည် နိုင်ငံတော်အတွက်ဖြစ်ပြီး၊ ဧဝံဂေလိတရားကို ပြောခြင်းကြောင့် ပုန်ကန်သောအပြစ်သားများသည် ကယ်တင်ခြင်းခံရ၍ နိုင်ငံတော်ကို ဝင်ရောက်ရန် အရည်အချင်းပြည့်စုံလာနိုင်မည်ဖြစ်သည် (မာ၊၁း၁၄–၁၅။ မ၊၄း၁၇။ တ၊၈း၁၂)။

၅။ ဘုရားသခင်၏ နိုင်ငံတော်သည် အသက်၏ မျိုးစေ့ဖြစ်သော သခင်ယေရှုကို ကိုယ်တော်၏ ယုံကြည်သူများအထဲသို့ မျိုးကြဲခြင်းဖြင့်၊ ဘုရားအသက်၌ ကိုယ်တော်၏ နိုင်ငံတော်အဖြစ် ဘုရားအုပ်စိုးနိုင်မည့် နယ်ပယ်အထဲသို့ ကြီးထွားလာခြင်း ဖြစ်သည် (လု၊၁၇း၂၀–၂၁။ မာ၊၄း၃၊ ၂၆)။

၆။ ဘုရားသခင်၏ နိုင်ငံတော်သည် သခင်ယေရှု၏ စစ်မှန်ခြင်း

ထွန်းလင်းရာနေရာဖြစ်သည်။ ကိုယ်တော်၏ထွန်းလင်းခြင်း အောက်တွင် ရှိရန်မှာ နိုင်ငံတော်၌ ရှိရမည်ဖြစ်သည် (၉း၁–၂)။

၇။ ဘုရားသခင်၏ နိုင်ငံတော်သည် ဘုရားအုပ်စိုးခြင်း၏ နယ်ပယ်မျှသာမဟုတ်ဘဲ၊ ဘုရားအရာများအားလုံးရှိသော ဘုရားမျိုးနွယ်များ၏ နယ်ပယ်လည်းဖြစ်သည် (ယော၊၃း၃၊ ၅)။

၈။ နိုင်ငံတော်သည် ယနေ့ အသင်းတော်အသက်တာ ဖြစ်သည်။ ထို့ကြောင့် အသင်းတော်အသက်တာကို လေ့ကျင့်လုပ်ဆောင်ခြင်းသည် နိုင်ငံတော်ကို လေ့ကျင့်ခြင်းဖြစ်သည် (ရော၊၁၄း၁၇။ ဗျာ၊၁း၅–၆၊ ၉)။

၉။ သူတို့၏ မျက်မှောက်တွင် ဘုရားသခင်၏ နိုင်ငံတော်ကို အမြဲထားရှိသောသူများ– ဘုရား၏ အလိုတော်ကို ထိတွေ့၍ ကိုယ်တော်၏ ရန်သူကို ချေမှုန်းသူများ– သည် ဘုရား၏ လက်တော်၌ အသုံးအဝင်ဆုံးသော လုပ်ဆောင်သူများဖြစ်ကြသည် (မ၊၆း၃၃။ ၇း၂၁။ ၂၅း၂၁၊ ၂၃။ ကော၊၄း၁၁)။

၁၀။ အသင်းတော်၏ အလုပ်သည် ဘုရားသခင်၏ နိုင်ငံတော်ကို အစပြုခြင်းဖြစ်သည်။ နိုင်ငံတော်သည် အသင်းတော်ကို ထုတ်လုပ်၍၊ အသင်းတော်သည် နိုင်ငံတော်ကို အစပြုကာ၊ အဆုံးစွန်သောရလဒ်မှာ ယေရုရှလင်မြို့သစ်ဖြစ်သည်၊– ကောင်းကင်သစ်နှင့် မြေကြီးသစ်၌ ထာဝရကာလ၌ ဘုရားသခင်၏ နိုင်ငံတော်။

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကရ၊ သတ္တမလ၊ ဆယ်ခုနှစ်ရက်နေ့တွင် သင်္ဘောသည် အာရရတ်အမည်ရှိ**
**၈း၄ သော တောင်ပေါ်မှာ တင်လေ၏။**

**၁ပေ၊ ထိုဝိညာဉ်တို့မူကား ရှေးကာလ၊ နောလေက်ထက်၌ နည်းသောသူ**
**၃း၂၀–၂၁ တည်းဟူသော လူရှစ်ယောက်တို့ကို ရေအားဖြင့်ကယ်ဆယ်သော သင်္ဘောကို တည်လုပ်စဉ်တွင် ဘုရားသခင်၏သည်းခံတော်မူခြင်း သည် ဆိုင်းလင့်တော်မူသော်လည်း၊ နာခံမှုမရှိသောဝိညာဉ်များ ဖြစ်သတည်း။ ထိုရေမှာ ယခုတွင်. . . သင်တို့ကို ကယ်တင်သော ဗတ္တိဇံကို ပုံဆောင်သတည်း။**

ရေလွှမ်းမိုးခြင်းပြီးနောက် သင်္ဘောသည် အာရရတ်တောင်ပေါ်မှာ တင်လေသည် (ကရ၊၈း၄)။ ၎င်းမှာ ခရစ်တော်ရှင်ပြန်ထမြောက်ခြင်း၏ ပုံဆောင်ချက်၊ ပုံရိပ်၊ လက္ခဏာ လည်းဖြစ်သည်။ သမ္မာကျမ်းစာအရ၊ သင်္ဘောသည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်၍၊ သင်္ဘောသည် ရေကိုဖြတ်ကျော်သွားခြင်းမှာ ခရစ်တော်သည် ဘုရား၏ စီရင်ခြင်းအောက် ရှိ သေခြင်းရေကို ဖြတ်ကျော်သွားခြင်းအား ပုံဆောင်ခြင်းဖြစ်သည်။ သင်္ဘောသည် တောင်ပေါ်တွင် တင်နေခြင်းမှာ ခရစ်တော်သည် သေခြင်းရေမှ ရှင်ပြန်ထမြောက် ကြောင်းကို ပုံဆောင်ခြင်းဖြစ်သည်။ (*Life-study of Genesis,* p. 423)

## *ယနေ့ဖတ်စရာ*

သင်္ဘောသည် ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သောကြောင့်၊ ရေကိုဖြတ်ကျော်၍ ရေမှထွက်ပေါ်လာသော သင်္ဘောသည် ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်ကို ပုံဆောင် ခြင်းဖြစ်သည်။ ကိုယ်တော်သည် ရှင်ပြန်ထမြောက်ခြင်းနှင့် ရှင်ပြန်ထမြောက်ခြင်းနှင့် သက်ဆိုင်သောကြောင့်၊ ခရစ်တော်သည် ရှင်ပြန်ထမြောက်ခြင်း၌ သေခြင်းမှ ထမြောက် လာနိုင်ခြင်းဖြစ်သည်။ ခရစ်တော်သည် အတုမရှိသော ရှင်ပြန်ထမြောက်ခြင်း၏ အရှင် ဖြစ်သောကြောင့် ကိုယ်တော်သည် သေခြင်းကိုဖြတ်ကျော်နိုင်သော ခွန်အားရှိသည်။ တ၊၂း၂၄အရ၊ သေခြင်းသည် ကိုယ်တော့်ကို မနိုင်ပါ။ သို့သော် မည်သူမဆို သေခြင်းနယ် ပယ်အထဲသို့ ဝင်ရောက်သွားသောအခါ၊ ထိုနေရာ၌ သူသည် ထိန်းချုပ်ခြင်းခံရသည်။ ခရစ်တော်သည် သေခြင်းအထဲသို့ဝင်ရောက်ပြီး၊ ဖြတ်ကျော်ခဲ့ရုံမက၊ ကိုယ်တော်သည် သေခြင်းနယ်ပယ်တွင် ရည်ရွယ်ချက်ဖြင့်သုံးရက် နေခဲ့သည်။ ဤသုံးရက်ကျော်သော အခါ ကိုယ်တော်သည် သေခြင်းမှထွက်လာခဲ့သည်။ ခရစ်တော်သည် ရှင်ပြန်ထမြောက်

ခြင်းဖြစ်သောကြောင့် ကိုယ်တော်သည် သေခြင်းမှ ထွက်လာနိုင်ခြင်းဖြစ်သည်။ ဤအရာကို သေခြင်းရေသို့ဝင်ရောက်၍၊ သေခြင်းရေ၌ရှိခဲ့ပြီး၊ သေခြင်းရေကို ဖြတ်ကျော်၍၊ သေခြင်းရေမှ ထွက်လာသော နောသင်္ဘောဖြင့် ပုံဆောင်ခြင်းဖြစ်သည်။ ယင်းသည် ရှင်ပြန်ထမြောက်ခြင်းရှိ၌ရှိသော ခရစ်တော်၏ ပုံဆောင်ချက် ဖြစ်သည်။

ရှင်ပြန်ထမြောက်ခြင်း၌ ခရစ်တော်သည် ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာပြီး၊ (ယော၊ ၂၀း ၂၂)၊ ကိုယ်တော်၏ ရှင်ပြန်ထမြောက်သောအသက်ကို ကျွန်ုပ်တို့အထဲသို့ ထည့်သွင်းပေးရန်၊ အသက်ပေးသောဝိညာဉ်တော် ဖြစ်လာခဲ့သည်(၁ကော၊ ၁၅း၄၅ခ)။ ယခု ဤအသက်ပေးသောဝိညာဉ်တော်နှင့်အတူ ရှင်ပြန်ထမြောက်ခြင်းအသက်သည် ခရစ်တော်၏ အသေခံခြင်း၏ ပုံပန်းသဏ္ဌာန်အားလုံးကို ကျွန်ုပ်တို့ တွေ့ကြုံခံစားခြင်း၌ ကျွန်ုပ်တို့အဖို့ စစ်မှန်၍၊ အကျိုးသက်ရောက်ခြင်းကို ဖြစ်စေသည်။(*Life-study of 1 Peter,* p. 227)

၁ပေ၊၁း၃၌ ကျွန်ုပ်တို့သည် ခရစ်တော်ယေရှု၏ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် အသစ်တစ်ဖန်မွေးဖွားခြင်းခံရကြောင်း ပြောဆိုထားသည်။ ဤသည်မှာ နောဧ၏ မိသားစုရှစ်ယောက်တို့သည် သင်္ဘောနှင့်အတူ သက်သေထူသကဲ့သို့ ကျွန်ုပ်တို့သည် လည်း ခရစ်တော်နှင့်အတူ သက်သေထူကြောင်း ဖော်ပြခြင်းဖြစ်သည်။ သူတို့သည် သင်္ဘော၌ရှိသောကြောင့် သင်္ဘောနှင့်တစ်လုံးတစ်ဝတည်း ဖြစ်သည်။ သင်္ဘောရှိသောနေရာတွင် သူတို့ရှိနေပြီး၊ သင်္ဘောကြုံတွေ့ရသောအရာကို၊ သူတို့တွေ့ကြုံခဲ့ရသည်။ သင်္ဘော၏ သမိုင်းသည် သူတို့၏ အတ္ထုပတ္တိဖြစ်၍၊ သင်္ဘော၏ အသက်တာသည် သူတို့၏ အသက်တာ ဖြစ်သည်။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအားဖြင့် ကျွန်ုပ်တို့ကို အသစ်တစ်ဖန်မွေးဖွားခြင်းမှာ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူသက်သေထူကြောင်းကို ဆိုလိုခြင်းဖြစ်သည်၊– ကျွန်ုပ်တို့အား ခရစ်တော်အထဲသို့ ပို့ဆောင်၍၊ ခရစ်တော်နှင့် တစ်လုံးတစ်ဝဖြစ်စေသည်။(*The Building of the Church*, p. 41)

ရှင်ပြန်ထမြောက်ပြီးနောက် မည်သည့်အရာကို ကျွန်ုပ်တို့မြင်တွေ့ရသနည်း။ အသစ်သောအသက်ရှင်ခြင်းကို ကျွန်ုပ်တို့တွေ့ရသည်။ နောနှင့် အခြားသောလူခုနစ်ယောက်တို့သည် အသစ်သောအသက်တာ၌ အသက်ရှင်ခဲ့သည်။ သင်္ဘောထဲ၌ လူအရေအတွက် ရှစ်ယောက်ဖြစ်ရှိခြင်းကို ကျွန်ုပ်သည် သင်တို့အား အာရုံပြုစေလိုပါသည်။ ဂဏန်းနံပါတ်ရှစ်သည် ရှင်ပြန်ထမြောက်ခြင်းကို ဆိုလိုသည်။ ရက်သတ္တတစ်ပတ်သည် ခုနစ်ရက်ရှိပြီး၊ ရက်သတ္တတစ်ပတ်၏ ပထမဆုံးရက်သည် ရှစ်ရက်နေ့ဖြစ်သည်။ ခရစ်တော်သည် ရက်သတ္တတစ်ပတ်၏ ပထမဆုံးရက်တွင် ရှင်ပြန်ထမြောက်ခဲ့သည်။ ယင်းမှာ ရှစ်ရက်မြောက်နေ့ဖြစ်သည်(ယော၊ ၂၀း၁)။ ဤအသစ်သောအသက်ရှင်ခြင်း၌ ရှိသော

လူတို့သည် ရှင်ပြန်ထမြောက်ခြင်း၌ ရှိကြသည်။ သူတို့လုပ်ဆောင်သောအရာတိုင်းသည် ရှင်ပြန်ထမြောက်ခြင်း၌ ဖြစ်သည်။

ဤအပိုင်း၌ရှိသော နှုတ်ကပတ်တော်၏ စစ်မှန်သောအဓိပ္ပါယ်ကို ခရစ်ယာန်အနည်းသာ သိနားလည်ကြသည်။ သင်္ဘောသည် ခရစ်တော်၏ပုံဆောင်ချက်ဖြစ်သည်ကို ခရစ်ယာန်အားလုံး လက်ခံကြသည်။ ၁ပေ၊၃း ၂၀–၂၁၌ ရေလွှမ်းမိုးခြင်းကို ဖြတ်ကျော်ခြင်းသည် ဗတ္တိဇံ၏ကြိုတင်ပုံဆောင်ချက်ဖြစ်ကြောင်း ကျွန်ုပ်တို့အား ရှင်လင်းစွာဖော်ပြထားသည်။ ဤအကြောင်းရင်းနှစ်ခုကို အခြေခံ၍၊ ရေလွှမ်းမိုးပြီးနောက်၊ နောနှင့်အတူ လူခုနစ်ယောက်တို့နှင့်စပ်လျဉ်းသော အရာတိုင်းသည် ပြည့်စုံသောပုံဆောင်ချက်နှင့် ပုံဆောင်ချက်၏ပြည့်စုံသောရုပ်ပုံဖြစ်ကြောင်း ကျွန်ုပ်တို့သိရှိနားလည်ရမည်။ ရေလွှမ်းမိုးပြီးနောက် ဤလူရှစ်ယောက်၏ အသက်ရှင်ခြင်းမှာ မည်သည့်အရာကို ပုံဆောင်သနည်း။ ၎င်းသည် အသင်းတော်အသက်တာကို ပုံဆောင်ခြင်းဖြစ်သည်။ ရှင်ပြန်ထမြောက်ပြီးနောက် ရှင်ပြန်ထမြောက်သောသူတို့၏ အသက်ရှင်ခြင်းသည် အသင်းတော်အသက်တာ ဖြစ်သည်။ (*Life-study of Genesis*, pp. 424-425)

*ပို၍ဖတ်ရန်-* *Life-study of Genesis*,msg. 31;*Life-study of 1Peter,* msg. 25

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**၁ကော၊ ထိုဘုရားသခင်အားဖြင့် သင်တို့သည် ယေရှုခရစ်၌တည်နေကြ၏။**
**၁း၃၀ ထိုသခင်မူကား၊ ဘုရားသခင်စီရင်တော်မူသည့်အတိုင်း၊ ငါတို့၌ ပညာမှစ၍ ဖြောင့်မတ်ခြင်း၊ သန့်ရှင်းစင်ကြယ်ခြင်း၊ ရွေးနုတ်ခြင်း ဖြစ်တော်မူ၏။**
**ထ၊ ဘုရားသခင်ကလည်း နောဧအား သားမယားနှင့် ချွေးမတို့နှင့်**
**၈း၁၅–၁၆ တကွ၊ သင်္ဘောထဲက ထွက်ဆင်းလော့ဟု မိန့်တော်မူ၏။**
**၁၈ ထိုအခါ နောဧမှစ၍၊ သား၊ မယား၊ ချွေးမတို့သည် ထွက်ဆင်းကြ၏။**

ယုံကြည်ခြင်းနှင့် ဗတ္တိဇံခံခြင်းအားဖြင့် ကျွန်ုပ်တို့အားလုံးသည် သုံးပါးတစ်ပါးဘုရားနှင့် ရှင်သန်သောပေါင်းစည်းခြင်းအထဲသို့ ဝင်ရောက်ရသည်။ ယင်းမှာ ရှင်ပြန်ထမြောက်သော ခရစ်တော်အားဖြင့် ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားအထဲသို့ ခေါ်ဆောင်ခံရခြင်း ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားနှင့် ရှင်သန်သောပေါင်းစည်းခြင်း ရှိနိုင်မည်ဖြစ်သည်။ ယခု သုံးပါးတစ်ပါးဘုရား၌ သုံးပါးတစ်ပါးဘုရားနှင့်အတူ ကျွန်ုပ်တို့သည် ဘုရားအသက်နှင့် အသက်ပေးသောဝိညာဉ်တော်ကို မွေ့လျော်ဝမ်းမြောက်ကြရသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဗတ္တိဇံခံပြီးနောက်၊ ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌ ကျွန်ုပ်တို့အား စစ်မှန်စွာ အသက်ရှင်ခြင်းအတွက် ဗတ္တိဇံ၏ ပုံသဏ္ဌာန် ဖြစ်လာစေရန် ကျွန်ုပ်တို့၌ ဘုရားအသက်နှင့် အသက်ပေးသောဝိညာဉ်တော် ရှိရမည်ဖြစ်သည်။ (*Life-study of 1 Peter,* p. 225)

## ယနေ့ဖတ်စရာ

ခရစ်တော်၏ အသေခံခြင်း၏ အကျိုးသက်ရောက်မှုသည် ရှင်ပြန်ထမြောက်သောဝိညာဉ်တော်၌ ဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့၏ အပြစ်များကို ဆောင်ယူသွားရန် အသေခံပြီး(ယော၊၁း ၂၉)၊ ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်အတွက် အသေခံကာ၊ ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်များကို ဆောင်ယူပေးခဲ့သည်(၁ကော၊၁၅း၃။ ၁ပေ၊ ၂း ၂၄)။ ယခု ခရစ်တော်၏ သေခြင်းသည် ကျွန်ုပ်တို့အား အပြစ်မှလွတ်မြောက်စေသည်(ရော၊၆း၇)။ သို့သော်ဤအသေခံခြင်း၏ အကျိုးသက်ရောက်မှုသည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ဖြစ်သည်။ ခရစ်တော်၏ အသေခံခြင်း၏ စစ်မှန်ခြင်းနှင့် အကျိုးသက်ရောက်မှုသည် ရှင်ပြန်

ထမြောက်ခြင်း၌ရှိသော အသက်ပေးသောဝိညာဉ်တော်၌ ဖြစ်သည်။ အသက်ပေးသော ဝိညာဉ်တော်သည် ရှင်ပြန်ထမြောက်ခြင်းအသက်နှင့်အတူ ကျွန်ုပ်တို့အထဲသို့ ဝင်ရောက်လာသောအခါ၊ ဤဝိညာဉ်တော်သည် ခရစ်တော်၏ အသေခံခြင်းကို ကျွန်ုပ်တို့၏ တွေ့ကြုံခံစားခြင်း၌ အကျိုးသက်ရောက်စေသည်။ ကျွန်ုပ်တို့သည် ချက်ချင်းနှင့် အလိုအလျောက်ပင် အပြစ်မှလွတ်ခြင်းခံရပြီး၊ ကားတိုင်းပေါ်တွင် ခရစ်တော်ပြီးမြောက်ပြည့်စုံခဲ့သောရွေးနုတ်ခြင်းကို ဝမ်းမြောက်ကြရသည်။(*Life-study of 1 Peter,* p. 226)

သင်္ဘောထဲရှိလူရှစ်ယောက်တို့သည် ကျွန်ုပ်တို့ ဓမ္မသစ်ယုံကြည်သူများကို ပုံဆောင်သည်။ လူငယ်တို့ကို ကျွန်ုပ်စကားတစ်ခွန်းပြောလိုပါသည်။ ကျွန်ုပ်လူငယ်ခရစ်ယာန်အချိန်ကာလတွင် ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိကြ၏ဟု ပြောဆိုသော သမ္မာကျမ်းစာရှိ နှုတ်ကပတ်တော်နှင့်စပ်လျဉ်း၍ ကျွန်ုပ်၏ စိတ်ကို များစွာလေ့ကျင့်ခဲ့သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ မည်သို့ရှိနိုင်မည်ကို နားလည်ရန် ကျွန်ုပ်ကြိုးစားခဲ့သည်။ ဤအရာ၏ စစ်မှန်ခြင်းကို မမြင်သကဲ့သို့ ယင်း၏ အဓိပ္ပါယ်ကိုလည်း နားမလည်နိုင်ခဲ့ပါ။ တစ်နေ့တွင် နောဧ၏ သင်္ဘော ဖြတ်သန်းခဲ့သောအရာကို ကျွန်ုပ်စဉ်းစားနေစဉ်တွင်၊ သခင်ဘုရားသည် ကျွန်ုပ်တို့အား သင်္ဘောထဲရှိလူရှစ်ယောက်အားဖြင့် ခရစ်တော်၌ ကျွန်ုပ်တို့ မည်ကဲ့သို့ ရှိနိုင်ကြောင်း ရုပ်ပုံကားချပ်ကို ဖေါ်ပြခဲ့သည်။ သင်္ဘောသည် ရေကိုဖြတ်ကျော်စဉ်တွင် ဤလူရှစ်ယောက်မှာ သင်္ဘောထဲ၌ရှိသည်။ ထို့ကြောင့် သူတို့သည် သင်္ဘောဖြင့်ရေကို ဖြတ်ကျော်ခဲ့သည်။ သို့သော် သူတို့ကိုယ်တိုင်သည် ရေကိုမထိတွေ့ရဘဲ၊ ရေကိုတောင့်ခံနိုင်ခဲ့သောအရာမှာ သင်္ဘောဖြစ်သည်။ ဤသည်မှာ ခရစ်တော်၏ အသေခံခြင်းသည် ကျွန်ုပ်တို့အား မည်သို့ ဖြစ်လာစေနိုင်သည်၊ ကျွန်ုပ်တို့သည် ခရစ်တော်၌ မည်သို့အသေခံရမည်ဆိုသည့် မေးခွန်း၏ အဖြေ ဖြစ်သည်။ သင်္ဘောသည် ရေထဲမှထွက်လာသောအခါ၊ ထိုလူရှစ်ယောက်သည်လည်း ထွက်လာခဲ့သည်။ သင်္ဘောသည် တောင်ပေါ်၌တင်စဉ်တွင် ထိုလူရှစ်ယောက်သည်လည်း ရှင်ပြန်ထမြောက်ကာ တောင်ထိပ်ပေါ်တွင် သင်္ဘောထဲ၌နားနေသည်။ ဧ၊ ၂း၆ ၌ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ထမြောက်ကြောင်းကို ပြောဆိုထားသည်။ ကျွန်ုပ်တို့ မမွေးဖွားမီကပင် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ပြီးဖြစ်သည်။ ခရစ်တော်သည် သေခြင်းရေမှ ထမြောက်ချိန်တွင် ကျွန်ုပ်တို့သည် ကိုယ်တော်၌ရှိပြီးဖြစ်သည်။ ထို့ကြောင့် အသင်းတော်၌ရှိသော ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်သောသူများ ဖြစ်ကြသည်။

ပုံဆောင်ချက်၏ ရုပ်ပုံကားချပ်ကို ကျွန်ုပ်တို့ကြည့်သောအခါ၊ အသင်းတော်သည် ဟောင်းသောလူ့အဖွဲ့အစည်းမဟုတ်ဘဲ၊ အခြားသောလူစုလူဝေးဖြစ်သည်ကို ကျွန်ုပ်တို့ တွေ့မြင်ရမည်။ ဟောင်းသောလူ့အဖွဲ့အစည်းနှင့် လူအစုအဝေးကို မြှုပ်နှံခဲ့ပြီးဖြစ်သည်။

ကျွန်ုပ်တို့ ဗတ္တိဇံခံသောအခါ၊ ကျွန်ုပ်တို့သည် ဟောင်းသောလူ့အဖွဲ့အစည်းဟောင်းနှင့် လူအစုအဝေးကို မြှုပ်နှံခဲ့ပြီး ဖြစ်သည်။ ရေလွှမ်းမိုးခြင်းရောက်လာ၍၊ နောဧ၏ ဟောင်းသောလူ့အဖွဲ့အစည်းသည် မြှုပ်နှံခြင်းခံရပြီး၊ လူရှစ်ဦးကိုသာ ရှင်ပြန်ထမြောက်စေခဲ့သည်။ ယခု အသစ်သောလမ်းကြောင်းပေါ်ရှိ ဤလူရှစ်ယောက်၏ အသက်ရှင်ခြင်းသည် အသင်းတော်အသက်တာ၏ ပုံဆောင်ချက် ဖြစ်သည်။ ကျွန်ုပ်တို့သည် အသင်းတော်လူများဖြစ်ပြီး၊ အသင်းတော်လူများသည် ရှင်ပြန်ထမြောက်သူများ ဖြစ်သည်။ ကျွန်ုပ်တို့သည် အခြားသောလူအစုအဝေးနှင့် အခြားသောလူ့အဖွဲ့အစည်းဖြစ်သည်။ အသင်းတော်အသက်တာသည် အသစ်သော လူအစုအဝေး ဖြစ်သည်။

ရေလွှမ်းမိုးပြီးနောက် သင်္ဘောအားဖြင့် ကယ်တင်ခြင်းခံရသော လူရှစ်ယောက်တို့သည် အသစ်သောအသက်တာကို အစပြုအသက်ရှင်ခဲ့သည်။ ရေလွှမ်းမိုးခြင်းမတိုင်မီ သူတို့သည် ဆိုးယုတ်ခြင်းများနှင့် ဒုစရိုက်များကို မြင်တွေ့ခဲ့သည်။ သို့သော် သူတို့သည် ကယ်တင်ခံရခြင်း၊ ခွဲခြားခံရခြင်း၊ ထမြောက်ခြင်းဖြင့်၊ အသစ်သောအသက်ရှင်ခြင်းသို့ ခေါ်ဆောင်ခံရသည်။ ထိုအသစ်သော အသက်ရှင်ခြင်းသည် အသင်းတော်၏ ပုံဆောင်ချက်ဖြစ်သည်။ ကမ္ဘာဦးကျမ်း၌ အခြားသောမျိုးစေ့များကို မျိုးကြဲခဲ့သည့်အပြင်၊ အသင်းတော်အသက်တာ၏ မျိုးစေ့ကိုလည်း ကြဲခဲ့ခြင်းဖြစ်သည်။ ထိုလူရှစ်ယောက်၏ အသက်ရှင်ခြင်းအစိတ်အပိုင်းတိုင်းသည် အသင်းတော်အသက်တာ၏ အစိတ်အပိုင်း နိမိတ်လက္ခဏာ ဖြစ်သည်။(*Life-study of Genesis*, pp. 425-426)

*ပို၍ဖတ်ရန်-* *Truth Lessons—Level Two*, vol. 1, lsn. 3; *Truth Lessons—Level Two*, vol. 2, lsn. 17

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

————————————————————————————————————

## *နံနက်ခင်းကျွေးမွေးခြင်း*

**ကၢ ဂ။၂၀ နောသည်လည်း၊ ယေဟောဝါဘုရားအဖို့ ယဇ်ပလ္လင်ကိုတည်ပြီးမှ စင်ကြယ်သောသား၊ စင်ကြယ်သောငှက် အမျိုးမျိုးထဲကယူ၍ ယဇ်ပလ္လင်ပေါ်မှာ မီးရှို့ရာယဇ်ကို ပူဇော်လေ၏။**

**၉း၁ ဘုရားသခင်သည်လည်း နောနှင့် သူ၏သားတို့ကို ကောင်းကြီးပေးတော်မူ၍၊ သင်တို့သည် များပြားစွာမွေးဖွားလျက် မြေကြီးပြည့်စေကြလော့။**

လူရှစ်ယောက်သည် သင်္ဘောမှ ထွက်လာသည်။ ခရစ်တော်သည် ရက်သတ္တပတ်၏ ပထမရက်တွင် ရှင်ပြန်ထမြောက်ခြင်းခံရသည်။ ထိုနေ့ရက်သည် ရက်သတ္တပတ်အဟောင်း၏ ရှစ်ရက်မြောက်နေ့ဖြစ်သည်။ ထို့ကြောင့် ဂဏန်းနံပါတ်ရှစ်သည် ရှင်ပြန်ထမြောက်ခြင်းကိုပုံဆောင်သည်။ အသင်းတော်၏ အစိတ်အပိုင်းများဖြစ်သည့် ယုံကြည်သူအားလုံးတို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌ ပါဝင်သောကြောင့် (ဧ၊ ၂း၆။ ၁ပေ၊၁း၃)၊ သူတို့သည် ရှင်ပြန်ထမြောက်သောသူများ ဖြစ်ကြသည်။

သင်္ဘောသည် ရေလွှမ်းမိုးခြင်းကို ဖြတ်ကျော်စဉ်၍၊ တောင်ထိပ်ပေါ်တွင် တင်သောအချိန်တွင် လူရှစ်ယောက်တို့သည် သင်္ဘော၌ရှိသည်။ ထို့ကြောင့် သင်္ဘောတွေ့ကြုံရသောအရာကို သင်္ဘောထဲ၌ရှိခြင်းဖြင့် သူတို့လည်း တွေ့ကြုံရသည်။ ဤသည်မှာ ယုံကြည်သူများသည် ခရစ်တော်၌မည်သို့ရှိပြီး(၁ကော၊၁း၃၀။ ဧ၊၁း၄)၊ ခရစ်တော်နှင့်အတူ မည်သို့အသေခံကာ(ရော၊၆း၆။ ၂ကော၊၅း၁၄။ ဂလ၊၂း၂၀က)၊ ခရစ်တော်နှင့်အတူ မည်သို့ ရှင်ပြန်ထမြောက်သည်ကို ဖော်ပြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၌ရှိသောကြောင့်၊ ကိုယ်တော်၏ အတွေ့အကြုံသည် ကျွန်ုပ်တို့ ဖြစ်လာသည်။ (ကၢဂး၁ဂ၊ မှတ်စု)

## *ယနေ့ဖတ်စရာ*

ဂလ၊ဂး၂၀ရှိ ယဇ်ပလ္လင်သည် ခရစ်တော်၏ ကားတိုင်ကို ပုံဆောင်ခြင်းဖြစ်ပြီး၊ ပူဇော်သက္ကာများသည် ခရစ်တော်၏ အသွင်သဏ္ဍာန်အမျိုးမျိုးကို ပုံဆောင်ခြင်းဖြစ်သည်(ဝတ်၊၁–၇နှင့် မှတ်စု)။ ယဇ်ပလ္လင်ကိုတည်ဆောက်ခြင်းနှင့် ၎င်းပေါ်တွင်ပူဇော်သက္ကာကိုပူဇော်ခြင်းသည် ကားတိုင်အားဖြင့် ဘုရားအဖို့ခရစ်တော်၏ ပူဇော်ခြင်းကို ပုံဆောင်ခြင်းဖြစ်သည်။ အသင်းတော်အသက်တာ၌ ရှေ့ဦးစွာ ကျွန်ုပ်တို့လုပ်ဆောင်ရမည့်အရာမှာ ဘုရားအတွက် လုပ်ဆောင်ခြင်းမဟုတ်ဘဲ၊ ကားတိုင်သို့သွား၍ အဆုံးသတ်ခံရန်ဖြစ်သည်။ ထို့ပြင်၊ ခရစ်တော်ကို တွေ့ကြုံခံစားခြင်း အားဖြင့်၊ ဘုရား၏ ကျေနပ်နှစ်သိမ့်ခြင်း

အတွက် အမျိုးမျိုးသောသွင်ပြင်၌ ကျွန်ုပ်တို့တွေ့ကြုံခံစားသောခရစ်တော်ကို ဘုရားထံ ပူဇော်ရန် လိုအပ်သည်။(က၊ ဂး ၂၀၊ မှတ်စု၁)။

လူသား၏ကျဆင်းခြင်းသည် ကျိန်ခြင်းကို အစပြုခဲ့သည်(က၊ ၃း၁၇)။ အသင်းတော်အသက်တာ၌ ကားတိုင်အားဖြင့် ဘုရားထံခရစ်တော်ကို ပူဇော်ခြင်းသည် ကျိန်ခြင်းမှဝေးစေပြီး၊ ကောင်းကြီးမင်္ဂလာကို ဖြစ်စေသည်(ဂး ၂၂၊ ဂလ၊၃း၁၃–၁၄)။ အဆုံးစွန်သောကျိန်ခြင်းမှာ သေခြင်းဖြစ်ပြီး၊ အကြီးမားဆုံးသော ကောင်းကြီးမင်္ဂလာမှာ အသက်ဖြစ်သည် (ဆာ၊၁၃၃း၃)။ (က၊ဂး ၂၁၊မှတ်စု၊ ၂)။

အသင်းတော်အသက်တာသည် ဘုရားသခင်၏ အကြံအစည်တော်ကို ပြည့်စုံစေရန် အစအဦးသို့ ပြန်သွားခြင်းဖြစ်သည်(က၊၉း၁–၂၊ ၆–၇)။ အစအဦးသည် ဘုရား၏ ထင်ရှားခြင်းနှင့် ဘုရားကို ကိုယ်စားပြုခြင်းဖြစ်သည်(၁း၂၆)။ ဘုရားသည် မိမိ၏ပုံသဏ္ဍာန်နှင့်အညီ လူကိုဖန်ဆင်းခဲ့ခြင်းမှာ ကိုယ်တော့်ကိုထင်ရှား၍၊ ကိုယ်တော့်ကို ကိုယ်စားပြုနိုင်ရန် သူ၏ အုပ်စိုးခြင်းအခွင့်ကို လူအားပေးအပ်ခဲ့သည်။ လူသည် ဤနှစ်မျိုးလုံး၌ ကျရှုံးခဲ့သည်။ ထို့ကြောင့် ဘုရားသည် ရေးအားဖြင့် လူရှစ်ယောက်ကိုကယ်တင်၍၊ ခေတ်သစ်အထဲသို့ ထမြောက်ခြင်း၌ ခေါ်ဆောင်ခဲ့သည်။ ထိုအခါ ဘုရားသည် လူသားမျိုးနွယ်ကို ပြန်လည်ရှင်သန်စေရန် ကိုယ်တော်၏ပန်းတိုင်ကို ပြန်ပြင်မိန့်တော်မူသည်။ ဤသည်မှာ အသင်းတော်အသက်တာ ဖြစ်သည်။ အသင်းတော်အသက်တာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မူလပန်းတိုင်းသို့ ပြန်လည်ခေါ်ဆောင်ခြင်းခံရသည်။ ယင်းမှာ လူသည် ကိုယ်တော်ကိုထင်ရှားရန်နှင့် ကိုယ်စားပြုနိုင်ရန်ဖြစ်သည်။

ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်သောသူများ၊ ကျဆင်းသွားခြင်းမှ မူလအစသို့ ပြန်လည်ခေါ်ဆောင်ခြင်းခံရသောသူများ ဖြစ်သည်။ အာဒံ၌ ကျွန်ုပ်တို့ကျဆင်းရသော်လည်း၊ ခရစ်တော်၌ ပြန်လည်ရယူခြင်းခံရသည်။ ခရစ်တော်၌ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကိုယ်စားပြုရန်နှင့် ထင်ရှားနိုင်ရန်အတွက် အစအဦးသို့ပြန်လည်ခေါ် ခြင်းခံရသည်။ အသင်းတော်အသက်တာ၌ ဘုရားကိုထင်းရှားနိုင်ရန် ကျွန်ုပ်တို့၌အသက်ရှိသည်။ ကျွန်ုပ်တို့သည် လူတို့အား “သင်၊ ဘုရားသခင်ကို မြင်လိုပါသလား။ ဘုရားကို သိလိုပါသလား။ အသင်းတော်သို့လာလျှင်၊ ကိုယ်တော့်ကို သင်တွေ့မြင်ရလိမ့်မည်။ အသင်းတော်၌ ဘုရားသခင်၏ထင်ရှားခြင်းကို သင်တွေ့မြင်ရလိမ့်မည်”ဟု ပြောနိုင်သည်။ ထိုအပြင် အသင်းတော်အား ဤမြေကြီးပေါ်၌ ကိုယ်တော့်ကို ကိုယ်စားပြုရန် အခွင့်အာဏာအပ်နှင်းထားသည်။ (*Life-study of Genesis*, pp. 431-432)

ဗတ္တိဇံခံပြီးနောက် ကျွန်ုပ်တို့သည် ရှင်ပြန်ထမြောက်ခြင်း၌ လူသစ်ဖြစ်လာသည်။

ရှင်ပြန်ထမြောက်ခြင်းဆိုသည်မှာ အနာဂတ်အတွက်သာမဟုတ်ဘဲ၊ မျက်မှောက်ဖြစ်စဉ်လည်း ဖြစ်သည်။ အသက်၏ အသစ်ဖြစ်ခြင်း၌ လျှောက်လှမ်းခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအဝန်းအဝိုင်း၌ ယနေ့အသက်ရှင်ခြင်းနှင့် အသက်၌စိုးစံခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဤကဲ့သို့သော အသက်ရှင်ခြင်းသည် ကျွန်ုပ်တို့အား ခရစ်တော်၏ပုံသဏ္ဍာန်သို့ ပုံသဏ္ဍာန်တူညီလာစေရန်၊ လုံးလုံးပုံသဏ္ဍာန်ပြောင်းလဲသည့်တိုင်အောင် ကျွန်ုပ်တို့အထဲ၌ ရှိသောအာဒံ၏ အရာအားလုံးကို ဆက်ဆံဖြေရှင်ပေးသည်။(ရော၊ဂး ၂၉)(ရော၊၆း၄၊ မှတ်စု၊ ၄)။

(ရော၊ ၆း၅ရှိ *ကိုယ်တော်၏ထမြောက်ခြင်း၏ပုံသဏ္ဍာန်တော်၌*)သည် အနာဂတ်အပြင်ပိုင်းထမြောက်ခြင်းကို ရည်ညွှန်းခြင်းမဟုတ်ဘဲ၊ မျက်မှောက်ကာလ၏ကြီးထွားခြင်းဖြစ်စဉ်ကို ဆိုလိုခြင်းဖြစ်သည်။ ဗတ္တိဇံခံသောအခါ ကျွန်ုပ်တို့သည် ကိုယ်တော်၏ သေခြင်းသဏ္ဍာန်တော်၌ ခရစ်တော်နှင့်အတူ ကြီးထွားလာသည်။ ယခု ကိုယ်တော်၏ အသေခံခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းအထဲသို့ ကြီးထွားလျက်ရှိသည်။ ခရစ်တော်၏အသေခံခြင်း ဒြပ်သဘာဝကို ကိုယ်တော်၌သာ တွေ့ရသကဲ့သို့ ခရစ်တော်၏ထမြောက်ခြင်းဒြပ်သဘာဝကိုလည်း ကိုယ်တော်ကိုယ်တိုင်၌သာ တွေ့မြင်ရသည်။ သူကိုယ်တော်တိုင်သည် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်(ယော၊၁၁း ၂၅)။ မှန်ကန်သောဗတ္တိဇံကို တွေ့ကြုံခဲ့ပြီးနောက် ကျွန်ုပ်တို့သည် ဆက်လက်ပြီး ကိုယ်တော်၏ ရှင်ပြန်ထမြောက်ခြင်းသဏ္ဍာန်တော်၌ ခရစ်တော်နှင့်အတူ ခရစ်တော်၌ ကြီးထွားလျက်ရှိသည်။ ယင်းမှာ အသက်၏ အသစ်ဖြစ်ခြင်း၌ လျှောက်လှမ်းခြင်းဖြစ်သည်။ (ရော၊၆း၅၊မှတ်စု ၃)။

*ပို၍ဖတ်ရန်-* *Life-study of Genesis*, msg. 32; *Life-study of Romans*, msg. 11

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**ယော၊ ယေရှုကလည်း၊ ငါသည် ထမြောက်ခြင်းနှင့်အသက်ဖြစ်၏။ ငါ့အ**
**၁၁း၂၅ ထဲသို့ ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။**
**က၊ ထိုမှတစ်ပါး ငါတစ်ဘက်၊ သင်တို့နှင့် သင်တို့ထံမှာ အသက်ရှင်သ**
**၉း၁၂–၁၃ မျှသော တိရစ္ဆာန်တို့တစ်ဘက်၌ သားမြေးအစဉ်အဆက်မပြတ်၊ ငါပြုသော ပဋိညာဉ်၏လက္ခဏာသက်သေဟူမူကား၊ ငါ၏သက်တံကို မိုဃ်းတိမ်၌ ငါထား၏။ ထိုသက်တံသည် မြေကြီးနှင့် ငါပြုသောပဋိညာဉ်၏သက်သေ ဖြစ်လိမ့်မည်။**

အသင်းတော်အသက်တာ၌ သခင်ဘုရားသည် သေခြင်းမှအသက်ရှင်ခြင်းထဲသို့ ပြောင်းလဲပေးနေသည်ကို ကျွန်ုပ်၌ ယုံကြည်ခြင်း အပြည့်ရှိသည်။ ဤသည်မှာ ထမြောက်ခြင်း၌ သခင်ယေရှုကို တွေ့ကြုံခံစားခြင်း ဖြစ်သည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၌ကိန်းဝပ်တော်မူ၍၊ နေ့တိုင်း ကိုယ်တော်သည် ကျွန်ုပ်တို့၏ရေကို စပျစ်ရည်အဖြစ်သို့ ပြောင်းလဲပေးနေသည်။

ထမြောက်ခြင်း၌ ကိုယ်တော်သည် ရေကိုစပျစ်ရည်အဖြစ်သို့ ပြောင်းလဲပေးနေသောကြောင့် သခင်ဘုရားကို ကျေးဇူးတင်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်တို့၏ အပြုအမူကို တိုးတက်စေရုံသာမဟုတ်ဘဲ၊ ကျွန်ုပ်တို့ကို ပုံသဏ္ဌာန်ပြောင်းလဲပေးနေသည်။ (*The Fulfillment of the Tabernacle and the Offerings in the Writings of John,* p. 53)

## ယနေ့ဖတ်စရာ

ယောဟန်၊ ၂၌ရှိ နက်နဲသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း၏ အမှတ်လက္ခဏာဖြစ်သည့်၊ အခြားသောအမှတ်လက္ခဏာကို ဆင်ခြင်ကြည့်ကြပါစို့။ ခရစ်ယာန်များအဖြစ် ကျွန်ုပ်တို့၏အသက်ရှင်ခြင်းသည် နက်နဲသောခရစ်တော်၏ကိုယ်ခန္ဓာတော်တည်ဆောက်ခြင်းအတွက် သေခြင်းမှ အသက်ရှင်ခြင်းအထဲသို့ ပြောင်းလဲခြင်း၏ အကြောင်းသာ ဖြစ်သည်။ ဤသည်မှာ မှန်ကန်ခြင်း၊ စစ်မှန်ခြင်းနှင့် ပြည့်စုံသော ခရစ်ယာန်အသက်တာ ဖြစ်သည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာ၌ တတိယအရာ မရှိပါ။ ကျွန်ုပ်တို့၏ နေ့စဉ်အသက်ရှင်ခြင်း အားဖြင့် ကျွန်ုပ်တို့သည် ဤတည်ဆောက်ခြင်း၌ ရှိနေခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့၏ နေ့စဉ် အသက်ရှင်ခြင်းသည် ရေကို စပျစ်ရည်အဖြစ်သို့ပြောင်းလဲခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာသည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်းအတွက် သေခြင်းကိုရှင်ခြင်းသို့၊ ရေကို စပျစ်ရည်အဖြစ်သို့ပြောင်းလဲခြင်း

ဖြစ်သည်ဟု ပြောခြင်းအားဖြင့် နိဂုံးချုပ်နိုင်ရမည်။ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းသည် သေခြင်းကို အသက်အထဲသို့ ပြောင်းလဲခြင်း ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤနေရာ၌ မည်သည့်အရာကို လုပ်ဆောင်နေသနည်း။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ကိုယ်ခန္ဓာတော်၊ အသင်းတော်တည်ဆောက်ခြင်းအလုပ်ကို လုပ်ဆောင်နေခြင်း ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၏ အသက်ရှင်ခြင်းနှင့် ကျွန်ုပ်တို့၏ ပန်းတိုင်ဖြစ်သည်။ ကျွန်ုပ်တို့၌ နက်နဲသော ခရစ်တော်၏ ကိုယ်ခန္ဓာတော်ကို တည်ဆောက်ခြင်း၏ ရည်ရွယ်ချက်အတွက် ထာဝရအသက်၊ ထာဝရကိုအသက်ရှင်ခြင်း ရှိသည်။

(ယော၊၁၂း၁–၁၁၌) ဗေသနီရွာရှိအိမ်၌ အသင်းတော်အသက်တာ၏ ပုံစံငယ်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ အသင်းတော်အသက်တာ၏ ပုံကားချပ်နှင့် အသင်းတော်စည်းဝေးခြင်းကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ ယော၊၁၂၌ ပမာဏမှာ သေးသော်လည်း ပုံကားချပ်မှာ စုံလင်၍ ပြည့်စုံလှသည်။ ယော၊ ၁၂၌ ဖော်ပြထားသော ပုံကားချပ်အတိုင်း ရှိသည့် အသင်းတော်အသက်တာမှာ အဘယ်နည်း။ အသင်းတော်အသက်တာဟူသည်မှာ အချို့သူများက သခင်ဘုရားအတွက် အစေခံခြင်း၊ အချို့သူများက သခင်ဘုရားအတွက် သူတို့၏ ချစ်ခြင်းမေတ္တာကို ဖော်ပြခြင်းနှင့် အချို့သူများက ရှင်ပြန်ထမြောက်ခြင်းအသက်ကို သက်သေခံခြင်းမှအပ မည်သည့်အရာကိုမျှ လုပ်ဆောင်ခြင်းမရှိသော အသက်ရှင်ခြင်းနေရာ ဖြစ်သည်။ ဤပုံကားချပ်အရ၊ လူတိုင်းသည် သခင်ဘုရားနှင့်အတူ စားသောက်နေခြင်းဖြစ်သည်။ ဤသည်မှာ အသင်းတော်အသက်တာ ဖြစ်သည်။

လာဇရု၊ မာသနှင့် မာရိတို့နှင့်အတူ သခင်ယေရှုကိုယ်တော်တိုင်ရှိနေသောကြောင့် သူတို့သည် ဗိမာန်တော်၌ ဝတ်ပြုကိုးကွယ်ရန် ကိုယ်တော့်ကို ချန်ထား၍သွား မည်မဟုတ်သည်မှာ သေချာသည်ထ။ သူတို့သည် သခင်ယေရှုအားဖြင့် ဆွဲဆောင်ခြင်းကို ခံကြရသည်။ ကိုယ်တော်သည် သူတို့အား မိမိထံသို့ ဆွဲဆောင်ရန် အားကောင်းသော သံလိုက်ဖြစ်သည်။ သူတို့ကို ဆွဲဆောင်သောသူ ဤယေရှုသည် အဘယ်သူနည်း။ ကိုယ်တော်သည် လူ့ဇာတိခံတော်မူသော ဘုရားသခင်ဖြစ်သည်၊ ၎င်းမှာ အသွေးအသား၌ရှိသော ဘုရားသခင်၊ လူသားဖြစ်ခြင်း၌ရှိသော ဘုရားသခင်ဖြစ်သည်။ ဤလူ့ဇာတိခံသော ဘုရားသခင်သည် ဗေသနိရွာ၌ သူ၏ တပည့်တော်များနှင့်အတူ ဝမ်းမြောက်လျက်ရှိပြီး၊ ကိုယ်တော်၏ တပည့်တော်တို့သည်လည်း ဘုရားသခင်နှင့်အတူ၊ တစ်ဦးနှင့်တစ်ဦး ကိုယ်တော့်ကို မွေ့လျော်ဝမ်းမြောက်လျက်ရှိကြသည်။ သူတို့သည်အတူတကွ အံ့သြဖွယ်ဝမ်းမြောက်လျက်ရှိကြသည်။ ဤသည်မှာ အသင်းတော်အသက်တာ၏ ပုံကားချပ်ဖြစ်သည်။(*The Fulfillment of theTabernacle and the Offerings in the Writings of*

*John*, pp. 54-55, 288)

ရေလွှမ်းမိုးပြီးနောက် လူရှစ်ယောက်တို့သည် ပဋိညာဉ်လူများ ဖြစ်လာခဲ့သည်။ အသင်းတော်အသက်တာ၌၊ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း၌၊ ကျွန်ုပ်တို့သည် ပဋိညာဉ်လူများဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ယူဆချက်များ၊ ထင်မြင်ချက်များ သို့မဟုတ် လိမ်လည်လှည့်ဖြားခြင်းများအောက်တွင် အသက်ရှင်နေခြင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ ပဋိညာဉ်အောက်တွင် အသက်ရှင်နေခြင်းဖြစ်သည်။ ယခုအခါ၊ ကျွန်ုပ်တို့သည် ဓမ္မသစ်အောက်တွင် အသက်ရှင်နေခြင်းဖြစ်သည်။ သင်သည် အားငယ်နေပါသလော။ သင်သည် အမျက်ဒေါသထွက်မည်၊ သင်၏ ဇနီးကိုရိုက်မည်၊ သို့မဟုတ် လောကကို ချစ်လိမ့်မည်လော။ "မဟုတ်ပါ၊ သမ္မာကျမ်းစာက ကျွန်ုပ်အား ထိုသို့ ပြောထားသောကြောင့်တည်း"ဟု သင်ပြောနိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပဋိညာဉ်ကတိ တော်ကြောင့် ကာကွယ်ထားခြင်းခံရပြီး၊ လုံခြုံ၍ စိတ်ချရသည်။ ပဋိညာဉ်၏ သင်္ကေတအဖြစ် မိုးတိမ်၌ ဘုရားသခင်ထားတော်မူသော သက်တံ၏ အဓိပ္ပါယ်မှာ အဘယ်နည်း(က၊၉း၁၂–၁၇)။ ၎င်းသည် ဘုရားသခင်၏ သစ္စာတော်ကို ပုံဆောင်ခြင်းဖြစ်သည်။ ဘုရားသခင်၏ သစ္စာတော်သည် သက်တံဖြစ်သည်။ ကျွန်ုပ်တို့၏ ခရစ်ယာန်အသက်တာနှင့် အသင်းတော်အသက်တာသည် လုံးလုံးပင် ပဋိညာဉ်အသက်တာ ဖြစ်သည်။ ကျွန်ုပ်တို့သည် ပဋိညာဉ်လူများဖြစ်ကြ၍၊ ကျွန်ုပ်တို့သည် မည်သည့်အခြေအနေကို တွေ့ကြုံစေကာမူ ကတိတော်ကျမ်းပိုဒ် ကျွန်ုပ်တို့၌ရှိသည်။ ကျွန်ုပ်တို့သည် မည့်သည့်ကျရှုံးခြင်း၊ အားနည်းခြင်းနှင့် မှောင်မိုက်ခြင်း သို့မဟုတ် အနုတ်လက္ခဏာကိုမျှ ယုံကြည်ခြင်းမရှိဘဲ၊ ပဋိညာဉ်အောက်တွင် ရှိကြရမည်ဖြစ်သည်။ အသင်းတော်အသက်တာသည် ထိုကဲ့သို့သော အသက်တာနှင့် အသင်းတော်လူများသည် ပဋိညာဉ်အောက်တွင် ရှိသောလူများဖြစ်ကြသည်။ ကျွန်ုပ်တို့အား ပဋိညာဉ်တရား၏ အသင်းတော်ဟူ၍ အမှန်တကယ် ခေါ်နိုင်သည်။ (*Life-study ofGenesis*, pp.436-438)

*ပို၍ဖတ်ရန်- The Fulfillment of theTabernacle and the Offerings in the Writings of John*, chs. 5, 31

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————————

——————————————————————————————

——————————————————————————————

——————————————————————————————

## နံနက်ခင်းကျွေးမွေးခြင်း

**က၊ ၉း၆** **အကြင်သူသည် လူ၏အသွေးကိုသွန်းစေ၏။ ထိုသူ၏အသွေးကို လူလက်ဖြင့်သွန်းရမည်။ အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်တော်နှင့်အညီ လူကိုဖန်ဆင်းတော်မူ၏။**

**ဟေဗြဲ၊ ၁၂း၂၈** **ထို့ကြောင့်၊ ငါတို့သည် မလှုပ်နိုင်သောနိုင်ငံကို ရသည်ဖြစ်၍၊ ခန့်ညားကြောက်ရွံ့သောသဘောနှင့် ဘုရားသခင်ကို လျောက်ပတ်စွာဝတ်ပြုနိုင်မည်အကြောင်း ကျေးဇူးတော်ကို စွဲလန်းကြကုန်အံ့။**

ကမ္ဘာဦးကျမ်း၌ မျိုးစေ့အဖြစ်ကြဲခဲ့သော သမ္မာတရားများမှတစ်ခုဖြစ်သည့် နိုင်ငံတော်သည် သမ္မာကျမ်းစာတစ်လျှောက်လုံး၌ တိုးပွားလာပြီး၊ ဗျာဒိတ်ကျမ်း၌ သီးနှံအဖြစ် ရိတ်သိမ်းရမည်ဖြစ်သည်။ ရေလွှမ်းမိုးပြီးနောက် နောနှင့် သူ၏မိသားစုသည် ရှင်ပြန်ထမြောက်ခြင်း၌ အသက်ရှင်ရကြောင်း ကျွန်ုပ်တို့မြင်တွေ့ပြီးဖြစ်၍၊ ထိုသို့သော အသက်တာသည် အသင်းတော်အသက်တာ၏ ပုံရိပ်ဖြစ်သည်။ ရှင်ပြန်ထမြောက်ခြင်း၌ ဤအသက်သည် နိုင်ငံတော်၏ပုံရိပ်ဖြစ်ကြောင်းကိုလည်း ယခု ကျွန်ုပ်တို့ မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်သည် သမ္မာကျမ်းစာ၌ အလွန်ကြီးမားသောအကြောင်းအရာတစ်ခု ဖြစ်သည်။ ၎င်းသည် အရေးအကြီးဆုံးအကြောင်းအရာတစ်ခု ဖြစ်သည်။(*Life-study of Genesis*, p. 467)

## ယနေ့ဖတ်စရာ

ကမ္ဘာဦး၊၉း၁–၇၌ နိုင်ငံတော်ကို ညွှန်းဆိုထားသည်။ အငယ်၊၆သည် ကမ္ဘာဦးကျမ်း၌ အရေးကြီးသောကျမ်းပိုဒ် ဖြစ်သည်။ ဤကျမ်းပိုဒ်၌ ကျွန်ုပ်တို့သည် လူသားအစိုးရ၏ အစအဦးကို မြင်တွေ့ရ၍၊ ဘုရားသခင်သည် လူအား အခြားသူများအပေါ် အုပ်စိုးရန် အခွင့်အာဏာအပ်နှင်းခဲ့ကြောင်း ဖော်ပြချက်ကို ကျမ်းစာသွန်သင်သူများအားလုံးက သဘောတူလက်ခံကြသည်။ ထိုအချိန်မတိုင်ခင်ထိ ဘုရားသခင်သည် လူအား အခြားသူတို့အပေါ်တွင် အုပ်စိုးရန်အခွင့်အာဏာ မပေးအပ်သေးပါ။ လူအားလုံးတို့သည် ဘုရားသခင်အောက်တွင် တိုက်ရိုက်ရှိကြသည်။ သို့သော် ကျဆင်းခြင်းကြောင့် လူသားမျိုးနွယ်၌ ပုန်ကန်သော သဘောသဘာဝရှိလာသည်။ ဤအကြောင်းကြောင့် ဘုရားသခင်သည် လူအပေါ် ကိုယ်တော့်ကိုယ်စားအုပ်စိုးရန် မြေကြီးပေါ်တွင် အခွင့်အာဏာတစ်စုံတစ်ရာကို ချမှတ်ပေးခဲ့သည်။ ကမ္ဘာဦးကျမ်းအစမှ က၊၉း၆တိုင်အောင် လူယောကျ်ားသည် သူ၏ဇနီးအပေါ်တွင် ဦးခေါင်းဖြစ်ခြင်းမှတစ်ပါး(၃း၁၆)၊ လူအား အခြားသူတို့အပေါ် အုပ်စိုးရန်

အခွင့်အာဏာတော်ကို ဘုရားသခင်ပေးအပ်ကြောင်း ညွှန်းကြားချက်မရှိပါ။ သို့သော်ငြားလည်း၊ ရေလွှမ်းမိုးပြီးနောက် ရှင်ပြန်ထမြောက်ခြင်း၌ လူတို့သည် မြေကြီးပေါ်တွင် အသစ်သောနည်းလမ်း၌ အသက်ရှင်ချိန်တွင်၊ ဘုရားသခင်သည် မြေကြီးပေါ်တွင် ကိုယ်စားပြုအခွင့်အာဏာကို ချမှတ်ခဲ့သည်။ နောသေည် ရေလွှမ်းမိုးပြီးနောက် ဘုရားသခင်၏ ကိုယ်စားပြုအခွင့်အာဏာရှိသူ ဖြစ်သည်။ မျိုးဆက်သစ်၏ ခေါင်းဆောင်အနေဖြင့် သူသည် ဘုရားသခင်၏ အောက်တွင် ကိုယ်စားပြုအခွင့်အာဏာရှိသူ ဖြစ်သည်။ အာဒံသည် လူအပေါ် ဘုရားသခင်၏ ကိုယ်စားပြုအခွင့်အာဏာရှိသူ မဟုတ်ပါ။ သူသည် လူအပေါ်တွင် မဟုတ်ဘဲ၊ ဖန်ဆင်းခံသတ္တဝါတို့အပေါ်တွင် အခွင့်အာဏာ ခန့်အပ်ခြင်းခံရသူဖြစ်သည်။ ကမ္ဘာဦး၊၁ကို ဂရုတစိုက်ဖတ်ကြည့်ပါက၊ အာဒံသည် ငါး၊ ကျေးငှက်၊ နွားနှင့်တွားသွားသော သတ္တဝါစသည့် "မြေကြီးပေါ်တွင် သွားလာလှုပ်ရှားနေသော သက်ရှိအားလုံးတို့အပေါ်တွင်သာ" အခွင့်အာဏာရှိကြောင်းကို ကျွန်ုပ်တို့ တွေ့မြင်ရမည် (အငယ်၊ ၂၆၊ ၂၇)။ သို့သော် အာဒံအား အခြားသူများအပေါ် အုပ်စိုးရန် အခွင့်အာဏာကို ပေးအပ်သည်ဟု ဖော်ပြထားသောကျမ်းပိုဒ် မရှိပါ။ သို့သော် နောသေည် မျိုးဆက်သစ်၏ ခေါင်းဆောင်ဖြစ်လာပြီးနောက် ဖန်ဆင်းခံတို့အပေါ်တွင်သာမက၊ အခြားလူတို့အပေါ်တွင်လည်း အုပ်စိုးခြင်းအခွင့်ကို ဘုရားသခင်သည် သူ့အားပေးအပ်သည်။ ကမ္ဘာဦး၊၉ကို ဂရုတစိုက်ဖတ်မည်ဆိုပါက၊ နိုင်ငံတော်၏ ပုံရိပ်ကို သင်တွေ့မြင်ရလိမ့်မည်။ နိုင်ငံတော်ဆိုသည်မှာ အဘယ်သို့နည်း။ နိုင်ငံတော်သည် အုပ်စိုးခြင်း၊ စိုးစံခြင်းဖြစ်သည်။ မြေကြီးသစ်ပေါ်တွင် လူများအလယ်၌ ဘုရားသခင်ပေးအပ်သောအခွင့်အာဏာဖြင့် အုပ်စိုးခြင်းသည် ရှင်ပြန်ထမြောက်ခြင်းအသက်၌ ဘုရားသခင်၏ နိုင်ငံတော်ကို အုပ်စိုးခြင်းအား ပုံဆောင်သည်။ (*Life-study of Genesis,* pp. 467-468)

ကျဆင်းခြင်းအတိုင်မီတွင် ဥယျာဉ်၌ လူသည် ဘုရားသခင်၏ အုပ်စိုးခြင်းအောက်တွင် တိုက်ရိုက်ရှိသည်။ ကျဆင်းသွားပြီးနောက် လူသည် သူ၏ ကိုယ်ပိုင်အသိစိတ်၏ အုပ်စိုးခြင်းအောက် ကျရောက်သွားသည်(က၊၃း၇–၁၀)။ သို့သော်လည်း လူသားတို့၏ အသိစိတ်ဖြင့်အုပ်စိုးခြင်းသည် ကောင်းမွန်စွာလုပ်ဆောင်ခြင်းမရှိသောကြောင့် လူသည်ပို၍ပင် ဆိုးညစ်ခြင်းအထဲသို့ ကျဆင်းသွားခဲ့သည် (၆း၅၊ ၁၁)။ ထိုကြောင့် ရေလွှမ်းမိုးပြီးနောက် ဘုရားသခင်သည် လူအား အခြားသူတို့အပေါ်တွင် အုပ်စိုးရန် အခွင့်အာဏာပေးအပ်ခြင်းအားဖြင့်၊ လူသားအစိုးရကို အစပြုခဲ့သည်(ရော၊ ၁၃း၁နှင့် မှတ်စု၃နှင့်၄)။ ဤသည်မှာ ဘုရားသခင်၏ နိုင်ငံတော်ပုံရိပ်ဖြစ်၍၊ ၎င်း၏ စစ်မှန်ခြင်းသည် ဘုရားသခင်၏ ဓမ္မသစ်စီမံကိန်းရှိ အသင်းတော်အသက်တာဖြစ်ပြီး၊

၎င်း၏ကြီးမားထင်ရှားခြင်းသည် မိလေနိကာလာ၌ နိုင်ငံတော် ဖြစ်ပေလိမ့်မည် (မ၊၅း၃ရှိ မှတ်စု ၄နှင့် ဟေဗြဲ၊၁၂း၂၈ရှိ၊ မှတ်စု ၁ကိုကြည့်ပါ)။ (က၊၉း၆၊မှတ်စု ၁)။

နောသည် မိသားစု၏ ဖခင်ဖြစ်ပြီး၊ လူသားမျိုးနွယ်၏ ဦးဆောင်သူဖြစ်သည်။ လူတိုင်းသည် သူ့ကိုကြည့်ရှုကြသည်။ သူသည် ကျဆင်းသူဖြစ်သော်လည်း၊ ဖော်ပြခြင်းခံရသည်။ သူသည် ကျဆင်းခဲ့ကြောင်းကို နှိမ့်ချကာ၊ ဝန်ချခြင်းဖြင့် ဝန်ခံခဲ့လိမ့်မည်။ သို့သော် ဘုရားသခင်သည် သူ့အားခေါင်းဆောင်ဖြစ်စေသည့်အတွက် သူသည် မိမိ၏သဘောအတိုင်းမဟုတ်ဘဲ၊ ဘုရားသခင်၏ အစိုးရခြင်းအတိုင်း ပြောဆိုမည်ဖြစ်သည်။

လူသားအတွေးအခေါ်ဖြင့် နောအား မစီရင်ပါနှင့်။ ဘုရားသခင်၏ အုပ်စိုးခြင်း၌ နောသည် ကောင်းသောပုံသက်သေဖြစ်သည်။ သူသည် ကျဆင်းခဲ့သော်လည်း ဘုရားသခင်၏ အုပ်စိုးခြင်းနှင့်စပ်လျဉ်း၍ပြောဆိုရာ၌ ဘုရားကို ကိုယ်စားပြုရာတွင် အလွန်သန့်စွမ်းလျက်ရှိသည်။ ထိုသို့လုပ်ဆောင်ရန် နောအတွက် ခက်ခဲပေမည်။ နောအား သူဘက်မှ သူကျဆင်းဘက်မှ မကြည့်ပါနှင့်။ သင်သည် အခြေအနေတစ်ခုကို ဘုရားသခင်၏ အုပ်စိုးခြင်းဘက်မှ ကြည့်ရှုရပေမည်။ နောမှားမည်မှာ သေချာပါသည်။ သူသည် လျော့ရဲခြင်း၊ ဂရုမပြုခြင်း၊ ယစ်မူးခြင်းနှင့် ဝတ်လစ်စားလစ်ဖြစ်ခဲ့ပါသည်။ သို့သော်ငြားလည်း ကျွန်ုပ်တို့သည် နောအား ဘုရားသခင်၏ အုပ်စိုးခြင်း အမြင်ဘက်မှ ကြည့်ရှုရမည်။*(Life-study of Genesis,* p. 443)

*ပို၍ဖတ်ရန်-* *Life-study of Genesis*,msgs. 33-35;*TheConclusion of the New Testament*, msgs. 154-159, 240-242, 244

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

––––––––––––––––––––––––––––––––––––

## နံနက်ခင်းကျွေးမွေးခြင်း

**မ၊ ၄း၁၇** **ထိုအခါမှစ၍ ယေရှုက နောင်တရကြလော့။ ကောင်းကင်များ၏နိုင်ငံတော်သည် တည်လုနီးပြီဟူသောတရားကို ဟောစပြုတော်မူ၏။**

**ဗျာ၊ ၂၂း၅** **ထိုမြို့၌ ညဉ့်မရှိရ။ ဆီမီး၏အလင်းကို အလိုမရှိ။ နေ၏အလင်းရောင်ကိုလည်း အလိုမရှိ။ အကြောင်းမူကား၊ ထာဝရအရှင်ဘုရားသခင်သည် သူတို့အပေါ်တွင် ရောင်ခြည်တော်ကို လွှတ်တော်မူ၍၊ သူတို့သည် ကာလအစဉ်အဆက် စိုးစံရကြလတံ့။**

ဧဝံဂေလိတရား၏ ပင်ကိုယ်အနှစ်သာရသည် နိုင်ငံတော်ဖြစ်သည်။ ဧဝံဂေလိတရားသည် နိုင်ငံတော်အတွက် ဟောပြောခြင်းဖြစ်ပြီး၊ နိုင်ငံတော်သည် ဘုရားသခင်က သူ၏အစီစဉ်ကိုလုပ်ဆောင်နိုင်ရန်အတွက် အဝန်းအဝိုင်းနယ်ပယ်၊ ဘုရားသခင်က ကိုယ်တော်ရည်ရွယ်သောအရာကို ပြည့်စုံစေရန် ကိုယ်တော်၏အခွင့်အာဏာတော်ကို လေ့ကျင့်နိုင်သော နယ်ပယ်ဖြစ်သည်။ ဘုရားသခင်အတွက် ကိုယ်တော်၏ပန်းတိုင်သို့ ရောက်ရှိရန် တစ်ခုတည်းသောနည်းလမ်းမှာ နိုင်ငံတော်အားဖြင့်သာ ဖြစ်သည်။

ဘုရားသခင်၏နိုင်ငံတော်သည် ကောင်းကြီးမင်္ဂလာများနှင့် မွေ့လျော်ခြင်းအလုံးစုံနှင့်အတူ ဘုရားသခင်၏အုပ်စိုးခြင်း၊ စိုးစံခြင်း ဖြစ်သည်။ ၎င်းသည် ယေရှုခရစ်တော်နှင့် ဘုရားသခင်၏ဧဝံဂေလိတရား ပန်းတိုင်ဖြစ်သည်။

ပထမ အာဒံနှင့် သူ၏မျိုးဆက်များအားဖြင့် ကိုယ်တော်၏အကြံအစည်တော်ကို ပြည့်စုံစေနိုင်ခြင်းမရှိသောကြောင့် ဘုရားသခင်သည် နောက်ဆုံးသောအာဒံအဖြစ် လူ့ဇာတိခံယူသည်။ လူ့ဇာတိခံတော်မူသောဘုရားဖြစ်သည့် သခင်ယေရှုသည် ကိုယ်တော်၏အခွင့်အာဏာတော်ကို လေ့ကျင့်လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တော်၏အကြံအစည်တော်ကို သယ်ဆောင်နိုင်သော နယ်ပယ်ကို ထူထောင်ရန်၊ ဘုရားသခင်၏ နိုင်ငံတော်ကို တည်ထောင်ရန် ကြွလာခဲ့သည်။(*Life-study of Mark*, pp. 120, 48, 119)

## ယနေ့ဖတ်စရာ

ဓမ္မသစ်ကျမ်းတစ်အုပ်လုံးသည် နိုင်ငံတော်အကြောင်း ဖြစ်သည်။ နိုင်ငံတော်ကို ခရစ်ဝင်ကျမ်းစာစောင်များ၏အစ၌ ဟောပြောထားသည်။ ဓမ္မသစ်ကျမ်းသည် နိုင်ငံတော်နည်းလမ်း၌ ဧဝံဂေလိတရားကို ဟောပြောထားသည်။ ဧဝံဂေလိတရားကို ဟောပြောခြင်းကြောင့်၊ လူတို့သည် နိုင်ငံတော်အထဲသို့ ဝင်ရောက်နိုင်ရန် ကယ်တင်

ခြင်းခံရ၍၊ အရည်အချင်းပြည့်မှီကာ စုံလင်ခြင်းခံရမည်ဖြစ်သည်။ နိုင်ငံတော်ဧဝံဂေလိတရားသည် ဆန့်ကျင်ပုန်ကန်သော အပြစ်သားတို့ကို အသင်းတော်အသက်တာအထဲသို့ ခေါ် ဆောင်ခြင်းဖြစ်သည်။ (*Life-study of Genesis*, p. 471)

ဘုရားသခင်၏ နိုင်ငံတော်သည် ကိုယ်တော်၏ ရွေးချယ်ခံများ၊ ကိုယ်တော်၏ ယုံကြည်သူများအထဲသို့ အသက်မျိုးစေ့အဖြစ် ကြဲခြင်းခံရသော သခင်ယေရှုဖြစ်ပြီး၊ ဘုရားဆိုင်ရာအသက်၌ ကိုယ်တော်၏ နိုင်ငံတော်အဖြစ် ဘုရားအုပ်စိုးနိုင်မည့် နယ်ပယ်အထဲသို့ ကြီးထွားနေသည်။ (*The Conclusion of the New Testament*, p. 2640)

နိုင်ငံတော်သည် သခင်ယေရှု၏ စစ်မှန်ခြင်းများ၏ အလင်းထွန်းလင်းခြင်းဖြစ်သည်။ ကိုယ်တော်သည် သင့်အပေါ် တွင် အလင်းထွန်းလင်းပေး၍၊ ထိုအလင်းအောက်၌ သင်ရှိသောအခါတိုင်း၊ သင်သည် နိုင်ငံတော်၌ ရှိနေမည်ဖြစ်သည်။ နိုင်ငံတော်သည် ခေတ်ကာလဆိုင်ရာ အဝန်းအဝိုင်း၊ နယ်ပယ်မျှသာ မဟုတ်ပါ။ ၎င်းသည် သခင်ယေရှု၏ စစ်မှန်ခြင်းကို သိရှိနားလည်နိုင်သော နေရာဖြစ်သည်။ ကိုယ်တော်သည် သင့်အပေါ် ထွန်း လင်းပေးခြင်းအားဖြင့် ပျံ့နှံ့သောအခါတိုင်း သင်သည် နိုင်ငံတော်၌ရှိပြီး၊ နိုင်ငံတော်သည် တန်းခိုး၌ ရောက်ရှိလာခြင်းဖြစ်သည်။ (*CWWL, 1972*, vol. 2, “The Kingdom,” pp. 18-19)

ဘုရားသခင်၏ နိုင်ငံတော်သည် ဘုရားသခင်၏ အုပ်စိုးခြင်းဖြစ်သည်။ ဤဘုရားဆိုင်ရာအုပ်စိုးခြင်းသည် ဘုရားအုပ်စိုးခြင်းသာမက၊ ဘုရားဆိုင်ရာအရာအားလုံးတို့ပါဝင်သော ဘုရားမျိုးနွယ်၏ အဝန်းအဝိုင်းနယ်ပယ်လည်း ဖြစ်သည်။ (*Crystallization-study ofthe Gospel of John*, p. 123)

“ဘုရားသခင်၏ နိုင်ငံတော်သည် အစားအသောက်၌ မတည်။ သန့်ရှင်းသော ဝိညာဉ်တော်၌ရှိသော ဖြောင့်မတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း၌တည်၏” (ရော၊၁၄း၁၇)။ ဤကျမ်းပိုဒ်က အသင်းတော်ခေတ်၌ အသင်းတော်သည် နိုင်ငံတော်ဖြစ်ကြောင်းကို အခိုင်အမာသက်သေပြသည်၊ အကြောင်းမှာ ဤနေရာ၌ စကားအဆက်အစပ်သည် မျက်မှောက်ခေတ်ရှိ အသင်းတော်အသက်တာကို ဖြေရှင်းထားသောကြောင့်ဖြစ်သည်။ အသင်းတော်အသက်တာကို လေ့ကျင့်လုပ်ဆောင်ခြင်းသည် နိုင်ငံတော်ကိုလေ့ကျင့်လုပ်ဆောင်ခြင်းဖြစ်သည်။ ထို့ကြောင့် သခင်ဘုရားပြန်လည်ရယူခြင်း၌ အသင်းတော်အသက်တာသည် ဘုရားသခင်၏ နိုင်ငံတော်ကို လေ့ကျင့်လုပ်ဆောင်ခြင်းဖြစ်သည်။ (*Life-study of Mark*, p. 122)

ဘုရားသခင်၏ နိုင်ငံတော်ကို သူတို့၏ မျက်မှောက်တွင် အစဉ်ထားသောသူများ–

ဘုရားသခင်၏ အလိုတော်ကို ထိတွေ့လျက်၊ ကိုယ်တော်၏ ရန်သူကို အောင်မြင်သော သူများ– တို့သည် ဘုရားသခင်၏ လက်တော်တွင် အလွန်အသုံးအဝင်ဆုံးသော လုပ်ဆောင်သူများ ဖြစ်သည်။ (*CWWN*, vol. 8, p. 20)

နိုင်ငံတော်သည် အသင်းတော်ကို ထုတ်လုပ်ခြင်းဖြစ်ပြီး၊ အသင်းတော်သည် နိုင်ငံတော်ကို အစပြုကာ၊ အဆုံးစွန်သောရလဒ်မှာ နိုင်ငံတော်နှင့် အသင်းတော် ဖြစ်သည်။ အသင်းတော်သည် အမှန်တကယ်မည်သို့ဖြစ်ပေါ် လာမည်နည်း။ နိုင်ငံတော် ၏ အခွင့်အာဏာတော်ကို လေ့ကျင့်လုပ်ဆောင်ခြင်းဖြင့် ဖြစ်ပေါ် လာမည်ဖြစ်သည်။ အသင်းတော်သည် နိုင်ငံတော်အား အုပ်စိုးခြင်းအခွင့်ကို ပေးအပ်၍၊ ၎င်း၏ စိုးစံခြင်းကို အပ်နှံပေးပြီးနောက်တွင်၊ အသင်းတော်သည် မြေကြီးပေါ် သို့ ကောင်းကင်၏ အုပ်စိုးခြင်းကို ယူဆောင်လာမည်ဖြစ်သည်။ ဓမ္မသစ်ကျမ်းတစ်အုပ်လုံး၌ အသင်းတော်သည် နိုင်ငံတော်နှင့် ပေါင်းစည်းခြင်းနှင့် နိုင်ငံတော်သည် အသင်းတော်နှင့် ပေါင်းစည်းခြင်းကို ကျွန်ုပ်တို့တွေ့မြင်ရပြီး၊ နောက်ဆုံးတွင် ဤပေါင်းစည်းခြင်းသည် ယေရုရှလင်မြို့သစ်ကို ထွက်ပေါ် စေခြင်းဖြစ်သည်။ အသင်းတော်၏ ဒြပ်သဘာဝနှင့် နိုင်ငံတော်၏ အနေအထားကို သင်တွေ့ရှိနိုင်မည့် ယေရုရှလင်မြို့သစ်၌ ဘုရားသခင်သည် သူ၏ အချုပ်အခြာအာဏာတော်ကို ပြည့်ဝစွာထင်ရှားနိုင်ပြီး၊ ကိုယ်တော်၏ အလိုတော်ကို စီမံဆောင်ရွက်ကာ၊ ကိုယ်တော်၏ ဘုန်းတော်ကို ပြသနိုင်မည်ဖြစ်သည်။ (*The Kingdom and the Church*, pp. 34-35)

*ပို၍ဖတ်ရန်-* *Life-study of Mark*,msg. 13;*The Conclusion of the New Testament*, msgs. 251-253; *The Kingdom and the Church*, chs. 1-3

***အလင်းဖွင့်ပြခံရခြင်းနှင့်နှိုးဆော်ခံရခြင်း*** ——————————————

***Hymns,* E-941**

၁။ နိုင်ငံတော်၊ ဘုရားအုပ်စိုး
ဘုန်တော်အစဉ်ထွန်းလင်း
ကိုယ်တော်၏အုပ်စိုးခြင်းသည်
အစဉ်တကျတည်တံ့
ကိုယ်တော်၏ပြည့်ဝလုပ်ဆောင်
ကိုယ်တော့်အခွင့်အာဏာ
နိုင်ငံတော်အတွင်း သက်ရောက်
ထာဝရကာလတိုင်။

၂။ အုပ်စိုးခြင်းအလယ်ဗဟို
ပလ္လင်ပေါ် ဘုရားရှိ
ဘုရားသည် အုပ်စိုးစီမံ
ရာအားလုံးစဉ်တကျ
ဦးခေါင်းတော်၊ သခင်ဖြစ်ခြင်း
ကိုယ်တော်ရှင်တစ်ပါးသာ
နိုင်ငံတော်၌ ရှင်ဘုရင်
ရာခပ်သိမ်းပေါ် အုပ်စိုး။

၃။ နိုင်ငံတော်၌ စိုးစံခြင်း
အလိုတော်ကို လုပ်ဆောင်
စိုးစံတော်မူခြင်းအောက်၌
ကြံစည်တော်သည် ပြီးမြောက်
ဘုရားနိုင်ငံတော်၌သာ
ကောင်းကြီးကို သိမြင်ရ
ဘုန်းတန်ခိုးပလ္လင်တော်မှ
အသက်ရေစီးဆင်းလာ။

၄။ ဘုရားအုပ်စိုးခြင်းဝန်ခံ
ကောင်းမြတ်ခြင်းများသုံးခံ
ဦးခေါင်းတော်ကို ပုန်ကန်ခြင်း
အပြစ်၏အရင်းမြစ်
စာတန်၏ဆိုးညစ်ကြံစည်
ပလ္လင်တော်ပေါ်ထိုင်လို
ကျွန်ုပ်တို့ကြံစည်ပန်းတိုင်
အုပ်စိုးခြင်းပြည့်ဝသိ။

၅။ ဘုရားအုပ်စိုးနိုင်ငံတော်
ခရစ်တော်ကြီးမားထင်
အသက်၌ ကိုယ်တော်အုပ်စိုး
ခမည်းတော်ဘုန်းထင်ရှား
ဘုရားစိုးစံသောအခါ
ရာအားလုံးကောင်းကြီးခံ
ခရစ်တော်အုပ်စိုးသောခါ
ဘုရာဘုန်းတော်ထင်ရှား။

ပရောဖက်ပြုရန်အတွက် အဓိကအချက်နှင့် အချက်ငယ်များ

## MGBR မှ ရရှိနိုင်သောစာအုပ်များ

■ အသက်-သင်ခန်းစာများ
Life Lessons (volume 1 to 4) (Witness Lee)

■ သန့်ရှင်းသောသမ္မာကျမ်းစာရှိ အခြေခံဖွင့်ပြခြင်းများ
The Basic Revelations in the Holy Scriptures (Witness Lee).

■ ဘုရားသခင်၏စီမံကိန်း
The Economy of God (Witness Lee).

■ ဘုန်းတော်နှင့်ပြည့်စုံသောအသင်းတော်
The Glorious Church (Watchman Nee).

■ အမြင့်ဆုံးအထွတ်အထိပ်ရူပါရုံနှင့်ခရစ်တော်ကိုယ်ခန္ဓာတော်၏စစ်မှန်ခြင်း
The High Peak of the Vision and the Reality of the Body of Christ (Witness Lee)

■ လူ၏အစိတ်အပိုင်းများ
The parts of man(Witness Lee).

■ အသင်းတော်၏ဆုတောင်းအမှုတော်ဆောင်ခြင်း
The prayer ministry of the Church (Watchman Nee).

■ ထိုဝိညာဉ်တော်
The Spirit (Witness Lee).

■ လူ့ဇာတိခံခြင်း၊ အရာအားလုံးပါဝင်ခြင်း၊ အရှိန်အဟုန်မြှင့်တင်ခြင်း
Incarnation, Inclusion and Intensification (Witness Lee)

■ မိမိ၏ငွေကြေးကို စီမံခန့်ခွဲခြင်း
Managing One’s Finances (Witness Lee)

■ ခေတ်ကို ပြောင်းလဲစေသူများ
Men Who Turn the Age (Witness Lee)

# စာအုပ်ငယ်များ

■ မာရိခြောက်ယောက်

*Six Marys*

■ အသင်းတော်အသက်တာရှိ ချစ်ဖွယ်မိခင်များ

*Loving Mothers in the Church Life*

■ လူ့အသက်တာ၏နက်နဲခြင်း

*Mystery of Human Life*

■ ခရစ်ယာန်အသက်တာ၏နက်နဲခြင်း

*Mystery of Christian Life*

■ သခင်ဘုရား၏နာမတော်ခေါ်ခြင်း

*Calling on the name of the Lord*

■ ဗတ္တိဇံနှင့် စပ်လျဉ်းသောအချက်ငါးချက်

*Five points of Baptism*

■ သခင်ဘုရားနှင့်အတူ အချိန်ယူခြင်း

*A time with the Lord*

■ အမျက်ဒေါသထွက်ခြင်းမရှိဘဲ၊ အတ္တကိုသေစေခြင်း

*Not Losing Our Temper, but Killing the Self*